www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စီမံခန့်ခွဲမှု
မိုးမ-မုန့်ညှပ်
စာပြင်
မြတ်အောင်
မျက်နှာဖုံးဒီဇိုင်း
Club 18
အတွင်းစာမျက်နှာစုဖွဲ့မှုဒီဇိုင်း
Club 18

ထုတ်ဝေသူ
[illegible]
the bookhouse
၅၂ avenue၊ ၁၀-ခ၊
ဈေးလမ်း၊ ၁၄ ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးတင်အောင်ကျော်
(မြဲ ၀၇၀၅၃)
ငွေပယ်တော်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၃၊ ဧပြီလ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၅၀၀ ကျပ်
ဖြန့်ချိရေး
the bookhouse
၀၉ ၅၀၀ ၈၇၂၇
၀၉ ၇၃၀ ၈၅၅၅၀


www.facebook.com/thebookhouse.tbh



ဟိန်းလတ်
သဲမုန်တိုင်း တော်လှန်ရေးကာလလစ်များ / ဟိန်းလတ် ၊ ရန်ကုန်။
the bookhouse စာပေ၊ ၂၀၁၃
၁၁၆ စာ၊ ၁၇·၇၈ စင်တီ × ၁၇·၇၈ စင်တီ
(၁) သဲမုန်တိုင်း တော်လှန်ရေးကာလလစ်များ

www.burmeseclassic.com

www.burmeseclassic.com




the bookhouse
we bring your future
serial - 0097 (13-021)

စုစည်းမှု

၁ အမှာစာ

၄ **အခန်း-၁** အစိုးရအဖွဲ့ဖြုတ်ချရန် ပြည်သူကတောင်းဆို
၂၅ **အခန်း-၂** မွမ်မာကဒါဖီ၏ ထူးဆန်းသောကမ္ဘာ
၃၉ **အခန်း-၃** ကမောက်ကမလုပ်သူများနှင့် ခွေးလေခွေးလွင့်များ
၄၆ **အခန်း-၄** အဘူဆာလင် အစုလိုက်အပြုံလိုက် အသတ်ခံရမှုများ
၅၆ **အခန်း-၅** အရှေ့အလယ်ပိုင်းဒေသက အရှုး
၆၂ **အခန်း-၆** အာဖရိက ဘုရင်တကာ့ဘုရင်
၇၁ **အခန်း-၇** သားတွေ သမီးတွေ
၈၀ **အခန်း-၈** သူလျှိုများ၊ သံတမန်များနှင့် ဒုရှန်များ
၈၆ **အခန်း-၉** ထရီပိုလီတိုက်ပွဲ
၉၄ **အခန်း-၁၀** တော်လှန်ရေးအလွန်
၁၀၃ **နောက်ဆက်တွဲ(က)** ကဒါဖီနှင့် အင်တာဗျူး
၁၁၁ **နောက်ဆက်တွဲ(ခ)** ထရီပိုလီကို ပိတ်ဆို့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

## Libya in the Time of Revolution

# SANDSTORM

www.burmeseclassic.com

www.burmeseclassic.com

# အမှာစာ

"ဗိုလ်မှူးကြီးမွမ်မာကာဒတ်ဖီ" သည် "မဟာဆိုရှယ်လစ်ပြည်သူ့လစ်ဗျား အာရပ်အဖွဲ့ချုပ်"၏ မဟာလမ်းညွှန်ကြီးဖြစ်၏။ "ဘုရင်တကာ့ဘုရင်" ဖြစ်၏။ "အာဖရိက၏သိမ်းငှက်" ဖြစ်၏။ "နိုင်ငံတကာသဘောတရားပညာရှင်" ဖြစ်၏။ "နောင်တော်ခေါင်းဆောင်ကြီး" ဖြစ်၏။ ဤဘွဲ့မည်နာမများကို မည်သူမျှပေးထားသည်မဟုတ်။

သူ့ဘာသာသူပေးထားခြင်း ဖြစ်၏။ သူ စိတ်ထင်ရာ ရေးထားသော ဒဿန များကို "စာအုပ်စိမ်း"တွင် ဖော်ပြကာ ထိုစာအုပ်အတိုင်း အုပ်ချုပ်ချင်သလို အုပ်ချုပ်၊ ကိုယ်ထင်ရာ ကိုယ်စိုင်းခဲ့သည်။ သူ့လစ်ဗျားနိုင်ငံကို အုပ်ချုပ်ခဲ့သည်မှာ ၄၂ နှစ်တာမျှ ကြာခဲ့၏။ သူ၏ တစ်သွေး၊ တစ်သံ၊ တစ်မိန့်အောက်တွင် လစ်ဗျားပြည်သူတို့မှာ ပြားပြားမှောက်နေခဲ့ရ၏။

သူ၏ နောက်ဆုံးအချိန်က သံဝေဂရဖွယ် ကောင်းလေစွ။ သူ မင်းလုပ်အုပ်ချုပ်ရာ "ထရီပိုလီ"မြို့ကို ပြည်သူ့စစ်များက သိမ်းပိုက်လိုက်သဖြင့် သူ ခွေးပြေး၊ ဝက်ပြေး ထွက်ပြေးခဲ့ရ၏။ တကယ်တော့ သူ့မှာ ပြေးစရာမြေမရှိ။ သို့သော် နောက်ဆုံး ခံကတုတ် အနေဖြင့် သူ၏မွေးရပ်ဇာတိချက်မြှုပ်ဖြစ်သော "ဆာတီ"မြို့သို့ ပြေးခဲ့၏။

"ဆာတီ"မြို့က လစ်ဗျား၏ အပြောကျယ်လှသော သဲကန္တာရထဲတွင် ရှိ၏။ ကမ္ဘာပေါ်တွင် အပူဆုံးဒေသဖြစ်၍ "ဂျဟန္နမ်"ဟု ခေါ်ကြ၏။ အဓိပ္ပာယ်က "ငရဲ"။ "ကာဒတ်ဖီ"က ငရဲသို့ ပြေး၏။ သို့သော် မည်မျှပြေးပြေး သူ့အကုသိုလ်က အရိပ်ပမာ လိုက်လာ၏။ ပြည်သူ့စစ်များက သူ့ကိုရှာတွေ့သွားကာ တွေ့ရာနေရာမှာပင် ပစ်သတ် ခဲ့ကြ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူ့အလောင်းကို ခွေးသေကောင်ပုပ် တရွတ်တိုက်ဆွဲသလို ဆွဲလာကြ၏။ မြင်သူတိုင်းက သူ့ရုပ်အလောင်းကို ခြေနဲ့ကန်ကြ၊ လက်သီးနှင့်ထိုးကြ၊ သံချွန်နဲ့ ဆွကြ။ ရင်ဘတ်နှင့်ခေါင်းတွင် သေနတ်ဒဏ်ရာရပြီး သေနှင့်နေသော သူ့ရုပ်အလောင်းမှာ မြင်သူတကာ၏ အနှိပ်စက်ကို ဆက်ခံနေရပေ၏။

ပြည်သူ့စစ်များက ဝမ်းသာအားရ ဟစ်အော်ကြွေးကြော်ကြကာ သူ့အလောင်းကို ပက်ပက်စက်စက် ညှဉ်းပန်းကြ၏။ သူပုန်းအောင်းရာ "ဆာတီ"မြို့ကို မီးတင်ရှို့ရာ သူက မြောင်းထဲဆင်းပုန်းခဲ့၏။ ဒဏ်ရာတွေက ဗရပွ။ သွေးတွေ ယိုစီးကျ။ သူနဲ့အတူ သူ့သား "မူတာစင်"ကိုပါ ပြည်သူ့စစ်တွေက သတ်ပစ်လိုက်ကြ၏။

နှစ်ပေါင်း ၄၂ နှစ်ကြာ နှိပ်စက်ချင်တိုင်း နှိပ်စက်ခဲ့သော လူယုတ်မာကြီးကို ယခုကဲ့သို့ ပြန်လှန်နှိပ်စက်နေသည်ကို ပြည်သူ့စစ်များက သူတို့၏ မိုဘိုင်းဖုန်းကင်မရာများဖြင့် မှတ်တမ်းတင်ခဲ့ကြ၏။

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ကုန်ခါနီးတွင် "ကဒတ်ဖီ"က ပြောခဲ့သေးသည်။

"အဆုံးသတ်မှာ ကျုပ် အာဇာနည်အနေနဲ့ အသက်ကိုစွန့်မယ်"

ယခုတော့ သူ အာဇာနည်အဖြစ် သေရသည်မဟုတ်။ မသေမရှင် ဒဏ်ရာအကြီးအကျယ် ရသည့်ကြားက အကန်အကျောက် အထိုးအကြိတ်မျိုးစုံ အစော်ကားခံရပြီး ခွေးသေဝက်သေ သေခဲ့ခြင်းပင်ဖြစ်၏။

ယခုစာအုပ်သည် "သဲမုန်တိုင်း - တော်လှန်ရေးကာလလစ်ဗျား" စာအုပ်ဖြစ်ပေရာ ချန်နယ်ဖိုးသတင်း၏ နိုင်ငံတကာအယ်ဒီတာ "လင်းဆေးဟီလ်ဆမ်"ရေးသော စာအုပ်ကို ဘာသာပြန်ခြင်းဖြစ်သည်။ "လင်းဆေး"က အမျိုးသမီးသတင်းစာဆရာမ ဖြစ်သည်။ အရေးအခင်းကာလတွင် သူလစ်ဗျားတွင်ရောက်နေကာ မျက်မြင်ကိုယ်တွေ့ အသေးစိတ် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

"လင်းဆေး"သည် "ရဝမ်ဒါနိုင်ငံ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု"နှင့် အီရန်စစ်ပွဲသတင်းများကိုလည်း ရေးခဲ့သူဖြစ်သည်။ အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ၊ အာဖဂန်နစ္စတန်၊ ကိုဆိုဗိုတို့တွင်လည်း သူ့သတင်းများက ကမ္ဘာအနှံ့သို့ ဖြန့်ချိနိုင်ခဲ့၏။ ထို့ကြောင့် "တော်ဝင်ရုပ်မြင်သံကြားသတင်း၏ အကောင်းဆုံး သတင်းစာဆရာဆု"၊ "ချားလ်စ်ဗိုးလားဆု"၊ "ဒေးဗစ်ကင်မရွန်ဆု"များကိုလည်း ဆွတ်ခူးရရှိထားသူဖြစ်၏။

ယခု "သဲမုန်တိုင်း" စာအုပ်ကို ၂၀၁၂ ခုနှစ် ကုန်ခါနီးတွင် ရေးသားထုတ်ဝေခဲ့ပြီး အရောင်းရအကောင်းဆုံး စာအုပ်စာရင်းဝင်ဖြစ်ခဲ့၏။ "ကဒတ်ဖီ၏ ဇာတ်သိမ်းခန်း"စာအုပ်ဖြစ်သည့် "သဲမုန်တိုင်း"ကို မြန်မာပြန်ရင်း ကျွန်တော့်မိတ်ဆွေ ကဗျာဆရာလွှမ်းပိုင်၏ "ကဒတ်ဖီ၏နောက်ဆုံးမျက်နှာ အရသာခံကြည့်ခြင်း" ကဗျာကိုပါ ထုတ်နုတ်ညွှန်းဆိုတင်ပြလိုပါသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမျက်နှာမျိုးနဲ့ ကဒတ်ဖီကို မြင်ရလိမ့်မယ်လို့
ဘုရားသခင်လည်း ထင်ခဲ့မိမှာမဟုတ်ဘူး
လက်အုပ်မချီရုံတမယ်
မသတ်ပါနဲ့လို့တောင်းပန်နေတဲ့သူ့မျက်နှာ
မြေအောက်ခန်းထဲက လက်မြှောက်ထွက်
ကြိုးစင်ပေါ်မတက်ခင်ကတည်းက သေနေတဲ့
ဆက်ဒန်ဟူစိန်ရဲ့ မျက်နှာလိုပါပဲ
မိန်းမကိုကျည်ကာအဖြစ်သုံးလိုက်တဲ့
ဘင်လာဒင်ကိုလည်း ဘယ်အပြစ်တင်လို့ရတော့မှာလဲ
ကဒတ်ဖီရဲ့မျက်နှာ
ဒါ-ကဒတ်ဖီလားလို့ မေးရလောက်အောင်
အကြောက်တရားလွှမ်းနေတဲ့မျက်နှာပေါ့
ကဒတ်ဖီသေတယ်
ဘင်လာဒင်သေတယ်
ရွှေသေနတ်ကိုင်ပြီး ခပ်ရဲရဲမသေတတ်တော့
သမိုင်းမှာ အခါခါသေရတယ်
သူသေတဲ့သတင်း ကမ္ဘာသားများ ပျော်ရွှင်စွာဖြန့်ဝေကြတယ်။

**ဟိန်းလတ်**

the bookhouse
we bring your culture
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁ အစိုးရအဖွဲ့ဖြုတ်ချရန် ပြည်သူကတောင်းဆို

■ သမိုင်းစာမျက်နှာကို ဖတ်ရှုတတ်သူ မည်သူမဆို၏ အမြင်တွင်ကား အမိန့် မနာခံခြင်းသည် လူသား၏ မူလဘူတ စိတ်ရင်းအမှန်ပင်ဖြစ်၏။ အမိန့်မနာခံမှုမှသည် တိုးတက်မှုသည် ဖြစ်လာရ၏။ အမိန့်မနာခံမှုနှင့် ပုန်ကန်မှုတို့မှနေ၍ တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ထွန်းလာ၏။

*အော်စကာဝိုင်း(လ်)*

■ အီဂျစ်လူမျိုးကဲ့သို့ လမ်းလျှောက် - လစ်ဗျားလူမျိုးကဲ့သို့ တိုက်ခိုက်

*တော်လှန်ရေးအတွင်းပေါ်လာသော လစ်ဗျားဟာသ,*

ကျွန်တော်က "ဘင်ဂါဇီ"မြို့၏ လူလတ်တန်းစား ဧည့်ခန်းအတွင်းသို့ လျှောက်ဝင်လာ၏။ မတ်လ ၂၀၁၁ ခုနှစ် တော်လှန်ရေးက တစ်လသားပင် မရှိလှသေး။ အခန်းထဲရှိ ထိုင်ခုံများပေါ်တွင် လူ ၂၀ ခန့် ထိုင်နေကြ၏။ အမျိုးသားကတစ်ဖက်၊ အမျိုးသမီးကတစ်ဖက် အားလုံးက နံရံပေါ်တွင် ကပ်ထားသောဓာတ်ပုံကို တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်နေကြ၏။ "အဘူဆာလင်" မိသားစုဓာတ်ပုံ၊ သူတို့အားလုံးသည် ဗိုလ်မှူးကြီး "ကဒတ်ဖီ" ၏ ရက်စက် ကြမ်းကြုတ်လှသော အကျဉ်းထောင်အတွင်း၌ အသတ်ခံခဲ့ကြရ၏။ ဤတွင် ရိုးရာဝတ်စုံကိုဝတ်ထားသည့် မျက်နှာသေးသေးပေါ်တွင် မတော်တလျော် မျက်မှန်ကြီးကြီးတပ်ထားသည့် အသက်အတော်ရင့်နေပုံပေါ်သည့် လူတစ်ဦး မတ်တတ်ရပ်လိုက်၏။ သူက "ဖူအယ်အာဆတ်ဘင်အွမ်ရမ်"။ သူက

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



''ထရီပိုလီ''မြို့သို့ နှစ်လကြာမျှ အတော်ခက်ခက်ခဲခဲလာပြီး ''အဘူဆာလင်'' ထောင်ထဲရှိ ယောက်ဖကို အစားအသောက်နှင့် အဝတ်အထည်ယူလာခဲ့ပုံကို ရှင်းပြ၏။

''ကျွန်တော် သူ့ဇနီးရယ်၊ ကလေးတွေရယ်ခေါ်ပြီး ထရီပိုလီကို သွားခဲ့ရတယ်။ စသွားတုန်းက သူ့သားက ၇ နှစ်၊ သမီးက ၅ နှစ်ပဲ ရှိသေးတယ်။ သူလိုအပ်တဲ့ အခြေခံကျတဲ့ပစ္စည်းတချို့ကိုပဲ ယူခဲ့တယ်။ အဲဒါတွေကို အစောင့်တွေကို ပေးထားခဲ့ရတယ်။ သူ အထဲမှာရှိတယ်လို့တော့ ပြောတာပဲ။ ဒါပေမဲ့ ကျွန်တော်တို့ သူနဲ့တွေ့ခွင့်မရကြဘူး။ ဂိတ်ဝမှာ ဒီလိုပဲ တစ်ရက်၊ နှစ်ရက် စောင့်နေရတယ်။ အဲဒီလိုပုံစံမျိုး ၁၄ နှစ်လုံးလုံး လုပ်ခဲ့တယ်။ နောက်ဆုံး သူ သေသွားပြီလို့ ပြောခဲ့တဲ့အထိပေါ့''

၁၄ နှစ်လုံးလုံး သူတို့သည် ခြောက်ခြားစရာ အိပ်မက်ဆိုးကြီးကို ဖြတ်သန်းခဲ့ရ၏။ ယခုထက်တိုင် ထိုခြောက်ခြားအိပ်မက်၏ ဂယက်ကြောင့် လန့်ဖျပ်နေကြရဆဲ။ အစုလိုက်အပြုံလိုက် အသတ်ခံရခြင်းသည် သာမန် စဉ်းစားဉာဏ်ဖြင့် တွေးတော၍မရနိုင်လောက်အောင်ပင် ရက်စက်ကြမ်းကြုတ်လှ၏။ ၁၄ နှစ်လုံးလုံး အလိမ်အညာ မျှော်လင့်ချက်များဖြင့်ပင် ရှင်သန်ခဲ့ကြရ၏။

သူတို့မိသားစုတွေက တစ်နေ့ပြန်လာလိမ့်နိုး၊ တစ်နေ့ပြန်လာလိမ့်နိုးနှင့် လည်ပင်းရှည်အောင် စောင့်မျှော်ခဲ့ကြရ၏။ တကယ်တော့ သူတို့မျှော်လင့်ခဲ့ကြသော သူတို့ခင်ပွန်း၊ သူတို့ဖခင်၊ သူတို့ဦးလေး၊ သူတို့ဘကြီးတို့၏ ရုပ်အလောင်းများသည် အမှတ်သင်္ကေတမဲ့ကျင်းများထဲတွင် မြှုပ်နှံခံခဲ့ကြရပြီး ထိုကျင်းပေါ်မှ ဘိလပ်မြေခင်းထားသည်ကို သူတို့မသိကြ။ ထောင်အပြင်ဘက်တွင် အစားအသောက်၊ အဝတ်အထည်တွေ အပုံလိုက်ယူလာပြီး ထောင်ဝင်စာလာတွေ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများသည် သူတို့ချစ်ခင်သူများ၏ ရုပ်လောင်းများပေါ်တွင် မတ်တတ်ရပ်လျက်၊ တုံးလုံးပက်လက်လှဲနေကြ၏။ သားပျောက်ခဲ့သည့်မိခင်များ၊ ခင်ပွန်းပျောက်ခဲ့သည့်ဇနီးများ၊ ဖခင်ပျောက်သည့်သားသမီးတွေ လစ်ဗျားတွင် များစွာများစွာ။

ထိုပျောက်ဆုံးခဲ့သူများသည် သူတို့ထံ မည်သည့်အခါမှ ပြန်ရောက်တော့မည်မဟုတ်သည်ကို သူတို့မသိကြ။ သိကြသူအချို့လည်းရှိ၏။ သူတို့ချစ်ခင်မြတ်နိုးသူများသည် ထောင်သွင်းအကျဉ်းကျနေရုံမျှမက အနိုပ်စက်အညှဉ်းပန်းခံခဲ့ရပြီး၊ ထောင်ထဲတွင်ပင် ဘဝဆုံးကြမည်ကို သိကြ၍ မချိတင်ကဲဖြစ်ကြရ၏။ ''အဘူဆာလင်'' မိသားစုကား ဘာမှမသိဘဲ ၁၄ နှစ်လုံးလုံး မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ဆိုင်းခဲ့ကြရ၏။

၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် ''အဘူဆာလင်''တွင် လူပေါင်း ၁၂၇၀ အသတ်ခံခဲ့ကြရ၏။ သေဆုံးသူ အတိအကျစာရင်းကား မသိရ။ ယခုကဲ့သို့ အစုလိုက်အပြုံလိုက် အသတ်မခံရမီ လူပေါင်းများစွာသည် အစာငတ်မွတ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၍သော်လည်းကောင်း၊ ရောဂါဘယကြောင့်လည်းကောင်း၊ အနှိပ်စက်ခံရ၍လည်းကောင်း သေသွားနိုင်ကြသေးသည်။ ကျွန်မ လစ်ဗျားအရှေ့ပိုင်းသို့ ရောက်ခဲ့သောအခါ ကျွန်မနှင့်တွေ့သိခဲ့သမျှ လူတိုင်းတွင် တစ်ဦးဦးကတော့ ထောင်ထဲတွင် သေသွားခဲ့ဖူးသူချည်း ဖြစ်၏။

အချို့က ဗိုလ်မှူးကြီး "ကဒတ်ဖီ"၏အစိုးရကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသော အစ္စလာမ်မစ်တိုက်ပွဲဝင်များ ဖြစ်ကြ၏။ အချို့ကမူ ဗလီသို့ မကြာခဏသွားတတ်သော ဘာသာရေးသမားများဖြစ်ကြ၍ သူတို့ကို သင်္ကာမကင်းဖြစ်ကာ ထောင်သွင်းအကျဉ်းချပြီး အသတ်ခံကြရခြင်းဖြစ်၏။ အချို့သည် အစုလိုက်အပြုံလိုက် အသတ်မခံရမီ အဖမ်းခံခဲ့ကြရသူများ ဖြစ်ကြပြီး အချို့မှာ ထောင်ထဲတွင် နှစ်ရှည်လများ နေထိုင်ကြရသူများဖြစ်ကြ၏။

အစုလိုက်အပြုံလိုက် အသတ်ခံရခြင်း အကြောင်းအရင်းကို မည်သူမျှအတိအကျမသိကြ။ မိမိတို့ဆုံးရှုံးနေကြရသော အခွင့်အရေးများကို တောင်းဆိုရင်း အကျဉ်းသားများသည် အစောင့်တစ်ဦးကို သတ်မိခဲ့၏။ အာဏာပိုင်များက အခြေအနေကို ညှိနှိုင်းပေးမည်ဆိုကာ အကျဉ်းသားများကို ထောင်အလယ်ကွက်လပ်တွင် စုရုံးခိုင်း၏။ အကျဉ်းသားအကုန် စုရုံးရောက်ရှိလာသောအခါ ထောင်ခေါင်မိုးများပေါ်တွင် နေရာယူထားကြသူ စစ်သားများက သေနတ်ဖြင့် လူတစ်ယောက် မကျန် ပစ်သတ်ခဲ့သည်။

ထောင်နံရံ လေးဖက်လေးတန်စလုံး သွေးတွေပြန့်ကြပေကျံကုန်၏။ သေနတ်သံများက ထောင်အနီးဝန်းကျင် အရပ်ဒေသများအထိ ပဲ့တင်ရိုက်ခတ်သွားသည်။ အလောင်းများမှ ထွက်သော အနံ့က ရက်ပေါင်းများစွာ လေထုထဲတွင် ပျံ့လွင့်နေခဲ့၏။

ထိုသတင်းများကို ကျွန်မ လစ်ဗျားသို့မသွားခင် တစ်လုံးတစ်ပါဒမျှ မသိခဲ့ရ။ မည်သူတစ်ဦးတစ်ယောက်ကမှ လည်း သတင်းစာဆရာများကို မပြောကြားခဲ့။ ထောင်ကျများ၏ ဆွေမျိုးမိတ်သင်္ဂဟများသည် သူတို့ဆုံးပါးခဲ့ရသော ပုဂ္ဂိုလ်တို့၏ ဓာတ်ပုံကိုထောင်ကာ သူ့နာမည်ကိုသာ ပါးစပ်မှ တတွတ်တွတ် ရွတ်နေကြ၏။ မည်သို့သော အမည်နာမ ကွဲပြားစေကာမူ တစ်ခွန်းသောစကားကတော့ အတူတူ။ "ရှာဟစ်" (အာဇာနည်)ဆိုသောစကားလုံး။ အခန်းထဲမှ ခေါင်းမြီး ခြုံထားသူ ခပ်ဝဝအမျိုးသမီးတစ်ဦးက ရှေ့သို့ထွက်လာပြီး ပြော၏။

"ကျွန်မအစ်ကိုက သာမန်လူတစ်ယောက်ပါ။ သူက ဘာသာရေးသိပ်ကိုင်းရှိုင်းတယ်။ ဘုရားကို အချိန်မှန်မှန် ဝတ်ပြုတယ်။ အစ္စလာမ်တရားတွေကို လိုက်စားကျင့်ကြံတယ်။ သူ ဘာတစ်ခုမှ မဟုတ်တာမလုပ်ခဲ့ဘူး။ တစ်နေ့ ဈေးဝယ်ထွက်တုန်း အဖမ်းခံခဲ့ရတယ်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက် ကပေါ့။ အဲဒီအချိန်ကစပြီး သူ့အကြောင်း ဘာမှမကြားရဘဲ စုပ်စမြုပ်စပျောက်သွားတာ ဒီနေ့အထိပဲ"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားပြောနေသူ အမျိုးသမီးမှာ ""ဖေဂါအာမက်ဇူဘီ"" ဖြစ်၏။ သူပြောတာကို အားလုံးကြောင်မိပြီး နားထောင်နေကြ၏။ ""ဖေဂါ"" သည် လွန်ခဲ့သော ၄ နှစ်ခန့်က ထောင်တွင်း အစုလိုက်အပြုံလိုက် အသတ်ခံရမှုအကြောင်းကို ကြားခဲ့ရ၏။ ထိုထောင်ထဲတွင် အသက်မသေဘဲ ကျန်ရစ်ခဲ့ကာ လွတ်လာသူများက သူ့ကို ပြောပြသည်။

""သူတို့ကပြောတယ်။ ထောင်နံရံတွေအားလုံး ကျည်ဆန်ပေါက်ရာတွေနဲ့ချည်းပဲတဲ့။ ခန္ဓာကိုယ်ရုပ်အလောင်းအစိတ်အပိုင်းတွေက နေရာအနှံ့ လွင့်ပြန့်ကြဲပြန့်နေတယ်။ ဒီအလောင်းတွေကို သူတို့ အချိန်အတော်ကြာ ရှင်းလင်းလာရတယ်တဲ့။ အဲဒီ အာဇာနည်တွေထဲမှာ ကျွန်မအစ်ကိုလည်း ပါသွားတယ်လို့ သူတို့ပြောပြပါတယ်""

""ဇူဘီ"" က ဆက်ပြောပြနေ၏။ ၂၀၀၉ ခုနှစ်ကျမှ အစိုးရက မိသားစုဝင်များထံ စာရွက်တစ်ရွက်လာပေးသည်။ ၁၉၉၆ ခုနှစ်တွင် သူ့အစ်ကိုသည် ""ထရီပိုလီ""တွင် ကွယ်လွန်ခဲ့ကြောင်း။ မည်သို့မည်ပုံ ကွယ်လွန်ခဲ့ကြောင်းကိုကား ဖော်ပြမထား။ သူတို့အားလုံး မကျေမနပ်ဖြစ်ကာ လူငယ်ရှေ့နေတစ်ဦးဖြစ်သူ ""ဖာသီတာဘီလ်"" ကို သွားတွေ့၏။ သူက ကန့်ကွက်ဆန္ဒပြရန်ပြော၏။

""ဒါနဲ့ ကျွန်မတို့လည်း စနေနေ့တိုင်း ၄ နှစ်လုံးလုံး ဆန္ဒပြဖော်ထုတ်ပြီး ကျွန်မတို့အခွင့်အရေးကို တောင်းဆိုခဲ့တယ်။ ပထမဆုံး ကျွန်မတို့လိုလားတာက ကျွန်မတို့ရဲ့အာဇာနည်ရုပ်အလောင်းတွေကို ရယူလိုချင်တာပဲ။ ဒုတိယအချက်ကတော့ ဒီအာဇာနည်တွေကို သတ်ဖြတ်ခဲ့တဲ့ ရာဇဝတ်သားတွေကို ဥပဒေနဲ့အညီ တရားစီရင်ဖို့ပဲ"" ဟု သူက ပြော၏။

ဘယ်လိုတရားမျှတမှုမျိုးကို လိုချင်တာလဲဟု ကျွန်တော်က ထပ်မေးလိုက်၏။

""ကဒတ်ဖီရယ်၊ သူ့သားတွေရယ်၊ သူတို့အပေါင်းအဖော်တွေရယ်ကို သတ်ချင်တာပဲ"" ဟု သူက လေသံမှန်မှန်နှင့် ပြန်ပြောသည်။

""သူတို့အားလုံးကို သတ်ချင်တာလား"" ဟု ကျွန်တော်က ထပ်မေးလိုက်၏။

""ဟုတ်တယ်""

""တခြားနည်းလမ်းကော ဘာရှိသေးသလဲ""

သူကခေါင်းကိုယမ်းခါပြ၏။

""မရှိဘူး""

ကျွန်မက သူတို့ကိုနှုတ်ဆက်ပြီး ပြန်ဟန်ပြင်စဉ် အမျိုးသမီးတစ်ဦးက အပြာရောင်စာအိတ်တစ်လုံးကို ကျွန်မလက်ထဲထိုးပေး၏။ ကျွန်မ တည်းခိုရာ ဟိုတယ်အခန်းထဲရောက်သောအခါ ကျွန်မက စာအိတ်ကို ဖွင့်ကြည့်လိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ထူထူ မျက်နှာဝိုင်းဝိုင်းနှင့် အဆင်းလှသူတစ်ယောက်၏ ဆေးရောင်မှိန်ပြယ်နေပြီဖြစ်သော ပတ်စ်ပို့ဓာတ်ပုံ။ နောက်ထပ်ပုံတစ်ပုံက ဗိုးချဲပေါ်မှ ဆံပင်ဖြူဖြူနှင့် အဘိုးကြီးတစ်ယောက်၏ပုံ။ သူ့ခြေထောက်တွေကို ပတ်တီးတွေ စည်းထား၏။ သေသေချာချာကြည့်တော့မှ ဒူးလောက်ကစပြီး ခြေထောက်ကပြတ်နေသည်ကို တွေ့ရ၏။

အဲဒီ နှစ်ယောက်က သားအဖလား။ တူဝရီးလား။ သူ့ခြေထောက် ဘာဖြစ်လို့ ပြတ်သွားတာလဲ။ ထောင်ထဲမဝင်ခင်က ခြေထောက်ပြတ်နေတဲ့သူလား။ ဘောင်းဘီနှင့် အဘိုးကြီးကတော့ ကျွန်မကို စူးစူးစိုက်စိုက် ပြန်ကြည့်နေသည်ဟု ကျွန်မ ခံစားရ၏။ သေချာတာကတော့ ထိုသူနှစ်ဦးစလုံးသည်လည်း ထောင်ထဲမှာ အသတ်ခံသွားကြရရှာသူတွေပင်။

■

"အဘူဆာလင်" လူသတ်ပွဲအကြောင်း ပြောသူ၊ ရေးသူ လူဟူသမျှ ထိုအချိန်က အဖမ်းခံရမှာမလွဲ။ သည့်ထက်ဆိုးရွားသောအပြစ်ဒဏ်ပင် ခံကြရစရာ အကြောင်းရှိ၏။ သို့သော် ၂၀၀၇ ခုနှစ်ကမူ "ကဒတ်ဖီ" ၏ ဒုတိယမြောက်သားဖြစ်သူ "ဆိဖ်အာလ်အစ္စလာမ်"က ဤဖြစ်ရပ်အား ကမ္ဘာကိုကြေညာခဲ့၏။ ဤဖြစ်ရပ်ဆိုးကို လျစ်လျူရှုထား၍မရဟု သူကဆို၏။ ကာယကံရှင်မိသားစုများအနေဖြင့် မည်သို့မျှခွင့်လွှတ်ကြမည်မဟုတ်။ မေ့ပျောက်ကြမည်မဟုတ်။ ထို့ကြောင့် "ကဒတ်ဖီနိုင်ငံတကာကုသိုလ်ဒါနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း" ခေါင်းစဉ်အောက်မှ နစ်နာကြေးပေးရန်စီစဉ်သည်။ "အဘူဆာလင်" မိသားစုများဘက်မှ ရှေ့နေ "ဖာသီတာဘီလ်" က လိုက်ပါဆောင်ရွက်၏။ ထိုရှေ့နေ၏အစ်ကိုအရင်း၊ ညီဝမ်းကွဲနှင့် ယောက်ဖဖြစ်သူတို့မှာ အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရသူများပင်ဖြစ်၏။ "ဖာသီတာဘီလ်" သည် ဤအမှုမျိုးကို အခမဲ့ပင် ရှေ့နေလိုက်ပေး၏။

ခပ်ဝဝတုတ်တုတ် ရှေ့နေလူပျိုကြီးသည် သူ့ဘဝ တစ်သက်တာကို လူ့အခွင့်အရေး နစ်နာနေသူများကို တိုက်ပွဲဝင်ရန် လှူဒါန်းထားသူ ဖြစ်၏။ သူက "ကဒါဖီ" တရားရုံးရှေ့တွင် တစ်ကိုယ်တော်လည်း ကြိမ်ဖန်များစွာ ဆန္ဒပြခဲ့၏။ တစ်ခါတလေ လူစုလူဝေးနဲ့ ဆန္ဒပြရာမှာလည်း ပါဝင်တတ်၏။ ဖောင်ဒေးရှင်းမှ နစ်နာကြေးပေးသော မစို့မပို့ လျော်ကြေးကို မယူရန် သူကတိုက်တွန်း၏။ အမှုမှန်ကို ရှင်းပြဖို့သာ သူကတောင်းဆို၏။ မည်သူကအမိန့်ပေး၍ မည်သူတွေက သတ်ဖြတ်ခဲ့ကြောင်း၊ မည်သည့်နေရာတွင် မည်သို့ ရုပ်အလောင်းများကို မြှုပ်နှံခဲ့ကြောင်း စသဖြင့် ဒါတွေကို သူက သိချင်၏။ ဒါကိုပဲ သူက တစိုက်မတ်မတ် တောင်းဆို၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၁ ခုနှစ် ဖေဖော်ဝါရီတွင် လစ်ဗျားပြည်သူများသည် တူနီးရှားနှင့် အီဂျစ်မှ အာရပ်နွေဦးအောင်ပွဲများ သတင်းကိုနားစွင့်နေကြ၏။ ထိုသတင်းမှာ တစ်ယောက်ပါးစပ်မှတစ်ယောက်၊ တစ်မြို့မှတစ်မြို့၊ တစ်နိုင်ငံမှတစ်နိုင်ငံ။ တောမီးကဲ့သို့ ရုတ်ချည်းပျံ့နှံ့သွားသည်။ မြောက်အာဖရိကမှ အရှေ့အလယ်ပိုင်းနေရာအနှံ့။ ကနဦးအစက တူနီးရှားက။ "အဘီဒင်းဘင်အလီ" အစိုးရသည် ၂၈ ရက်အတွင်း ရာထူးမှဆင်းပေးခဲ့ရ၏။ အီဂျစ်အာဏာရှင် "ယော့ဇနီမူဘာရက်" က ၁၈ ရက်အတွင်း အာဏာကို စွန့်လွှတ်ခဲ့ရ၏။

အာဏာရှင်နှစ်ဦးလုံး ဆင်းပြေးခဲ့ကြတာက တိုက်တိုက်ဆိုင်ဆိုင် သောကြာနေ့တွေချည်းပင်။ လစ်ဗျားပြည်သူတို့က သူတို့၏ "ဒေါသမာန်ဟုန်ပြင်းသောနေ့"အဖြစ် ဖေဖော်ဝါရီ ၁၇ ရက် ကြာသပတေးနေ့ကို သတ်မှတ်လိုက်ကြသည်။ ထိုစဉ်က အရှေ့အလယ်ပိုင်းတွင် ဟာသတစ်ခု ခေတ်စားနေ၏။ "ကဒတ်ဖီက သောကြာနေ့တွေကို မကြည့်ချင်လောက်အောင် မုန်းတီးလွန်း၍ သောကြာနေ့ကို ပိတ်ပစ်ခဲ့သည်" ဆိုသောဟာသ။ ၁၇ ရက်နေ့ကို သတ်မှတ်ရခြင်းမှာလည်း ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့က တမာန်တော် မိုဟာမက်ကို သရော်သောကာတွန်းများထည့်ခဲ့သည့် ဒိန်းမတ်သတင်းစာကို ဆန့်ကျင်ကန့်ကွက်ကြသောနေ့ ဖြစ်သောကြောင့် အထိမ်းအမှတ်အနေဖြင့် ရွေးချယ်လိုက်ခြင်းဖြစ်၏။

လစ်ဗျားနိုင်ငံသားအများစုသည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြရာ ဤကာတွန်းများသည် သူတို့ဘာသာကို စော်ကားသည်ဟု သဘောထားကြ၏။ ထို့ကြောင့် ဒိန်းမတ်သတင်းစာတိုက်ကို ကန့်ကွက်ဆန္ဒပြခဲ့ကြ၏။ ဆန္ဒပြပွဲကို ရဲများက နှိပ်ကွပ်နှိမ်နင်းရာ၊ ပြည်သူများ၏ ဦးတည်ချက်က ပြောင်းသွားပြီး "ကဒတ်ဖီ" ဆန့်ကျင်ရေးဆန္ဒပြပွဲ ဖြစ်သွားသည်။ ရဲက လူအုပ်ထဲကို သေနတ်ဖြင့်ပစ်၏။ ပြည်သူ ၁၁ ဦး သေဆုံးခဲ့ကြရ၏။

"ဘင်ဂါဇီ" မှ အာဏာပိုင်များက ဆန္ဒပြပွဲမစတင်မီကပင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ရဲသား ၂၄ ယောက်က "ဖာသီတာဘီလ်" ၏ အိမ်ကိုဝိုင်းကာ သူ့ကိုလာဖမ်းကြ၏။ ဤသတင်းက ချက်ချင်းပျံ့နှံ့သွားကာ လူစုလူဝေးဖြင့် ဆန္ဒပြကြရန် စုရုံးကြသည်။ ၁၇ ရက်နေ့တွင် ဆန္ဒပြရန် စီစဉ်ထားသော်လည်း ထိုနေ့ကိုမစောင့်နိုင်ကြတော့။

သို့ဖြင့် "အဘူဆာလင်" မိသားစုများသည် "တာဘီလ်"ကို ဖမ်းဆီးထားရာ ရဲဌာနသို့သွားကာ သူ့ကိုလွှတ်ပေးဖို့ တောင်းဆိုကြ၏။ လစ်ဗျားနိုင်ငံ၏ အရှေ့ခြမ်း "ဘင်ဂါဇီ"မြို့သည် "ကဒတ်ဖီ" ဆန့်ကျင်ရေးဆန္ဒပြမှု အကြိမ်များစွာဖြစ်ပွားသော မြို့ဖြစ်၏။ ယခုအချိန်တွင်မူ ဆန္ဒပြသမားများကို အာဏာပိုင်များက ခေါင်းမထောင်နိုင်အောင် ချေမှုန်းမည်ဟု စီစဉ်ထားသည်။

သူတို့အနေဖြင့် အီဂျစ်ပုံစံပုန်ကန်မှုမျိုး လုံးဝအဖြစ်မခံနိုင်။ "အဘူဆာလင်" မိသားစုဝင်အများစုသည် သက်ကြီး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရွယ်အိုအသွားကြီးများဖြစ်ကြ၏။ သူတို့အဖို့ သူတို့အတွက် ကာကွယ်စောင့်ရှောက်ပေးနေသော သူတို့ရှေ့နေလွှတ်မြောက်အောင် ဆောင်ရွက်ဖို့တာဝန်ရှိနေ၏။

ထိုညသန်းခေါင်တွင် ရှေ့နေ "တာဘီလ်"သည် "ကဒတ်ဖီ"၏ ယောက်ဖ "အဗ္ဗသွာလ်လာဆန်နူဆီ"နှင့် တွေ့ရ၏။ သူက တပ်မတော်တော်လှန်ရေး အကြီးအကဲ။ "အဘူဆာလင်" အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်လည်းဖြစ်၏။ ယခုတော့ သူက "တာဘီလ်"ကိုလာပြီး စည်းရုံးနေခြင်းဖြစ်၏။ "တာဘီလ်" ကိုလွှတ်ပေးမယ်။

ဒါပေမဲ့ ဆန္ဒပြသူတွေကိုတော့ ဆန္ဒမပြဖို့တားပေးပါဟု ဆို၏။ သို့သော် သူပြောတာ သိပ်နောက်ကျသွားပြီ။ မိသားစုများအတွက် အခြားသောရှေ့နေများကပါ ဝင်ပါလာကြ၏။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ပြည်သူတွေလည်း ပါလာကြသည်။ "တာဘီလ်" က ဆန္ဒမပြကြပါနှင့် ဟု တောင်းပန်လျှင်ပင် ရတော့မည်မဟုတ်တော့။ ယခုအချိန်တွင် မည်သူမျှ သူ့စကားကို နားထောင်ကြမည်မဟုတ်။

ပုန်ကန်ထကြွမှုဖြစ်ပြီး ရက်သတ္တတစ်ပတ်မျှအကြာတွင် ကျွန်မ "တာဘီလ်"နှင့် တွေ့၏။ တွေ့ရတာက ခိုးကြောင်ခိုးဝှက်။ သူ့ကို ရုပ်ဖျက်ခိုင်းကာ ကျွန်မရှိရာ ဟိုတယ်သို့ ခေါ်လာကြ၏။ ယခုအချိန်တွင် ထောက်လှမ်းရေးများက လည်း အခြားအလုပ်များဖြင့် မအားမလပ်နိုင်အောင်ရှိနေကြ၍ "တာဘီလ်" နောက်သို့ ထက်ကြပ်မကွာ မလိုက်နိုင်ကြတော့။ ထို့ကြောင့်သာ သူနှင့် ကျွန်မ တွေ့ခွင့်ရခြင်းဖြစ်၏။

"အဘူဆာလင် သတ်ဖြတ်မှုတစ်ခုတည်းကြောင့် လစ်ဗျားပြည်သူတွေ ဒေါသပုန်ထနေကြတာ မဟုတ်ဘူး။ "ကဒတ်ဖီ" ထင်တိုင်းကြဲခဲ့တာတွေက များနေပြီပဲ။ ဥပမာ အိမ်နီးနားချင်း "ချက်ဒ်" နိုင်ငံကို စစ်ဝင်တိုက်တာမျိုး။ ပြည်သူတွေရော၊ စစ်သားတွေရော အများကြီး အထိနာခဲ့ကြတယ်။ နိုင်ငံတော်ရဲ့ပိုက်ဆံတွေကိုလည်း သူသောက်သောက်လဲ သုံးဖြုန်းပစ်ခဲ့တယ်။

ကမ္ဘာတစ်ဝန်းက အကြမ်းဖက်သမားတွေကို သူထောက်ခံအားပေးနေခဲ့တာကြောင့် ကမ္ဘာက လစ်ဗျားကို မုန်းနေပြီ။ အခု ကျွန်တော့်ကို ဖမ်းလိုက်ပြန်တော့ ယမ်းပုံမီးကျဖြစ်ကုန်တာပေါ့"ဟု "တာဘီလ်"က ပြောသည်။

"ကျွန်တော်တို့ အဘူဆာလင် မိသားစုက တော်လှန်ရေးစနက်တံကို စပြီး မီးရှို့လိုက်ကြတာပါ။ လစ်ဗျား ပြည်သူတွေအနေနဲ့တော့ မတရားအဖိနှိပ်ခံခဲ့ကြရလွန်းလို့ ပုန်ကန်ထကြွချင်ကြတာ ကြာပါပြီ။ ဒါပေမဲ့ သူတို့အဖို့ အကြောင်း ပြချက်တစ်ခု မည်မည်ရရ ပြဖို့လိုနေတယ်လေ။ အခုအချိန်က သူတို့အကြောင်းပြကောင်းတဲ့ ကာလပဲ"

သူက ရှည်ရှည်ဝေးဝေးပင် ရှင်းပြခဲ့၏။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"တာဘီလ်" လွတ်လာပြီးနောက် "ဘင်ဂါဇီ" လမ်းများပေါ်တွင် လူအုပ်စုက ပိုအားကောင်းလာသည်။ နေ့ရောညပါ လူထုကြီးက လမ်းပေါ်ရောက်နေ၏။

"ဘင်ဂါဇီ မြို့သူမြို့သားတွေ ထကြွကြတော့။ အားလုံးစောင့်နေကြတဲ့ နေ့ကိုရောက်နေပြီ။ အီကျစ်နဲ့ တူနီးရှား အောင်ပွဲတွေကို အတုယူကြ။ ပြည်သူတစ်ရပ်လုံးက အစိုးရကို ဖြုတ်ချဖို့ လိုလားနေကြပြီ"

ကြွေးကြော်သံတွေက ဆူညံပွက်လောရိုက်ကုန်၏။ ယခင်တုန်းကတော့ "ကဒတ်ဖီ" ဘုန်းတော်ဘွဲ့တွေကို မဆိုချင်ဆိုချင် ဆိုခဲ့ရ။ အော်ခဲ့ကြရ၏။

"ထာဝရဘုရားသခင်၊ မွမ်မာကဒတ်ဖီလစ်ဗျား" ဟူသော အတင်းအကျပ် အော်ခိုင်း၍ အော်ခဲ့ကြသော အသံများ။

"မွမ်မာကဒတ်ဖီ ဆိုတာ ထာဝရဘုရားသခင်ရဲ့ ရန်သူစစ်စစ်ပဲ" ဟူသောအသံတွေက နေရာတကာ ပဲ့တင်ထပ်နေ၏။

ထောက်လှမ်းရေးအကြီးအကဲ "ဆန်နူဆီ"က မြို့ပြအာဏာပိုင်များကို စုဝေးခေါ်ယူ၊ လက်နက်ကိုင်တပ်ဖွဲ့များကို စုစည်းကာ ပုန်ကန်မှုကို ဖြိုခွင်းရန် စီစဉ်တော့၏။ ထိုအစည်းအဝေး ဗီဒီယိုမှတ်တမ်း နောက်ပိုင်းထွက်ပေါ်လာ၏။ အစည်းအဝေးတွင် "ကဒတ်ဖီ"ကို အဖေကြီးဟုခေါ်ကာ သူ့ထက်ငါ အလုအယက် သစ္စာစောင့်သိရန် ဆန္ဒပြင်းပြနေကြပုံတွေကို တွေ့ရ၏။

"အခု ဆန္ဒပြသူအများစုက အရက်သမားတွေ၊ မူးယစ်ဆေးစွဲနေကြသူတွေပါ။ သူတို့က ကလေကချေတွေ၊ မိသားစုတွေ ဘာတွေမရှိတဲ့ သူတွေပဲ။ ဒီလူတွေရဲ့အသံကို ဂရုစိုက်နားထောင်နေစရာမလိုဘူး။ ဘင်ဂါဇီမြို့ကို ကာကွယ်စောင့်ရှောက်ဖို့ ငါတို့မှာတာဝန်ရှိတယ်"ဟု "ဆန်နူဆီ"ကပြောခဲ့၏။

ထိုအချိန်တွင် ခေါင်းဆောင်ကြီးက သူ၏တတိယမြောက်သားဖြစ်သူ "အာလ်ဆာဒီကဒတ်ဖီ"ကိုပါ စေလွှတ်ကာ ပြဿနာကို ကိုင်တွယ်ခိုင်း၏။ ဤမြို့ကို ထိန်းသိမ်းရန် "ဆာဒီ"ကို စေလွှတ်လိုက်ခြင်းသည်ပင် တကယ်တော့ ဟာသအများဖြစ်၏။ "ဘင်ဂါဇီ"မြို့သည် "ဆာဒီ"ကို အမုန်းဆုံးမြို့ဖြစ်၏။ လွန်ခဲ့သော ၁၁ နှစ်ကျော်က "ဘောလုံးတော်လှန်ရေး"ဆိုတာ ဖြစ်ခဲ့ဖူးသည်။

လစ်ဗျားပြည်သူတွေက ဘောလုံးဝါသနာအိုးတွေ။ သို့သော် လစ်ဗျား ပြည်သူတို့ကြိုက်သော ဘောလုံးသမားတွေကို နာမည်ခေါ်ခွင့်မပြု။ ကစားသမား၏ ကျောနံပါတ်နှင့်သာခေါ်ရ၏။ နံပါတ် ၁၀၊ နံပါတ် ၁၁ စသည်ဖြင့်။ နာမည်ခေါ်ပြီး လူကြိုက်ပိုများလာလျှင် ခေါင်းဆောင်ကြီး "ကဒတ်ဖီ"ထက် ပိုပြီး ကျော်ကြားလာမည်စိုးသောကြောင့်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ၏သားနာမည်ဖြစ်သော “ဆာဒီ”ဟူသော နာမည်ကလွဲလျှင် မည်သည့်ဘောလုံးသမားအမည်ကိုမျှ မခေါ်ရဟု ဝိတ်ပင်ထားခဲ့ဖူးသည်။

ကဒါဖီ၏သား “ဆာဒီ” က ဘောလုံးရူး။ သူက အလယ်တန်း တိုက်စစ်မှူးကောင်းတစ်ဦး သိပ်ဖြစ်ချင်၏။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ်များတွင် သူသည် “အယ်လ်အာလီထရီပိုလီ” ပထမတန်းဘောလုံးအသင်း၏ ကပ္ပတိန်သာမက အသင်းပိုင်ရှင်၊ အသင်းမန်နေဂျာ ရာထူးအားလုံးကို “ဆာဒီ” ကိုပဲ စုပြုံပေးထား၏။ ကံဆိုးချင်တော့ “ဘင်ဂါဇီ” မြို့တွင်လည်း ထိုအသင်းနှင့်နာမည်တူ ဘောလုံးအသင်းက ရှိနေသည်။ ထိုအသင်း တည်ထောင်ခဲ့တာက ၁၉၄၇ ခုနှစ်ကတည်းက။

သို့သော် “ဆာဒီ” က သူ့အသင်းနှင့် နာမည်တူအသင်း မရှိစေချင်။ ထို့ကြောင့် ထိုအသင်းမှ အတော်ဆုံး ကစားသမားများကို ငွေကြေးမတန်တဆပေးပြီး ဝယ်၏။ ဒိုင်လူကြီးတွေကို လာဘ်ထိုး၏။ နောက်ဆုံး ထိုအသင်းပျက်သွားအောင် နည်းမျိုးစုံဖြင့် ဖျက်ဆီးသည်။ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လ ဘောလုံးပွဲတစ်ပွဲတွင် တစ်ဖက်အသင်းအား ပြစ်ဒဏ်ဘောများစွာပေးကာ “ဘင်ဂါဇီ” အသင်းကို မရှုမလှရှုံးအောင် ဖန်တီးသောအခါ ပရိသတ်တွေ မခံမရပ်နိုင်ဖြစ်လာ၏။

ကွင်းထဲသို့ဆင်းကာ ရန်းရင်းဆန်ခတ်ဖြစ်ကြ၏။ ပရိသတ်က မြို့ထဲသို့ပင် လှည့်လည်ကာ “ကဒတ်ဖီ” ဓာတ်ပုံတွေ မီးရှို့ပစ်ကြ၏။ “ကဒတ်ဖီ” ဒေါသအဖြစ်ဆုံးပုံမှာ “ဆာဒီ”၏ ဘောလုံးဂျာစီနံပါတ် ဝတ်ဆင်ထားသော “ကဒတ်ဖီ”က လားစီးပြီး တိုင်းခန်းလှည့်လာပုံကာတွန်းဖြစ်၏။

ဆန္ဒပြသူထဲမှ လူ ၈၀ ကျော်ကိုဖမ်း၏။ အချို့ကို နှစ်နဲ့ချီပြီး ထောင်ချသည်။ အချုပ်ခန်းတွင် ရက်ရက်စက်စက် နှိပ်စက်၏။ ဒီလောက်နှင့်မရပ်သေး။ စက်တင်ဘာလ ၁ ရက်နေ့။ ကဒတ်ဖီအာဏာရယူခြင်း ၃၁ နှစ်ပြည့် အခမ်းအနားနေ့တွင် “ဆာဒီ” ကိုယ်တိုင် ဦးဆောင်ကာ ဘူလ်ဒိုဇာ မြေတူးစက်များဖြင့် “အယ်လ်အာလီဘင်ဂါဇီ” ဘောလုံးအသင်း အဆောက်အအုံကို တွန်းထိုးဖျက်ဆီးပစ်ခဲ့၏။ ပြည်သူအချို့ကို စုရုံးခေါ်ယူကာ စောင့်ကြည့်စေပြီး လက်ခုပ်လက်ဝါးတီးခိုင်း၏။ ဤဖြစ်ရပ်ကို “ဘင်ဂါဇီ” မြို့သူမြို့သားများက အသဲနိုက်အောင် နာကျင်ကြ၏။ မြိုသိပ်ခဲ့ရသည့် နှစ်ကာလကလည်း နည်းနည်းနောနောမဟုတ်။ ၄၂ နှစ်။

သို့သော် ယခုတော့ ဂြိုဟ်တုရုပ်မြင်သံကြားစက်များ အကူအညီဖြင့် လစ်ဗျားပြည်သူတို့သည် မျက်စိပွင့်၊ နားပွင့်ဖြစ်လာကြပြီ။ မတရားမှုဟူသည် ခေါင်းငုံ့ခံ၍မရစကောင်းမှန်း သိလာကြ၏။

ဖေဖော်ဝါရီ ၁၇ ရက်နေ့ ဆန္ဒပြပွဲတွင် “ဘင်ဂါဇီ” မြို့သား စီးပွားရေးလုပ်ငန်းရှင် “အလီရာဇလ” နှင့်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူ့သား ၁၅ နှစ်အရွယ် ''အီဒရစ်''တို့လည်း ပါ၏။ ''အလီ'' က လူလတ်တန်းစားအဆင့်ရှိ၏။ ကိုယ်ပိုင်တိုက်နှင့် ကားနှင့်။ သူ့အဖို့ စီးပွားရေးက ပူစရာပင်စရာမရှိ။ တော်လှန်ရေးတော့ သူက ဝင်မပါသေး။ တွန့်ဆုတ်ဆုတ် ဖြစ်နေသေးသည်။ သူ့သားက အတင်းတိုက်တွန်းတော့မှ သူကဝင်ပါလာရခြင်းဖြစ်သည်ဟု ကျွန်တော့်ကို ပြောပြ၏။

''ဝင်ပါတာမှ သာမာန်ဝင်ပါရုံမဟုတ်ဘူး။ ရှေ့တန်းကကို တက်တက်ကြွကြွ လုပ်ဆောင်တာ။ ကျွန်တော့်တစ်ကိုယ်ရေမိသားစုဘဝက ပူစရာပင်စရာမရှိဘူး။ ဒါပေမဲ့ ပြည်သူတစ်ရပ်လုံးဒုက္ခက ကျွန်တော့်ကိုလည်း ထင်ဟပ်လာတော့ ကျွန်တော်လည်း ဝင်ပါရတာပေါ့'' ဟုဆို၏။

ဆန္ဒပြသူများကို နှိမ်နင်းသော တပ်ဖွဲ့ဝင်များထဲတွင် ဦးထုပ်ဝါဆောင်းထားသော လူမည်းများ ပါဝင်နေ၏။ ထိုသူတို့သည် ဆဟာရအာဖရိကမှ ကြေးစားလူသတ်သမားများ ဖြစ်သည်ဟု ဆန္ဒပြသူများက ယုံကြည်ထားကြ၏။ ''ကဒတ်ဖီ''သည် ပြည်တွင်းမှ တပ်ဖွဲ့များရော ပြည်ပမှတပ်ဖွဲ့များပါ ခေါ်ယူပြီး နှိပ်ကွပ်နေခြင်းဖြစ်သည်။ ထို့အတွက် လူထု၏ မကျေနပ်မှုက ပိုမိုမြင့်တက်လာသည်။ လူအုပ်စုကြီးက များလာသည်နှင့်အမျှ ဦးထုပ်ဝါဆောင်းထားသူများသည် စတင်ပစ်ခတ်တော့၏။ လူတွေ ရုတ်ရုတ်သဲသဲဖြစ်ကာ ထွက်ပြေးကြတော့ ''အလီ''လည်း ထွက်ပြေးလာခဲ့၏။ ''အီဒရစ်''ကို မျက်ခြည်ပြတ်သွားသည်။ အိမ်ပြန်ရောက်တော့ သူ့အစ်ကိုဖြစ်သူက မျက်စိပျက် မျက်နှာပျက်ဖြင့် သူ့ကို စောင့်နေသည်ကို တွေ့ရ၏။ သူသိလိုက်ပြီ။ ''အီဒရစ်'' သေနတ်မှန်သွားပြီ။

''အီဒရစ် က ကျွန်တော့်အချစ်ဆုံးသားပါ။ သူ့ကို အားကိုးအားထား စီးပွားရေးသမားဖြစ်အောင် ကျွန်တော် လေ့ကျင့်ပေးထားတယ်။ သူ့ကို တရုတ်တို့၊ တူရကီတို့ဆီ ကျွန်တော် ခေါ်သွားပြီးပြီ။ ကျွန်တော်နဲ့ သူနဲ့က သားအဖဆိုပေမဲ့ သူငယ်ချင်းပေါင်း ပေါင်းခဲ့တာ''

သူက ဇာတ်ကြောင်းပြန်လှန်ရင်း မျက်ရည်တွေကျလာ၏။ သူက ဆံပင်နက်နက်၊ ရုပ်ဖြောင့်ဖြောင့် ကောင်လေး တစ်ဦး၏ ဓာတ်ပုံကို ထုတ်ပြ၏။

''အဲဒါ ကျွန်တော့်သား အီဒရစ်ပေါ့။ သူက လွတ်မြောက်မှုတိုက်ပွဲမှာ ကျဆုံးသွားခဲ့တယ်လေ။ ဗိုလ်မှူးကြီး ကဒတ်ဖီ ကျရှုံးဖို့အတွက် သူလည်း အသက်ကိုစတေးတဲ့အထဲမှာ ပါခဲ့သူပေါ့''

ဖခင်ဖြစ်သူက ဆို့နင့်စွာပြောနေသည်။

ဆန္ဒပြပွဲနှင့် ပတ်သက်ပြီး နောက်အပတ်များတွင် အင်တာဗျူးလုပ်သောအခါ ''ဆာဒီကဒတ်ဖီ'' က လူအုပ်ကြားထဲ ပစ်မိန့်ကို သူပေးခြင်းမဟုတ်ကြောင်း ငြင်း၏။ ထိုနေ့က ပစ်မိန့်ပေးသူမှာ သူ့ဦးလေး ''အဗ္ဗသ္သာလ်လာဆန်နူဆီ'' ပင် ဖြစ်၏။ ''ဘင်ဂါဇီ''မှ လွတ်မြောက်ရေးတိုက်ပွဲ ကျဆုံးသွားသူများ၏ အသုဘတွေက အလွန်ပင်စည်ကားလှ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သာမန်အသုဘထက် ဆန္ဒပြပွဲအသွင် ပိုဆောင်နေသည်။ ထို့ကြောင့် ဆန္ဒပြပွဲပုံစံဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖြိုခွဲပြန်၏။ အသုဘပို့ရင်းနှင့် အသုဘဖြစ်သွားကြသူတွေများလာသည်။

နိုင်ငံတကာရာဇဝတ်ခုံရုံးမှ "လူဝီမော်ရင်နိုအိုကမ်ပို" က "ဆန်နူဆီ" ကို ဖမ်းဆီးရန် ဝရမ်းပင်ထုတ်၏။ တကယ်တော့ "ဆန်နူဆီ" နောက်ကွယ်မှ ကြိုးကိုင်နေသူမှာ "ဗိုလ်မှူးကြီးကဒတ်ဖီ" ကိုယ်တိုင်ပင်ဖြစ်၏။ သူက တိုက်ရိုက်ပစ်မိန့်ပေးနေခြင်းပင် ဖြစ်၏။ ဤသည်ကိုသာ သက်သေအခိုင်အမာပြနိုင်လျှင် ၄င်းသည် လူသားမျိုးနွယ်တစ်ရပ်လုံးကို သတ်ဖြတ်နှိမ်နင်းသော ရာဇဝတ်မှုပင် ဖြစ်သည်ဟု ရှေ့နေချုပ်ကဆိုသည်။

■

တော်လှန်ရေးသည် လစ်ဗျားနိုင်ငံ၏ အရှေ့ခြမ်းမှ စတင်ခဲ့ခြင်းသည်မဆန်း။ အရှေ့ပိုင်းမှ ပြည်သူများက "ကဒတ်ဖီ" ကို လုံးဝလက်မခံကြ။ သူက "ဘင်ဂါဇီ"မြို့ကို ဇနပုဒ်ပမာသဘောထားကာ မသိကျိုးကျွံပြုခဲ့တာကြာပြီ။ "ဘင်ဂါဇီ"မြို့ကား ဖြစ်ချင်တိုင်းဖြစ်၊ ပျက်ချင်တိုင်းပျက်နေ၏။ အဆောက်အအုံတွေက ဟောင်းဟောင်းနွမ်းနွမ်း၊ လမ်းတွေက စုတ်တီးစုတ်ပြတ်။ လမ်းတိုင်းလမ်းတိုင်းတွင် အမှိုက်တွေက တောင်လိုမောက်နေ၏။ ရေမြောင်းတွေက ပိတ်ဆို့။ မြို့လယ်ခေါင်မှာပင် ကြွက်တွေက တရုန်းရုန်း။

"ကဒတ်ဖီ"၏ "အယ်လ်ဖာတာတော်လှန်ရေး" မတိုင်မီကဆိုလျှင် "ဘင်ဂါဇီ"သည် သန့်ပြန့်တိုးတက်ခဲ့သော မြို့တစ်မြို့ဖြစ်ခဲ့၏။

လစ်ဗျားတွင် အာဖရိကန်လူမျိုးတွေရော၊ အာရပ်တွေရော ရောနှောနေထိုင်ကြ၏။ ယဉ်ကျေးမှုကတော့ အရှေ့အလယ်ပိုင်းသို့ ပိုယိမ်းယိုင်၏။ အာဖရိကထက် လူနေမှုအဆင့်အတန်း ပိုမြင့်၏။ သူတို့နိုင်ငံကို နိုင်ဂျီးရီးယားတို့၊ တိုဂိုတို့နှင့် အနှိုင်းမခံ။ ဒူဘိုင်း သို့မဟုတ် အီတလီနှင့် ယှဉ်ယှဉ်ပြီး ပြောတတ်ကြသည်။

၁၉ ရာစုခေတ်ကဆိုလျှင် မြေထဲပင်လယ်ရေပြင်တွင် ပင်လယ်ဓားပြတွေအပြည့်။ ဥရောပနှင့် အမေရိကန်သင်္ဘောတွေ ပြန်လာချိန် ဓားပြတိုက်တာများသည်။ ၁၈၀၅ ခုနှစ်တွင် ထိုပင်လယ်ဓားပြနှင့် အမေရိကန်တို့ အကြီးအကျယ်တိုက်ခိုက်ခဲ့ကြ၏။ ထိုအချိန်က လစ်ဗျားသည် အော်တိုမန်အင်ပါယာ၏ အစိတ်အပိုင်းတစ်ခုမျှသာ ရှိခဲ့၏။ ၁၉၁၁ တွင် အီတလီက သိမ်းပိုက်၏။ အီတလီနယ်ချဲ့များကို လစ်ဗျားပြည်သူများက ပုန်ကန်ကြရာ အီတလီက လစ်ဗျားတော်လှန်ရေးသမားတစ်သိန်းခန့်ကို အကျဉ်းစခန်းထဲတွင် ထည့်သွင်းချုပ်နှောင်ခဲ့၏။ ညှဉ်းပန်းနှိပ်စက်မှုဒဏ်၊ ကပ်ရောဂါများ၊ ငတ်မွတ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပါးမှုများဖြင့် အများစုသေဆုံးခဲ့ကြရ၏။ အီတလီဖိုလ်ချုပ် ''ရိုဒေါ်ဖိုဂရာဇီယာနီ'' က ရက်ရက်စက်စက် ချေမှုန်းခဲ့၏။ ဤတွင် အမျိုးသားသူရဲကောင်းတစ်ဦးပေါ်လာ၏။ ''အိုမာမူကတာ''။ ''လစ်ဗျားမျိုးချစ် သူရဲကောင်း''

၂၀၁၁ တော်လှန်ရေးတွင် ကျွန်မသည် ''အိုမာမူကတာ'' ပေါင်းများစွာကို မျက်ဝါးထင်ထင် တွေ့ခဲ့ရ၏။ သူ၏ ထူးခြားသောသွင်ပြင်လက္ခဏာဖြစ်သော မုတ်ဆိတ်ဖြူဖြူ၊ ဦးထုပ်ဖြူဖြူပုံရိုက်ထားသည့် အလံ၊ တံခွန်၊ တီရှပ်၊ သော့ချိတ် စသည့် အမှတ်တရပစ္စည်းများသည် လစ်ဗျားနိုင်ငံ အရှေ့ခြမ်းတွင် နေရာတကာတွေ့ရ၏။ ''အိုမာကူကတာ'' လည်း လစ်ဗျားနိုင်ငံအရှေ့ဘက်ခြမ်း ''တိုဘရွတ်''တွင် မွေးဖွားခဲ့ရာ ယခုတော်လှန်ပုန်ကန်မှုများအားလုံးက သူတို့သည် သူတို့၏ ဘိုးဘေးများကဲ့သို့ လွတ်မြောက်ရေးတိုက်ပွဲ ဝင်နေကြခြင်းဟု သဘောထားကြ၏။ တစ်ခုပဲကွာသည်။ ယခင်က နယ်ချဲ့အီတာလျံများကို တိုက်ခိုက်ရခြင်း။ ယခုက လူမျိုးတူ အာဏာရှင် ''ကဒတ်ဖီ''ကို တိုက်ထုတ်ရခြင်း။ ဒါပဲကွာလှသည်။

''မူကတာ''သည် သူ၏ ပျောက်ကျားစစ်ဖြင့် နယ်ချဲ့အီတာလျံများကို မဆုတ်မနစ် တိုက်ခိုက်ခဲ့၏။ ၁၉၃၁ ခုနှစ်တွင် သူဖမ်းမိသွားသည်။ အဖမ်းခံရပြီး ၃ ရက်အကြာတွင် သူ့ကို ကြိုးပေးပြီး ကွပ်မျက်လိုက်ကြ၏။ သူက ကြိုးစင်ပေါ်သို့ ခဲရဲရင့်ရင့်တက်ရောက်သွား၏။

''ကျုပ်တို့ကို ထာဝရဘုရားသခင်က ပိုင်တယ်။ သူ့ရဲ့တန်ခိုးတော်နဲ့ ကျုပ်ပြန်လာမယ်''

ထိုသို့ ဝင့်ဝင့်စားစားပြောကြားရင်း ကြိုးစင်ပေါ်သို့ တည်ငြိမ်စွာတက်သွားသူ သူရဲကောင်းကြီး ''မူကတာ'' သည် လစ်ဗျားပြည်သူပြည်သားတို့၏ စံပြပုဂ္ဂိုလ်ဖြစ်သည်။

''မူကတာ'' ကိုအားကျသော ''ကဒတ်ဖီ''က သူသည်လည်း အာရပ်မျိုးနွယ်များကို ကာကွယ်ကာ နယ်ချဲ့ ကိုလိုနီများကို တိုက်ပွဲဝင်ခဲ့သူ သူရဲကောင်းပမာ သူ့ကိုယ်သူ သဘောထား၏။ ထို့ကြောင့် ၁၉၈၁ ခုနှစ်တွင် သူက ''သဲကန္တာရ၏ခြင်္သေ့''အမည်ဖြင့် ဟောလီးဝုဒ်ကို ပိုက်ဆံပေးကာ ရုပ်ရှင်ရိုက်ခိုင်း၏။

သဲကန္တာရတိုက်ပွဲများ၊ မြင့်မြတ်သော တော်လှန်ရေးသမားများ၊ ရက်စက်ကြမ်းကြုတ်သော အီတလီ ကိုလိုနီ နယ်ချဲ့များအကြောင်းကို ရုပ်ရှင်ထဲတွင် ရိုက်ပြ၏။ မင်းသားကြီး ''အန်တော်နီကွင်း''က ''မူကတာ'' နေရာတွင် ပါဝင်သရုပ်ဆောင်ကာ မင်းသားကြီး ''အိုလီဗာရိဒ်''က အီတလီဗိုလ်ချုပ် ''ဂရာဇီယာနီ''နေရာတွင် သရုပ်ဆောင် ခဲ့၏။ လစ်ဗျားကလေးတွေ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ဤရုပ်ရှင်ကားကို ထပ်တလဲလဲ ကြည့်ခဲ့ကြရ၏။ လစ်ဗျား ရုပ်မြင်သံကြားတွင် ဒါကိုပဲ အကြိမ်ကြိမ်အထပ်ထပ်ပြ၏။

''မူကတာ''အကြောင်း ကြည့်ကြရင်းနှင့် ''မူကတာ''တို့ ဘာသာရေးမျိုးနွယ်ဖြစ်သော ''ဆန်နူးစစ်''

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုပါ သိလာကြ၏။ ၄င်းမျိုးနွယ်စုသည် ၁၉ ရာစုတွင် မက်ကာရှိ အယ်ဂျီးရီးယားလူမျိုး အစ္စလာမ်ပညာရှင်တစ်ဦးက စတင်တည်ထောင်သောဘာသာကို ကိုးကွယ်ခဲ့ကြ၏။ အစ္စလာမ်၏ ဘာသာရေးဂိုဏ်းတစ်ခုဖြစ်သော ဆူဖီနှင့်ဆင်ဆင်တူ၏။ ဆော်ဒီအာရေဗျမှ "ဆလာဖစ်"တို့နှင့်လည်း အချို့နေရာများတွင်တူသည်။ "ဆန့်နူးစစ်"တို့သည် နိုင်ငံခြားသားအုပ်ချုပ်မှုမှန်သမျှကို ဆန့်ကျင်၏။ လစ်ဗျားတွင် အော့တိုမန်တို့ အုပ်ချုပ်စဉ်ကလည်း ဆန့်ကျင်၏။ ပြင်သစ်ကိုလိုနီများကိုလည်း ဆန့်ကျင်၏။ နောက်ပိုင်း အီတလီနယ်ချဲ့တို့ စိုးမိုးချိန်တွင် သူတို့က အပြင်းထန်ဆုံး တော်လှန်ကြ၏။

အီတလီလူမျိုးများက သူတို့ကို ဘာသာရေးစစ်ဆင်နွဲသူ "ဂျီဟာတ်"များဟု ခေါ်ကြ၏။ ဒုတိယကမ္ဘာစစ်အတောအတွင်းက "ဆန့်နူးစစ်" အကြီးအကဲ "အိုက်ဒရစ်"သည် အီဂျစ်သို့ ထွက်ပြေးကာ တော်လှန်ပုန်ကန်ခဲ့၏။ ၁၉၅၁ ခုနှစ်တွင် "အိုက်ဒရစ်"က ဘုရင်ပင်ဖြစ်လာ၏။ "အိုက်ဒရစ်" ဘုရင်က "ဘင်ဂါဇီ" တွင် နန်းစိုက်၏။ "ထရီပိုလီ"ကိုမူ မြို့တော်အဖြစ်ထား၏။ ထိုခေတ်က "ဘင်ဂါဇီ"မြို့သည် အလွန်လှပ သန့်ရှင်းသောမြို့ဖြစ်ခဲ့၏။ "အိုက်ဒရစ်" ဘုရင်က ဗြိတိသျှတို့၊ အမေရိကန်တို့နှင့် တည့်အောင်ပေါင်း၏။

၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် "အိုက်ဒရစ်" ဘုရင် တူရကီသို့သွားကာ ဆေးကုသမှုခံယူနေစဉ် ဗိုလ်မှူးကြီး "ကဒတ်ဖီ" က အာဏာသိမ်း၏။ ဘုရင့်မျိုးနွယ်များအားလုံး ရာထူးရာခံတွေ ပြုတ်ကုန်ကြ၏။ "ကဒတ်ဖီ" တို့ လူငယ်တပ်မတော်အရာရှိများက ဘုရင်ခံစနစ်ကို မကြိုက်ကြ။ ဗြိတိသျှတို့၊ အမေရိကန်တို့နှင့် ဆက်ဆံရေးကိုလည်း မနှစ်မြို့။ "အိုက်ဒရစ်" ဘုရင်လက်ထက်ကလည်း ခေတ်မီသော ဗဟိုချုပ်ကိုင်သူရှိသည့် အစိုးရအဖွဲ့ မရှိခဲ့။ "ကဒတ်ဖီ"ကလည်း ထိုပုံစံအတိုင်း။ ဘုရင်ခံစနစ်သာ ပြုတ်ကျသွားသည်။ လစ်ဗျားအခြေအနေကတော့ ဒုံရင်းဒုံရင်းအတိုင်းပင်။

လစ်ဗျားနိုင်ငံ ကံကောင်းတာက လူဦးရေက ၆ သန်းမျှသာရှိကာ ရေနံနှင့်ဓာတ်ငွေ့သိုက်တွေက ကြွယ်ဝခြင်းပင်ဖြစ်၏။ အီဂျစ်က လူဦးရေ သန်း ၈၀၊ သဘာဝအရင်းအမြစ်က နည်းပါး၊ ဆင်းရဲမှုတွေမြင့်တက်နေချိန်တွင် လစ်ဗျားက သူ့လူနှင့် သူ့သယံဇာတ ပေါပေါများများဖြစ်နေ၏။ လစ်ဗျားနိုင်ငံသားအများစုက နိုင်ငံခြားတွင် ပညာသင်သွားနိုင်ကြ၏။ ခေတ်မီစီးပွားရေးကို တူထောင်ရန် အတတ်ပညာတွေ ရှိနှင့်နေကြ၏။ သို့သော် ရှေ့ဆက်လျှောက်ရမည့် လမ်းက အရှည်ကြီးကျန်သေးသည်။ ဘာတစ်ခုမှ မတည်ဆောက်နိုင်မီ ဖျက်ဆီးပစ်စရာ လက်ကျန်တွေ အများကြီးရှိသေးသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



လစ်ဗျားတော်လှန်ရေး၏ ပထမရက်ပိုင်းမှာကား မှုန်ဝါးဝါး။ ဘာတစ်ခုမှ သေချာရေရာမှုမရှိ။ ဖေဖော်ဝါရီ ၁၇ ရက်တွင် "ဘင်ဂါဇီ"တွင် ဆန္ဒပြပွဲ ကျင်းပသည့်နည်းတူ "တိုဘရွတ်"တွင်လည်း ကျင်းပခဲ့၏။ ပြည်သူများစုဝေးကာ အစိုးရဖြုတ်ချရေး ကြွေးကြော်သံများကို ဟစ်ကြွေးကြ၏။ အဆောက်အအုံအချို့ကို မီးတင်ရှို့၏။ အထူးသဖြင့် "ကဒတ်ဖီ"၏ ဩဝါဒများပါဝင်သော "စာအုပ်စိမ်း"ကို မီးပုံရှို့ကြ၏။

"တော့ဖစ်ရှိဟီဘီ"ဆိုသူ လူငယ်လေးတစ်ဦးက တွေ့မြင်သမျှ မြင်ကွင်းတွေကို သူ၏မိုဘိုင်းဖုန်းဖြင့် မှတ်တမ်းတင်နေ၏။ ထိုစဉ် သူ့အစ်ကို "ဆီအစ်" ရောက်လာသည်။

"အစိုးရက အင်တာနက်တွေ ဖြတ်တော့မယ်။ မင်းရသမျှ ဓာတ်ပုံတွေကို အွန်လိုင်းတင်လိုက်"

သူ့အစ်ကိုပြောစကားအတိုင်း "ရှိဟီဘီ" သည် အနီးဆုံး အင်တာနက်ဆိုင်ကို ပြေး၏။ ထိုအင်တာနက်ဆိုင်တွင် သူ ၁၁ နာရီကြာ ထိုင်၏။ လိုင်းကပြတ်သွားလိုက် ပြန်ကောင်းလိုက်။ မနက် ၃ နာရီတွင် လိုင်းလုံးဝ ပြတ်သွားသည်။ ဤတစ်ချီပြတ်သွားတာက နောက်ထပ် ၆ လအထိပင် ကြာ၏။ "ရှိဟီဘီ" က "အယ်ဂျာဇီးယား" သတင်းဌာနသို့ ရသမျှသတင်းတွေ ပို့နိုင်ခဲ့၏။ သူ၏ ဖေ့ဘွတ်စ်စာမျက်နှာပေါ်တွင်တင်ပြီး တတ်နိုင်သမျှဖြန့်ဝေ၏။ လစ်ဗျားတော်လှန်ရေးကို စိတ်ဝင်စားသူ မည်သူမဆို သူ့ဆီ တယ်လီဖုန်းဆက်ကြပါဟုလည်း တယ်လီဖုန်းနံပါတ်ပေးလိုက်၏။

မကြာခင်မှာပင် သူ၏ တယ်လီဖုန်းခေါ်သံတွေ ပလူပျံလာ၏။ ပထမညတွင် သူ့ထံ တယ်လီဖုန်းဆက်သူအများစုမှာ အီဂျစ်စာနယ်ဇင်းသမားများထံမှဖြစ်၏။ အီဂျစ်တော်လှန်ရေးသမားများကလည်း ဆလံပေးကြကာ ထောက်ခံအားပေးကြ၏။ နောက်တစ်နေ့တွင်ကား ကမ္ဘာတစ်ဝန်းမှ ဖုန်းတွေ သူ့ထံလာတော့သည်။ သူက စိတ်ပူလာ၏။ သူ့ဖခင် ထောင်ကျခဲ့ပြီးနောက် သူသိလာရသည်မှာ ရှုံးနိမ့်လျှင် ပေးဆပ်ရမည့်တန်ဖိုးကိုဖြစ်၏။ သို့သော် ဖေဖော်ဝါရီ ၁၈ ရက်သောကြာနေ့တွင် လစ်ဗျား၏ အလံတော်ဟောင်းကို နေရာအနှံ့တွေ့လာကြ၏။ အနီ၊ အနက်၊ အစိမ်း နောက်ခံပေါ်တွင် အဖြူရောင်ဖြင့် လခြမ်းနှင့်ကြယ်။ "အိုက်ဒရစ်" ဘုရင်လက်ထက် ၁၉၅၀ နှင့် ၁၉၆၀ ခုနှစ်များက လွှင့်ခဲ့သောအလံ။ "ကဒတ်ဖီ"၏ အလံနေရာကို ယခင်အလံဟောင်းက အစားထိုးနိုင်ခဲ့ပြီး ၂၄ နာရီအတွင်း တော်လှန်ရေး သရုပ်က ပိုပေါ်လွင်လာ၏။

"ဒီအလံတော်ကို သိမ်းထားခဲ့ရတာ ၄၂ နှစ် ကြာပြီ။ ခုမှ ပြန်ထုတ်သုံးရတာ" ဟု ပြည်သူတွေက ပြောပြ၏။

"ကဒတ်ဖီ"ကလည်း ရဲတပ်ဖွဲ့အင်အားရော၊ စစ်တပ်အင်အားရောသုံးကာ ဆန္ဒပြပွဲကို ဖြိုခွဲခဲ့၏။ ထိုလက်နက်ကိုင် တပ်ဖွဲ့နှစ်ဖွဲ့အပြင် သူ့အတွက် သစ္စာစောင့်သိမည့် အုပ်စုကိုပါ သူကရွေးချယ်ထား၏။ သူက ကြေးစားတွေကို အသုံးချလာ၏။ လစ်ဗျားတွင် အာဖရိကမှ လာရောက်အလုပ်လုပ်သူ ၁ သန်းကျော် ရှိ၏။ သူတို့က လစ်ဗျားပြည်သူတွေ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်သော အောက်ခြေသိမ်းအလုပ်တွေ လုပ်ကြရ၏။ "ကဒတ်ဖီ" က ထိုသူများထဲမှ အချို့ကို ငွေပေးစည်းရုံးကာ လက်နက်တပ်ဆင်ပေးသည်။ "ကဒတ်ဖီ" ထောက်ပံ့ထားသော "နိုဂယ်ဂါ"နှင့် "မာလီ" နိုင်ငံမှ လူတွေကိုလည်း လေယာဉ်ဖြင့်ခေါ်၏။

သူတို့ကို ဦးထုပ်အဝါ ဆောင်းခိုင်းကာ လူအုပ်ကြီးထဲ သေနတ်ဖြင့် ပစ်သွင်းခိုင်း၏။ နိုင်ငံခြားသားများကို အသုံးပြုကာ ကိုယ့်လူမျိုးကိုယ် ပြန်သတ်ခိုင်းသည်ကိုမူ အချို့သော "ကဒတ်ဖီ"၏ အရာရှိကြီးများက မရှုရက် တော့။ ဆန္ဒပြပွဲတွင် သူ၏ ညီငယ်တစ်ဦး သေဆုံးသွားရသည်ကိုကြည့်ကာ "ဗိုလ်မှူးကြီး ဖာတာယွန်းနီ"က တော်လှန်ရေးဘက်သို့ ပါလာ၏။ အငြိမ်းစားဗိုလ်ချုပ်ကြီး "မာမွတ်အိုဘီဒီ"ကလည်း တော်လှန်ရေးအင်အားစုများနှင့် လာပေါင်း၏။ တော်လှန်ရေးဘက်သို့ ချိန်ခွင်လျှာ အားသာလာခဲ့ချေပြီကော။

■

ကျွန်မ အီဂျစ်မှ လစ်ဗျားသို့ ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် ထွက်ခွာခဲ့၏။ လစ်ဗျားဘက်အခြမ်းသို့ ရောက်သော အခါ "လစ်ဗျားလွတ်မြောက်အောင်လုပ်ကြ" ဆိုသော ဆိုင်းဘုတ်တွေက ဆီးကြိုနေနှင့်သည်။ ဂျင်းဘောင်းဘီဝတ်၊ ခေါင်းမှာပဝါစည်း၊ လစ်ဗျားသေနတ်ကိုင်ထားသူတစ်စုက ကျွန်မတို့ ကားကို ဝိုင်းလာကြ၏။ ကျွန်မတို့က သတင်းစာဆရာ တွေပါဟု ပြောလိုက်သည်နှင့် ပတ်စပို့ပေါ်တွင် ဘာဗီဇာ၊ ဘာတံဆိပ်မျှ ရိုက်မပေးဘဲ ဝင်ခွင့်ကို ရှောရှောရှူရှူ ပြုလိုက်ကြ၏။

လမ်းတစ်လျှောက် ရွာတွေကိုဖြတ်သွားရ၏။ ရွှံ့နှင့်ဆောက်လုပ်ထားသော တဲသာသာ အိမ်ပုလေးတွေကိုသာ တွေ့ရ၏။ ကမ္ဘာပေါ်တွင် နဝမမြောက် အကြီးဆုံး ရေနံကုန်သည်နိုင်ငံကြီးတွင် ဒါမျိုးတွေကို တွေ့နေရသည်မှာ အံ့သြစရာကောင်းလှ၏။

သဲကန္တာရဆောင်းကား မကုန်သေး။ ထို့ကြောင့် လေက အေးစိမ့်နေအောင် တသုန်သုန်တိုက်နေ၏။ ရွာတိုင်းရှိ အိမ်တိုင်း၏ တံခါးမကြီးနှင့် ပြတင်းပေါက်များအားလုံးကို ဆေးအစိမ်းသုတ်ထား၏။ အခြားအရောင်များသည် စိတ်ဓာတ်ကို ထိုင်းမှိုင်းစေသည်။ အစိမ်းရောင်ရောင်တစ်ခုတည်းကသာ မျှော်လင့်ချက်ကို ပေးစွမ်းနိုင်သည်ဟု "ကဒတ်ဖီ" ကပြောသည်။ ထို့ကြောင့် အိမ်တိုင်း အစိမ်းသုတ်ထားကြ၏။

"ဘင်ဂါဇီ" မြို့ထဲ ဝင်လာတော့ လမ်းပြပုလိပ်များနေရာတွင် ဝတ်ရုံနက်နှင့် ခေါင်းပေါင်းနှင့် ရှေ့နေတွေ၊ တရားသူကြီးတွေက လမ်းပြပေးနေသည်ကို တွေ့ရ၏။ လူတိုင်းပင် ကြုံရာတာဝန်ကို ထမ်းနေကြရ၏။ နေ့တစ်ရက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်အကြာတွင် တရားသူကြီးများနေရာတွင် ၁၂ နှစ် သမီးလေးတွေ နေရာယူနေကြပြန်၏။ တိုးတက်ပြောင်းလဲခြင်းဆိုတာ ဒါမျိုးပဲလား။ ထိုနေ့ညက ကျွန်တော် "အလီရာစလန်" နှင့်အတူ တည်းခိုခဲ့ရ၏။ တော်လှန်ရေးပထမနေ့တွင် သူသား ဆုံး ပါးသွားသူ ပုဂ္ဂိုလ်ဖြစ်၏။

"တော်လှန်ရေးသားအိမ်ကနေ သူရဲကောင်းစစ်စစ်တွေ မွေးထုတ်ပေးနေတာပေါ့ကွ" ဟု သူက ကဗျာဆန်ဆန်ပြော၏။ ဖေဖော်ဝါရီ ၁၇ ရက်နေ့က ကလေးမွေးခဲ့သူ မိခင်တစ်ဦးနှင့်သွားတွေ့၏။ သူက သူ့သမီးကို "လစ်ဗျား" ဟု နာမည်ပေးထားကြောင်းပြော၏။

"တော်လှန်ရေး စလုပ်တဲ့နေ့မှာမွေးတဲ့ ကျွန်မသမီးလေးကို လစ်ဗျားရယ်လို့ ဂုဏ်ပြုခေါ်ဝေါ်ကြတာပေါ့" ဟု သူကဆို၏။

"ဘင်ဂါဇီ" မြို့တွင် ဗိုလ်မှူးကြီးကဒတ်ဖီ၏ စစ်ဌာနချုပ်ထားရာ "ကာဒီဘာ" သို့ ကျွန်မ သွားကြည့်၏။ တော်လှန်ရေး စတုတ္ထမြောက်နေ့ တနင်္ဂနွေနေ့တွင် "အာရေဗျပင်လယ်ကွေ့ရေနံကုမ္ပဏီ" မှ မန်နေဂျာ "မာရီဇု" သည် သူ၏ ကိုယ်ပိုင်ကားတွင် ဓာတ်ဆီပုံးတွေ အပြည့်ထည့်ကာ စစ်ဌာနချုပ်တံခါးဝသို့ ကားမောင်းထွက်ခဲ့၏။ ဂိတ်ဝရောက်သောအခါ ကားရော လူပါ ဂိတ်တံခါးဝသို့ ဝင်တိုက်လိုက်၏။

ကားလည်းပေါက်ကွဲ ဂိတ်လည်းပွင့်။ "အယ်အာလီဘင်ဂါဇီ" ဘောလုံးပရိသတ်များက တုတ်တွေ၊ ဓားတွေ ဆယ်ဆောင်ကာ စစ်တပ်ထဲသို့ ဝင်လာပြီး မြင်မြင်သမျှကို ခုတ်ထစ်ရိုက်ပုတ်ကြ၏။ စစ်သားတွေက ယူနီဖောင်းချွတ်ပြီး ထွက်ပြေးကြ၏။ ကျွန်တော်ရောက်ရှိချိန်တွင် စစ်ဌာနချုပ်၌ မည်သည့်စစ်သားမှမရှိတော့။ ကမ္ဘာလှည့်ခရီးသည်တွေ အရှုန်းရှုန်းဖြင့် စည်ကားနေ၏။

"ဘင်ဂါဇီ" မြို့သို့ "ကဒတ်ဖီ" လာလျှင် တည်းတတ်သောဇိမ်ခံဟိုတယ်ကြီးမှာလည်း ယခု အခွံသာကျန်တော့၏။ အတွင်းပိုင်းတစ်ခုလုံးကို ဒေါသထွက်နေသောလူထုက မီးရှို့ဖျက်ဆီးလိုက်ကြ၏။

"ဘင်ဂါဇီ" ထောင်ကိုလည်း ယခု လူထုကသိမ်းလိုက်ပြီ။ ဤထောင်ထဲတွင် နှစ်ရှည်လများ အကျဉ်းကျခံသူတွေကို လွှတ်ပေးလိုက်သည်။ ထောင်ထဲသို့ ကျွန်မ လှည့်ပတ်ကြည့်ရှု၏။ ကြိုးစင်တွေကို အစီအရီတွေ့ရ၏။ ဤကြိုးစင်တွင် လူပေါင်းများစွာ အသတ်ခံခဲ့ကြရပြီးပြီ။

"ဘင်ဂါဇီ" တရားရုံး အဆောက်အအုံကွက်လပ်တွင်ကား လူငယ်တွေလုပ်ထားသော သူတို့ဌာနချုပ်ရှိ၏။ အလံတိုင်တွေ အစီအရီထိုးထား၏။ တော်လှန်ရေးအထိမ်းအမှတ် ခေါင်းစည်းတွေ၊ အလံတွေ၊ သော့ချိတ်တွေ ရောင်းနေကြ၏။ နေ့စဉ်နေ့တိုင်းပင် ဆွေမျိုးများက အသတ်ခံရသူများ၏ ဓာတ်ပုံတွေကိုထောင်နေကြ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကဒတ်ဖီသည် တိရစ္ဆာန်အယုတ်တမာဖြစ်သည်"

"အခု ကျုပ်တို့ လွတ်လပ်ပြီ"

ထိုသို့သော ကြွေးကြော်သံများကို နံရံတွေမှာ ရေးထား၏။ ဌာနချုပ်တွင် စုပေါင်းတာဝန်ယူကြ၏။ ရှေ့နေတွေ၊ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ဘွဲ့ရပညာတတ်တွေ၊ လူလတ်တန်းစားတွေ အများစုက အင်္ဂလိပ်စကားပြောတတ်ကြ၏။ သူတို့၏ခေါင်းဆောင်မှာ "အဗ္ဗဒ္ဒလ်ဖတ်ဂိုဂါ" ဖြစ်သည်။

သူက ထင်ရှားသော မိသားစုတစ်ခုမှ ရှေ့နေကြီးတစ်ဦးဖြစ်၏။ တော်လှန်ရေးစဖြစ်ပြီး တစ်ပတ်အကြာတွင် ကျွန်မ သူ့အေးမှရပ်ကာ ကွယ်လွန်သူများအတွက် ဝတ်ပြု ဆုတောင်းပွဲတက်ခဲ့၏။ ဆေးရုံပေါ်တွင် ကျည်သင့်ဒဏ်ရာဖြင့် လတ်တလော သေဆုံးခဲ့ကြသူ ၃ ဦး၏ အလောင်းကို လူတွေက ပခုံးပေါ်ထမ်း၍ သယ်ဆောင်လာကြ၏။ ပရိသတ်ထဲမှ "ဂိုဂါ"ကို လက်ဝှေ့ယမ်း နှုတ်ဆက်ကြ၏။ "ဂိုဂါ"ကလည်း ပြန်နှုတ်ဆက်၏။

လူထုအားလုံးသည် တင်ကြိုကြံရွယ်ပြီး ပုံစံအကွက်ချကာ ဆန္ဒပြကြခြင်းမဟုတ်။ သူတို့သည် ပြုပြင်ပြောင်းလဲရေးသမားအဖြစ် စတင်ခဲ့ကြ၏။ တဖြည်းဖြည်း ပြောင်းလဲမှုရလာနိုင်သည်ဟု မျှော်လင့်ခဲ့ကြခြင်းသာဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် "ဆိဖ်အာလ်အစ္စလာမ်ကဒတ်ဖီ" က လစ်ဗျားကို ပိတ်ဆို့ထားရာမှ ပြင်ပကမ္ဘာနှင့် တဖြည်းဖြည်း ဖွင့်ပေးရန် အစပျိုးခဲ့၏။ ဤတွင် "ဟာဖစ်ဂိုဂါ" နှင့် "ဆာလ်ဝါဘူဂေဂစ်" တို့က အုပ်စုတစ်စုဖွဲ့ကာ နိုင်ငံရေးအကျဉ်းသားများကို ကူညီထောက်ပံ့ရန် စီစဉ်ကြ၏။

"ဆာလ်ဝါ" က ခေတ်မီသော လစ်ဗျား အမျိုးသမီးရှေ့နေတစ်ဦးဖြစ်၏။ သူက တခြားအမျိုးသမီးများကဲ့သို့ ခေါင်းမှာပဝါမစည်း၊ သူတို့က "ရှေ့နေများသမဂ္ဂ"ဖွဲ့ရန် ရည်စူးကြ၏။ အစိုးရသည် ပထမတုန်းက သူတို့ကို ဖမ်းရန် ကြံစည်သေး၏။

နောက်မှ စောင့်ကြည့်သည့်အဆင့်သို့ရောက်သွားသည်။ တော်လှန်ရေးမစမီ နှစ်ပတ်ခန့်က "ကဒတ်ဖီ"သည် "ဟာဖစ်ဂိုဂါ"ကို ခေါ်တွေ့ကာ သမဂ္ဂအားလုံး၏ ခေါင်းဆောင်အဖြစ် ခန့်မည်ဟု စည်းရုံးခဲ့၏။ အစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ကား လုံးလုံးလျားလျားရှိရမည်ဆို၏။ ဤကမ်းလှမ်းချက်ကို "ဂိုဂါ" က ငြင်းပယ်ခဲ့၏။ အီဂျစ် ထကြွမှု အတော်ခရီးရောက်နေပြီဖြစ်ရာ၊ ဒါက ထောင်ချောက်ဆင်ခြင်းဖြစ်မှန်း သူသိ၏။

"ဆာလ်ဝါ"၏ ညီမ "အီမန်"မှာလည်း တက်ကြွသူဖြစ်၏။ သူတို့ နှစ်ဦးစလုံးပင် "ဘင်ဂါဇီ" တွင် ရေပေါ်ဆီ လူတန်းစားအဆင့်ရှိသူများဖြစ်ကြ၏။ သူတို့ဖခင် "ဆတ်ဘူဂေဂစ်" မှာ နိုင်ငံရေးပြစ်မှုကြောင့် ပြည်ပြေးဖြစ်ကာ အမေရိကန်တွင် နှစ် ၃၀ ကြာ သွားနေရသူဖြစ်၏။ ထို့ကြောင့် မိခင်အုပ်ထိန်းမှုအောက်တွင်သာ ကြီးပြင်းခဲ့ကြရရာ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အခြားလစ်ဗျားအမျိုးသမီးများထက် ပို၍လွတ်လပ်ခွင့်ရှိကြ၏။ ယခုတော်လှန်ရေးသည် ဒီမိုကရေစီနေစ်ကို ဦးတည်သွားနေမှန်း သူတို့သိကြ၏။ သူတို့တော်လှန်ရေးကို ဥရောပက အထိတ်တလန့် ကြည့်နေကြကြောင်း၊ လစ်ဗျားမှာ ငြိမ်မသက်ဖြစ်ရင် အာဖရိကက စစ်ပြေးဒုက္ခသည်တွေ သူတို့နိုင်ငံရောက်လာမှာကို စိုးရိမ်နေကြကြောင်း "အီမန်" ကပြော၏။

"ကျွန်မတို့နိုင်ငံက ဒီမိုကရက်တစ်နိုင်ငံ ဖြစ်လာလိမ့်မယ်။ ဒီနိုင်ငံဟာ လူနည်းစုတွေ၊ လူ့အခွင့်အရေးတွေကို လေးစားရမယ်။ ဒါကြောင့် ကျွန်မတို့က ပြည်ပက ဝင်လာသူတွေကိုလည်း လေးစားရမှာပဲ။ သူတို့ကို သူတို့နိုင်ငံကို ပြန်ပို့ပြီး သူတို့နိုင်ငံမှာ သူတို့ရင်းနှီးမြှုပ်နှံနိုင်ပြီး ဂုဏ်သိက္ခာရှိရှိနေနိုင်အောင် ကျွန်မတို့ ဖန်တီးပေးဖို့လိုတယ်" ဟု "အီမန်"က ပြော၏။

■

ဖေဖော်ဝါရီ ၁၉ ရက်တွင် "ဘင်ဂါဇီ" ပစ်ခတ်မှုများကို ဆန့်ကျင်သည့်အနေဖြင့် "မစ်ရာတာ" တွင်ပါ လူထုက လမ်းပေါ်ထွက်လာကြ၏။ သူတို့က ရဲများကို ခဲများ၊ လက်လုပ်ဗုံးများနှင့် တိုက်ခိုက်ကြ၏။ သို့ဖြင့် "ခါလစ်များအား" ဆိုသူသည် သေနတ်နှင့် အပစ်ခံရကာ ပထမဆုံးအာဇာနည်ဖြစ်လာ၏။ သူ့အသုဘအခမ်းအနားစည်ကားသွန်းလှ၍ ရဲများနှင့် ပဋိပက္ခဖြစ်ပြန်၏။ ဖေဖော်ဝါရီ ၂၄ ရက်တွင် "ကဒတ်ဖီ" က စစ်ကူများထပ်ပို့၏။ ထို့ကြောင့် "မစ်ရာတာ" လေဆိပ်တွင် လူထုက စုရုံးရောက်ရှိကာ ထပ်ပို့သည့်စစ်ကူများကို တားဆီးကြ၏။ ဤသို့ဖြင့် လမ်းပေါ်တိုက်ပွဲများပါဖြစ်လာကာ အသေအပျောက်က များလာ၏။ မူလက "မစ်ရာတာ" ပြည်သူများက အမဲလိုက်ရိုင်ဖယ်များ၊ လက်လုပ်ဗုံးများသုံးနေရာမှ "ကဒတ်ဖီ"တပ်များမှ လက်နက်များပါ ရလာသောအခါ တော်လှန်ရေးသည် ပို၍ပြင်းထန်လာ၏။ "ကဒတ်ဖီ"၏ တပ်ဖွဲ့ဝင်များက ရုံးများ၊ အိမ်များပေါ်မှ အကာအကွယ်ယူကာ ပစ်ခတ်ကြ၏။ မြို့ရှိ အမြင့်ဆုံး အဆောက်အအုံဖြစ်သော အာမခံရုံးပေါ်မှနေ၍ အသာစီးကြိုယူကာ ပစ်ခတ်နှိမ်နင်းကြ၏။

"ကဒတ်ဖီ"၏ တပ်များသည် "မစ်ရာတာ" နှင့်ကပ်လျက်ရှိ "တာဝါဂါ" အရပ်မှစစ်ကူများကို ခေါ်ထား၏။ "တာဝါဂါ" အုပ်စုမှ လူများက အသားပိုမည်း၏။ အလုပ်ကြမ်းသမားကျေးကျွန်များမှ ဆင်းသက်လာသည့်မျိုးနွယ်များ ဖြစ်ကြ၏။ "တာဝါဂါ"တို့သည် လစ်ဗျားအမျိုးသမီးများကို မုဒိမ်းကျင့်၊ ခြိမ်းခြောက်မှုများလည်း လုပ်တတ်သဖြင့် ယခုတိုင် လစ်ဗျားပြည်သူအများစုက ရွံ့မုန်းစက်ဆုတ်ကြ၏။

"ဆီရိုလီ" မြို့၏ အနောက်တောင်ဘက်တွင် "နာမူဆာ" တောင်တန်းကြီး ရှိ၏။ ထိုနေရာတွင် တိုင်းရင်းသား

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာ"မျိုးနွယ်စုနေထိုင်ကြ၏။ သူတို့သည် အာရပ်များလာရောက်အခြေမချမီ ရာစုနှစ်ပေါင်းများစွာကပင် ဤဒေသသို့ လာရောက်မှီတင်းနေထိုင်ကြသူများ ဖြစ်ကြ၏။ သူတို့လို "ကဒတ်ဖီ"က နိုင်လိုမင်းထက် ဆက်ဆံတတ်၏။ ကလေးများကို အာရပ်အမည်အတင်းပေး၏။ လူရှေ့သူရှေ့တွင် အာရပ်စကားကိုသာ အတင်းအကြပ် ပြောခိုင်း၏။ ၂၀၀၈ ခုနှစ်တွင် ဤဒေသသို့ "ကဒတ်ဖီ"ရောက်လာကာ ရင့်သီးသော စကားလုံးများသုံးကာ တိုင်းရင်းသားများကို နှိပ်ကွပ်ခဲ့၏။

"ခင်ဗျားတို့အိမ်ထဲမှာ ခင်ဗျားတို့ကိုယ်ခင်ဗျားတို့ ဘာဘာလူမျိုးပဲခေါ်ခေါ်၊ မိစ္ဆာကောင်ရဲ့ သားသမီးတွေပါလို့ပြောချင်ပြော၊ ကြိုက်သလိုခေါ်နိုင်တယ်။ ဒါပေမဲ့ အိမ်ပြင်ထွက်လာရင်တော့ လစ်ဗျားလူမျိုးပဲ ဖြစ်နေရမယ်။

ဤဒေသမှ တပ်မတော်အရာရှိလည်း တော်တော်ထွက်၏။ ထိုတပ်မတော်အရာရှိအချို့သည် ၁၉၉၃ ခုနှစ်က မအောင်မြင်ခဲ့သော အာဏာသိမ်းမှုတွင် ပါဝင်ခဲ့ကြ၏။ ထိုအာဏာသိမ်းမှုတွင် ပါဝင်သူများကို မြို့လယ်ကောင် ဘောလုံးကွင်းထဲတွင် ကြိုးပေး၍သတ်၏။ မြို့သူမြို့သားအားလုံး တက်ရောက်ခိုင်းကာ ကြိုးပေးပွဲကို လက်ခုပ်သြဘာပေးခိုင်း၏။

"ဇင်တန်"မြို့တွင် နေထိုင်သူများသည်လည်း "ကဒတ်ဖီ"ခေတ်ကို တစ်မျိုးခံခဲ့ကြရ၏။ ထိုမြို့တွင် နေထိုင်သူ အများစုမှာ အာရပ်တွေဖြစ်၏။ ထိုမြို့တွင် အလုပ်လက်မဲ့များ၏။ အီဂျစ်အရေးအခင်း စဖြစ်သောအခါ "ကဒတ်ဖီ"သည် သူ့ကိုသစ္စာစောင့်သိနိုင်မည်ဟု ယူဆသောနေရာဒေသများမှ တပ်သားတွေကို လိုက်စုဆောင်း၏။ "ဇင်တန်" မှ လူငယ်များသည် တပ်သားစုဆောင်းရာတွင် ပါဝင်ကြရ၏။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် "ဇင်တန်" မိသားစုတိုင်း မိသားစုတစ်စုလျှင် အမေရိကန်ဒေါ်လာ ၂ သိန်း ပေးကာ တပ်သားသစ်အတွက် လျှုဒါန်းရ၏။ ဤသည်ကို မကျေနပ်ကြသူ ရပ်ဖိုရပ်ဖများစုစည်းကာ အစည်းအဝေးလုပ်ကြ၏။

"ဇင်တန်က ရောင်းကုန်မဟုတ်ဘူး။ ကဒတ်ဖီက သူရဲဘောကြောင်တဲ့သူပဲ။ ဒီကိစ္စနဲ့ပတ်သက်လို့ ညှိနှိုင်းစရာမလိုဘူး။ လက်နက်မချနိုင်ဘူး။ နယ်စောင့်တပ်မတော်အရာရှိဟောင်း "မိုဟာမက်မာဒါနီ"က ပြောကြားပြီး စစ်သားစုဆောင်းမှုကို စတင် ကန့်ကွက်ခဲ့သည်။

"ကဒတ်ဖီ က ဘာနဲ့တူသလဲဆိုရင် သူတစ်ယောက်တည်းအတွက် နေကသာပေးနေတယ်ထင်တဲ့ ဒေါင်းလိုပဲ။ သူ့ကိုယ်သူတော့ ဒေါင်းလို့ထင်နေလေရဲ့။ ဒါပေမဲ့ တကယ်တော့ ဘာမှမဟုတ်ဘူး။ တောကြက်လောက်အဆင့်ပဲရှိတဲ့သူ" ဟု "မာဒါနီ"က ပြောကြားရာ ပရိသတ်က သဘောကျပြီး သြဘာလက်ခုပ်များတီးကြ၏။

"ကဒတ်ဖီ" ရုံးစိုက်သောမြို့တော်တွင်လည်း သူ့ကို ဆန့်ကျင်ပုန်ကန်မှုများ ဖြစ်လာ၏။ ဖေဖော်ဝါရီ ၂၁ ရက် တနင်္ဂနွေနေ့တွင် ဆန္ဒပြသမားများသည် အစိမ်းရောင်ရင်ပြင်သို့ ချီတက်ကြကာ၊ အခြားဒေသမှ ပြည်သူများကို

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံကြောင်း ပြသခဲ့ကြ၏။ ထိုအခါ "ဆိုဖ့်အစ္စလာမ်ကဒတ်ဖီ" က ဤလုပ်ရပ်များကို ရပ်တန့်မှုမရပ်ကြလျှင် တိုင်းပြည် အစိတ်စိတ်အမြွှာမြွှာပြိုကွဲကာ ပြည်တွင်းစစ်ကို ဦးတည်နိုင်ကြောင်း ရုပ်မြင်သံကြားမှ ပြောကြား၏။ ဤသို့ ညီမညွတ်ဖြစ်ကြလျှင် ဗြိတိသျှသို့မဟုတ် အမေရိကန်တို့ လက်အောက်ရောက်သွားနိုင်မည်ဟု ခြိမ်းခြောက်၏။ ထိုအခါ ဆေါင်မုန့်ဟူသည် ရွှေထက်ပိုရှားမည်ဟုဆို၏။

"ကဒတ်ဖီဟာ အီဂျစ်က မူဘာရက် မဟုတ်ဘူး။ တူနီးရှားက ဘင်အလီ မဟုတ်ဘူး။ သူက ပြည်သူ့ခေါင်းဆောင်၊ ဂန္ဓဝင်ခေါင်းဆောင်ကြီးပဲ။ သူ့ကို ပုန်ကန်စရာမလိုဘူး"ဟုလည်း ပြောသည်။

"ဒီလိုမှမဟုတ်ဘဲ ပုန်ကန်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့က နောက်ဆုံးလူ၊ နောက်ဆုံးကျည်ဆန်ကျန်တဲ့အထိ ချေမှုန်းမှာပဲ"ဟုလည်း ဆက်ပြီး ဖြဲခြောက်၏။

ထိုသို့ပြောပြီး နာရီအနည်းငယ်အကြာတွင် ရင်ပြင်ဆီသို့ သံချပ်ကာကားတွေ အုပ်နှင့်ချီပြီး ရောက်လာသည်။ စက်သေနတ်တွေ တပ်ဆင်ထားသော ထရပ်ကားတွေလည်း ရောက်လာ၏။ ရောက်လျှင်ရောက်ချင်း ဆန္ဒပြလူအုပ်ကြီးဆီသို့ ကျည်ဆန်တွေ အကပ်လိုက်ပစ်သွင်းတော့သည်။ အများအပြားသေကြ၏။ အမြောက်အမြား အဖမ်းခံရသည်။

နောက်နှစ်ရက်အကြာတွင် အစိမ်းရောင်ရင်ပြင်သို့ "ကဒတ်ဖီ" ကိုယ်တိုင်ရောက်လာသည်။ သူ့တပည့် လူအုပ်စုက အစိမ်းရောင်အလံများ ဝှေ့ယမ်းပြီး သူ့ကိုကြိုဆိုကြသည်။ သူက သူ့ကိုဆန့်ကျင်သူများကို မူးယစ်ဆေး စွဲနေသူတွေ၊ ဂျီဟတ်ဘာသာရေးအစွန်းရောက်တွေ၊ ကြွက်တွေဟု စွပ်စွဲအပုပ်ချကာ တစ်နာရီခွဲကြာ မိန့်ခွန်းရှည်ကြီးကို ချွေသွားသည်။

"ဆန့်ကျင်သူတွေကို ကွပ်မျက်ပစ်မယ်။ လစ်ဗျားကို တစ်လမ်းမ တစ်လမ်းမချင်း၊ တစ်ရပ်ကွက် တစ်ရပ်ကွက်ချင်း၊ တစ်အိမ် တစ်အိမ်ချင်း၊ တစ်လမ်းကြား တစ်လမ်းကြားချင်း သန့်ရှင်းရေးလုပ်ပစ်မယ်" ဟု ကြိမ်းမောင်းကာ မိန့်ခွန်းကို နိဂုံးချုပ်ခဲ့၏။

သူပြောသော "တစ်လမ်းကြား တစ်လမ်းကြားချင်း" ဆိုသော စကားလုံးကို ပြည်သူတွေက ဟာသအနေဖြင့် သဘောထားကာ ဟားတိုက်ရယ်ပစ်လိုက်ကြ၏။ အစ္စရေးနိုင်ငံမှ ရက်ပ်အဆိုကျော် "နိုင်းအလူရှီ" က ယူကျူမှတစ်ဆင့် "ကဒတ်ဖီ"၏ မိန့်ခွန်းကို ပျက်ရယ်ပြုသော သီချင်းတင်ခဲ့ရာ လူတိုင်းသဘောကျခဲ့ကြ၏။ ဂီယွန်ဝါရှီ ရန်သူများလက်မှ အာရပ်ကမ္ဘာကို ကယ်တင်လာသူ ဘုရင်တကာ့ဘုရင်ဘွဲ့ခံ "ကဒတ်ဖီ"သည် လစ်ဗျားပြည်သူတို့သာမက အစ္စရေးမှ ဂီတပညာရှင်တစ်ယောက်၏ ... ရှေ့သော့အဆိုကျော်၏ ဟားတိုက်ပျက်ရယ်ပြုခြင်းကိုပါ ခံနေရသည်မှာ တရားကျဖွယ်ကောင်းလေစွ။

လစ်ဗျားတစ်နိုင်ငံလုံး ထိန်းမနိုင်သိမ်းမရ ပြည်သူတွေက အုံကြွခဲ့ကြပြီ။ "ကဒတ်ဖီ"ကလည်း လူအုပ်ထဲကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆန်အကပ်လိုက် ပစ်သွင်းနိမ်နင်းခဲ့၏။ သေဆုံးသူတွေ အတုံးအရုံး။ ဒဏ်ရာရသူတွေမနည်းမနော။ သို့သော် လမ်းပေါ်ကို ပြည်သူတွေက ပိုထွက်လာ၏။ ပိုအသေခံကြ၏။ နောက်ဆုံး တိုက်ပွဲကို ပြည်သူတစ်ရပ်လုံး ညီညီညာညာ အသက်ပေးဆင်နွှဲကြလေပြီ။

''ဘင်ဂါဇီ''တွင် တော်လှန်ရေး ကနဦးကတည်းက ပါဝင်လှုပ်ရှားခဲ့ကြသူ ရှေ့နေများ၊ ဆရာဝန်များက ''အမျိုးသား ကြားဖြတ်ကောင်စီ'' (အင်တီစီ)ကို ဖွဲ့စည်းကာ တော်လှန်ရေး၏ နိုင်ငံရေးစစ်မျက်နှာကို ဖွင့်လိုက်ကြ၏။ တစ်ချိန်က လစ်ဗျားအမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဘုတ်အဖွဲ့ကို ဦးဆောင်ခဲ့သူ ''မာမွက်ဂျီအရီးလ်''က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၏။ သူက အမေရိကန်မှ ဘွဲ့ရခဲ့သော ဘောဂဗေဒပညာရှင်တစ်ဦးဖြစ်သည်။ သူသည် နိုင်ငံတကာ အသိအမှတ်ပြုမှုရရှိရန် ကမ္ဘာလှည့်စည်းရုံးခဲ့သည်။

''ကဒတ်ဖီ''၏ တရားရေးဝန်ကြီးဟောင်းဖြစ်ခဲ့သူ ''မူစတာဖာအဗ္ဗသွာလ်''ကလည်း တော်လှန်ရေးသမားတွေနှင့် လာရောက်ပူးပေါင်း၏။ သူ၏စည်းရုံးမှုအောက်တွင် မြို့ခံရဲတပ်ဖွဲ့ကပါ ပါဝင်လာ၏။

''တစ်နိုင်ငံလုံး မလွတ်မြောက်မချင်း ကျွန်တော်တို့ ဆက်ပြီးတိုက်ပွဲဝင်သွားမယ်။ ဘယ်တော့မှ နောက်မဆုတ်ဘူး''ဟု သူကပြောသည်။

တစ်ပြည်လုံးရှိ ဆေးရုံများတွင် ဒဏ်ရာရသူတွေ စုပုံရောက်ရှိနေ၏။ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေက အိမ်မပြန်နိုင်ဘဲ နေ့နေ့ညည ပြုစုစောင့်ရှောက် ကုသပေးကြ၏။ ကြက်ခြေနီတွေ၊ ရပ်ကွက်လူငယ်တွေကလည်း ဆေးရုံတွေမှာ လုပ်အားပေး၏။ သွေးလှူသူတွေကလည်း တန်းစီနေ၏။ ဆေးဝါးလှူသူတွေကလည်း အလှူလက်ခံသူ လက်မခံနိုင်လောက်အောင်ပင် လာနေကြသည်။ တကယ်တော့ ပြည်သူတစ်ရပ်လုံးနှင့် ''ကဒတ်ဖီ''၏ လက်တစ်ဆုပ်စာ စစ်တပ်တို့ တိုက်ပွဲပင်ဖြစ်သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၂ မွမ်မာကာဒတ်ဖီ၏ ထူးဆန်းသောကမ္ဘာ

"ကာဒတ်ဖီ" ကား ထူးဆန်းသောသူ။ ၂၀၁၁ ခုနှစ် ရောက်လာသောအခါ သူသည် ရှေးဟောင်းရုပ်ရှင်ကား တစ်ခုထဲမှ မည်သူမျှမကြည့်ချင်သော ဇာတ်ကောင် ဖြစ်လာခဲ့ပြီ။ သူ အာဏာစရလာတာက ဗီယက်နမ်စစ်ပွဲကာလ။ အမေရိကန်တို့ လပေါ်လူရောက်အောင် လုပ်ခဲ့သည့်ကာလ။ ဝုဒ်စတော့ဂီတပွဲနှင့် ရစ်ချက်နစ်ဆင်သမ္မတ ဖြစ်သည့်အချိန်။

"ကာဒတ်ဖီ"သည် လစ်ဗျားကို ၄၂ နှစ်လုံးလုံး အုပ်ချုပ်ခဲ့၏။ အာရပ် အာဏာရှင်များထဲတွင် သူက နောက်ဆုံးအာဏာရှင်ဖြစ်၏။ ဆီးရီးယားမှ "အာဆတ်ဒ် အာဆတ်"၊ အီဂျစ်မှ "ဂါမယ်လ်အဗ္ဗဒူလ်နာဆာ"၊ အီရတ်မှ "ဟူစိန်"။ အားလုံး သေကုန်ကြပြီ။ "ကာဒတ်ဖီ"ကတော့ တရားမရနိုင်သေး။

"ကာဒတ်ဖီ" ဝတ်ပုံစားပုံကလည်း ထူးခြား၏။ တစ်ခါတစ်ရံ မြေကြီးရောင် ကာကီသင်တိုင်းရှည်ဝတ်၊ ခေါင်းပေါင်းပေါင်း။ တစ်ခါတစ်လေ ဥရောပဗိုလ်ချုပ် ယူနီဖောင်းဝတ်။ ရင်ဘတ်မှာက သူ့ဘာသာသူချီးမြှင့်ထားသော တံဆိပ်တွေ ဗရပွ။ တစ်ခါတစ်ရံလည်း ရေတပ်ဗိုလ်ချုပ်ဝတ်စုံနှင့်။ ဘွဲ့ထူးတံဆိပ်တွေက ပို၍များသေးတော့။ ပန်းထိုးထားသော ဝေ့စ်ကုတ်နှင့် ဘောင်းဘီခရမ်းရောင် ဝတ်ထားတတ်သည်။ မကြာ ခဏ သားရေဖိနပ်ဖြင့် မြင်းကိုစီး၊ နေကာမျက်မှန် မချွတ်တမ်းတပ်တာကတော့ သူ၏ ရိုးရာဖက်ရှင်။

ကော်လံထိ လျှောကျနေသောဆံပင်ကို ရွှေကြိုးဖြင့် စည်းနှောင်ကာ၊ လည်ပင်း မှာက ကျပ်သုံးလောက်ရှိသည့် ဆွဲကြိုးကြီးဆွဲ၊ ညာဘက်လက်သူကြွယ်မှာက ဇရာမ လက်စွပ်ကြီးစွပ်။ အပျိုမလေးတစ်ဦး ခရစ္စမတ်ပါတီတက်တော့မည့် ဝတ်စုံမျိုးကိုလည်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဝတ်တတ်သည်။ ကြာလေလေ သူ့ဆံပင်တွေက ရှည်လာလေ။ မျက်နှာက သွပ်ချောင်ချောင်နှင့် အရှေ့အလယ်ပိုင်း မိုက်ကယ်ဂျက်ဆင်ပုံစံမျိုးပေါက်နေ၏။

၁၉၆၉ ခုနှစ် စက်တင်ဘာ ၁ ရက်အထိ အာဏာသိမ်းပွဲက မမျှော်လင့်ဘဲ ပေါ်ထွန်းလာခဲ့၏။ ဘုရင်"အိုက်ဒရစ်"၏ အုပ်ချုပ်မှုကို လစ်ဗျားပြည်သူတွေ စိတ်ကုန်နေတာတော့ ကြာခဲ့ပါပြီ။ ဘုရင်က "တိုဘရွတ်"မြို့ အနီး လေဆိပ်ကို ဗြိတိသျှတို့ကိုငှားကာ၊ "ထရီပိုလီ" လေဆိပ်ကို အမေရိကန်တို့ကို အသုံးပြုခွင့် ငှားရမ်းထား၏။ ဗြိတိသျှစစ်တပ်ရော၊ အမေရိကန်စစ်တပ်တို့ကပါ လစ်ဗျားသဲကန္တာရကို လေယာဉ်လေ့ကျင့်ရန်နဲ့ လက်နက်သစ်များ စမ်းသပ်ရာအဖြစ်အသုံးချခဲ့၏။ လစ်ဗျားတွင် ရေနံထွက်လာသောအခါ ဗြိတိသျှရော၊ အမေရိကန်ကုမ္ပဏီတွေကပါ လစ်ဗျားကို ပိုရှုံချဉ်းကပ်လာကြ၏။ အီတလီတို့ကလည်း လာပြီးအလုပ်လုပ်ကြ၏။ ကိုလိုနီခေတ်လက်ကျန် အီတလီလူမျိုး နှစ်သောင်းကျော် ယခုထိ လစ်ဗျားတွင် ရှိနေဆဲ။ ရေနံတွေထွက်၊ ရေနံတွေရောင်းရသော်လည်း လစ်ဗျားပြည်သူ ၄၀ ရာခိုင်နှုန်းမှာမူ ဆင်းရဲတွင်းနက်ကြဆဲ။ သူတို့က ရွက်ဖျင်တဲ သို့မဟုတ် ယာယီဖြစ်ကတတ်ဆန်း တဲလေးတွေထိုးပြီး နေကြရ၏။

"ဘုရင်က သူနဲ့ သူ့ရဲ့နိုင်ငံခြား မိတ်ဆွေတွေအတွက် အုပ်ချုပ်နေတာလား၊ လစ်ဗျားပြည်သူတွေကို အုပ်ချုပ်နေတာလား ဆိုတာ မကွဲပြားဘူး" ဟု ပြည်သူအများက မကျေမနပ်ပြောနေကြ၏။

ဤအခြေအနေ အချိန်အခါကို အခွင့်ကောင်းယူကာ "ကဒတ်ဖီ"တို့ စစ်ဗိုလ်အုပ်စုက "လွတ်လပ်သော အရာရှိများလှုပ်ရှားမှု" ဟူသောအမည်ဖြင့် အာဏာသိမ်းလိုက်ကြ၏။ ကြိုတင်ကာကွယ်ပြင်ဆင်ထားမှု မရှိသဖြင့် သူတို့ အာဏာသိမ်းလိုက်ကြသည်မှာ လွယ်လိုက်သည့်ဖြစ်ခြင်း။ အာဏာသိမ်းရာတွင် ပါဝင်သူ အရာရှိတစ်ဦးဆိုလျှင် သူ့ ခြောက်လုံးပြူး အငှားကားထဲပါသွား၍ ပြန်ရအောင်ကြိုးပမ်းနေတုန်း အာဏာသိမ်းပွဲက ပြီးသွားသည်ကိုပင် ကြုံခဲ့ရ၏။

အာဏာသိမ်းမှု ခေါင်းဆောင်တစ်ဦးဖြစ်သူ "အာရှာပာာဝါရှီ"၏ အဆိုအရ သူလည်း အသံလွှင့်ရုံနောက်နား သူ့တပ်သားတစ်ယောက်၏ လက်ပစ်ဗုံး ပြုတ်ကျပေါက်ကွဲသွားရာ ဝန်ထမ်းအားလုံး ထွက်ပြေးသွားကြသည်ဆို၏။ စတူဒီယိုထဲတွင် မိုက်ခရိုဖုန်းရှေ့၌ သူတစ်ယောက်တည်း။ သူဘာလုပ်ရမည်မှန်း သူမသိ။ "ကဒတ်ဖီ" ရောက်လာမှ အာဏာသိမ်းကြောင်း ကြေညာခဲ့သည်။

"ပြည်သူအပေါင်းတို့။ ခင်ဗျားတို့ရဲ့ တပ်မတော်က ဖောက်ပြန်ရေးသမားတွေကို ဖယ်ရှားလိုက်ပါပြီ။ ကျွန်တော်တို့ရဲ့ သူရဲကောင်းပီသတဲ့ တပ်မတော်ကြီးက တိုင်းပြည်ရဲ့ ဆူးညှောင့်ခလုတ် ကန့်သင်းတွေကို ရှင်းလင်းပေးလိုက်ပါပြီ"

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"ကဒတ်ဖီ"၏ ကြေညာသံကြားသောအခါ ပြည်သူအများစုက ဝမ်းသာသွားကြ၏။ ပြည်သူများသည် အာဇာနည်ရင်ပြင်သို့ အပြေးအလွှားသွားကြ၏။ ထိုရင်ပြင်ကို နောင်အခါ "ကဒတ်ဖီ" က "အစိမ်းရောင်ရင်ပြင်"ဟု အမည်ပြောင်းခေါ်ခဲ့၏။

ထိုအချိန်က "ကဒတ်ဖီ"၏ အသက်က ၂၇ နှစ်သာ ရှိသေးသည်။ မျက်ခုံးထူထူ၊ အသားအရေ ကြည်ကြည်စင်စင်၊ ဆံပင်တိုတို၊ ညီညာဖြူစင်သောသွားအစုံနှင့် တည်ကြည်ခန့်ညားသော လူငယ်အရာရှိတစ်ဦး။ ယူနီဖောင်းကို သပ်သပ်ရပ်ရပ် စတိုင်ကျကျ ဝတ်တတ်၏။ ခေါင်းမှာက ဘယ်ရီကက် ခေါ် စစ်တပ်သုံးဦးထုပ်ပျော့ဆောင်းသည်။

ထိုခေတ်က နိုင်ငံရေးလမ်းကြောင်းသည် ထုံးစံအတိုင်း ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေး၊ အရင်းရှင်ဝါဒ ဆန့်ကျင်ရေး၊ အာရပ်သွေးစည်းရေးဝါဒ၊ ကိုလိုနီတိုက်ဖျက်ရေး၊ မက်စ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ တတိယကမ္ဘာဝါဒတို့ ခေတ်စားချိန်။ "ကဒတ်ဖီ"က ငယ်ငယ်ကပင် အီဂျစ်ခေါင်းဆောင် သမ္မတ "နတ်ဆာ"ကို ကြည်ညိုရင်းစွဲရှိခဲ့၏။

"ကဒတ်ဖီ" ငယ်စဉ်က အလွန်ဆင်းရဲခဲ့သည်။ သူ့အလုပ်က ဆိတ်ကျောင်း၊ ကုလားအုတ်ထိန်း။ ဒါ့ပြင် နောက်မှ စစ်ထဲဝင်ကာ စစ်ဗိုလ်ဖြစ်လာ၏။ ဘုရင် "အိုက်ဒရစ်" သူတို့ကို မျက်ကွယ်ပြုထားသည်ဟု သူက မကြာခဏ ညည်းတွားတတ်၏။ အိမ်နီးနားချင်းနိုင်ငံဖြစ်သော အီဂျစ်တွင်မူ "နတ်ဆာ"ကြောင့် မည်မျှဂုဏ်တက်ကြောင်း သူတို့ လူငယ်တွေ မကြာခဏ ပြောတတ်ကြ၏။

၁၉၅၆ တွင် "နတ်ဆာ"က စူးအက်တူးမြောင်းကို ပြည်သူပိုင်သိမ်းလိုက်သည်ကို သူတို့ အလွန်သဘောကျသည်။ "နတ်ဆာ"က ပြင်သစ်နှင့် ဗြိတိသျှတို့အပေါ် အနိုင်ယူပြလိုက်ချိန်တွင် သူတို့ဘုရင်ကတော့ ထိုတိုင်းတစ်ပါးသားတွေနှင့် ပေါင်းပြီး စည်းစိမ်ခံနေသည်မှာ ရှက်စရာကောင်းလှ၏။

၁၉၆၇ ခုနှစ်တွင် "နတ်ဆာ"က အီဂျစ်ကိုခေါင်းဆောင်ကာ အစ္စရေးနှင့် ၆ ရက် စစ်ပွဲတွင် အနိုင်ယူခဲ့ပုံမှာလည်း သူတို့အတွက် အားကျစရာဖြစ်၏။ အစ္စရေးကိုတိုက်ရန် လန်ဒန်နှင့် ဆီးရီးယားက စစ်ကူများပို့နိုင်အောင်လည်း သူတို့ဘုရင်က ဘာတစ်ခုမှ မလှုပ်ရှားခဲ့သည်ကို မကျေနပ်။

"ကဒတ်ဖီ" ၏ ဖခင်က စာမတတ်။ ထို့ကြောင့် သူ့သားကို စာတတ်ပေတတ် ဖြစ်စေချင်၍ ဆင်းရဲသည့်ကြားမှ ကျောင်းထား၏။ ပထမ "ဆာထိ"။ ထို့နောက် လစ်ဗျားမြောက်ပိုင်း "ဆာဘား"သို့ ပို့၏။ သူ့အသက် ၁၄ နှစ်အရွယ်တွင် "နတ်ဆာ"အကြောင်း စဖတ်မိကာ အလွန်ကြည်ညိုလေးစားသွား၏။

"နတ်ဆာ"ကို ထောက်ခံသော ချီတက်ပွဲတစ်ခုတွင် တက်တက်ကြွကြွ ပါဝင်ခဲ့သောကြောင့် သူကျောင်းထုတ်ခံရ၏။ နောက်တစ်ကျောင်းပြောင်းပြီး အလယ်တန်းပညာဆက်သင်၏။ ထို့နောက် ဗိုလ်သင်တန်းကို "ဘင်ဂါဇီ"

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တွင် တက်သည်။ ၁၉၆၆ တွင် လစ်ဗျားနှင့် ဗြိတိန်တို့ စစ်ရေးပူးပေါင်းလေ့ကျင့်မှုအစီအစဉ်အရ ဗြိတိန်နိုင်ငံ "အာဇင်ရှင်း" တပ်စခန်းတွင် အချက်ပြဆက်သွယ်ရေးသင်တန်းတက်ရ၏။ သူက ဗြိတိသျှဆရာများကို ကိုလိုနီနယ်ချဲ့များဟု သဘောထား၍ သိပ်အဆင်မပြေလှ။ သူက တိုင်းရင်းသားဝတ်စုံလည်း ဆက်ဝတ်၏။ အင်္ဂလိပ်စကားလည်း ပြောဖို့ငြင်းဆန်ခဲ့၏။ ဤသည်ကိုပင် သူက အမြဲတစေ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ပြောတတ်၏။

အာဏာသိမ်းပြီး လအနည်းငယ်ကြာတွင် "ကဒတ်ဖီ" သည် သူ့ကိုယ်သူ ဗိုလ်ကြီးအဆင့်မှ ဗိုလ်မှူးကြီးအဆင့်သို့ ရာထူး ပြန်တိုးပေးလိုက်၏။ ၁၉၅၁ ခုနှစ်တုန်းက "နတ်ဆာ" သည်လည်း ဗိုလ်ကြီးဘဝမှ ဗိုလ်မှူးကြီးရာထူးသို့ တိုးမြှင့်ယူခဲ့ဖူးသော အစဉ်အလာ ရှိခဲ့သည်မဟုတ်ပါလား။ မိန့်ခွန်းပြောရာတွင်လည်း "လွတ်လပ်ရေး၊ ဆိုရှယ်လစ်ရေး၊ ညီညွတ်ရေး" စသည်တို့ကိုသာ စပြောခဲ့၏။

"နတ်ဆာ"လုပ်သကဲ့သို့ပင် အာရပ်သမိုင်းနှင့် ယဉ်ကျေးမှုကို အရောင်တင်သောအလုပ်ကိုလုပ်ခဲ့၏။ ယခင်ဘုရင်က ၁၉၅၂ ခုနှစ်တွင် နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းခဲ့သည်။ ဤအစဉ်အလာကိုမူ "ကဒတ်ဖီ"က ဆက်ထိန်းသိမ်းသည်။

သူသည် အရက်သေစာရောင်းချမှုကို ပိတ်ပင်လိုက်သည့်အပြင် သူ့ဘာသာစကားတွင် အင်္ဂလိပ်စာလုံး တစ်လုံးမှမသုံးရန်ပါ ပြဋ္ဌာန်းလိုက်၏။ လမ်းမများပေါ်တွင် အင်္ဂလိပ်စာလုံးနှင့် ရေးထားသော လမ်းညွှန်ဆိုင်းဘုတ်များ အားလုံးကို ဖျက်ခိုင်းသည်။ "အစ္စလာမ်" ဘာသာကို ဆိုရှယ်လစ်သဘောတရားဟု ပြောသည်။ ယေရှုကက်သလစ်ဆေးကရက်ဟတ် ဘုရားကျောင်းကြီးကို အစ္စလာမ်ဗလီအဖြစ် ပြောင်းပစ်သည်။ နိုင်ငံတွင် ကျန်ရှိနေသော ဂျူးနှင့် အီတလီလူမျိုးများကို မောင်းထုတ်၏။

ဗြိတိသျှနှင့် အမေရိကန် လေတပ်အခြေစိုက်စခန်းများကို ပိတ်ပစ်ရာ ဤလုပ်ရပ်များကို အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့မှ လက်ခုပ်လက်ဝါးတီး အားပေးချီးကျူးကြ၏။

"ကဒတ်ဖီ"က အစိမ်းရောင်ကို အစ္စလာမ်အရောင်ဟု သတ်မှတ်ခဲ့၏။ သဲကန္တာရတွင် စိုက်ပျိုးရေးသဏ္ဌာန် အစိမ်းရောင်တော်လှန်ရေးလုပ်ကာ ရှင်သန်စေမည်ဟူသော အယူအဆဖြင့် အစိမ်းရောင်ကို မျှော်လင့်ချက်အရောင်ဟု ရွေးခဲ့ခြင်းဖြစ်၏။

နောက်ထပ် နှစ်လေးဆယ်စလုံး လစ်ဗျားတွင် အရာရာကို အစိမ်းရောင်ဆေးသုတ်ခဲ့၏။ ၂၀၁၁ တော်လှန်ရေး နောက်ပိုင်းတွင် လစ်ဗျားပြည်သူတို့က သစ်ပင်ကို အခြားဘယ်အရောင်ပြောင်း ဆေးသုတ်ရမလဲ ဟူသည်ပင် စဉ်းစားစရာဟု ဟာသဖောက်ခဲ့ကြ၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၃ ခုနှစ် ဧပြီလတွင် "ကဒတ်ဖီ" သည် တူနီးရှားနိုင်ငံနယ်စပ် "ဇူဝါရာ"သို့သွားပြီး သူ့အုပ်ချုပ်ရေးနှင့် ပတ်သက်သည့် မိန့်ခွန်းတစ်ခု ပြောကြား၏။

"ကျုပ်အနေနဲ့ ဘူဇွာတွေ၊ ဗျူရိုကောင်စီတွေ ပုံစံမျိုးစုံကို အပြီးတိုင်ဖယ်ရှားပစ်မယ်။ အစိုးရရဲ့ အုပ်ချုပ်ရေး အစိတ်အပိုင်းတွေကို တော်လှန်ရေးကော်မတီနဲ့ အစားထိုးအုပ်ချုပ်မယ်။ မော်စီတုံးက ယဉ်ကျေးမှု တော်လှန်ရေးမှာ ဖောက်ပြန်သူတွေကို အပုပ်ချ သန့်စင်ပစ်သလိုလုပ်မယ်" ဟု ပြောခဲ့သည်။

တကယ်တော့ "ကဒတ်ဖီ"သည် သူ့ကိုယ်ပိုင်စိတ်ကူးဖြင့် သူတစ်ယောက်တည်း ထင်ရာစိုင်း အုပ်ချုပ်သူသာဖြစ်၏။ မည်သည့်ကိစ္စမဆို မည်သူနှင့်မျှ မတိုင်ပင်ဘဲ ကိုယ်ထင်ရာကျခဲ့၏။ ဒေသအသီးသီးတွင် ဌာနေတော်လှန်ရေး ကော်မတီများအား ဖွဲ့ပေးခဲ့၏။ သို့သော် တကယ်တမ်းအရေးကြီးသည့် အဆုံးအဖြတ်ကိုမူ သူကိုယ်တိုင်ပင် လုပ်ခဲ့၏။ တော်လှန်ရေး တပ်ဖွဲ့တွေ တိုးချဲ့ဖွဲ့၏။ ဆန့်ကျင်ရန် ကြံသူမှန်သမျှကိုဖမ်း၏။ ကြိုးမိန့်ပေး၏။ ထို့ကြောင့် လစ်ဗျား ပြည်သူများမှာ ကိုယ့်အိမ်နီးနားချင်းကိုပင် ကိုယ်မယုံရဲကြတော့ဘဲ ထိတ်ထိတ်ပျာပျာနှင့် နေကြရ၏။

နှစ်အနည်းငယ်ကြာလာပြီး တိုင်းပြည်ဘာမှ ထူးခြားတိုးတက်မှုမရှိဖြစ်လာသောအခါ "ကဒတ်ဖီ"က ပုံစံတစ်မျိုး ထပ်ပြောင်း၏။ စည်းစိမ်ဥစ္စာဟူသည် ခိုးယူရရှိထားခြင်းသာ ဖြစ်သည်ဟူသော ပြင်သစ်မင်းမဲ့ဝါဒီ "ပီယေကျိုးဇက်ပရူဒွန်"၏ စကားကိုနာယူကာ ပုဂ္ဂလိကတို့ ပိုင်ဆိုင်သောအိမ်များ၊ မြေများ၊ ပစ္စည်းဥစ္စာအပိုများကို သိမ်းပိုက်၏။

ထို့ကြောင့် နေ့ချင်း၊ ညချင်းပင် အိမ်ငှားများသည် အိမ်ရှင်များထက် အခွင့်အရေးပိုရလာ၏။ ပုဂ္ဂလိကစီးပွား ရေးသမားတွေဟာ ကပ်ပါးတွေပဲဟု "ကဒတ်ဖီ"က ကြေညာသဖြင့် ဈေးဆိုင်တွေ၊ စက်ရုံတွေပိတ်လိုက်ကြ၏။ သူက ငွေစက္ကူသစ်တစ်မျိုး ထုတ်ခဲ့သဖြင့် ပြည်သူတို့မှာ ရွှေသာစုကြတော့၏။ လုပ်ခ၊ အခစား ဆိုသည်မှာ ကျေးကျွန်စနစ်တစ်မျိုး သာဖြစ်သည်ဟု သူကပြောကာ အလုပ်သမားများကို အလုပ်ရှင်များအား ပုန်ကန်ခိုင်း၏။ အလုပ်မှ နုတ်ထွက်ခိုင်း၏။ ပုဂ္ဂလိကကုမ္ပဏီများကို ပြည်သူပိုင်သိမ်းသည်။ အချို့ကိုလည်း တော်လှန်ရေးကော်မတီများ၏ အုပ်ချုပ်မှုအောက်တွင် ထား၏။ ပညာတတ် လစ်ဗျားပြည်သူတို့မှာ ပစ္စည်းဥစ္စာတွေလည်း ဆုံးရှုံးကုန်၍ ဗြိတိန်၊ အမေရိကန်၊ ဝင်လယ်ကွေ့ဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြ၏။

"ကဒတ်ဖီ"တွင် အားကိုးတစ်ခုရှိ၏။ ဤသည်ကတော့ "ရေနံလက်နက်"။ ထိုအချိန်က လစ်ဗျားလူဦးရေက သုံးသန်းမျှသာ ရှိသေး၏။ ရေနံဓာတုအရည်စွမ်းအားပမာဏက အများကြီး။ ထို့ကြောင့် သူဘာပဲလုပ်လုပ် တိုင်းပြည် ချမ်းသာနေသည်ကို သူသိ၏။

၁၉၇၈ ခုနှစ်တွင် သူက ရေနံဈေးနှုန်းကို မြှင့်တင်လိုက်၏။ "အော့စီဒင်တယ်ပက်ထရိုလီယမ်" ကဲ့သို့သော

the bookhouse

www.burmeseclassic.com



အမေရိကန် ရေနံကုမ္ပဏီသည် လစ်ဗျားရေနံကို ၉၇ ရာခိုင်နှုန်းမျှ အားကိုးနေရရာ ရေနံဈေးတက်တော့ သူလည်း မျက်ကလဲဆန်ပြာ ဖြစ်ရတော့၏။

သို့သော် လစ်ဗျားတောင်းသောဈေးကိုမပေးလျှင် သူလည်း ကုမ္ပဏီ ပျက်ကိန်းဆိုက်မည့်အခြေအနေရှိ၍ လစ်ဗျားတောင်းသမျှကို အောင့်သီးအောင့်သက် ဈေးပေးဝယ်ရ၏။ ဤတွင် "ကဒါဖီ"က အခြားသောအရှေ့အလယ်ပိုင်း ခေါင်းဆောင်များကိုပါ တိုက်တွန်းသည်။ ရေနံကို လက်နက်အဖြစ်အသုံးချပြီး နိုင်ငံကြီးများကို အကျပ်ကိုင်ရန်။ သူတို့ကလည်း လစ်ဗျား၏ခေါင်းဆောင်မှုကို အလျင်အမြန် လိုက်နာကြပါသည်။

၁၉၇၁ တွင် "ကဒတ်ဖီ" သည် ခြေလှမ်းကို ထပ်ဆင့်တိုးခဲ့၏။ သူက ဗြိတိသျှရေနံလုပ်ငန်းကို ပြည်သူပိုင်သိမ်းလိုက်ခြင်းပင် ဖြစ်၏။ နောက်ထပ် နှစ်နှစ်အကြာတွင် ကျန်ရေနံကုမ္ပဏီများကို ထပ်၍အကျပ်ကိုင်၏။ လစ်ဗျားအစိုးရက သူတို့ပိုင်ဆိုင်မှု၏ ၅၁ ရာခိုင်နှုန်း သိမ်းပိုက်ခြင်းကို လက်ခံလျှင်လက်ခံ၊ လက်မခံဘူးဆိုလျှင် တိုင်းပြည်မှထွက်သွားရန်။

"ယွန်းကပူး"စစ်ပွဲဖြစ်ပွားသော ၁၉၇၃ ခုနှစ်တွင် အာရပ်နိုင်ငံများက အမေရိကန်နှင့် ဥရောပကို ရေနံပိတ်ဆို့မှု စတင်လုပ်ခဲ့၏။ ထိုနိုင်ငံများက အစ္စရေးကိုကူညီနေသည်ဟု စွပ်စွဲကာ ထိုသို့ပိတ်ဆို့ကြခြင်းဖြစ်၏။ သို့ဖြင့် ၁၉၇၄ ခုနှစ်တွင် ရေနံဈေးသည် မခန့်မှန်းလောက်နိုင်အောင် မြင့်တက်ခဲ့၏။

"ကဒတ်ဖီ" ၏ မဟာဗျူဟာက အောင်မြင်၏။ ၎င်းသည် လစ်ဗျားစီးပွားရေးကို များစွာအကျိုးရှိစေ၏။ သူက သူ၏ တော်လှန်ရေးကော်မတီများကို အမျိုးသားရေနံကုမ္ပဏီသို့ မည်သည့်အခါမှ အတင်းအကျပ် မထည့်သွင်း။ သူ့ဘာသာသူ စီးပွားရေးဆန်ဆန် လည်ပတ်စေ၏။ သူ၏ အုပ်ချုပ်မှုသက်တမ်းတစ်လျှောက်လုံး လစ်ဗျားနိုင်ငံသားများသည် ရေနံထုတ်လုပ်မှုပညာနှင့် ပတ်သက်၍ နိုင်ငံခြားသို့သွားရောက်ကာ အင်ဂျင်နီယာတွေ၊ မန်နေဂျာတွေအဖြစ် သင်တန်းတက် လေ့ကျင့်စေခဲ့၏။

"ကဒတ်ဖီ" အုပ်စိုးသော ပထမနှစ်ပိုင်းကာလများတွင် ရေနံမှရရှိသော အမြတ်အစွန်းများကို ကျန်းမာရေးနှင့် ပညာရေး ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပေး၏။ လစ်ဗျားတွင် လေ့ကျင့်ထားသော ဆရာဝန်၊ အင်ဂျင်နီယာ၊ အတတ်ပညာရှင်တွေ တော်တော်များများ ရလာ၏။ ပြည်သူတို့သည် ကျန်းမာရေးစောင့်ရှောက်မှုရော၊ ပညာရေးအခမဲ့သင်ယူခွင့်ရောရကြ၏။ သို့သော် တော်လှန်ရေးကော်မတီများက ဆေးရုံများ၊ တက္ကသိုလ်များတွင် ဝင်ရောက်ကြီးကြပ်လာသည်နှင့်အမျှ အဆင့်အတန်းက တဖြည်းဖြည်း နိမ့်ကျလာ၏။ ၁၉၇၀ ခုနှစ်များတွင်မှ ပျက်စီးယိုယွင်းစ ပြုလာ၏။

ဆေးရုံသစ်များကို ကောင်းစွာ မထိန်းသိမ်းနိုင်တော့။ ခေတ်မီဖို့ဆိုတာက ဝေလာဝေး။ ပိုက်ဆံတတ်နိုင်သူများက

the bookhouse
we bring your future

www.burmeseclassic.com

နိုင်ငံခြားထွက် ဆေးကုကြရ၏။ လစ်ဗျားလူမျိုး ဆရာဝန်တွေက အမေရိကနှင့် ဗြိတိန်တွင် သွား၍အလုပ်လုပ်ကြ၏။ ဆိုနေရာတွေက လစာပိုကောင်း၏။ ထို့ကြောင့် ထိုကွက်လပ်ကိုဖြည့်ရန် "ကဒတ်ဖီ"သည် နိုင်ငံခြားမှ ပညာရှင်များကို ငှားရတော့၏။ ဖိလစ်ပိုင်မှ သူနာပြုတစ်ဦး၏ လစာက လစ်ဗျားလူမျိုးဆရာဝန်ထက် လခဆယ်ဆမျှပိုရ၏။

"ထရီပိုလီ"ရှိ အဆောက်အအုံများက ဖြစ်ကတတ်ဆန်း။ လမ်းဘေးပလက်ဖောင်းနှစ်ခုက တစ်ခုနှင့်တစ်ခု အနိမ့်အမြင့် မညီကြ။ အီတလီလက်ရာ ဗိသုကာများကြားတွင် ပုံပျက်ပန်းပျက် လစ်ဗျားအဆောက်အအုံတွေက ထိုးထိုး ထောင်ထောင် ထွက်နေ၏။ မြို့လုံးအနှံ့ အဆောက်အအုံ ဆောက်လက်စ တို့လို့တန်းလန်းတွေရှိ၏။ တူနီးရှားမှ အီဂျစ် ယဲဝယ်သို့ သွယ်တန်းဖောက်လုပ်သော မီးရထားလမ်းမှာ ဆောက်လိုက် ဖျက်လိုက်နှင့် လက်စမသတ်နိုင်။ လစ်ဗျားနိုင်ငံ တောင်ပိုင်း သဲကန္တာရသို့ ရေပေးသွင်းသော "လူလုပ်မြစ်"ကြီးသည် "ကဒတ်ဖီ"၏ အိပ်မက်တစ်ခုဖြစ်၏။ တောင် ဘက်ခြမ်းမှ မြောက်ဘက်ခြမ်းသို့ ရေပိုက်တွေနှင့် သွယ်တန်း၏။ အမေရိကန်နှင့် ဗြိတိသျှအင်ဂျင်နီယာများကို ဒေါ်လာဘီလျံ ၂၀ ဆေး၍တည်ဆောက်ခိုင်း၏။ "ကဒတ်ဖီ"က "အဋ္ဌမမြောက်ကမ္ဘာ့အံ့ဖွယ်" ဟု ကြွား၏။ တကယ်စဉ်းစားကြည့်တော့ သူ၏အတွေးအခေါ်က တိမ်လွန်းလှသည်။ ရေအရင်းအမြစ်ကို တခြားနည်းများဖြင့်ရှာ၍ ရနိုင်လျက်သားနှင့် ဤမျှ ငွေကုန်ကြေးကျခံကာ ပိုက်လိုင်းရှည်ကြီးဖြင့် ရေသွယ်စရာမလို။

အနောက်နိုင်ငံမှ ထောက်လှမ်းရေးများကမူ တစ်မျိုးအဓိပ္ပာယ်ကောက်၏။ ဒါက ရေပိုက်ကြီး ဟုတ်ဟန်မတူ၊ သက်နက်တွေဝှက်သော လိုဏ်ခေါင်းဖြစ်မည်ဟု တွက်ကြ၏။ ဤပိုက်လိုင်းကြီး ဆောက်ရသည်မှာ သဲတန်ချိန် မီလျံ ၃၈ သုံးရသည်ဖြစ်ရာ "ကမ္ဘာကျော်ဂီဇာပိရမစ်" ဆောက်ရတာထက် သဲအဆပေါင်း ၂၀ ပိုကုန်၏။ ရူးကြောင်ကြောင် ဤ အဘောအစီအစဉ်ကြီးကြောင့် နိုင်ငံမှ ငွေတွေ အဆမတန်ကုန်ကျ၏။ သို့သော် လူလည်အချောင်သမားတွေလည်း ဤစီမံကိန်းမှ အကြီးအကျယ် ပွပေါက်တိုးခဲ့ကြ၏။ စာတတ်မြောက်မှု စွမ်းအား တိုးပွားလာ၏။ သို့သော် ပညာရေးစနစ်ကား ပို၍ အဆောက်ကမဖြစ်ခဲ့၏။ ကျောင်းသုံး သင်ရိုးညွှန်းတမ်းတွင် "အစိမ်းရောင်စာအုပ်"ကို အခြေခံပြဋ္ဌာန်းပေးလိုက်၍ဖြစ်၏။ ကျောင်းသားများသည် ကျောင်းသင်ခန်းစာထဲတွင် အဓိကအားဖြင့် "ကဒတ်ဖီ"၏ ဘုန်းတော်ဘွဲ့တွေ တော်တော်များများ ဆောင်နေရ သင်ယူရ၏။

"ကဒတ်ဖီ"သည် အီဂျစ်ခေါင်းဆောင်ကြီး "နတ်ဆာ"နှင့်တူရုံမျှမက ၁၂ ရာစုခေတ်က မွတ်စလင် ခေါင်းဆောင်ကြီး "ဆာလာဒင်"၏ ခြေရာပင် နင်းနိုင်သူဖြစ်ကြောင်းများကို ကျောင်းသားတွေက သင်ယူကြရ၏။ အော်တိုမန်အင်ပါယာ၏ ဆိုးယုတ်မှုများ၊ အီတလီနယ်ချဲ့များ၏ ယုတ်မာမှုများကို သမိုင်းတွင် ဋီကာချဲ့ပြီး ကျက်မှတ်သင်ယူ ကြရ၏။

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၀ ပြည့်နှစ်များနှင့် ၁၉၈၀ ပြည့်နှစ်များတွင် နေထိုင်ကြီးပြင်းခဲ့ကြရသော ကျောင်းသူကျောင်းသားတိုင်းလိုလို လောကတွင် "ကဒတ်ဖီ"လောက် ကြီးမြတ်သောသူမရှိဟူသော စိတ်ဓာတ်ကို သံမှိုနှက်ရိုက်သွင်းခံရသူချည်းဖြစ်ကြ၏။ "ကဒတ်ဖီ"၏ "စာအုပ်စိမ်း"ကို ဘာသာပေါင်း ၃၀ ကျော် ဘာသာပြန်ဆိုခဲ့ကြ၏။ "ကဒတ်ဖီ"၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အယူအဆတွေကိုသာ ထည့်သွင်းဖော်ပြထား၏။

"ကဒတ်ဖီ"သည် သူ့ကိုယ်သူ "ဒဿနိကဘုရင်" ဟု ခေါ်ဆိုခံရချင်ပုံပေါ်၏။ သို့သော် သူ၏ဒဿနများမှာ တိတိပပမရှိလှ။ သူ့စိတ်ခံစားမှုအတိုင်း ထင်ရာစိုင်း ပြောချင်တာတွေပြောထားခြင်းသာဖြစ်၏။ ဤဒဿနများကို ကျောင်းသူကျောင်းသားများက မျက်စိမှိတ် ကျက်မှတ်အာဂုံဆောင်ကြရရာ၊ ပညာရေးစနစ် မပျက်စီးဘဲ မည်သို့ခံနိုင်ပါအံ့နည်း။ ၁၉၇၀ နှစ်များ၏ နောက်ပိုင်းတွင် သူက ပြည်သူပိုင်သိမ်းသော ဆိုရှယ်လစ်စီးပွားရေးကို စတင်နေချိန်၌၊ အချို့သော ဆိုရှယ်လစ်တိုင်းပြည်များမှာ အရင်းရှင်စီးပွားရေးကူးပြောင်း၍ ကြီးပွားချမ်းသာစပြုနေကြချိန်ဖြစ်၏။

"ကဒတ်ဖီ"က ၁၉၇၇ ခုနှစ်တွင် လစ်ဗျားနိုင်ငံကို "ဂျမာဟိရိက"ဟု အမည်တပ်ခေါ်ခဲ့၏။ "ပြည်သူတို့၏နိုင်ငံတော်" ဟု အဓိပ္ပာယ်ရ၏။ ထိုစကားလုံးကို သူ၏ "စာအုပ်စိမ်း"တွင် ထပ်တလဲလဲ ဖော်ပြသုံးစွဲထား၏။ အခေါ်အဝေါ်ကသာ အနှစ်သာရရှိပုံပေါ်သော်လည်း လက်တွေ့လုပ်နေတာက အာဏာရှင်စနစ်ပင်ဖြစ်၏။ မည်သို့ပင်ဆိုစေကာမူ သူ့အုပ်ချုပ်ရေးကို သူက "တိုက်ရိုက်ဒီမိုကရေစီစနစ်" ဟုခေါ်ပြန်၏။ သူ့အုပ်ချုပ်ရေးတွင် တော်လှန်ရေးကော်မတီများအပြင် "အခြေခံပြည်သူ့ကွန်ဂရက်"၊ "အထွေထွေပြည်သူ့ကွန်ဂရက်"၊ "ပြည်သူ့လူမှုရေး ဦးဆောင်မှုကော်မတီ"၊ သန့်စင်ရေးကော်မတီ"၊ "ပြည်သူ့အစောင့်တပ်" စသည်တို့ဖြင့်လည်း ဆင့်ကဲဆင့်ကဲ အုပ်ချုပ်ခဲ့၏။ မည်မျှပင် နာမည်ပြောင်းပြောင်း၊ လုပ်ငန်းတာဝန်တွေ ခွဲထားခွဲထား အဓိက အဆုံးအဖြတ်ပေးသူကား "ကဒတ်ဖီ" တစ်ဦးတည်းသာဖြစ်၏။

■

"ကဒတ်ဖီ" က သူ့ကိုယ်သူ "နတ်ဆာ" မှ အလိုလို ဆင်းသက်လာသူဟု ခံယူထား၏။ သူက သူ့ဘာသာသူ အခြောက်တိုက် ဘဝင်မြင့်နေသူသာဖြစ်၏။ "အာရပ်ကမ္ဘာ၏ခေါင်းဆောင်" သူက ဖြစ်ချင်နေသည်။ သို့သော် ဂျော်ဒန်ဘုရင်ဟူစိန်နှင့် မော်ရိုကိုဘုရင်ဟာဆန်တို့က သူ၏ အစွန်းရောက်အယူအဆများကို လက်မခံကြ။ ထို့ကြောင့် အရှေ့အလယ်ပိုင်း၌ သူတွင်ကျယ်ချင်တိုင်း တွင်ကျယ်၍မရ။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူက ဂျူးနှင့် အာရပ်တို့ အတူတကွနေထိုင်နိုင်သော "အစ်စရာတိုင်း" ဆိုသော နိုင်ငံတည်ထောင်ရေးကို ထည်း စိတ်ကူးယဉ်သေးသည်။ "ကဒတ်ဖီ"၏ လုပ်ပေါက်ကိုင်ပေါက်အချို့ကလည်း လူပြက်ဆန်ဆန် ရယ်စရာ ကောင်းလှ၏။

တစ်ခါက အာရပ်ခေါင်းဆောင်များ၏ သွေးစွန်းသောလက်ကို သူ့လက်နှင့် မထိစေရန်ဆိုကာ ခေါင်းဆောင် များကို လက်ဆွဲနှုတ်ဆက်ရာတွင် လက်အိတ်ဖြူကို တမင်တကာဝတ်ခဲ့၏။ တစ်ခါကလည်း "ဆော်ဒီအာရေဗျ" ဘုရင် "ဖက်(ဒ်)" ၏ မျက်နှာကို စီးကရက်မီးခိုးမှုတ်ကာ သရော်ခဲ့ဖူးသည်။ သူ၏ ခေါင်းဆောင်မဆန်လှသော ကပျက်ကချော် အပြုအမူများကို အာရပ်ခေါင်းဆောင်အတော်များများက စိတ်ကုန်ကြ၏။

သူက လူကသာ ဘာမှမဟုတ်။ အကြံကတော့ကြီး၏။ သူ့ကိုယ်သူ "အာရပ်ကမ္ဘာ" ၏တစ်ဦးတည်းသော ခေါင်းဆောင်ဟန် မကြာခဏ ဖမ်းတတ်၏။ သူ့နိုင်ငံ လစ်ဗျားနှင့် အီဂျစ်၊ တူနီးရှား၊ ဆီးရီးယား၊ ဆူဒန်၊ မော်ရိုကို၊ အယ်ဂျီးရီးယား၊ ချက်ဒ် စသော နိုင်ငံများနှင့် ပေါင်းစည်းချင်၏။ သဘောတူစာချုပ်တွေချုပ်၊ လက်မှတ်တွေထိုး။ သို့သော် မည်သည့်နိုင်ငံကမှ သူ့အိပ်မက်ကို အကောင်အထည်မဖော်ပေးကြ။

သူ့ခြေလှမ်းတွေ အကွက်တွေကို ကျန်နိုင်ငံများကပါ သိမြင်ကြ၏။ သူက အာဏာကို ဝေမျှလိုချင်တာထက် ထက်ဝါးကြီးအုပ်လိုသူမှန်း လူတိုင်းက သိနှင့်နေကြ၏။ ဆူဒန်ခေါင်းဆောင် "ဂါဖာနီမီရီ"က "ကဒါဖီ"က စိတ်နှစ်မျိုး စိတ်နှစ်ခုရှိတဲ့လူပဲ။ ကောင်းတဲ့စိတ်နဲ့ မကောင်းတဲ့စိတ် တွဲနေတာမျိုး မဟုတ်ဘူး။ မကောင်းတဲ့စိတ် နှစ်မျိုးတွဲနေတဲ့သူပဲ" ဟုပြော၏။

၁၉၇၃ ခုနှစ်တွင် "ကဒတ်ဖီ"သည် "အစိမ်းရောင်ချီတက်ပွဲ" ကို စီစဉ်ခဲ့၏။ အစင်းရေ နှစ်သောင်းကျော် ပါဝင်သော မော်တော်ကားတန်းကြီးကို "ထရီပိုလီ"မြို့မှ အရှေ့ဘက် မြောက်ပင်လယ်ကမ်းရိုးတမ်းတစ်လျှောက်၊ အီဂျစ်နယ်စပ်အထိ မိုင် ၇၀၀ ခရီးကို ချီတက်မောင်းနှင်ကြခြင်းဖြစ်၏။ အီဂျစ်နယ်စပ်ရောက်တော့ အီဂျစ်အာဏာပိုင် တွေက တားမြစ်ပိတ်ပင်လိုက်၏။

"ကဒတ်ဖီ"သည် အီဂျစ်သမ္မတဟောင်း "နတ်ဆာ"ကို ကြည်ညိုသလောက် "နတ်ဆာ"နေရာကို ဆက်ခံသူ သမ္မတ "အန်ဝါဆဒက်"ကိုမူ သိပ်မုန်း၏။

"ဆဒက်"က "ကဒတ်ဖီ ဆိုတာ ၁၀၀ ရာခိုင်နှုန်း ရူးနေတဲ့သူပဲ"ဟု မှတ်ချက်ချဖူး၍ ဖြစ်၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



“အမျိုးသားရော၊ အမျိုးသမီးတွေပါ နှစ်မျိုးနှစ်စားလုံး လူသားချည်းပါပဲ”ဆိုသော စကားမျိုး “ကဒတ်ဖီ” ၏ “စာအုပ်စိမ်း” တွင်ပါ၏။ ဆိုလိုသည်မှာ အမျိုးသားရော၊ အမျိုးသမီးပါ ဘယ်သူ သာသည်နာသည်မရှိဘဲ လွတ်လွတ်လပ်လပ် ချစ်ကြနိုင်သည် ဆိုသည့်သဘော။ ထိုသဘောတရားနှင့် သူလက်တွေ့လည်း ညီညွတ်အောင် ကျင့်ကြံခဲ့သည်။ “ကဒတ်ဖီ” က မိန်းမပွေသူဖြစ်၏။

“ကဒတ်ဖီ”က မိန်းမနှင့်တွေ့လျှင် ဣန္ဒြေမဆည်နိုင်။ သူ့ထံ အင်တာဗျူးလာလုပ်သူများကိုပင် အမျိုးသမီးကိုသာ ပို၍ဦးစားပေး၏။ အမျိုးသမီးထဲမှ သတင်းထောက်ချောချောလေးကို သူပိုစိတ်ဝင်စား၏။ ဆန်းဒေးတိုင်းမ် သတင်းစာမှ သတင်းထောက် “မေရီကိုဗင်” ဆိုလျှင် သူက ဖိနပ်အစိမ်းတစ်ရံပင် ဝယ်ပြီး သူကိုယ်တိုင်စီးပေးပြီး အင်တာဗျူးအလုပ် စခဲ့၏။ ကိုယ်ရံတော်များလည်း အမျိုးသမီးချောချောလေးများကိုသာ ခန့်အပ်၏။ ဘော်ဒီခပ်လှလှ၊ အချိုးအစားပြေပြစ်သူများကို ကိုယ်ကျပ်ဘောင်းဘီ အင်္ကျီဝတ်၊ ဒေါက်မြင့်ဖိနပ်စီး၊ ခြေသည်းလက်သည်း အလှဆိုးနိုင်းထား၏။

“ကဒတ်ဖီ”၏ ကိုယ်ရံတော်လေးများမှာ ဂျိမ်းစ်ဘွန်း၏ နတ်မိမယ်များကဲ့သို့ အညှုအလှ ခရာတာတာ မူရာကြွယ်သူ လှပဂေးများသာဖြစ်ကြ၏။ လစ်ဗျားတွင် အမျိုးသမီးစစ်တက္ကသိုလ်ရှိ၏။ မွတ်စလင်ကမ္ဘာတွင် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်၏။ ထိုစစ်တက္ကသိုလ်မှဆင်းသော လက်ရွေးစင် မိန်းမချောလေးများကိုကား သူ၏အနီးကပ် ကိုယ်ရံတော်ခန့်၏။ သူတို့သည် “စာရိတ္တကောင်းမွန်သောလက်မှတ်” လည်း ရထားသူများသာဖြစ်နေသည်။ လူအများကမူ သူတို့ကို “ကြေးစားပြည့်တန်ဆာများ” ဟု သဘောထားကြ၏။ ထိုကိုယ်ရံတော်အားလုံးသည် တကယ်တော့ “ကဒတ်ဖီ” ၏ ပျော်တော်ဆက်များသာ မဟုတ်ပါလား။

“ကဒတ်ဖီ” ၏ ရုံးခန်းတိုင်းတွင် အိပ်ခန်းပူးတွဲထားရှိ၏။ အိပ်ခန်းတွင် ခုတင်တွေ၊ မွေ့ရာတွေ အသင့်ထားရှိရ၏။ ရုံးချိန်တွင်းမှာပင် သူက အိပ်ခန်းသို့ မကြာခဏဝင်ပြီး အပန်းဖြေတတ်၏။ သူ၏ရုံးရှေ့သို့ ၁၈ နှစ်၊ ၁၉ နှစ်အရွယ် မိန်းမချောလေးများစွာ ကားဖြင့်လာကြ၏။ သူ့ရုံးခန်းထဲဝင်သွားကြသည်နှင့် တံခါးပိတ်ကာ မည်သူ့ကိုမှ ဝင်ခွင့်မပြုကြ။ အချို့လူတွေက ဒီမိန်းမလှလေးတွေ ရုံးချိန်မှာ ဘာလာလာလုပ်ကြတာလဲဟု သံသယဝင်ကြ၏။ သို့သော် “ကဒတ်ဖီ” ၏ ရုံးခန်းထဲဝင်သွားပြီး နာရီပေါင်းများစွာကြာမှ ပြန်ထွက်လာကြသောအခါကျမှ သဘောပေါက်ကြ၏။

“ကဒတ်ဖီ” က မိန်းမငယ်လေးများကိုသာ ကြိုက်သည်မဟုတ်။ နာမည်ကျော်အမျိုးသမီးကြီးများ ဆိုလျှင်လည်း စိတ်ဝင်စား၏။ တစ်ခါက စာနယ်ဇင်းအမျိုးသမီးတစ်ဦး သူနှင့်အင်တာဗျူးလုပ်ပြီး ပြန်ခါနီးတွင် တစ်ခုမေး၏။

“မင်း အမေရိကန်ပြန်ရင် နိုင်ငံခြားရေးဝန်ကြီး မယ်ဒလင်းအောဘရိုက်ကို တစ်ခုပြောပေးပါကွာ။ သူ့ကို

www.burmeseclassic.com



ငါချစ်တယ်လို့။ တကယ်လို့ သူကပါ ငါ့ကို ပြန်ချစ်တယ်ဆိုရင် နောက်တစ်ခါ ရုပ်မြင်သံကြားရိုက်ရင် ဂါဝန်အစိမ်းလေး ဝတ်ပြပါလို့ ပြောပေးပါလား"

"မယ်ဒလင်းအောဘရိုက်" ၏ ခုတင်ဘေးမှာရှိသော ဖုန်းမှ ဖုန်းနံပါတ်ကိုလည်း သူသိချင်သည်ဟု ပြောသေး၏။ အမေရိကန်သမ္မတဘွတ်ရှ်လက်ထက်က နိုင်ငံခြားရေးဝန်ကြီး "ကွန်ဒိုလီဇာရိုက်စ်" ကိုလည်း "မောင့်ရဲ့ အာဖရိက နတ်မိမယ် မင်းသမီးလေး" ဟု ပြောတတ်၏။

"လီဇာ၊ လီဇာ၊ လီဇာ၊ မင်းကို ငါသိပ်ချစ်တယ်။ မင်းအတွက် ငါဂုဏ်ယူတယ်။ မင်းက ငါ့တို့လိုပဲ အာဖရိကနွယ်ဖွားဖြစ်လို့လေ" ဟု ၂၀၀၇ ခုနှစ်တွင် "အယ်ဂျာဇီးယား" ရုပ်မြင်သံကြားနှင့် တွေ့ဆုံရာတွင် သူက ပြောဖူးသေးသည်။

၂၀၀၈ ခုနှစ်တွင် "ကွန်ဒိုလီဇာရိုက်စ်" သည် "ထရီပိုလီ" သို့ အလည်အပတ် ရောက်ခဲ့၏။ "ကဒတ်ဖီ" က ခမ်းနားကြီးကျယ်စွာ ကြိုဆို၏။ "ကွန်ဒိုလီဇာရိုက်စ်" ၏ ဓာတ်ပုံရာပေါင်းများစွာ သူစုဆောင်းထားသည်ကို ပြသည်ဟုဆို၏။ ညစာခံပွဲ တစ်ချိန်လုံးတွင်လည်း "အိမ်ဖြူတော်မှမဟူရာပန်းပွင့်လေး" ဟူသော သီချင်းကို တီးမှုတ်စေ သည်ဟု "ကွန်ဒိုလီဇာရိုက်စ်" က ပြန်ပြော၏။

သူ၏အိမ်သို့ မနက်ဆယ်နာရီဆိုလျှင် ယူကရိန်းသူနာပြု လုံးကြီးပေါက်လှတစ်အုပ်စုက အမြဲ အစား ဝင်ရ သည်ဆို၏။ သူတို့ ဘာလုပ်ရမည်ကို သေသေချာချာမသိရသော်လည်း လခတော့ တော်တော်ကောင်းကြသည်ဆို၏။

"ကဒတ်ဖီ" က ရောဂါပိုးကူးစက်မှုလည်း အလွန်ကြောက်တတ်သူဖြစ်၏။ သူကိုင်တွယ်ရသမျှ အရာအားလုံးကို ပိုးသတ်ထားရ၏။ သူထိုင်သော ကုလားထိုင်ကို ကြိမ်ဖန်များစွာ ပိုးသတ်ဆေးဖျန်းရ၏။ သူပြောမည့် မိုက်ခရိုဖုန်းကိုလည်း သေသေချာချာ ပိုးသတ်ထားရ၏။

"ကဒတ်ဖီ" ဘယ်သွားသွား အမျိုးသမီးတွေက ပါတတ်၏။ သူ့ကိုယ်ရံတော် အမျိုးသမီးများအပြင် သူထည်လဲ ပေးသော အမျိုးသမီးကလည်း မျိုးစုံ။ "ကဒတ်ဖီ"၏ မွေးစားသမီးတစ်ဦးဖြစ်သူက ဆေးတက္ကသိုလ်တက်၏။ ထိုအမျိုး သမီးမှာ ခပ်ချောချော။ မည်သည့်ကျောင်းသူမှ အပေါင်းအသင်းမလုပ်ကြ။ သူ့ကိုမုန်း၍မဟုတ်။ သူက အိမ်ကိုဖိတ်၍ ကျိုက်သွားလျှင် သူ့အဖေက မျက်စိကျသွားပြီး ခြေတော်တင်ခံရမည်ကို ကြောက်၍ဖြစ်၏။ "ကဒတ်ဖီ" ကြိုက်ပြီဆိုလျှင် ငြင်းသူမှုမငြင်းဆန်ရဲ။ မိဘမောင်ဖွားတွေကလည်း သဘောမတူချင်လည်း တူကြရမည်သာဖြစ်၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လစ်ဗျားသည် ရေနံကြောင့် အကြီးအကျယ်ချမ်းသာခဲ့၏။ "ကဒတ်ဖီ" သည် ကမ္ဘာ့အနှံ့ လက်နက်အဝယ်ထွက်တတ်၏။ တစ်ခါကဆိုလျှင် နိုင်ငံတော်ဘက်ဂျက်၏ လေးပုံတစ်ပုံကို လက်နက်အကုန်ဝယ်ပစ်ခဲ့ဖူး၏။ သူ့အုပ်ချုပ်မှုသက်တမ်း ပထမဆယ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ သန်းဖိုး လက်နက်ဝယ်ခဲ့၏။ သူ့ထက် လူဦးရေ ဆယ်ဆများသော အီရန်ကပင် သူ့လောက်လက်နက်မဝယ်နိုင်။ လက်နက်အရောင်းဆုံးက ရုရှားနိုင်ငံ။ ရုရှားမှ သံချပ်ကာကား ၄၀၀၀၊ တိုက်လေယာဉ် ၃၅၀၊ ရေငုပ်သင်္ဘော ၆ စင်း၊ တိုက်သင်္ဘောကြီး ၂စင်း ဝယ်ခဲ့၏။ ပြင်သစ် နိုင်ငံမှလည်း "မီးရက်ချ်" တိုက်လေယာဉ် ၁၅၀ ဝယ်ခဲ့၏။ ထိုစဉ်က လူဦးရေ ၃ သန်းသာရှိသော လစ်ဗျားသည် လေတပ်အင်အားတွင် ပြင်သစ်နှင့် တန်းတူရည်တူဖြစ်၏။ လစ်ဗျားတွင် တိုက်လေယာဉ်ပေါင်း ၅၀၀ ကျော်ရှိ၍ဖြစ်၏။ အီတလီနိုင်ငံမှလည်း ခရီးသည်တင်လေယာဉ်၊ ရဟတ်ယာဉ်၊ ဒုံးပျံများ ဝယ်ခဲ့၏။

လစ်ဗျားတွင် လက်နက်ခဲယမ်း၊ မီးကျောက်များ၊ တိုက်လေယာဉ်၊ သံချပ်ကာ၊ ရေငုပ်သင်္ဘောစသည်တို့ အလုံအလောက် အပြည့်အလျှံရှိသော်လည်း စစ်ရေးကျွမ်းကျင်သော စစ်သည်ကားမရှိ။ ထို့ကြောင့် ဆိုဗီယက်၊ ပါကစ္စတန်၊ မြောက်ကိုရီးယားနိုင်ငံတို့မှ လေယာဉ်မှူးများကို ငှားရ၏။ စစ်သည်တော်များမှာ ဟန်ပြချီတက် စစ်ရေးပြရာတွင် တင့်တယ်သော်လည်း မိမိနိုင်ငံကို ကာကွယ်နိုင်လောက်သော စွမ်းရည်များကား မရှိကြ။ စက်တင်ဘာလ ၁ ရက်တွင် ကျင်းပသော "အယ်ဖာတာတော်လှန်ရေး" နေ့ စစ်ရေးပြပွဲဆိုလျှင် နံနက်လင်းအားကြီးမှ စလိုက်ရာ ညနေ ၅နာရီလောက်ထိ မပြီးသေး။ နာရီပေါင်းများစွာ ကြာအောင် သံချပ်ကာကားတန်းကြီး၊ အမြောက်တင် ကားတန်းကြီးတွေက တအိအိမောင်းနှင်ဆဲ။ တကယ်တော့ ကြွားဝါမှုသက်သက်သာဖြစ်၏။

သူဝယ်သော လက်နက်များမှာ ဇီယွန်ဝါဒတိုက်ဖျက်ရေးအတွက်ဟု "ကဒတ်ဖီ" က ပြော၏။ ၁၉၇၃ ခုနှစ် "ယွန်းကပူး"စစ်ပွဲကာလတွင် သူက အီဂျစ်သို့ အမေရိကန်ဒေါ်လာ တစ်ဘီလျံဖိုး လက်နက်ပစ္စည်းများ ထောက်ပံ့ခဲ့၏။

"ကျုပ်က အကြမ်းဖက်သမားတွေကို ဆန့်ကျင်တယ်။ ဒါပေမဲ့ လွတ်မြောက်ရေးအတွက်တော့ ကျုပ်ကူညီရမယ်။ ကျုပ်ကို အကြမ်းဖက်သမားလို့ ပြောကြရင် ဂျော့ဝါရှင်တန်လည်း အကြမ်းဖက်သမားပဲ" ဟု သူက မိန့်ခွန်းတစ်ခုတွင် ပြော၏။

လစ်ဗျားပြည်သူအများစုသည် ရုပ်မြင်သံကြားထဲတွင် ကြိုးစင်တင် ကြိုးပေးအသတ်ခံရသော ပုံရိပ်များကို နှလုံးမချမ်းမြေ့စွာ ကြည့်ခဲ့ကြရ၏။ အချို့မိဘများက သူတို့သားသမီးများကို ဤမြင်ကွင်း မကြည့်စေချင်၍ ရုပ်မြင်သံကြားကို မြန်မြန်ထပြီး ပိတ်ကြရ၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူအများစုသည် ကြိုးဒဏ်ခံခဲ့ရသူများ၏ မရှုမလှမြင်ကွင်းကိုကြည့်ပြီး ထိုသူ ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းကြ၏။ ကာယကံရှင်၏ မိသားစုအသိုက်အဝန်းကား ဆိုဖွယ်မရှိတော့။ ဤမျှယုတ်မာ ရိုင်းပျသော ဆဉ်ကျေးမှုသည် ၂၀ ရာစုကုန်ခါနီး ကမ္ဘာတွင် ရှိနေသေးသည်ကား အံ့ဩစရာ။

ကြိုးပေးသတ်သောစီရင်ချက်ကို တော်လှန်ရေးကော်မတီများက ဖတ်ကြားလိုက်သောအခါ ဘေးမှ ကြည့်နေသူများက လက်ခုပ်ဩဘာပေး ဟစ်ကြွေးကြရ၏။ အချို့က ပဝါတွေ ဝှေ့ယမ်းကာ ကောင်းချီးပေးကြရ၏။ ပရိသတ်ထဲတွင် အစိတ်အပိုင်း အတော်များများမှာ ဘုမသိဘမသိ ကလေးများသာဖြစ်ကြ၏။ ထိုပရိသတ်သည် တကယ်တော့ အမင်ဇာတ်ကွက်ဆင်ထားသော ပရိသတ်ဖြစ်၏။ ထိုသူများကို နေ့စားစရိတ်ပေးကာ ကြိုးပေးမြင်ကွင်းကို အတင်းသာကြည့်ခိုင်းခြင်းသာဖြစ်သည်။

တစ်ခါက ကြိုးဒဏ်ပေးပြီး မြေပေါ်ပြုတ်အကျတွင် မသေမရှင် ဆန့်ငင်ဆန့်ငင်ဖြစ်နေသော လူတစ်ဦးကို ပရိသတ်ထဲမှ အမျိုးသမီးတစ်ဦးထွက်လာပြီး ရင်ဘတ်ပေါ် ဆောင့်နင်းသတ်သော ဖြစ်ရပ်တစ်ခုကြုံဖူး၏။ ထိုအမျိုးသမီး၏ အမည်မှာ "ဟူဒါဘင်အမီရ်" ဖြစ်၏။

"နိုင်ငံတော် သစ္စာဖောက်သူနဲ့ စကားအရှည်ကြီးမပြောချင်ဘူး။ သူ့ကို လူလယ်ကောင်မှာ အခမ်းအနားနဲ့ အတော်ပစ်တာပဲ မြင်ချင်တယ်" ဟု "ဟူဒါ" က ပြော၏။ သူသည် မကြာမီ ဘင်ဂါဇီမြို့၏ မြို့တော်ဝန်ဖြစ်လာသည်။ သူ့ကို "ပါးကွက်သားဟူဒါ" ဟု ဘွဲ့အမည်ပေးခေါ်ဝေါ်ကြ၏။ သူသည် "ကဒတ်ဖီ" ၏ သစ္စာရှိ လက်ရုံးတစ်ဆူ ဖြစ်လာသည်။

"ကဒတ်ဖီ" ၏ ကြိုးစင်တင်လူထုပြပွဲများ စတင်လုပ်ခဲ့သည့်လများမှာ အစ္စလာမ်ဘာသာဝင်တို့ အထွတ်အမြတ်ထားသော ရမ်ဇန်ရက်မြတ်ကာလဖြစ်၏။

"ကဒတ်ဖီ က သူကြည့်မရတဲ့သူဆိုရင် ကြိုးပေးသတ်တာပဲ။ တချို့လူတွေဆိုရင် ကျူးလွန်တဲ့ပြစ်မှုက သေးသေးလေး။ ဒါပေမဲ့ လူပုံအလယ်မှာ ကြိုးပေးအသတ်ခံကြရတယ်" ဟု ဘာသာရေးသမား "မိုဟာမက်မူစတာပါဆော်ဒီ" က ပြော၏။

တစ်နေ့တွင် သူ၏တပည့်တစ်ဦးကို ထောက်လှမ်းရေးကလာဖမ်းကြရာ သူက ဘာဖြစ်လို့ဖမ်းတာလဲ မေးမိ၏။ "ဒါဆို ခင်ဗျားပါလိုက်ခဲ့" ဟု ပြောကာ သူ့ကိုပါစခန်းသို့ခေါ်သွား၏။ စခန်းတွင် နှစ်ရက်ထားပြီးနောက် ဆေးစစ်၏။ ဆေးစစ်ပြီးသောအခါ သူ့ကို တပ်သားသစ်အဖြစ် စာရင်းသွင်းကာ လေ့ကျင့်ရေးတပ်သို့ ပို့၏။ စစ်သင်တန်း ၉ လ ကြာရ၏။ သင်တန်းပြီးသောအခါ လေယာဉ်တစ်စင်းပေါ် တင်လွှတ်လိုက်၏။ မည်သည့်နေရာသို့ ဦးတည်သွားနေ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မသိရ။ နောင်မှ ဆိုဗီယက်ယူနီယံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော "တပ်မီနီစတန်"သို့ ပို့လိုက်ကြောင်း သိရ၏။

"အေးလိုက်တာက သုညအောက် ၅ ဒီဂရီထိ ရှိတယ်။ မခံမရပ်နိုင်အောင် အေးလွန်းလို့ ဘယ်လိုနေရမှန်းတောင် မသိဘူး" ဟု သူကပြောသည်။ ထိုစခန်းတွင် သူသည် ဒုံးကျည်ပစ်နည်းတွေသင်ရ၏။ သူတို့နှင့်အတူ အီရတ်လူမျိုးတွေလည်း သင်တန်းလာတက်နေသည်ကို သိရ၏။ သို့သော် သူတို့လစ်ဗျားလူမျိုးတွေနှင့် အီရတ်တွေ စကားပြောခွင့် မရကြ။ သင်တန်းဆင်းတော့ တူနီးရှားနယ်စပ်သို့ပို့၏။ ထိုမှတစ်ဆင့် အီဂျစ်နယ်စပ်သို့ပို့၏။ ထိုအချိန်တွင် "ကဒတ်ဖီ" နှင့် "အန်ဝါဆာဒတ်" တို့ မသင့်မတင့်ဖြစ်နေချိန်။

သို့သော် သူ့ကို ထိုနယ်စပ်တွင် ကြာကြာမထားဘဲ "ချက်ဒ်" စစ်မြေပြင် သို့ပို့လိုက်ပြန်သည်။ "ချက်ဒ်"နှင့် လစ်ဗျားက စစ်စဖြစ်ချိန်ဖြစ်၏။ နောက်ထပ် ၃နှစ်ကြာ စစ်မှုထမ်းရ၏။ ပြီးမှ သူတပ်မှ ထွက်ခွင့်ရ၏။ လစ်ဗျားပြည်သူတို့အဖို့ကား ထိုသို့ပင် ကိုယ့်ကိုယ်ကိုယ်ပင် ကိုယ်မပိုင်ကြ။ လူ့အခွင့်အရေးဆိုသည်မှာ လစ်ဗျားတွင် မကြားဖူးသော ဝေါဟာရ။ လစ်ဗျားနိုင်ငံကိုသာမက ပြည်သူတစ်ရပ်လုံးကိုပါ "ကဒတ်ဖီ" က ပိုင်၏။ "ကဒတ်ဖီ" ၏ စိတ်ထင်ရာကြဲမှုအောက်တွင် လစ်ဗျားနိုင်ငံနှင့် ပြည်သူများသည် စစ်တုရင်ခုံပေါ်မှ နယ်ရုပ်များပမာ။ ရွှေ့လိုရာရွှေ့၊ ထားလိုရာထား။ ပစ်လိုရာပစ်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၃ ကမောက်ကမလုပ်သူများနှင့် ခွေးလေခွေးလွင့်များ

■ ပြဿနာအားလုံးရဲ့ အဖြေက သေခြင်းတရားပဲ။ လူတွေမရှိရင် သေတာလည်း မရှိဘူး။

*ဂျိုးဇက်စတာလင်*

■ ကျုပ်တို့ဘယ်တော့မှ အရှုံးမပေးဘူး။ အနိုင်ယူမယ် ဒါမှမဟုတ် အသေခံမယ်။ ဒါပဲ။

*အိုမာမုစတာ*

"ကဒတ်ဖီ" သည် သူ၏ နာမည်ကျော်မိန့်ခွန်းများကို ၁၉၇၃ ခုနှစ်တွင် "နုဂါရာ" ၌ပြောကြားလိုက်သည်။ ၎င်းမိန့်ခွန်းသည် "ယဉ်ကျေးမှုတော်လှန်ရေး" ၏ အစပင်ဖြစ်၏။ ထိုအချိန်မှစ၍ သူသည် သူ၏ အစိမ်းရောင်ခြိမ်းခြောက်မှုကို စလုပ်တော့၏။ ရာထူးမှ ထုတ်ပယ်မှုများ၊ အစုလိုက်အပြုံလိုက်ဖမ်းဆီးမှုများ၊ အကျဉ်းရုံး စစ်ဆေးပြီး သေဒဏ်ပေးမှုများကို ဆက်တိုက်လုပ်ခဲ့၏။ ကွန်မြူနစ်အရှေ့ဂျာမနီမှ "စတာဆီ" လျှို့ဝှက်ပုလိပ်များက "ကဒတ်ဖီ" ၏ "မူခါဘာရက်" ခေါ် တော်လှန်ရေး အေဂျင်စီကို လာရောက်လေ့ကျင့် သင်တန်းပေးသည်။ "ကဒတ်ဖီ" ကို နိုင်ငံတွင်း၌လည်းကောင်း၊ နိုင်ငံပြင်ပ၌ လည်းကောင်း ဆန့်ကျင်ပြောကြားသူ ဟူသမျှကို ခြေရာခံလိုက်၏။ လူ ၁၂ ဦးပါသော တော်လှန်ရေးအုပ်ချုပ်မှု ဌာနချုပ်ကောင်စီလည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွား၏။ သူတို့အထဲမှ အများစုသည် ၁၉၇၅ တွင် "ကဒတ်ဖီ" ကို အာဏာသိမ်းရန် ကြံခဲ့ကြ၏။ ထိုအချိန်မှစ၍

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



အလွှာအသီးသီးကို ပစ်မှတ်ထားထောက်လှမ်းတော့၏။ မြေအောက်နိုင်ငံရေးပါတီမှ ပုဂ္ဂိုလ်များ၊ သင်္ဃာတော်ခံများ၊ စစ်ဘက်ဆိုင်ရာ မကျေနပ်သူများ၊ တက္ကသိုလ်ကျောင်းသားများ စသည့် အလွှာအသီးသီးကို ထောက်လှမ်းရေးက မွှေနှောက်၏။

ဥပမာ- ''ဂါနီစီအယ်လီဆာဝီ'' ဆိုလျှင် ယခင်ဘုရင်၏ ပထမဆုံး ကြင်ရာတော်ဖြစ်ရာ သူလည်း အလိုလိုပင် ''ကဒတ်ဖီ''၏ ရန်သူဖြစ်လာ၏။ မက်(စ်)ဝါဒီအမြင်အရမူ သူသည် လူတန်းစားရန်သူဖြစ်၏။ ၁၉၆၉ တွင် ''ကဒတ်ဖီ'' အာဏာသိမ်းသောအခါ ''ဂါနီစီ''၏ ဖခင်မှာ ''ဘင်ဂါဇီ'' ၏ သူ့အိမ်တွင်ပင် နေအိမ်အကျယ်ချုပ်ခံခဲ့ရ၏။ သူ့ဘာသာသူ ဘာမှမလုပ်ဘဲ သူ့ကိုသင်္ဃာဖောက်ဟု စွဲချက်တင်ခဲ့၏။ ''ဂါနီစီ''သည် ဗိသုကာကျောင်းသားအဖြစ် ကျောင်းတက်နေ၍ သူ့ကိုနိုင်ငံမှ မောင်းထုတ်ခဲ့၏။ သူ့ကို ကျောင်းသားသမဂ္ဂတွင် နိုင်ငံရေးလှုပ်ရှားသည်ဟု ကြံဖန်စွဲချက်တင်ကာ ပြည်နှင်ဒဏ်ပေးခဲ့၏။

''ကဒတ်ဖီ''သည် အီဂျစ်ခေါင်းဆောင် ''နာဆာ''ကို အလွန်ကြည်ညိုသူဖြစ်ရာ ''နာဆာ''၏ ရန်သူများသည် သူ၏ရန်သူအလိုလိုဖြစ်ကုန်၏။ ထို့ကြောင့် ''နာဆာ၏ နိုင်ငံရေးရန်သူဖြစ်သော ''အစ်စဝမ်''ဆိုသည့် မွတ်စလင်ညီနောင်အသင်းသည် ''ကဒတ်ဖီ''၏ ရန်လိုမုန်းတီးခြင်းကို ခံရ၏။ ဤအသင်းမှခေါင်းဆောင် ''ဆေယစ်ကွတ်''ကို ''နာဆာ'' က ၁၉၆၆ တွင် ကြိုးပေးသတ်ဖြတ်ခဲ့၏။ ''ကဒတ်ဖီ''က နိုင်ငံရေးတက်ကြွသော အစ္စလာမ်ပါတီသည် သူ့အာဏာကို လှုပ်ခါနိုင်သည်ဟု စိုးရိမ်ကာ မွတ်စလင်ညီနောင်အဖွဲ့ကို လစ်ဗျားကို ပိတ်ပင်ခဲ့၏။

၁၉၇၆ ခုနှစ် ဇန်နဝါရီလတွင် ကျောင်းသားသမဂ္ဂတွင်း၌ ''ကဒတ်ဖီ'' လိုလားသူနှင့် ဆန့်ကျင်သူ ဂိုဏ်းကွဲကာ အဓိကရုဏ်းဖြစ်ပွား၏။ ကျောင်းသားများစွာ သေကျေဒဏ်ရာရခဲ့၏။ ဧပြီလတွင် ''ကဒတ်ဖီ'' သည် တက္ကသိုလ်ပရိဝုဏ်သို့သွားကာ ဆောက်ပြန်သော ကျောင်းသားများကို ရှင်းပစ်ရန် အမိန့်ပေးခဲ့၏။ ''ကဒတ်ဖီ'' ၏ လက်ထောက်ဖြစ်သူ ''ဗိုလ်မှူးအဗ္ဗသွာလ်ဆာလမ်ဂျာကွတ်'' က ထရီပိုလီတက္ကသိုလ်ပရိဝုဏ်သို့ ဝင်လာပြီး သူ့ခြောက်လုံးပြူးကို လေထဲတွင် ပစ်ပြကာ တက္ကသိုလ်မှ ပေါ်ပြူလာတော်လှန်ရေးစပြီဟု ဟစ်ကြွေးခဲ့၏။ ကျောင်းသား ၈၀၀ ကျော် အထိန်းသိမ်းခံရ၏။

၁၉၅၇ ဧပြီလ ၇ ရက်တို့တွင် ''ဘင်ဂါဇီ'' မြို့လယ်ကောင် ပန်းခြံ၌ ကြိုးစင်ဆောက်ကာ လူလေးဦးကို ကြိုးမိန့်ပေးခဲ့၏။ ထိုအထဲမှနှစ်ဦးမှာ ကျောင်းသားများဖြစ်ကြ၏။ တက္ကသိုလ်ကျောင်းသားတစ်ချို့ကို ဤမြင်ကွင်းအား အတင်းအကြပ် ကြည့်ခိုင်းကာ ''တော်လှန်ရေးလုပ်သူများကျဆုံးပါစေ''ဟုလည်း ကြွေးကြော်သံကို ဟစ်ကြွေးခိုင်း၏။ ၁၉၇၁ အာဏာသိမ်းမှုတွင် ပါဝင်ကြသော တပ်မတော်အရာရှိ ၂၂ ဦးကိုလည်း ထိုအပတ်တွင်ပင် သတ်ဖြတ်ခဲ့၏။ တက္ကသိုလ်ပရိဝုဏ်ထဲတွင် ကြိုးစင်များဆောက်ကာ သူတို့ကျောင်းသားတွေ ကြိုးပေးခံရသည်ကို အတင်းအကျပ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နိုင်း၏။ ထို ဧပြီလ ၇ ရက်နေ့သည် "ကဒတ်ဖီ" အတွက် အမှတ်တရနေ့ပင် ဖြစ်၏။ ကြီးလေးသတ်ဖြတ်မှုများကို ထိုနေ့တွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ခဲ့၍ဖြစ်၏။

"ကဒတ်ဖီ" သည် အာဏာရခါစတွင် သူ၏ နိုင်ငံရေးပြဿနာကို အစ္စလာမ်ဘာသာ အနှစ်သာရပုံစံမျိုးဖြင့် ပြခဲ့၏။ ထို့ကြောင့် လစ်ဗျားလူငယ် တော်တော်များများတို့က သဘောကျခဲ့ကြ၏။ သူက အနက်ကို လုံးဝပိတ်ပင်သည်။ ဗလီများပိုဆောက်သည်။ သို့သော် ဗလီဆရာတို့၏ ဩဇာအာဏာကျယ်ပြန့်မှုကို သူကြိုမြင်နေသဖြင့် အစ္စလာမ် ဘာသာတွင် လူသားနှင့် ထာဝရဘုရားသခင်ကြားတွင် ကြားခံလူမရှိပါဟု သူက ငြင်းဆိုခဲ့၏။ အစ္စလာမ်ဘာသာကို ခေတ်သစ်ကမ္ဘာနှင့် အံဝင်ခွင်ကျ ညှိနှိုင်းရေးတို့ကို သူဟောပြော၏။ သူ၏ "စာအုပ်စိမ်း"သည် အစ္စလာမ်ဘာသာအလိုကျဖြစ်ကြောင်း ပြော၏။ အစ္စလာမ်ဘာသာ၏ ပြက္ခဒိန်ကိုပါ သူကပြင်ဆင်ရန် အဆိုပြုဖူး၏။ တမန်တော် မိုဟာမက် ပျံလွန်တော်မူသောနေ့ ကစ၍ ပြက္ခဒိန်ကို ရေးဆွဲသင့်ကြောင်းပြော၏။ မွတ်စလင်ကမ္ဘာတစ်ခုလုံး သုံးစွဲနေကြသော တွက်ချက်နည်းကိုပါ သူက ပြင်ချင်၏။ သူ၏ပြောဆိုချက်များသည် ဘာသာရေးဆိုင်ရာ ပညာရှင်များအတွက်သာမက လစ်ဗျားပြည်သူများကိုပါ ဦးနှောက်ခြောက်စေသော အချက်များဖြစ်၏။ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ မက္ကာတွင် လကြည့်ခြင်း၊ လမြင်ခြင်းကိုပါ သူကဆန့်ကျင်သည်။ ရမ်ဇမ် သို့မဟုတ် အိဒ်ကာလသတ်မှတ်ခြင်းသည် လမြင်ခြင်းနှင့် ပတ်သက်ဆက်စပ်နေရာ မွတ်စလင်များအဖို့ ဤအချက်သည် အလွန်အရေးကြီး၏။ ဤသည်ကို "ကဒတ်ဖီ"က ကိုးလို့ကန့်လန့်လုပ်နေ၏။ "ကဒတ်ဖီ" သည် အနောက်တိုင်း ပြက္ခဒိန်တို့ကိုလည်း ဝင်စွက်သေး၏။ ဇူလိုင်နှင့် ဩဂုတ်လကို "နာဆာ"နှင့် "ဟန်နီဘော" ဟု ပြောင်းခဲ့၏။ ဇန်နဝါရီကို "အယန်နာ"ဟုပြောင်း၏။

လစ်ဗျားတွင် အလုပ်အကိုင်အခွင့်အလမ်း ရှားပါးသည်။ "ကဒတ်ဖီ" သည် ပုဂ္ဂလိကကဏ္ဍကို ဖျက်သိမ်းခဲ့ရာ [illegible]လုပ်ငန်းဟူ၍ မရှိသဖြင့် အလုပ်အကိုင်ကခက်ခဲလှ၏။ ထို့ကြောင့် လူငယ်များသည် အလုပ်လိုချင်လျှင် ပြည်ပသို့သာ [illegible]လုပ်ကြရ၏။ အချို့က အနောက်တိုင်း သို့မဟုတ် ပင်လယ်ကွေ့တွင် အလုပ်ရှာထွက်ကြ၏။ ပညာသင်ထောက်ပံ့ရေး [illegible]ကြ၏။ မိမိပြည်တွင်းတွင် အလုပ်အကိုင် အခွင့်အလမ်း မရှိသလောက်ဖြစ်နေ၍ လူငယ်အများစုသည် စိတ်ဓာတ် ကျနေကြ၏။ သူတို့၏ထွက်ပေါက်က လုံးဝမရှိ။ သူတို့၏ အနာဂတ်ကား ပိန်းပိတ်အောင် မည်းမှောင်လှ၏။ ဤသည်မှာ တော်လှန်ရေးတစ်ခုဖြစ်ရန် အကြောင်းရင်းများဖြစ်သည်။ အစိုးရက အာဏာရှင်ဆန်၊ ပြည်သူကို တစ်ဖက်သတ်ဖိနှိပ်၊ လက်တစ်ဆုပ်စာလူတန်းစားမှအပ ကျန်ပြည်သူအားလုံးက ဆင်းရဲမွဲတေ၊ အလုပ်လက်မဲ့နှုန်းတွေ တိုးတက်၊ လူငယ်တွေ [illegible] အနာဂတ်ကို ပိတ်ပင်တားဆီးထား။ ဤအခြေအနေမှာ ရှိသော နိုင်ငံဟူသမျှ တော်လှန်ပုန်ကန်မှုက မလွဲမသွေ ဖြစ်မှာ သေချာလွန်းနေပြီ။

the bookhouse
we bring you...

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၀ ပြည့်နှစ် ဧပြီလ မွန်းလွဲအချိန်တွင် ဘီဘီစီ အာရပ်ပိုင်းအစီအစဉ်မှ သတင်းထောက် "မိုဟာမက် မူစတာဖာရာမဒန်" သည် "ရီဂျင့်" ပန်းခြံပလီမှ ဝတ်ပြုပြီး ပြန်ထွက်လာ၏။ ပလီရှေ့တွင် လူနှစ်ယောက်က သူ့ကို စောင့်နေ၏။ တစ်ယောက်က သူ့ရှေ့တည့်တည့်လာပြီး သေနတ်နှင့် ပစ်သတ်လိုက်၏။ "ရာမဒန်" သည် "ကဒတ်ဖီ" ၏ ပေါ်လစီကို ဆန့်ကျင်သောသတင်းများ မကြာခဏ ဘီဘီစီတွင် ဖော်ပြခဲ့၏။ ယခု သူ၏ ဆုလာဘ်ကား သေခြင်း တရား။ နောက်ထပ် ရက်သတ္တပတ် နှစ်ပတ်အကြာတွင် "မာမွတ်နာဖာ" ဟူသော လစ်ဗျားရှေ့နေကြီးသည် သူ့ရုံးခန်း အပြင်ဘက်တွင် သေနတ်နှင့် ပစ်သတ်ခံရပြန်၏။ သူက "ကဒတ်ဖီ" ကို ပေါ်ပေါ်ထင်ထင် ဆန့်ကျင်သူကားမဟုတ်။ သို့သော် ယခင်ဘုရင်ဟောင်း "အိုက်ဒရစ်" ၏ အဖွဲ့ဝင်များကို ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပေးသူသာ ဖြစ်၏။ သူ့ကိုလည်း "ကဒတ်ဖီ"က တစ်ခါတည်း နှုတ်ပိတ်ပစ်လိုက်၏။

လန်ဒန်မြို့ရှိ လစ်ဗျားသံရုံးမှ သံအမတ်ကြီးသည် "မူဆာကူဆာ" ဖြစ်၏။ သူက "ကဒတ်ဖီ"၏အရင်းနှီးဆုံး မိတ်ဆွေဖြစ်သည်။ သူ၏အဓိကတာဝန်မှာ "ခွေးလေခွေးလွင့်များ သုတ်သင်ရှင်းလင်းရေး" ပေါ်လစီကို အကောင်အထည် ဖော်ရန်ဖြစ်၏။ ၄င်းပေါ်လစီကို တော်လှန်ရေးကော်မတီ၏ နှစ်ပတ်လည်ညီလာခံက ချမှတ်ထားခြင်းဖြစ်သည်။

"နိုင်ငံတော်၏ မှန်ကန်သောမူဝါဒများဖြင့် ချမှတ်ထားသော လုပ်ငန်းရပ်များအပေါ် တန်ပြန်တော်လှန် လိုသူများကို အပြီးတိုင်သုတ်သင်ရှင်းလင်းရမည်" ဟု တော်လှန်ရေးကောင်စီက ချမှတ်ခဲ့၏။

"ဒီလိုလူမျိုးတွေ ကမ္ဘာပေါ်မှာ ဘယ်နေရာမှာမှ မရှိသင့်ဘူး။ သူတို့ရှိနေနိုင်တဲ့နေရာက မြောက်ဝင်ရိုးစွန်းပဲ ဖြစ်ပါစေ လိုက်ရှင်းပစ်ရမှာက ကျွန်တော်တို့တာဝန်ပဲ"ဟု သံအမတ်ကြီးက ပြောခဲ့၏။

"ဗြိတိန်မှာ ဖောက်ပြန်ရေးသမားတွေကို သုတ်သင်စရာရှိနေတယ်။ နောက်ထပ်လည်း ထပ်သုတ်သင်ရဦးမယ်" ဟု သံအမတ်ကြီးက "တိုင်းမ်" မဂ္ဂဇင်းနှင့် အင်တာဗျူးတွင် ပြောင်ပြောင်တင်းတင်းပင် ပြောခဲ့၏။ ဥရောပတစ်ခွင်တွင် သူတို့ သတ်ဖြတ်သုတ်သင်သူပေါင်း ၃၅ ဦးကျော်ရှိ၏။

"ကဒတ်ဖီ" ၏ အိန္ဒိယနိုင်ငံဆိုင်ရာ လစ်ဗျားသံအမတ်ကြီးဟောင်း "မိုဟာမက်ယူဆွက်ဒ်မာဂရိ(ဖ်)" က အတိုင်ပင်ခံပါတီတစ်ခု ထူထောင်၏။ သူ့ပါတီနာမည်က "လစ်ဗျားကယ်တင်ရေးအမျိုးသားတပ်ဦး" (အင်အက်ဖ်အက်စ် အယ်လ်) ဖြစ်၏။ သူ့ပါတီကို လစ်ဗျားပညာတတ်၊ ချမ်းသာကြွယ်ဝသူတော်တော်များများက ထောက်ခံကြ၏။ "ကဒတ်ဖီ" ကို ဆန့်ကျင်သောသူများကို စုစည်းကာ အစည်းအဝေးတွေကျင်းပ၊ စာရွက်စာတမ်းများ ဖြန့်ဝေခြင်းများ ပြုလုပ်ကြ၏။ "ကဒတ်ဖီ" ကို မလိုလားသူများပြားသဖြင့် သူတို့ပါတီသို့ ရန်ပုံငွေဒေါ်လာ သန်းချီထည့်သူတွေ အများအပြားရှိကြ၏။ ဤတွင် ပြည်ပရောက် လစ်ဗျားကျောင်းသားများကို တော်လှန်ရေး ကော်မတီနှင့် "အင်အက်ဖ်အယ်စ် အယ်လ်"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပါတီတို့က အပြိုင်အဆိုင် စည်းရုံးကြတော့သည်။ ၁၉၇၈ ခုနှစ်များက တက္ကသိုလ် ပရိဝုဏ်တွင် "ကဒတ်ဖီ" လိုလားသူနှင့် ဆန့်ကျင်သူတို့ ထိပ်တိုက်တိုးကာ အဓိကရုဏ်းတွေ ဖြစ်ခဲ့ဖူးသည်။ ယခုလည်း ထိုသို့ ပုံစံမျိုးတွေသို့ ဦးတည်လာနေ၏။ ၁၉၈၄ ခုနှစ် ဧပြီလတွင် လန်ဒန်မြို့လယ်ရှိ လစ်ဗျားသံရုံးရှေ့တွင် ကျောင်းသားအချို့က လစ်ဗျားတွင် ကျောင်းသားများ အသတ်ခံရမှုကို ဆန့်ကျင်သော ဆန္ဒပြပွဲတစ်ရပ် ကျင်းပခဲ့၏။ "ကဒတ်ဖီ" ဆန့်ကျင်ရေး ကြွေးကြော်သံများ ဟစ်ကြွေးကြ၏။ ထိုအခါ သံရုံးတွင်းမှ သေနတ်သံများထွက်ပေါ်လာကာ ဆန္ဒပြသူ ၁၁ ဦး လဲကျသွားသည်။ ထိုအထဲတွင် ဗြိတိသျှ ရဲမေ "ယဗွန်းဖလက်ချာ" လည်း ပါ၏။ သူ့ကို ဝမ်းဗိုက်တွင် ထိမှန်ခဲ့၏။ သံရုံးကို ၁၁ ရက်ကြာ ရဲက ဝိုင်းပြီးမှ ဝင်ရှာရ၏။ "ကဒတ်ဖီ" က ဗြိတိသျှတို့သည် သံရုံးကို ဝင်စီးသည်ဟုကြေညာ၏။ ထို့ကြောင့် "ထရီပိုလီ" မြို့ရှိ ဗြိတိသျှသံရုံးကို အင်အားသုံးပြီး သူကပြန်ဝိုင်း၏။ ဗြိတိန်ကလည်း ဗြိတိသျှသံတမန်များကို လစ်ဗျားသို့ ပြန်ပို့လိုက်၏။ အကယ်တော့ သံရုံးထဲရှိ လစ်ဗျားအများစုမှာ သံတမန်များမဟုတ်။ တော်လှန်ရေးကော်မတီ ဝင်များသာဖြစ်ကြ၏။ သူတို့လည်း လစ်ဗျားသို့ပြန်သွားကြ၏။ ဗြိတိသျှရဲမေသည် ရရှိသော ဒဏ်ရာဖြင့် ကွယ်လွန် သွားခဲ့၏။ လစ်ဗျားအစိုးရက ၁၉၉၉ တွင် ရဲမေ၏ မိဘများကို လျော်ကြေးပေး၏။ သို့သော် ထိုပစ်ခတ်မှု၏တရားခံကိုမူ မည်သူမျှစွဲချက်မတင်ကြ။

၁၉၈၄ ခုနှစ် မေလ ၆ ရက် တနင်္ဂနွေနေ့တွင် "အင်အက်ဖ်အက်စ်အယ်လ်" ပါတီ၏ စစ်ဆင်ရေးဌာနမှ "အခက်ဘာဝပ်(စ်)" သည် တူနီးရှားမှ လစ်ဗျားသို့ ကိုယ်ရံတော်နှစ်ဦးနှင့်အတူ ဝင်လာ၏။ ထို့နောက် သူတို့သတင်း ပျောက်သွား၏။ နောက်တော်တော်ကြာမှ လစ်ဗျားရုပ်သံသတင်းတွင် ကြေညာ၏။ "ကဒတ်ဖီ" ကို လုပ်ကြံရန် ကြံစည်သူ အခက်အား နယ်စပ်တွင် ဖမ်းမိကြောင်း သတင်း။ သူက ခုခံရန်ကြံရွယ်၍ အသေဖမ်းဆီးလိုက်ရကြောင်း ကြေညာသည်။

"အင်အက်ဖ်အက်ဖ်အယ်လ်" ပါတီဝင် ငါးထောင်ကျော် လစ်ဗျားတွင်အဖမ်းခံကြရ၏။

■

"ဆာမီအာလ်ဆာဒီ" သည် ၁၉၈၄ ခုနှစ် အာဏာသိမ်းရန် ကြံစည်သည့်ကာလ၌ "ထရီပိုလီ" တက္ကသိုလ် တွင် အင်ဂျင်နီယာကျောင်းတက်နေစဉ်ကာလဖြစ်၏။ သူက ကျောင်းပရိဝုဏ်အတွင်း သံချပ်ကာကားများ ဝင်လာကာ အမိအဆီးလုပ်ပုံများကို မှတ်မိနေ၏။ ဆေးကျောင်းတက်နေသူ သူ့အစ်ကို "အာအယ်လ်" မှာ အခြားကျောင်းသားများ နှင့်အတူ အဖမ်းခံခဲ့ရပြီး "အဘူဆာလင်" အကျဉ်းထောင်တွင် ထောင်ဒဏ်လေးနှစ် ကျခဲ့၏။ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လတွင်မှ "ဘင်ဂါဇီ"မြို့ ပန်းခြံ၌ ကြိုးဒဏ်စီရင်ခြင်းခံရသော အလုပ်သမားခုနစ်ဦး၏ ရင်နာဖွယ်မြင်ကွင်း ကိုလည်း ရုပ်မြင်သံကြားမှ အထပ်အထပ်အခါခါပြ၍ မကြည့်ချင်ဘဲ ကြည့်ခဲ့ရ၏။ ထိုသူတို့ကို နိုင်ငံတော်သစ္စာဖောက်မှု၊ ဖိုးခွဲမှု၊ အကြမ်းဖက်မှု စသဖြင့် ပြစ်ဒဏ်အမျိုးမျိုးဖော်ပြကာ လူပုံအလယ်တွင် ကြိုးမိန့်ပေး ကြိုးစင်တက်ခိုင်း၏။ ပြစ်မှုကျူးလွန်သည်ဆိုသော စစ်သားသုံးဦးကိုလည်း လူရှေ့သူရှေ့တွင်ပင် သေနတ်ဖြင့် ပစ်သတ်ခဲ့၏။

"ကဒတ်ဖီ" ၏ စိတ်ဓာတ်သည် ဤမျှရက်စက်ယုတ်မာသကဲ့သို့ အချို့သော အတွေးအခေါ်များမှာလည်း အူကြောင်ကြောင်နိုင်လှ၏။ ၁၉၈၉ ခုနှစ်က လစ်ဗျားဘောလုံးအသင်းသည် ကမ္ဘာ့ဘောလုံးပွဲယှဉ်ပြိုင်ရန်အတွက် ခြေစစ်ပွဲကို ပထမဆုံး ဝင်ရောက်ဆင်နွဲရ၏။ လစ်ဗျားပြည်သူတို့မှာ အယ်ဂျီးရီးယားနှင့် လစ်ဗျားပွဲကို ပွဲကြီးပွဲကောင်းဟု အားခဲကာ ဘောလုံးကွင်းသို့ စုရုံးရောက်ရှိခဲ့ကြ၏။ ဘောလုံးပွဲစခါနီးတွင် ကွင်းလယ်သို့ ဒိုင်လူကြီးဖြစ်ဟန်တူသူ လူတစ်ဦးထွက်လာကာ ပွဲသိမ်းခရာမှုတ်ခဲ့၍ ပရိသတ်အလွန်အံ့သြသွားသည်။ ဘောလုံးပွဲတောင်မစသေးဓိ ပွဲသိမ်းခရာသံ ကြားရ၍ အားလုံး ကြက်သေသေကုန်ကြ၏။

"ကဒတ်ဖီ" က အယ်ဂျီးရီးယားနိုင်ငံကို စည်းရုံးလိုသည်ဖြစ်ရာ အယ်ဂျီးရီးယားနှင့် လစ်ဗျားသည် ဘောလုံးယှဉ်ပြိုင်စရာမလိုဟု သူက ဆုံးဖြတ်ပြီး ပွဲကိုသိမ်းပစ်ခဲ့ခြင်းဖြစ်သည်ဟုဆို၏။ ထို့ကြောင့် သူက လစ်ဗျားဘောလုံးအဖွဲ့ချုပ်အား ဘောလုံးပွဲမကန်ဖြစ်ရန် အမိန့်ပေးခဲ့ခြင်းဖြစ်၏။

လစ်ဗျားအသင်းကို အယ်ဂျီးရီးယားနှင့် မကန်ခိုင်းဘဲ အရှုံးပေးစေခဲ့၏။ ဤတွင် ပရိသတ်က အကြီးအကျယ် မကျေမနပ်ဖြစ်၏။ "ကဒါဖီ" ၏ စစ်တပ်ကို ပရိသတ်က ဆန္ဒပြလာကြ၏။ ပရိသတ်က ဒေါသဖြစ်ကာ ဘောလုံးပွဲ စင်မြင့်မှ ခုံတွေကို ရိုက်ချိုးမီးရှို့ပစ်၏။ "ထရီပိုလီ"မြို့လုံးအနှံ့ လှည့်ပတ်ကာ "ကဒတ်ဖီ"ဆန့်ကျင်ရေး ကြွေးကြော်သံ တွေ အော်ဟစ်ကြ၏။

"ကဒတ်ဖီ ဟာ ထာဝရဘုရားရှင်ရဲ့ ရန်သူတော်ပဲ" ဟူသော ကြွေးကြော်သံများ တစ်မြို့လုံး စီညံကုန်၏။

"ကဒတ်ဖီ" က အကြီးအကျယ်ဒေါသူပုန်ထ၏။

"အစ္စလာမ်တရားတော်နဲ့မညီတဲ့ ဒီလုပ်ရပ်ဟာ အစ္စရေးတို့၊ အမေရိကန်တို့ကို ဝင်တိုက်ရတာထက်တောင် ပိုဆိုးတယ်" ဟု ကြေညာကာ ဆန္ဒပြပွဲကို အင်အားသုံးဖြိုခွင်းခဲ့၏။ လျှို့ဝှက်ပုလိပ်များက ရုပ်ကွက်အနှံ့ဖြန့်လျက် ရှာကြကာ ခေါင်းဆောင်ဟု သင်္ကာမကင်းသူများကို ဖမ်း၏။ ထိုအထဲမှ ၂၁ ဦးကို လူပုံအလယ်တွင် ကွပ်မျက်ခဲ့၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၁၉၉၈ ခုနှစ်တွင် ယခင် ဗြိတိသျှအမ်အိုင်ငါး ထောက်လှမ်းရေးအဖွဲ့ဝင်ဟောင်း "အေးဗစ်ရှလာ"က ဗြိတိသျှကျောထောက်နောက်ခံ ပြုထားသော "ကဒတ်ဖီ"လုပ်ကြံရေး အစီအစဉ်ကို ဖော်ထုတ်ခဲ့၏။ ၁၉၉၆ ဖေဖော်ဝါရီတွင် "ကဒတ်ဖီ" ၏ ယာဉ်တန်းဖြတ်သွားစဉ် လူတစ်စုက လက်ပစ်ဗုံးများဖြင့် ပစ်၏။ "ကဒတ်ဖီ"က အထွေထွေပြည်သူ့တွန်ဂရက်သို့ တက်ရန်အလာတွင် အလုပ်ကြံခံရခြင်းဖြစ်၏။ သူက လွတ်မြောက်ခဲ့သော်လည်း သူ၏ကိုယ်ရံတော်အချို့ သေဆုံးခဲ့၏။ နှစ်အနည်းငယ်ကြာတော့မှ ဤလုပ်ကြံမှု၏လက်သည်မှာ ဗြိတိသျှထောက်လှမ်းရေး မှန်းသိလိုက်ရ၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၄ အဘူဆာလင် အစုလိုက်အပြုံလိုက် အသတ်ခံရမှု

■ ‘‘ကမ္ဘာ့အလယ်မှာ လစ်ဗျားတစ်နိုင်ငံတည်းသာ နိုင်ငံရေးအကျဉ်းထောင်နဲ့ နိုင်ငံရေးအကျဉ်းသမားမရှိတဲ့ နိုင်ငံပဲဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဏာပိုင်ရှင်တွေဖြစ်တဲ့ ပြည်သူတွေက သူတို့ရဲ့ နိုင်ငံရေးပြဿနာကို သူတို့ရှင်းနိုင်လို့ပါပဲ။

*ကဒတ်ဖီ*

*(၁၉၉၉-အောက်တိုဘာ)*

၁၉၈၈ မတ်လ။ ‘‘ကဒတ်ဖီ’’သည် ဘူလ်ဒိုဇာယာဉ်မောင်းနေရာသို့ တက်ထိုင်ကာ ထောင်ဂိတ်ဝဆီသို့တည့်ပြီး မောင်းလိုက်၏။ ထောင်ဂိတ်ဝကို ထိုးဖောက်ဝင်လိုက်ကာ ထောင်ကိုခါပစ်လိုက်၏။ အကျဉ်းသား ၄၀၀ ကျော် လွတ်မြောက်ခဲ့ကြ၏။ ထိုအထဲမှ အချို့မှာ သူ့ကိုဆန့်ကျင်သော နိုင်ငံရေးသမားများဖြစ်၏။ အများစုများက တပ်ပြေးတွေ၊ သူခိုးဓားပြတွေ။

‘‘ထောင်တွေဆောက်ကြ၊ နံရံတွေမြင့်သည်ထက်မြင့်အောင် ကာကြရုံနဲ့တော့ ပြည်သူ့အောင်ပွဲဆိုတာ ရမှာမဟုတ်ဘူး’’ ဟု ‘‘ကဒတ်ဖီ’’ က ‘‘ထရီပိုလီ’’ ရုပ်သံမှ ကြေညာခဲ့၏။

ရက်အနည်းငယ်အကြာတွင် ‘‘ကဒတ်ဖီ’’သည် လူဝင်မှုကြီးကြပ်ရေးရုံးသို့ အမှတ်မထင် ဝင်ရောက်လာပြီး ပြည်ထွက်ခွင့်မပေးသူများ၏ အမည်ပျက်စာရင်းကို မီးရှို့ပစ်လိုက်၏။ တူနီးရှားနိုင်ငံ နယ်စပ်နားသို့သွားကာ ဘူလ်ဒိုဇာပင် တက်မောင်းပြီး နယ်စပ်ရုံးသို့ ဖျက်ခဲ့၏။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"လစ်ဗျားပြည်သူတွေအတွက် ပြည်ထွက်ခွင့်လက်မှတ်ဆိုတဲ့ **အကန့်အသတ်ရှိ စရာမလိုဘူး**" ဟု သူက အာပေါင်အာရင်းသန်သန်နှင့် ကြေညာခဲ့သည်။ ဤသည်တို့မှာ သူ့၏စိတ်ရင်း **စိတ်စေတနာမှန်** များမဟုတ်။ သူက ဟန်ဆောင်ပန်ဆောင် သဘောကောင်းပြနေခြင်းသာ ဖြစ်၏။

"အိမ်ငှားတွေ အိမ်လခပေးစရာမလိုဘူး။ လက်ရှိနေတဲ့အိမ် သူတို့ပိုင်တယ်" ဟု ကြေညာခဲ့သေး၏။ အိမ်ရှင်များ နစ်နာဆုံးရှုံးမှုများစွာ ကြုံရတော့၏။ အိမ်ငှားရဲသူများ နောက်ပိုင်းမရှိတော့။ ထိုအခါကျမှ အိမ်ပိုင်ယာပိုင်မရှိသူတို့ဘဝက ပိုဆိုးလာ၏။ အများစုမှာ လမ်းဘေးရောက်ကုန်ကြ၏။

"ကဒတ်ဖီ" ၏ မင်းသားခေါင်းဆောင်းထားသော ဘီလူးအသွင်သည် သိပ်မကြာခင်ပေါ်လာ၏။ သူ၏ သဘောကောင်းပြမှုအပေါ် ပြည်သူက ငြိုငြင်လာသည်နှင့် သူက ဇာတိရုပ်ပြန်ပြတော့၏။

လူတွေထပ်ဖမ်း၏။ ထောင်ထဲထည့်၏။ သို့ဖြင့် နှစ်လ သုံးလအတွင်း ယခင်ထက်ပို အကျဉ်းသမားတွေ များလာသော ထောင်တွေပြန်ဖြစ်လာ၏။ တစ်နှစ်မကြာမီအတွင်း ထောင်သားတွေက ယခင်ထက်နှစ်ဆ ပိုများလာသည်။

■

"အဘူဆာလင်" အကျဉ်းထောင်ဘေးပတ်ဝန်းကျင် ရပ်ကွက်များမှာ "ကဒတ်ဖီ"၏ လူယုံတွေနေသော နေရာများ ဖြစ်ကြ၏။ ၂၀၁၁ ဩဂုတ်လတွင် "ကဒတ်ဖီ"သည် မြို့တော် "ထရီပိုလီ"မှ မရှုမလှဆုတ်ခွာခဲ့ပြီးနောက် တစ်ဝတ်ကြာမျှ တိုက်ပွဲများပြင်းထန်ခဲ့သေးသည်။ သူပုန်တပ်များက "ကဒတ်ဖီ" ခြံဝင်းကိုသိမ်းကာ ထောင်ဆီသို့ ဆက်လက်ချီတက်ကြပြီး အတွင်းမှအကျဉ်းသားများကို လွှတ်ပေးလိုက်သည်။ အတွင်းမှအကျဉ်းသားများက "အလ္လာဟု အက္ဗာ"ဟု ဝမ်းသာအားရကြွေးကြော်ကာ တိုက်ပွဲဝင်များကို ပွေ့ဖက်ကြိုဆိုကြ၏။

"အဘူဆာလင်" ဟူသည် နှိပ်စက်ကလူအပြုခံရခြင်း၊ အငတ်ဘေးကျရောက်မှု၊ နာဖျားမကျန်းမာခြင်းနှင့် သေဆုံးခြင်းတို့၏ သင်္ကေတပုံရိပ်သဖွယ်ဖြစ်ခဲ့သည်မှာ နှစ်နှစ်ဆယ်နီးပါးကြာခဲ့ပြီ။ ယခုမှ ထိုပုံရိပ်များကို ဆေးကြောသန့်စင်နိုင်တော့မည်ဖြစ်၏။

"အဘူဆာလင်" ထောင်သည် ကေသုံးဆယ်ကျယ်ဝန်းပြီး အဆောင်တွေ အများကြီးဆောက်ထား၏။ ၁၉၉၀ ခုနှစ်များကျမှ အကြီးအကျယ် အသစ်ပြင်ဆောက်ထားခြင်းဖြစ်သည်။ နံရံ လေးဘက်လေးတန် အမြင့်ကြီးကာထား၏။ အချုပ်ခန်းများတွင် လေဝင်လေထွက်ရရန်နှင့် အလင်းရောင်ရရန် ပြတင်းပေါက်များကို မျက်နှာကျက်ထိပ်နားကျမှ

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



တပ်ထားသည်။ နံရံအားလုံးကို သံဆူးကြိုးများ ကာထားကာ အစောင့်ကင်းစခန်းများကို နေရာအနှံ့ချထား၏။ အဆောက်အအုံများအောက်တွင် အောက်ခြေတိုက်များရှိသေး၏။ ထောင်အပြင် တိုက်ရှိသေးသည်ဟူသော ဆိုရိုးစကား အတိုင်းပင် အဆောင်ကအဆောင်၊ တိုက်ကတိုက်ခွဲခြားထား၏။ အရေးကြီးသောသူများကို အဆောင်တွင်မထားဘဲ တိုက်ပိတ်ထားတတ်၏။ ၁၉၉၆ ခုနှစ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ရာတွင် ထောင်၏အောက်ထပ်တွင် သတ်ခြင်းဖြစ်သည်။ ထို့နောက်မှ တစ်နေရာတွင် အလောင်းများကို မြှုပ်ပတ်နှံတူသည်။ "အဘူဆာလင်"သည် လျှို့ဝှက်ချက်များ အပြည့်ရှိသော နေရာဌာနဖြစ်၏။ လစ်ဗျားသည်လည်း လျှို့ဝှက်သုသာန်များစွာရှိသော တိုင်းပြည်ဖြစ်သည်။ ဤထောင်ကြီးအကြောင်းသိရန် အဆိပ်ပါရဂူများ၊ လူ့အခွင့်အရေးစူးစမ်းသူများအဖို့ နှစ်ပေါင်းများစွာ အလုပ်လုပ်စရာ ကျန်နေသည်။

ကျွန်မ "ဂါနာဆီအယ်လီဆာဝီ"နှင့် တွေ့၏။ သူသည် ၁၉၇၀ နှစ်များက တက္ကသိုလ်နယ်မြေတွင် အဓိက လှုပ်ရှားခဲ့သော အတိုက်အခံ ခေါင်းဆောင်တစ်ဦးဖြစ်၏။ ၁၉၈၄ ထကြွပုန်ကန်မှုတွင် "အဘူဆာလင်"သို့ ပို့ခြင်းခံရသူဖြစ်၏။ ထောင်ထဲမှာ ၁၈ နှစ် နေခဲ့ရ၏။ ငယ်ရွယ်ပျိုမျစ်စဉ်က ထောင်ထဲဝင်သွားပြီး ထောင်ကထွက်လာတော့ ဆံပင်ဖြူဖြူ ဖွေးဖွေးနှင့် ဇရာပြနေပြီ။ သူက ကျွန်တော့်ကို သူနေခဲ့ရသော တိုက်နံပါတ် ၈ ကို လိုက်ပြ၏။ သူနှင့်အတူ အကျဉ်းကျဖက် ၁၃ ဦး နေခဲ့ရ၏။

"ကျွန်တော် ဒီအထဲမှာ အလင်းရောင်မမြင်ရဘဲ လေးနှစ်နေခဲ့ရတယ်။ တစ်သက်လုံး လွတ်ရက်ကို တစ်ခါမှ မမျှော်မှန်းခဲ့ဘူး" ဟု သူ့အကြောင်းပြန်ပြောရင်း မျက်ရည်တွေကျနေ၏။

သူနှင့်အတူ အကျဉ်းကျခံအချို့က ရူးသွပ်ကုန်ကြ၏။ ထိုသူတို့ကို သူက ချေးကလူ သေးကလူ ပြုစုပေး၏။ မုတ်ဆိတ်ကျင်စွယ်ရိတ်ပေး၏။ ထောင်ထဲရောက်တော့ အေးအေးဆေးဆေး နေရတယ်မထင်နှင့်။ လျှပ်စစ်ကျင်စက်ဖြင့် တို့၏။ ခွေးတွေဖြင့် ခြောက်လှန့်၏။ အမောဆို့သည်အထိ မရပ်မနားပြေးခိုင်းသည်။ မျက်လုံးကို အဝတ်နှင့် အကြာကြီး ပိတ်စည်းထားသည်။ နှိပ်စက်မှုပေါင်းကမျိုးစုံ။ အကျဉ်းသားတစ်ဦး သေလျှင်လည်း တော်ရုံတန်ရုံ အလောင်းကို လာမကောက်။ ထိုအလောင်းကောင်ကြီးနှင့်ပင် ရက်အတော်ကြာအတူနေကြရ၏။

"အလောင်းကိုစောင်နဲ့ပတ်ပြီး အပြင်တွေကို သယ်ထုတ်သွားဖို့ မနည်းတောင်းပန်ရတယ်" ဟု သူကပြော၏။

အကျဉ်းသားတွေမှာ အရွယ်ကောင်းတွေများ၏။ အသက်နှစ်ဆယ် သုံးဆယ်ပတ်ဝန်းကျင်တွေ။ သူတို့အမြဲ ဆာလောင်မွတ်သိပ်နေတတ်၏။

"ထမင်းချည်းသပ်သပ် ဟင်းမပါဘဲစားရတယ်။ ပေါင်မုန့်ကတစ်ဖဲ့၊ ယိုကတစ်ဇွန်း၊ နို့ကတစ်ပုံစာ ဒါပဲရ တယ်" ဟု သူကပြောပြ၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူကအရပ်အမောင်းအနေတော်၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း ဖြစ်၏။ သို့သော် နှစ်အနည်းငယ်အတွင်း ပေါင်ချိန် ၁၁၀ မျှသာရှိသော ခပ်ပိန်ပိန်လူဖြစ်လာ၏။ နှစ်နှစ်မျှကြာသည်အထိ ထောင်အဝတ် တစ်စုံမှလွဲ၍ ဘာအဝတ်မှမပေး။ စောင်ကလည်းတစ်ထည်ပဲရ၏။ ခေါင်းကအမြဲခပ်ထိုင်းထိုင်းဖြစ်ကာ ညစ်ပတ်နံစော်နေသည်။ "ဂါနာဆီ" က လေးဘက်နာရှိ၏။ လိပ်ခေါင်းရောဂါလည်းရှိ၏။ သို့သော် ဆေးကုသမှုမခံရ၍ လိပ်ခေါင်း သွေးယိုတာကို လက်စတစ် ခန်းဆီးစဖြင့်သာ ပိတ်ဆို့ထားရ၏။

လှဲအိပ်ဖို့ အခင်းက နေရာမကျယ်။ ထို့ကြောင့် တစ်ပြိုင်တည်းအိပ်၍မရ။ တစ်လှည့်စီအိပ်ကြရ၏။ "ဂါနာဆီ" တို့ကား အစောင့်များက မကြာခဏခေါ်ထုတ်သွားကာ ကင်မရာရှေ့တွင် ဖြောင့်ချက်ပေးခိုင်း၏။ "ဂါနာဆီ" က ခင်းတို့က တိုင်းပြည်ကိုဖျက်ဆီးနေတဲ့ကောင်တွေပဲဟု ပြန်ပြောသောအခါ သူ့ခြေထောက်ကို ဘော့စ်ဘောရိုက်တံဖြင့် သုံးနေရာချိုးပစ်သည်ဆို၏။ အချို့လူများဆိုလျှင် စစ်ဆေးခန်းခေါ်သွားရာမှ မပြန်လမ်းကိုမြန်းရရှာ၏။ စစ်ဆေးတုန်းပင် သေသွားကြ၍ဖြစ်၏။

လေးနှစ်လုံးလုံး သူ့ကို ထောင်ဝင်စာတွေ့မည့်သူမရှိ။ ၁၉၈၈ ကျမှ သူ့ဇနီး "ဖာရီဒါ" က ထောင်ဝင်စာ လာတွေ့၏။ သူက တစ်လတစ်ကြိမ်လာတွေ့၏။ ကလေးသုံးယောက်ကို တစ်ခါတစ်ရံခေါ်လာသည်။

"ကလေးတွေက ချစ်စရာလေးတွေ။ ကျွန်တော်တာဝန်မကျေဘူးဗျာ။ ကျွန်တော့်မိန်းမက သူတို့ကို မွေးလည်းမွေး၊ ရှာလည်း ကျွေးခဲ့ရှာတယ်။ အငယ်ဆုံးကလေးဆိုရင် ကျွန်တော်ထောင်ကျပြီးနောက်မှ မွေးတာ" ဟု သူကရင်နင့်နင့် ပြန်ပြောပြ၏။

"ဂါနာဆီ" နှင့် "ဖာရီဒါ" လက်ထပ်တော့ "ဖာရီဒါ" က ၁၇ နှစ်သမီးအရွယ်သာ ရှိသေး၏။ သူက ပြောရရင် "အိုက်ဒရစ်" ၏ အမျိုးအနွယ်ဖြစ်သည်။ သူက အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျောင်းတက်ခဲ့သည်။ အိမ်ထောင်ကျပြီး သုံးလေးနှစ်အကြာ သူ့ခင်ပွန်းအဖမ်းခံခဲ့ရ၏။ ထို့ကြောင့် ကလေးသုံးဦးကို သူ့ဘာသာသူပင် အလုပ်ရှာ ကျွေးမွေးစောင့်ရှောက်ခဲ့ရ၏။ အဖမ်းခံရလျှင်ရခြင်း သူ့ခင်ပွန်းကို ဘယ်ခေါ်သွားသလဲမသိရ။ ရဲဌာနသို့ လိုက်စုံစမ်းသွားကာ သတင်းထောက်လှမ်းရ၏။ ဘယ်သူကမှ ဂရုတစိုက်ပြန်မဖြေကြ။ ထို့ကြောင့် "ဘင်ဂါဇီ" နှင့် "ထရီပိုလီ" မှ အာဏာပိုင်များကို စာရေးလျှောက်ထား စုံစမ်းရ၏။ လေးနှစ်ကြာမှ အဖြေရ၏။ ၁၉၈၉ တွင် ထောင်၌ ထုတ်ခွင့်ပြုလိုက်ပါး ဖြစ်လာသည်။

အဖမ်းခံရသူများကို ပထမဆုံး "ထရီပိုလီ" ဗဟိုဆေးရုံကြီးအနီးရှိ မြေတိုက်ညှဉ်းပန်းရေး စခန်းသို့ပို့၏။ ထိုနေရာတွင် အားရအောင် နှိပ်စက်စစ်ဆေးပြီးမှ "အဘူဆာလင်" ထောင်သို့ပို့၏။ ထောင်ထဲတွင် အုပ်စုသုံးစုခွဲ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပထမအုပ်စုမှာ “ကဒတ်ဖီ” ကို သဲကြီးမဲကြီး တိုက်ခိုက်နေသော ဂျီဟတ်ဝါဒီများ။ ဒုတိယအုပ်စုက အလယ်အလတ် ဆန့်ကျင်ရေးသမားများ။ တတိယအုပ်စုက မူးယစ်ဆေးဝါးသုံးစွဲသူများ၊ မှောင်ခိုသမားများ။ ၁၉၉၅ ခုနှစ်တွင် အသေးအဖွဲ ပြစ်မှုကျူးလွန်သူများကို ပြန်လွှတ်၏။ အလယ်လတ်သမားအချို့ကိုလည်း လွှတ်ပေး၏။ ဂျီဟတ်ဝါဒီများကား လွှတ်ရက် မမြင်ကြ။

“သူတို့အတွက် ထောင်ဝင်စာလည်း မရှိဘူး။ ဆေးဝါးကုသမှုလည်းမပေးဘူး” ဟု “ဂါနာဆီ”က ပြန်ပြောပြ၏။

“လတိုင်း အဆုတ်ရောဂါနဲ့ ပျမ်းမျှလေးယောက်လောက် သေကြတယ်” ဟုလည်းဆို၏။

“ကဒတ်ဖီ” ၏ အကျဉ်းသားများအပေါ် အမြင်ကား ခပ်ပြတ်ပြတ်ပင်။

“ထောင်ကျတွေအတွက် မိဘဆွေမျိုးတွေအနေနဲ့ စိတ်နှလုံးဒုံးဒုံးချထားကြ၏။ သူတို့မှာက ကူးစက်ရောဂါ တွေစွဲကပ်နေကြတယ်။ သူတို့က အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါပိုးတွေ သယ်ဆောင်လာကြတာကိုး” ဟု ၁၉၈၉ မိန့်ခွန်းတွင် ပြောပြခဲ့၏။

“အဖမ်းခံရတဲ့သူတွေက ဘာသာမဲ့တွေပဲ။ သူတို့က အစ္စလာမ်ဘာသာကို ခြိမ်းခြောက်ပြီး အာရပ်ကမ္ဘာကို ဖျက်ဆီးကြမယ့်သူတွေပဲ။ ဒီလိုအတွေးအခေါ်ရှိတဲ့ သူတွေကို သတ်ပစ်မှပဲရှင်းမယ်။ ဒါ့ကြောင့် သူတို့နဲ့ ပတ်သက် ဆက်စပ်တဲ့ မိဘဆွေမျိုးတွေအနေနဲ့ ရောဂါ ဒါမှမဟုတ် အေအိုင်ဒီအက်စ်ရောဂါ ရှိနေသူတွေလိုပဲ စွန့်ပစ်ကြဖို့လိုတယ်။ သူတို့ကို ဘာမှညှာတာဖို့မလိုဘူး။ သူတို့ကဘာသာမဲ့တွေ။ ချေမှုန်းပစ်ရမယ်” ဟု ပြောခဲ့၏။

“ဗွီမာအတီဂါ” သည် ၁၉၉၀ ခုနှစ်တွင် ထောင်ကျ၏။ ရောမရှိ လစ်ဗျားပြည်သူ့ဗျူရို အကြီးအကဲကို လုပ်ကြံရန် ကြံစည်သည်ဟု လွဲမှားစွာစွပ်စွဲခံရပြီး ထောင်ထဲရောက်ခဲ့သူဖြစ်၏။ ထိုသတ်ဖြတ်မှုဖြစ်ခဲ့တာ လွန်ခဲ့သော ခြောက်နှစ်က။

“ဘော်ကန်” (မီးတောင်)ဟုခေါ်သော အုပ်စုက “ကဒတ်ဖီ”၏ သံတမန်များကို တိုက်ခိုက်ကြ၏။ အနောက် နိုင်ငံ ထောက်လှမ်းရေးများကမူ “ဘော်ကန်”အဖွဲ့သည် ပါလက်စတိုင်းအုပ်စုမှ ဖြစ်သည်ဟုဆို၏။ သူတို့က နှစ်အတော် ကြာ လှုပ်ရှားပြီး ပျောက်ကွယ်သွားကြ၏။ “ဗွီမာ”သည် ရှေ့နေတစ်ဦးဖြစ်ကာ “ကဒတ်ဖီ” အစိုးရကို ဝေဖန်ဖူးသည်။ သို့သော် “ဘော်ကန်” အဖွဲ့နှင့် လုံးဝဆက်စပ်မှုမရှိ။ သူက “ထောင်တွင်း အတွေ့အကြုံများစာအုပ်ကို ၂၀၁၂ တွင် ရေးသား ထုတ်ဝေခဲ့၏။ ထိုစာအုပ်ထဲတွင် ထောင်ဒွင်းငရဲခန်း အတွေ့အကြုံများကို တိတိကျကျရေးပြခဲ့သည်။ အဓော့ ဝါဒါများ၏ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းမှုများကို ဖော်ပြထားသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက အကျဉ်းသားတစ်ဦး၏ လက်ဝယ် လွယ်လေးတစ်ခုတွေ့ရှိမှုဖြင့် ထိုအခန်းထဲရှိ အကျဉ်းသားအားလုံးကို ဒဏ်ပေးခဲ့၏။

"ကျွန်တော်တို့ အခန်းထဲမှာရှိတဲ့ စောင်တွေ အဝတ်တွေအားလုံး အပြင်ကိုထုတ်တယ်။ အားလုံး ကိုယ်လုံးတီးတွေနဲ့ထားတယ်။ ပြီးတော့ တိုက်ခန်းလျှံတဲ့အထိ ရေပုံးတွေနဲ့ ရေတွေလောင်းတယ်။ လက ဒီဇင်ဘာလ။ အေးလိုက်တာက ခိုက်ခိုက်တုန်လို့။ ကျွန်တော်တို့အားလုံး ဆယ်ရက်တိုင်တိုင် ဒီလိုပဲ ရေထဲမှာ ငုတ်တုတ်နေကြရတယ်။ တကယ့်ကိုင်ရဲပါပဲ။ ဖျားပြီးသေမလား။ အနှိပ်စက်ခံပြီးသေမလား။ ရွေးစရာဒါပဲရှိတယ်" ဟု "ဂွီမာ" က ရေးခဲ့၏။

"အပြင်မှာ ဆန့်ကျင်မှုတွေ ပြင်းထန်လာလေ ထောင်ထဲကလူတွေ မသက်သာလေပဲ။ အထူးသဖြင့် ဂျီဟာတ်ဝါဒီတွေဆိုရင် အကြောင်းမဲ့အနှိပ်စက်ခံကြရတယ်။ သူတို့ဆီက သေလုမျောပါးအော်သံတွေကြားရတာ ညဘက်မှာ သိပ်ကိုခြောက်ခြားစရာကောင်းတာပဲ။ တစ်ခါတစ်ခါ သေနတ်သံတွေပါ ညကြီးမင်းကြီးကြားရတယ်။ မထင်ရင် မထင်သလို ပစ်သတ်နေကြတယ်။ လူ့အသက်ဟာ ထောင်ထဲမှာတော့ ကြက်ကလေး၊ ငှက်ကလေးလိုပဲ" ဟုရေးထားသည်။

"တစ်ခါတော့ သိပ်ပြီးနှိပ်စက်ရာမှာ နာမည်ကြီးတဲ့ ခါလီဖာဆိုတဲ့ အစောင့်ဝါဒါကို အကျဉ်းသမားတွေက ခန်းထားလိုက်တယ်။ သူက အားရင် ကျဉ်စက်နဲ့လိုက်တို့ပြီး ဟားတိုက်ရယ်တတ်တဲ့လူပဲ။ အကျဉ်းသားတွေထဲမှာ နာကောင်းပြီး ဆေးကုသမှုခံဖို့လိုတဲ့သူတွေရှိတယ်။ ဆေးကုသမှုအခွင့်အရေးရဖို့ တစ်ခုတည်းသောနည်းလမ်းက ထောင်ထ မှူး။ ဒါနဲ့ ခါလီဖာ အစားအသောက်ယူအလာမှာ သူ့ကိုဝိုင်းဖမ်းဆီးလိုက်ကြတယ်။ ဒါပေမဲ့ မကြာခင်မှာ အစောင့်ဝါဒါတွေ ရောက်လာပြီး ပစ်ခတ်ကြတယ်။ သူတို့လူကို လွတ်အောင်လာကယ်ကြတာကိုး။ ဒီလိုနဲ့ အကျဉ်းသား ၆ ယောက် အသက်ပျောက်ကြရတယ်။ အကျဉ်းသားတွေကလည်း သေမထူး နေမထူးဆိုပြီး ပြန်ချကြတော့ အစောင့် တစ်ယောက် လည်းသေသွားတယ်။ နောက်ဆုံးတော့ ထောင်အာဏာပိုင်တွေကပဲ ပြန်ထိန်းသိမ်းလိုက်ကြတယ်။ အဲဒီ ညမှာတော့ ရေရေလည်လည်ကို အနှိပ်စက်ခံကြရတော့တာပဲ" ဟူ၍လည်း မှတ်တမ်းတင်ထား၏။

"နောက်တစ်နေ့မနက်မှာ အကျဉ်းသားအားလုံးကို ကွင်းပြင်ထုတ်လိုက်တယ်။ လေးဘက်လေးတန်မှာတော့ သေနတ်တွေ အသင့်ချိန်ထားတဲ့ လက်နက်ကိုင်တွေအပြည့်ပဲ။ ဒီနေ့က ငါတို့ရဲ့ နောက်ဆုံးအချိန်ပဲလို့ သိလိုက်ကြတယ်။ အဲဒီအချိန်မှာ "အဗ္ဗသွာလ်လာဆန်နူဆီ" ရောက်တယ်။ သူက "ကဒတ်ဗီ" ရဲ့ ယောက်ဖလည်းဖြစ်။ လုံခြုံရေးဌာနရဲ့ အကြီးအကဲလည်း ဖြစ်တဲ့သူပဲ။ သူက ကမန်းကတန်းလာပြောတာ။ မပစ်ကြနဲ့။ မပစ်ကြနဲ့တဲ့။ တကယ်တော့ သူ့ကိုပဲ "ကဒတ်ဗီ" က ပြောလိုက်ဟန်တူပါတယ်။ မပစ်ဖို့။ သူတစ်ယောက်တည်း သြဇာနဲ့တော့ ဒီလိုမလုပ်နိုင်ပါဘူး။ အဲဒီလို ကျွန်တော်ထင်ထားတယ်"

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ တကယ့်လက်တွေ့က ဒီလိုမဟုတ်ဘူး။ မနေ့ညက ထောင်ထဖို့ကြိုးစားတဲ့ အကျဉ်းသားတွေကို တစ်နေရာစုခိုင်းပြီး ခေါင်မိုးပေါ်က စစ်သားတွေက စက်သေနတ်နဲ့ကို ပစ်သတ်တော့တာပဲ။ ထောင်နံရံတွေအားလုံး သွေးချင်းချင်းနီကုန်တယ်။ နေ့ခင်း၂ နာရီအထိ ဆက်ပစ်နေတုန်းပဲ။ အလောင်းတွေဆိုတာ တောင်ပုံရာပုံ။ အားလုံး ငြိမ်သက်သွားတော့မှ စစ်သားတွေက အလောင်းတွေကို လိုက်စစ်တယ်။ မသေမရှင် ဖြစ်နေသူတွေကို ခြောက်လုံးပြူး နဲ့ထပ်ပစ်တယ်။ အကျဉ်းသား ၁၂၇၀ သေတယ်။ အသက်ရှင်ကျန်ရစ်သူ ငါးရာလောက်ပဲ ရှိတယ်။ အဲဒီတစ်ညလုံး သွေးညှီနံ့တွေ နံစော်နေလို့ ဘယ်သူမှ အိပ်မရကြဘူး"

နောက်တစ်နေ့နံနက်တွင် အစောင့်ဝါဒါများသည် မျက်နှာတွင် မျက်နှာဖုံးစွပ်၊ လက်မှာ ပလတ်စတစ်လက်အိတ် တွေနှင့် ထွက်လာကြကာ အလောင်းများကို ဖယ်ရှားး၏။ ပိုးသတ်ဆေးတွေ ထောင်အနှံ့ဖျန်း၏။ သို့သော် သွေးအညှီ အဟောက်နံ့များ နံဟောင်နေသည်မှာ နှစ်ရက်ကျော်ထိမပျောက်သေး။ ကောင်းကင်ပြင်တွင် လင်းတတွေဝဲနေ၏။ အလောင်း များကို ဘယ်နေရာသယ်သွားသလဲတော့ မည်သူမျှမသိ။ ထောင်အနီးအနားတွင် အချို့ကို မြှုပ်နှံကြဟန်တူ၏။

■

ဤအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်ပြီး တစ်လခန့်အကြာတွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာရေးအဖွဲ့က ဤသတင်းကို ခြေရာကောက်မိဟန်တူ၏။ သို့သော် ထိထိရောက်ရောက် စုံစမ်းစစ်ဆေးမှု မလုပ်နိုင်ခဲ့။ ပြင်ပကမ္ဘာက ဤသတင်းကို သိပ်အရေးမထားနိုင်ကြ။ ထိုနှစ်နွေရာသီတွင် တခြားသတင်းများက လွှမ်းမိုးထား၏။ ဘော့စနီးယားစစ်ပွဲ၊ ဆော်ဒီအာရေဗျမှ ခိုအာမျှော်စင်ဗုံးပေါက်ကွဲမှု၊ ဝေလမင်းသားနှင့် မင်းသမီးကွာရှင်းပြတ်စဲမှု စသည် စသည်။ နိုင်ငံခြား သတင်းသမားများသည် လစ်ဗျားသို့ဝင်ရန် ဗီဇာရဖို့ ခဲယဉ်း၏။ ဝင်ခွင့်ရလျှင်လည်း "ကဒတ်ဖီ"နှင့် အင်တာဗျူးရဖို့ မလွယ်။ လစ်ဗျားသည် လုံးဝနီးပါး ပိတ်ဆို့ထားသောနိုင်ငံ။ လစ်ဗျားပြည်သူများသည် နိုင်ငံခြားသားများနှင့် စကား ပြောခွင့်မရှိ။ နိုင်ငံခြားသားနှင့် စကားပြောမိလျှင် အဖမ်းခံရမှာကြောက်နေကြ၏။

သို့သော် အကျဉ်းသားတွေ တဖြည်းဖြည်း လွတ်မြောက်လာကြသည်နှင့်အမျှ ထောင်တွင်းဇာတ်လမ်းများလည်း စိမ့်ထွက်ပေါက်ကြားလာ၏။ ထောင်ထွက်များ၏ မိသားစုများက အကျဉ်းစံပုဂ္ဂိုလ်များ၏ ခွေးလိုဝက်လို မဝရေစာ စားကြရပုံ၊ နှိပ်စက်ကလူ မတရားအကျင့်ခံရပုံ၊ သေတွင်းမှ သီသီကလေးလွတ်လာကြပုံများကို ကြားရတော့ ခံပြင်းလှ၏။

ထောင်ထဲတွင် ကျန်းမာရေးချို့တဲ့သူများကို ဆေးကုသမှုလုံးဝမပေးဘဲ နောက်ဆုံးကျတော့ ဘဝါစကား

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းပေါ်တင်ကာ ဆေးရုံပို့မည်ဆိုပြီး တစ်နေရာတွင် စက်သေနတ်ဖြင့် ပစ်သတ်ပုံများကို ကြားရသူတိုင်း ရင်နာလှ၏။ အသတ်ခံရသူ ကာယကံရှင်မှာကား မည်မျှစိတ်နှလုံးကြေကွဲ ဝမ်းနည်းမလဲဆိုသည်ကို စဉ်းစား၍ပင် မရနိုင်။

"အကျဉ်းသားအများစုက သူတို့ကံကြမ္မာနဲ့ သူတို့ရှိစေတော့ဆိုပြီး စိတ်နှလုံးခိုးခိုးချထားသူတွေချည်းပါ။ သူတို့ကို လွှတ်ပေးပါလို့လည်း တစ်ခါမှ မတောင်းဆိုရှာကြပါဘူး။ "လူလူသူသူဆက်ဆံ"ဖို့ပဲ လိုလားကြပါတယ်။ သူတို့ ဝဝလင်လင်လေး စားချင်ပါတယ်။ လေကောင်းလေသန့်လေး ရှူချင်ပါတယ်။ နေရောင်ကို ပျပျလေးမြင်ချင်ပါတယ်။ ဒါကလွဲပြီး သူတို့ဘာမှ မတောင်းကြရှာပါဘူး"ဟု လွှတ်လာသူအကျဉ်းသားတစ်ဦးက မျက်ရည်တွေတွေစီးကျရင်း ပြန်ပြောပြ၏။

၂၀၀၁ ခုနှစ်ရောက်သောအခါ "အဘူဆာလင်"ထောင်ထဲတွင် ရှိနေကြသူများ၏ မိသားစုများထံ သေစာရင်းတွေ လာပေးကြ၏။ မည်သို့သေသွားသည်ကိုကား မပြော။ မည်သည့်နေရာတွင် မြှုပ်နှံသလဲဆိုတာလည်း မပြော။ သို့သော် နောက်ထပ် သုံးနှစ်မျှအကြာ ၂၀၀၄ ခုနှစ်တွက်မှ "ကဒတ်ဖီ" ကိုယ်တိုင်က ထောင်ထဲတွင် တစ်ခုခု မှားယွင်းဖြစ်ပွားခဲ့ပုံကို ဝန်ခံလာရ၏။ ထိုအခါ နိုင်ငံတကာမှ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့များကိုလည်း ပထမဆုံး လစ်ဗျားနိုင်ငံသို့ ဝင်ခွင့်ပြုလိုက်ရ၏။ သို့သော် "ကဒတ်ဖီ"က လုပ်ကြံဇာတ်လမ်းတစ်ခုကို ပြော၏။

"အကျဉ်းသားတချို့က အစောင့်တွေဆီက လက်နက်တွေလုပြီး ပုန်ကန်ကြတယ်။ အဲဒီမှာ ပြင်ပကရဲတွေ ရောက်လာတော့ ပစ်ကြခတ်ကြရင်း သေကြတာပဲ။ ဝမ်းနည်းစရာကောင်းပါတယ်"ဟုပြော၏။ "ကဒတ်ဖီ"က သူတို့ [illegible]က အလွန်ဟုမပြော။ သို့သော် တစ်စတစ်စ မတရားမှုတွေ ဘူးပေါ်သလိုပေါ်လာသောအခါ ၂၀၀၅ ခုနှစ်တွင် ငြိမ်းရေးကော်မရှင် ဖွဲ့ပါမည်ဟု အောင့်သီးအောင့်သက်နှင့် ကတိပေးလိုက်ရ၏။ သို့သော် နှစ်နှစ်ကြာသည်အထိ ဘာမှ [illegible]မလာ။ ထို့ကြောင့် နစ်နာသူမိသားစု သုံးဆယ်စုကာ ရှေ့နေ "ဖာသီကာဘီ"၏ဦးဆောင်မှုဖြင့် အစိုးရကို တရားစွဲရန် စီစဉ်ကြတော့၏။ တရားရုံးက အမှုကိုပိတ်ပစ်ရန်အထိ ကြိုးပမ်းခဲ့သည်။ သို့သော် တစ်နှစ်ကြာသောအခါ [illegible]အထားခိုင်လုံ၍ နစ်နာသူမိသားစုများကို "အဘူဆာလင် အနစ်နာခံမိသားစု ကော်မတီ" ဖွဲ့ခွင့် ပြုလိုက်ရ၏။ [illegible]ကော်မတီက "ဘင်ဂါဇီ"တရားရုံးချုပ်ရှေ့တွင် စနေနေ့တိုင်း ဆန္ဒပြခွင့်ရခဲ့၏။

ထောင်ထဲတွင် ကွယ်လွန်ရှာသူတို့၏ အဖြူအမည်းဓာတ်ပုံများကို ကိုင်ကာ ဆန္ဒပြကြ၏။ ဆုတောင်းပွဲများလုပ်ကြ၏။ အာရဗီဘာသာဖြင့် စာတန်းများရေးကာ တောင်းဆိုကြ၏။ "ငါတို့ရဲ့ မိသားစုဝင်တွေရဲ့ အလောင်းတွေ ဘယ်မှာ [illegible]ထားသလဲ။ ငါတို့ရဲ့ အာဇာနည်တွေ ဘယ်မှာဝှက်ထားသလဲ။ ကဒတ်ဖီ အာဇာနည်တွေရဲ့ ရုပ်အလောင်းတွေပြန်ပေး" [illegible] [illegible]ကြွေးကြ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကဒတ်ဖီ"၏ ဒုတိယသားဖြစ်သူ "ဆေ့ဖ်အာလ်အစ္စလာမ်" က ၂၀၀၀ ပြည့်နှစ်များအလယ်လောက်တွင် ပြန်လည်ပြုပြင်ရေးလုပ်မည်ဟု သူ့ဘာသာသူ အသံအော်ဟစ်လာခဲ့သည်။ "ကဒတ်ဖီ နိုင်ငံတကာ လူမှုကူညီရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း" မှတစ်ဆင့် သူပြုပြင်စရာရှိတာတွေ ပြုပြင်သွားမည်ဟုဆို၏။ လူ့အခွင့်အရေးအား အဓိက ပြုပြင်ပြောင်းလဲမှုလုပ်ရန် သူက ပြောသည်။ အစုလိုက်အပြုံလိုက် အသတ်ခံရသည့်ဖြစ်ရပ်တွင် အသက်မသေဘဲ ကျန်ရစ်ခဲ့သူ "ဗွီမာအတီဂါ" က "ကျုပ်တော့ ဆေ့ဖ် ကို မယုံဘူး။ ဒါပေမဲ့ ကျုပ်တို့ လုပ်စရာရှိတာလုပ်ဖို့ ဒါဟာ ပထမခြေလှမ်းပဲ၊ အခွင့်အရေးကောင်းပဲ။ လူ့အခွင့်အရေးဆိုတဲ့ စကားလုံးကို ၄င်းကဆိုပြောခွင့် တယ်ရှိတာမှမဟုတ်တာ" ဟု မှတ်ချက်ချ၏။ ထို့နောက် သူခေါင်းဆောင်ကာ နိုင်ငံရေးအကျဉ်းသမားများကို နှိပ်စက်ခြင်းမှ ကာကွယ်ရေးများကို ဆောင်ရွက်ခဲ့၏။ "နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့" နှင့် "လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့" တို့ကို လစ်ဗျားသို့ ဖိတ်ကြားကာ ထောင်အချို့နှင့် အချုပ်ခန်းအချို့ကို ဝင်ရောက်စစ်ဆေးခွင့်ပြု၏။ အကျဉ်းသားများကို စတင်လွှတ်ပေးသည်။ "ဗွီမာ" ကိုလည်း တက္ကသိုလ်များနှင့် ရုပ်မြင်သံကြားတို့တွင် လူ့အခွင့်အရေးအကြောင်း ဟောပြောခွင့်ပြုခဲ့၏။ သို့ဖြင့် တဖြည်းဖြည်း "အဘူဆာလင်"ထောင်တွင်း ပြဿနာကို လူတွေပိုသိလာကြ၏။

"ဆေ့ဖ်"က ကွယ်လွန်သွားသူ မိသားစုများအား လျော်ကြေးပေးမည်ဟု အာမခံ၏။ မိသားစုများအနေဖြင့် ဖြစ်ရပ်မှန်ကို သိဖို့လိုသည်ဟုလည်းပြော၏။ သို့သော် တရားခံအစစ်အမှန်ကိုကား ဖော်ထုတ်မပြခဲ့။ လစ်ဗျားတရားစီရင်ရေးကလည်း ယိုင်နဲ့နဲ့။ တော်လှန်ရေးကော်မတီ၏ ဩဇာသည်သာ တစ်ခုတည်းသော တရားဥပဒေဖြစ်နေ၏။ သူ့ကို အမိန့်နှင့်ဖမ်းလိုကဖမ်း၊ သတ်လိုကသတ်နိုင်၏။ ၂၀၀၉ ခုနှစ်တွင် စုံစမ်းစစ်ဆေးရေးကော်မတီ ထပ်ဖွဲ့၏။ ရည်ရွယ်ချက်ကတော့ သိပ်မဟန်လှ။

တရားဥပဒေနှင့်အညီ ဖြစ်စေရမည်ဆိုတာထက် စေ့စပ်ညှိနှိုင်းမှုကို ပိုပြီးအားပေး၏။ သေဆုံးခြင်း လက်မှတ်တွေ တရားဝင်ထုတ်ပေး၏။ လျော်ကြေးငွေပေး၏။ လူပျိုဆိုလျှင် အမေရိကန်ဒေါ်လာ ၉၅,၀၀၀။ အိမ်ထောင်ရှိသူဆိုလျှင် အမေရိကန် ဒေါ်လာ ၁၀၃,၀၀၀ ပေး၏။ ထိုလျော်ကြေးငွေ လက်ခံယူသူက သဘောတူလက်မှတ်ထိုးရ၏။ အာဏာပိုင်တွေကို တရားမစွဲဆိုပါ ဆိုသော ကတိခံဝန်ချက်။ မိသားစုများစွာက လက်မှတ်မထိုးကြ။ "ကျုပ်တို့က ငွေလိုချင်တာ မဟုတ်ဘူး။ လက်သည်တရားခံ အမဲသတ်သမားတွေကို ဖော်ထုတ်ပေးဖို့ပဲ လိုချင်တာ။ ကျုပ်တို့ရဲ့လူတွေရဲ့သွေးကို ဘယ်တော့မှရောင်းမစားဘူး" ဟု ဆိုကြ၏။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"ဂါနာဆီအယ်လီဆာဝီ"သည် ၂၀၀၂ ခုနှစ်တွင် လွတ်မြောက်လာ၏။ သူ့သမီး "အစ်ဆာရာ"လက်ထပ်ပြီးသွားပြီ။ သူ့သမီးမွေးချိန်တွင်လည်း သူမရှိ။ ဘွဲ့ယူတော့လည်း သူမပါ။ ယခု ထိုသမီးက အိမ်ထောင်ပင်ပြုခဲ့ပြီ။ မိသားစုလည်း ဖခင်မရှိဘဲ ရုန်းကန်လှုပ်ရှား ရှင်သန်ခဲ့ရ၏။

"အခုမှ ကျွန်တော်က အပြင်ပြန်ရောက်တော့ ဘာတာဝန်မှ မကျေခဲ့တဲ့ အိမ်ထောင်ဦးစီး၊ အလကားကောင်ဖြစ်နေပြီဗျာ"ဟု "ဂါနာဆီက" ပြော၏။

"ကဒတ်ဖီ" ၏ သားတွေက ကြိုကြိုတက်ချမ်းသာနေကြ၏။ "ကဒတ်ဖီ" အနားကပ်နေသူတွေလည်း ချမ်းသာနေကြပြီ။ လစ်ဗျားနိုင်ငံတစ်ခုလုံးကားပျက်စီးချင်တိုင်း ပျက်စီးနေပြီ။ အဖတ်ဆည်၍မရတော့။

"ဂါနာဆီ" က သဲကန္တာရလယ်မှ ရေနံကုမ္ပဏီတွင် သွားအလုပ်လုပ်၏။ တစ်လကို ရက် ၂၀ သဲကန္တာရထဲတွင်နေရ၏။ ထောင်ထဲမှာ တစ်ယောက်တည်းနေခဲ့ရသူအဖို့ ဒါက မဆန်းတော့။ သူ့ဘဝက အထီးကျန်ပြန်ဖြစ်လာ၏။ ထောင်ထဲမှာ ၁၉ နှစ်လုံးလုံး နေခဲ့ရသည်။ အိုးပစ်၊ အိမ်ပစ်၊ မိသားစုပစ်။ "ကဒတ်ဖီ" က လစ်ဗျားကို အုပ်ချုပ်နေ၏။ ဘာအပြောင်းအလဲမှလုပ်ရန် စိတ်ကူးလည်း သူ့မှာရှိပုံမပေါ်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၅ အရှေ့အလယ်ပိုင်းဒေသက ခွေးရူး

■ အရှေ့အလယ်ပိုင်းဒေသက ဒီခွေးရူး ကမ္ဘာ့တော်လှန်ရေးဆိုတဲ့ ပန်းတိုင်ရှိ ဟန်တူတယ်။ အဲဒါဟာ မွတ်စလင် အခြေခံဝါဒီတွေရဲ့ တော်လှန်ရေးပဲ။ သူဟာ သူရဲ့အာရပ် လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဒါကိုပစ်မှတ်ထားပြီး လုပ်နေတယ်။ ကျွန်တော်တို့က အခုလောလောဆယ်မှာ သူ့ရန်သူဖြစ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါက ဧဝရက် တောင်တက်တာနဲ့ တူနေတယ်။ ကျုပ်တို့က တောင်ထိပ်ရောက်နေလို့ပဲပေါ့။

***ရော်နယ်ရီဂန်-၁၉၈၆***

■ အမေရိကဟာ လစ်ဗျားကို ဆန့်ကျင်တိုက်ခိုက်တဲ့ အကြမ်းဖက်ပုံစံမျိုးစုံကို လုပ်နေတယ်။ ကျွန်တော်တို့က အကြမ်းဖက်ဝါဒထဲမှာ ပါဝင်နေတယ်ဆိုပြီး သူစွပ်စွဲတာ ကိုယ်၌က အကြမ်းဖက်မှုတစ်ခုလုပ်နေတာပဲ။

***ကဒတ်ဖီ - ၁၉၈၁***

"ကဒတ်ဖီ"၏အုပ်ချုပ်မှုသက်တမ်း နှစ်လေးဆယ်အတွင်း မိတ်ဆွေ ဖြစ်လိုက်၊ ရန်သူဖြစ်လိုက်၊ မိတ်ဆွေပြန်ဖြစ်လိုက်၊ ရန်သူပြန်ဖြစ်သွားလိုက် ဆိုသော မြွေလိမ်မြွေကောက် ကျင့်စဉ်သည် တကယ်ပင် ရူးမိုက်နေသူတစ်ဦး လုပ်ချင်တာ လျှောက်လုပ်နေကြောင်း သက်သေပြချက်ပင်ဖြစ်၏။ ၁၉၈၆ ခုနှစ်တွင် အမေရိကန်သမ္မတ "ရော်နယ် ရီဂန်" က သူ့ကို "ခွေးရူး" ဟု ခေါ်ဝေါ်ကာ သူ့ခြံဝင်းထဲသို့ ဗုံးမိုးကြဲချခဲ့ဖူး၏။ နောက်ထပ် ၁၈ နှစ် ကြာသောအခါ ဗြိတိသျှဝန်ကြီးချုပ် "တိုနီဘလဲ" က အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားနှင့် အစွန်းရောက်များကို တိုက်ဖျက်ရာတွင် ခေါင်း

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တစ်ဦးဟု ချီးကျူးခဲ့ကာ သူနှင့်လက်ဆွဲနှုတ်ဆက်ခဲ့၏။ ထိုအချိန်တွင် အမေရိကန် သမ္မတ "ဘွတ်ရှ်" ကလည်း "ရန်လိုမုန်းတီးမှုဆိုတာ တစ်သက်လုံး စွဲမြဲရမယ့်ကိစ္စမဟုတ်ဘူး" ဟုပြောခဲ့၏။

၂၀၁၁ တွင် "ကဒတ်ဖီ" ကို လုပ်ကြံသတ်ဖြတ်လိုက်သောအခါ ထိုစကားမျိုးတွေကို လျစ်လျူပြန်ရှုခဲ့ကြ၏။ သမ္မတ"အိုဘားမား" က "အာဏာရှင်ရဲ့ အမှောင်ခေတ်ကို အဆုံးသတ်လိုက်ပြီ။ ကဒတ်ဖီရဲ့ ခြိမ်းခြောက်တဲ့လက်အောက်က အမေရိကန်တွေ လွတ်လပ်ခဲ့ပြီ" ဟု ပြောသည်။

ဗြိတိသျှဝန်ကြီးချုပ် "ဒေးဗစ်ကင်မရွန်" က "ရက်စက်ကြမ်းကြုတ်သော အာဏာရှင်" ဟု သမုတ်ခဲ့ကာ သူ၏လူမဆန်မှုများကို စီကာပတ်ကုံးပြန်ပြောပြ၏။

"ကဒတ်ဖီ" ကတော့ သူလုပ်ချင်ရာကို လျှောက်လုပ်ခဲ့သူဖြစ်သည်။ ၁၉၇၀ ခုနှစ်များတွင် သူသည် ကိုလိုနီနယ်ချဲ့ဆန့်ကျင်သူ မည်သူကိုမဆို ကူညီထောက်ပံ့ခဲ့၏။

သူ့အတွက်မူ "အိုင်အာအေ" အဖွဲ့က ဗြိတိန်မှာ ဗုံးဖောက်ခွဲတာရော၊ တောင်အာဖရိကမှာ "အေအင်စီ" အဖွဲ့က အသားအရောင်ခွဲခြားမှု တိုက်ခိုက်နေတာရော၊ တယ်လ်အဗစ် လေယာဉ်ကွင်းတွင် ဂျပန်တပ်တို့ ဗုံးခွဲတာတွေရော သူဘာမှဂရုမစိုက်။

ဗြိတိသျှမိုင်းလုပ်သား အဖွဲ့ခေါင်းဆောင် "အာသာစကက်ဂီလ်" ကို သူထောက်ခံ၏။ အဘယ်ကြောင့်ဆိုသော် ထိုသူက ဝန်ကြီးချုပ် "မာဂရက်သက်ချာ" ကို ဆန့်ကျင်နေသောကြောင့်။ အမေရိကရှိ "လူစီဖာရခန်" ၏ အစ္စလာမ်အဖွဲ့ကို အမေရိကန်ဒေါ်လာ ၈ သန်းထုတ်ချေးသည်။

အဘယ့်ကြောင့်ဆိုသော် သူတို့လုပ်တာ နယ်ချဲ့ဆန့်ကျင်ရေးဟု သူထင်သဖြင့်။ "ကဒတ်ဖီ" က "ကျွန်ုပ်၏ ရန်သူ၏ ရန်သူသည် ကျွန်ုပ်မိတ်ဆွေဖြစ်သည်" ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ထားသူဖြစ်သည်။ ၉/၁၁ အရေးအခင်းနောက်ပိုင်းတွင် "ကဒတ်ဖီ" နားလည်သဘောပေါက်လာသည်မှာ လစ်ဗျားနိုင်ငံအတွင်း အတောင့်တင်းဆုံး ရန်သူများမှာ ဂျီဟတ်ဝါဒီများဖြစ်ပြီး သူတို့၏ မဟာမိတ်မှာ အယ်လ်ခိုင်ဒါပင် ဖြစ်သည်ကို သိခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် သူက အယ်လ်ခိုင်ဒါ ချေမှုန်းရာတွင် ကူညီပါဝင်ခြင်းဖြစ်၏။

သို့ဖြင့် ဗြိတိသျှနှင့် အမေရိကန် ထောက်လှမ်းရေးများက သူနှင့်ပြန်ပူးပေါင်းကြ၏။ သူတို့၏ ခေါင်းဆောင်များကို တစ်ခါက သတ်ဖြတ်လုပ်ကြံရန် လက်နက်ထောက်ပံ့ခဲ့သူနှင့် သူတို့ပြန်ပူးပေါင်းကြ၏။ သူတို့က "ကဒတ်ဖီ" ၏ ပြိုင်ဘက်ရန်သူတော်များကိုပင် လစ်ဗျားထောင်ထဲသို့ပို့ရာတွင် ကူညီခဲ့ကြသည်အထိ။

သို့သော် ၂၀၁၁ ခုနှစ် နွေဦးပေါက်ရာသီတွင် ထိုထောက်လှမ်းရေးအဖွဲ့များသည်ပင် အမိန့်တစ်ခုထပ်ရ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။ "ကဒတ်ဖီ"ကို ဖယ်ရှားရန်။ သို့ဖြင့် "ကဒတ်ဖီ"သည် ရန်သူတော်ပြန်ဖြစ်လာပြန်ချေပြီ။ ရာဇဝင်ဘီးတစ်ပတ် ပြန်လည်ခြင်းပင်တည်း။

■

၁၉၆၉ ခုနှစ်တွင် "ကဒတ်ဖီ" အာဏာရလာပြီးနောက် အိုင်ယာလန်သူပုန်များ လက်နက်ကိုင်တော်လှန်ရေး စတင်ခဲ့၏။

"ဗြိတိန်ကို တော်လှန်တိုက်ခိုက်နေကြတဲ့ အိုင်ယာလန်တော်လှန်ရေးသမားတွေကို ကျုပ်တို့ ထောက်ခံတယ်" ဟု "ကဒတ်ဖီ" က ပြောင်ပြောင်ပင် ကြေညာခဲ့၏။ သူ့အတွက်ကား အိုင်ယာလန်ခေါင်းဆောင် "ဂယ်ရီအဒမ်း(စ်)" နှင့် "မာတင်မက်လင်းနက်(စ်)" တို့သည် လစ်ဗျားသူရဲကောင်း "ဆိုဗာမုစတာ" နှင့် တစ်တန်းစားတည်းပင်ဖြစ်၏။ နှစ်အနည်းငယ်အတွင်းတွင် သူတို့သည် "ထရီပိုလီ"တွင် ရုံးခွဲဖွင့်ကာ လက်နက်တွေယူ၏။ သင်တန်းတွေတက်၏။

ချားလ်စ်မင်းသား၏ ဘကြီးတော် "လော့စ်မောင့်ဘက်တန်" ကို လုပ်ကြံရာတွင် သုံးသောဗုံးကိုပင် လစ်ဗျား သံကန္တာရတွင် လုပ်ခဲ့သည်ဟု ပြောကြ၏။ ထိုနှစ်တွင် ဗြိတိသျှဝန်ကြီးချုပ် "မာဂရက်သက်ချာ" တက်လာသောအခါ ဗြိတိန်နှင့် လစ်ဗျားဆက်ဆံရေးက ပိုဆိုးလာ၏။

၁၉၈၄ ခုနှစ် ဧပြီလတွင် ဗြိတိသျှရဲတပ်ဖွဲ့ဝင်တစ်ဦးကို သတ်ဖြတ်မှုဖြင့် လစ်ဗျားသံတမန်များကို ဗြိတိန်က မောင်းထုတ်ခဲ့၏။ လစ်ဗျားထောက်လှမ်းရေးတစ်ဦးက အိုင်ယာလန်သို့ နိုင်ငံကူးလက်မှတ်အတုဖြင့် ဝင်ရောက်လာမှုကို ရှာဖွေတွေ့ရှိ၏။

အိုင်အာအေတပ်ဖွဲ့သို့ အမေရိကန်ဒေါ်လာ ၁၀ သန်းနှင့် လက်နက်ခဲယမ်းတန်ချိန် ၃၀၀ ကို လစ်ဗျားမှ ထောက်ပံ့သည်ကို ဖော်ထုတ်နိုင်ခဲ့၏။ "မာဂရက်သက်ချာ" အစိုးရကို သူတို့ဘာသာသူတို့ လိုက်ခြင်းထက် အိုင်အာအေကို မြှောက်ပေးတာက ပိုကောင်းသည်ဟု လစ်ဗျားကတွက်ထားပုံပေါ်၏။ "ကဒတ်ဖီ" က အိုင်ယာလန် သူပုန်များကို အေကေ- ၄၇ မောင်းပြန်လက်နက်များအပြင် ဒုံးပျံထိပ်ဖူးတပ် လက်ပစ်ဗုံးများ၊ စက်သေနတ်အကြီးစားများ၊ ပခုံးထမ်း မြေပြင်မှ လေယာဉ်ပစ်လောင်ချာများကို ပို့ပေး၏။ ချက်ကိုစလိုဗက်နိုင်ငံမှလုပ်သော "ဆမ်တက်စ်" ခေါ် ပလတ်စတစ်ဗုံး ငါးတန်မျှထိ ပို့လာသည်။ "ကဒတ်ဖီ" ကိုယ်ပိုင်ကမ္ဘာလှည့်ပြီး လက်နက်အဝယ်ထွက်ရာတွင် ဗုံးမျိုး တန်ချိန် ၃၀၀ ထိပင် ဝယ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရ၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"၁၉၈၆ ခုနှစ်ကစပြီး အိုင်အာအေခွဲတဲ့ ဗုံးတိုင်းဟာ လစ်ဗျားကပေးတဲ့ ဗုံးတွေချည်းပဲ" ဟု အမေရိကန် တရားသူကြီး "ဂျေဆင်မက်ကူး" က ပြောဖူး၏။

■

စကော့တလန်ပြည်၊ လော့ကာဆီအရပ်တွင် "ပင်အမ်လေယာဉ်ခရီးစဉ် ၁၀၃" ပျက်ကျမှု၏ တရားခံအဖြစ် တစ်ကမ္ဘာလုံးက "ကဒတ်ဖီ" အပေါ် ပုံချကြ၏။ ဤလေယာဉ်သည် လန်ဒန်၊ ဟီသ်ရိုးလေဆိပ်မှ အမေရိကန်ပြည် ဂျွန်အက်ဖ်ကနေဒီ လေဆိပ်သို့ ၁၂-၁၂-၁၉၈၈ တွင် ထွက်ခွာခဲ့၏။ ခရီးသည်အများစုမှာ ခရစ္စမတ်ပွဲအတွက် အိမ်ပြန်သာကြသည့် အမေရိကန်ကျောင်းသားများဖြစ်၏။ လေယာဉ်သည် ဝေဟင်တွင်ပေါက်ကွဲပြီး လေယာဉ်ပေါ်ပါလာသူအားလုံး သေဆုံးခဲ့ကြ၏။ မြေပြင်ပေါ်မှ လူ ၁၁ ဦးလည်း သေဆုံးကြရ၏။ စုစုပေါင်း အမေရိကန်လူမျိုး ၁၈၉ ဦး၊ ဗြိတိသျှလူမျိုး ၄၃ ဦး သေဆုံးခဲ့ကြရသည်။ ထောက်လှမ်းရေးအဖွဲ့များက အသေးစိတ်စူးစမ်းရှာဖွေကြရာ ဗုံးမှာ အနံ့ဖွတ်မှတစ်ဆင့် ပို့လိုက်သော "ဆမ်ဆိုနိုက်" လက်ကိုင်အိတ်မှဖြစ်ကြောင်းတွေ့ရ၏။ ထိုအိတ်ထဲတွင် ကက်ဆက်ရေကော်ဒါတစ်လုံးပါဝင်ကာ ထိုရကော်ဒါအသံဖမ်းစက်ထဲတွင် "ဆမ်တက်(စ်)" ဗုံးပါကြောင်းတွေ့ရသည်။ အဆုံး၌ လစ်ဗျားလူမျိုး "မူဆာကူဆာ"က ဤစစ်ဆင်ရေးလုပ်ခဲ့ကြောင်းသိရသည်။ ဤတွင် လစ်ဗျားအစိုးရ၌ လုံးဝတာဝန်ရှိသောချေပြီ။ "ကဒတ်ဖီ"ကတော့ သူနဲ့ မဆိုင်ဟု မျက်လုံးစုံပိတ်ထား၏။ သို့သော် ထောက်လှမ်းရေးတို့ကမူ လစ်ဗျားသတ်ချက်ဟု အတပ်စွဲကြ၏။ အဆုံးတွင် လစ်ဗျားအစိုးရက သေဆုံးသူ မိသားစုတစ်စုကို လျော်ကြေး ဒေါ်လာ ၁၀ သန်းစီပေးရန် သဘောတူလိုက်ရတော့၏။ လစ်ဗျားတို့က ပြီးပြီးပျောက်ပျောက်ဖြစ်စေရန် လျော်ကြေးပေးခြင်းသာ ဖြစ်ပြီး လေယာဉ်ပျက်ကျမှုသည် သူတို့တာဝန်မဟုတ်ကြောင်းကား ရှင်းပြ၏။

ပြင်သစ် "ယူတီအေ" လေကြောင်းကုမ္ပဏီပိုင်လေယာဉ်တစ်စင်း ၁၉၈၉ တွင် ပေါက်ကွဲပျက်ကျကာ ခရီးသည် ၁၇၀ သေဆုံးခဲ့ပြန်၏။ ထိုခရီးသည်ထဲတွင် ပြင်သစ်နိုင်ငံသား ၅၄ ဦး ပါဝင်၏။ ဤအမှုတွင် အပြစ်ရှိသူ လစ်ဗျားနိုင်ငံသား ၆ ဦး ဖမ်းမိခဲ့၏။ ဤကိစ္စတွင်လည်း လစ်ဗျားက သူပါဝင်ပတ်သက်သည်၊ တာဝန်ရှိသည်ဟုဝန်မခံ။ သို့သော် ပြီးစေပြယ်စေသဘောဖြင့်ဆိုကာ လျော်ကြေးပေးခဲ့၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ကဒတ်ဖီ"က ချူကလီးယားလက်နက်၊ ဓာတုလက်နက်၊ ဘက်တီးရီးယားလက်နက် ဆန့်ကျင်သည်ဟု အာပေါင်အာရင်းသန်သန်ပြောတတ်၏။ သို့သော် တကယ့်လက်တွေ့တွင်ကား ထိုလက်နက်များကို သူအငမ်းမရ လိုချင်လှ၏။ အစ္စရေးတွင် အဏုမြူဗုံးရှိတာ၊ အခြားအာရပ်နိုင်ငံများတွင် အဏုမြူဗုံးမရှိသည်ကို သူသိ၏။ ဒါက ပါဝါချိန်ခွင် လျှာမညီဟုသူသိ၏။ ထို့ကြောင့် သူ့အာဏာစရခါစမှာပင် သူ့လက်ထောက်တစ်ဦးကို တရုတ်ပြည်သို့စေလွှတ်ကာ အဏုမြူဝယ်ခိုင်း၏။ ဝန်ကြီးချုပ် "ချူအင်လိုင်း"က အဏုမြူသည် ရောင်းရန်မဟုတ်ဟု ငြင်းပယ်လိုက်သဖြင့် သူတို့ တပ်ခေါက်ပြန်ခဲ့ကြရ၏။ သို့သော် "ကဒတ်ဖီ"ကား လက်မလျှော့။ နိုင်ငံပေါင်းစုံက ရသမျှ အပိုင်းအစတွေ လျှောက်ဝယ်၏။ "နိုက်ဂါ"မှ ယူရေနီယမ်အကြမ်း၊ အာဂျင်တီးနားမှ ယူရေနီယမ်သန့်စင်ပစ္စည်း၊ ဆိုဗီယက်ယူနီယံမှ ရီအက်တာ၊ အိန္ဒိယမှ အိုင်ဆိုတုပ် စသည်တို့ကို လိုက်စုဆောင်း၏။ ဒုံးပျံလည်းလုပ်၏။ စစ်သားတွေကိုလေ့ကျင့်၏။ ၁၉၇၀ ခုနှစ်တွင် တပ်မတော်သား ၉၆ ဦးကို ဆွီဒင်သို့ စေလွှတ်ကာ ဒုံးပျံသင်တန်းတက်စေ၏။ အနောက်ဂျာမနီကုမ္ပဏီတစ်ခု အကူအညီဖြင့် သဲကန္တာရထဲတွင် ဒုံးကျည်အခွဲ လေ့ကျင့်သည်။

၁၉၉၀ ခုနှစ်များတွင် လစ်ဗျားကို စီးပွားရေး ပိတ်ဆို့လိုက်၍ ချူကလီးယားအိပ်မက်က နိဂုံးချုပ်သွားသည်။ ပါမောက္ခတန်၏ ချူကလီးယားဗုံးဖခင်ကြီး "အေကျူခန်"တို့၏ကွန်ရက်မှ ချူကလီးယား ထုတ်ဖော်ပုံများကိုမူ လစ်ဗျားကဝယ်သည်။ သို့သော် နည်းပညာက ၂၅ နှစ်မျှ နောက်ကျနေ၏။ ထို့ကြောင့် လစ်ဗျားသည် ခေတ်မီ ချူကလီးယားဗုံး မထုတ်လုပ်နိုင်။

၁၉၈၈ ခုနှစ် တိုက်ပွဲတွင် "ဆက်ဒမ်ဟူစိန်"က အီရန်စစ်ပွဲတွင် စစ်လက်နက်များ သုံးခဲ့၏။ ဤတွင် လစ်ဗျားက ဓာတုလက်နက်လုပ်တော့၏။ သူက ပိုက်ဆံချမ်းသာသည်။ နိုင်ငံတကာမှ ပညာရှင်များကို ငွေနှင့်ပေါက် စည်းရုံးနိုင်ခဲ့၏။ သို့ဖြင့် ဓာတုလက်နက်တွေ၊ ပိုးမွှားလက်နက်တွေ သူပိုင်ဆိုင်လာ၏။ စိတ်ဓာတ် သေးသိမ်အောက်တန်းကျပြီး ဉာဏ်ပညာအမြော်အမြင်မရှိ၊ သူ့လက်ထဲကို လက်နက်တွေ ရောက်သွားခြင်းသည် အပြစ်မဲ့သူများအတွက် ကံဆိုးခြင်းပင်ဖြစ်၏။

ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ဖြစ်သော "အမ်-၁၆"အဖွဲ့နှင့် လစ်ဗျားနိုင်ငံ ဆက်စပ်မှုတွေကို တွေ့ရှိလာရ၏။ အကြမ်းဖက် တိုက်ဖျက်ရေးလုပ်ဆောင်နေသော "အမ်-၁၆"၏ ညွှန်ကြားရေးမှူး "မတ်ဒယ်လင်" က လစ်ဗျား ထောက်လှမ်းရေးမှ "မူဆာကူဆာ"ထံရေးသောစာတွင် "သင်၏မိတ်ဆွေကြီး-မက်"ဟူသော အသုံးအစွဲတွေ တွေ့လာရ၏။ ဗြိတိသျှထောက်လှမ်းရေးမှ အရာရှိကြီးအချို့နှင့် လစ်ဗျားအရာရှိကြီးအချို့ အပြန်ပြန်အလှန်လှန် လက်ဆောင် တွေပေးကြ၊ သတင်းတွေဖလှယ်ကြတာတွေကို အထောက်အထားခိုင်ခိုင်လုံလုံ သိလာရ၏။ ထိုစာမှ အထောက်အထား

the bookhouse

www.burmeseclassic.com



များအရ "ကဒတ်ဖီ"ကို ကမ္ဘာ့နိုင်ငံရေးစင်မြင့်တွင် ပြန်လည်ပွဲထုတ်ရန် ကြံစည်မှုတွေ တွေ့လာရ၏။ ဗြိတိသျှဝန်ကြီးချုပ် "တိုနီဘလဲ" က သတင်းစာဆရာ ၆၀ နှင့်အတူ "ထရီပိုလီ" မြို့သို့သွားကာ "ကဒတ်ဖီ" နှင့် လက်ဆွဲနှုတ်ဆက်ခဲ့ပုံ အစီအစဉ်တွေကို စာရွက်စာတမ်းများအရ သိရ၏။

တစ်ချိန်တည်းမှာပင် လစ်ဗျားလူငယ်အချို့က စစ်ထဲဝင်ကာ အီရတ်သို့သွားပြီး အမေရိကန်ကို တိုက်နေကြ၏။ သမိုင်းအလှည့်အပြောင်းကာလတွင် ထိုလူငယ်များပင် အမေရိကန်နှင့် ပြန်ပေါင်းကာ "ကဒတ်ဖီ" ကို ပြန်တိုက်ကြပြန်သည်။

တကယ်တော့ ထောက်လှမ်းအစိုးရအဖွဲ့ ထိပ်သီးများ၏ ကြိုးဆွဲရာကို စစ်တပ်ရော၊ ထောက်လှမ်းရေးရော လိုက်ပါကပြနေကြရခြင်းသာဖြစ်၏။ မင်းသားဆိုင်းတီးလျှင် မင်းသားက ထွက်ကလိုက်ကြ။ ဝန်ထွက်ဟေ့ ထွက်ဟေ့ ဆိုလျှင် ဝန်ကြီးတွေထွက်လိုက်ကြ။ ဘီလူးဆိုင်းတီးလိုက်ပြန်တော့ ဘီလူးက ကကြ။ ဇာတ်လမ်းပြောင်းသလို ဆိုင်းက လိုက်ပြောင်းသွားသည်။ ဆိုင်းပြောင်းသကဲ့သို့ အကတွေလည်း ပြောင်းသွားကြ။ မြိုင်ထတို့၊ နှစ်ပါးသွားတို့လည်းပါ။ လူရွှင်တော်တွေ၏ပျက်လုံးတွေကြောင့် တသောသောရယ်ကြရသလို၊ လွမ်းချင်းချတော့လည်း လွမ်းရပြန်သပေါ့။ လစ်ဗျားနိုင်ငံတစ်ခုတည်းသာမက ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံလည်း ထိုနည်းနှင်နှင်။ နိုင်ငံရေးဆိုသည်မှာ နိုင်သူတွေ ရေးတာပဲ မဟုတ်ပါလား။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၆ အာဖရိကဘုရင်တကော့ဘုရင်

■ လူမှုသမိုင်းမှာ မလွဲမရှောင်သာတဲ့ သံသရာစက်ဝန်းတွေ ရှိတယ်။ လူဝါတွေက ကမ္ဘာကို လွှမ်းမိုးခဲ့တယ်။ သူတို့က အာရှကလာတာ။ နောက်တော့ လူဖြူတွေက ကမ္ဘာရဲ့ တိုက်တွေအားလုံးကို နယ်ပယ်အတွင်း အုပ်စိုးခဲ့ကြတယ်။ ကဲ အခုတော့ ငါတို့လူမည်းတွေရဲ့ ကမ္ဘာကို စိုးမိုးတဲ့အလှည့်ရောက်ပြီ။

*ကဒတ်ဖီ - စာအုပ်စိမ်းမှ*

အေအာဒင်အခြေစိုက် "ကေစီအေ"သည် "ထရီပိုလီ" မြို့တွင် သူတို့၏ ရေနံတူးစက်များကို တပ်ဆင်ကာ ရေနံတူးခဲ့ကြသည်မှာ ၂၀၁၁ မေလအထိ ဖြစ်၏။ ယခုကျမှ စစ်သားတွေရောက်လာကာ အလုပ်သမားများကို မောင်းထုတ်လိုက်၏။

ထိုအချိန်မှစ၍ ဤနေရာသည် "ကဒတ်ဖီ" ၏ ဒုံးပျံတွေထားသော လျှို့ဝှက် ထိပ်တန်းစခန်းဖြစ်မှန်း သိလိုက်ရ၏။ ဒုံးပျံများကို ထရပ်ကားပေါ်တင်ကြ၏။ "ကဒတ်ဖီ"၏ တပ်များကို ကယ်ထုတ်ပြီး ရက်သတ္တပတ်အကြာ ကျွန်မ ထိုနေရာသို့ ရောက်သွား၏။

ခြံဝင်းထဲတွင် ရုရှားလုပ် မော်တာကျည်ဆန်ခွံများကို သစ်သားသေတ္တာများစွာ တွင် အစီအရီ ထည့်ထားသည်ကို တွေ့ရ၏။ ၃၀ မမ အမြောက်များက နေရာအနှံ့ ကြဲပျံ့နေ၏။ ကျည်ဆန်သေတ္တာတွေဆိုသည်မှာ တောင်ပုံရာပုံ။ ဂျာမန်ဘာသာဖြင့် ရေးထားသော ဝတ္ထုစာအုပ်တွေလည်း တွေ့ရ၏။

၂၀၀၇ ခုနှစ်နေ့တွင် မှတ်တမ်းစာအုပ်တစ်အုပ်ကို လှန်လှောကြည့်သော အခါ အာရဗီဘာသာနှင့် ပြင်သစ်ဘာသာ ရောရေးထားသောမှတ်စုများကို တွေ့ရ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတွင် တပ်မ ၃၂ ၏ တံဆိပ်ကို တွေ့ရ၏။ ''ကဒတ်ဖီ'' ၏သား ''ခါမစ်'' ၏ တပ်ဖွဲ့က တံဆိပ်ဖြစ်သည်။ ''တူအာရက်'' ဘာသာဖြင့် ရေးထားသော စာများကိုလည်း တွေ့ရ၏။ ''တူအာရက်'' တိုင်းရင်းသားများသည် သဲကန္တာရများတွင်နေထိုင်ကာ ကုလားအုတ်ကျောင်း၊ ဆိတ်ကျောင်းသူများဖြစ်ကြ၏။ သူတို့နှင့် ''ကဒတ်ဖီ''က လေပေးဖြောင့်၏။

''တူအာရက်'' လူမျိုးများသည် အရပ်ရှည်ကြ၏။ ခေါင်းပေါင်းကို မျက်နှာအုပ်မျှ ပေါင်းထားတတ်ကြသည်။ သူတို့၏မျက်နှာတွင် မျက်လုံးကိုသာ ဖော်ထားကြသည်။ ပြင်းထန်သော သဲကန္တာရလေကို ကာကွယ်ထားကြသည့်သဘောရှိ၏။

သူတို့၏ရိုးရာဝတ်စုံက မဲနယ်ပြာရောင်။ သဲကန္တာရထဲတွင် သူတို့၏ ဝတ်စုံအရောင်က အထင်းသားရှိနေ၏။ နှစ်ထောင်ပေါင်းများစွာ သူတို့လူမျိုးများသည် ဆဟာရသဲကန္တာရထဲတွင် လှည်းတန်းကြီးများဖြင့် လှည့်လည်သွားလာတတ်ကြ၏။

အာဖရိကနှင့် ဥရောပတောင်ဘက်ခြမ်းကို ကူးလူးသွားလာကာ မြေထဲပင်လယ်ဒေသသို့ ဆားများ၊ အဝတ်များ၊ ကျွန်များ ပို့တတ်၏။ သူတို့လူမျိုးများက နိုင်ငံပေါင်း ခြောက်နိုင်ငံတွင် ဖြန့်ကျက်နေထိုင်ကြ၏။ လစ်ဗျား၊ အယ်ဂျီးရီးယား၊ နိုင်ဂျာ၊ မာလီ၊ မော်ရိုကိုနှင့် အာကင်နာဖာဆို။ ၁၉ ရာစုတုန်းက ပြင်သစ်ကိုလိုနီများကို တွန်းလှန်ခဲ့ကြ၏။ ''ကဒတ်ဖီ'' က သူတို့ကို ကောင်းစွာစည်းရုံးသိမ်းသွင်းထားသည်။

၁၉၇၀ ခုနှစ်များတွင် ''ကဒတ်ဖီ'' သည် ''တူအာရက်'' လူမျိုးထောင်ပေါင်းများစွာကို စည်းရုံးသိမ်းသွင်းကာ စစ်ပညာသင်ပေး၏။ သူဩဇာချဲ့ထွင်လိုသော နိုင်ငံများသို့လွှတ်ပြီး စစ်တိုက်ခိုင်း၏။ ထိုသူတို့ကို သူက လစ်ဗျားနိုင်ငံတစ်ဝန်း လှည့်လည်သွားလာနေထိုင်စေ၏။

၂၀၀၅ ခုနှစ်တွင် ''ကဒတ်ဖီ'' က ''နယ်စည်းမခြား အစ္စလာမ်သမ္မတနိုင်ငံ''ကို ဆဟာရတွင် တည်ထောင်ရန် စိတ်ကူးရခဲ့၏။ ထိုနည်းဖြင့် သူက လစ်ဗျားနိုင်ငံနယ်နိမိတ်ကို ချဲ့ထွင်ရန် ဆန္ဒရှိလာ၏။ သို့ဖြင့် ၂၀၀၆ ခုနှစ်တွင် ''မဟာဆဟာရ မျိုးနွယ်စုပေါင်းချုပ်အသင်း'' ကို ဖွဲ့စည်းခဲ့၏။ သူက ထိုအဖွဲ့တွင် ''တူအာရက်'' များကို ထည့်သွင်းကာ အခွင့်အရေးများ ပေးခဲ့၏။

တကယ်တော့ ထိုသူတို့ကို စည်းရုံးကာ ''မာလီ'' နှင့် ''နိုဂါ'' နိုင်ငံများရှိ ထကြွပုန်ကန်မှုများကို နှိမ်နင်းခြင်းသာဖြစ်၏။

''တူအာရက်'' တို့မှာ နယ်မြေအတည်အကျ နေသည်ကလည်းမရှိ။ ပညာလည်းမတတ်။ ဆင်းလည်းဆင်းရဲတော့

www.burmeseclassic.com



"ကဒတ်ဖီ"၏ ပေးကမ်းစာ ထောက်ပံ့ကြေးဖြင့် အသက်ရှင်နေထိုင်ကြရ၏။ ထို့ကြောင့် တရားတာ၊ မတရားတာ သူတို့နားမလည်။ ယာယီအသက်ရှင်နေထိုင်ရေးအတွက် "ကဒတ်ဖီ" ခိုင်းတာမှန်သမျှ စွတ်လုပ်ကြ၏။

■

လစ်ဗျားတွင် အာဖရိကနေရာအနှံ့မှ ထွက်ပြေးတိမ်းရှောင်လာကြသူ အာဖရိကလူမျိုးများစွာ ရှိကြ၏။ နိုင်ငံသားမှတ်ပုံတင်မရှိသူများ၍ ပုန်းအောင်းနေထိုင်ကြရ၏။ မိသွားလျှင် အထိန်းသိမ်းခံရ၏။ အကျဉ်းစခန်းတွင်၊ ထောင်ထဲတွင် အညှဉ်းပန်း အနှိပ်စက်ခံကြရ၏။ လစ်ဗျားသည် ကုလသမဂ္ဂ၏ စစ်ပြေးဒုက္ခသည်စာချုပ်တွင် လက်မှတ်ထိုးထားခြင်းမရှိသဖြင့် သူတို့သည် ဥပဒေအကာအကွယ် တစ်စုံတစ်ရာမျှမရကြ။ ၂၀၁၁ ခုနှစ် ရောက်သောအခါ အီတလီသို့ နှစ်စဉ်ထွက်ပြေးလာသူ အာဖရိကဒုက္ခသည်ပေါင်း ၃၀,၀၀၀ မျှထိ ရှိလာ၏။ အီတလီအာဏာပိုင်တွေကလည်း သူတို့ကို လှေပေါ်တင်ကာ ပြန်လွှတ်၏။ လစ်ဗျားရောက်တော့ အဖမ်းခံကြရ၊ အချို့လှေတွေက နစ်ကြ။ လူတွေသေကြ။ "ကဒတ်ဖီ"က အာဖရိကတွင် ဗိုလ်လုပ်ချင်စိတ်သာရှိပြီး၊ အာဖရိကစစ်မြေပြင်များအပေါ်တော့ နည်းနည်းလေးမှ သံယောဇဉ်မရှိ။ စာနာမှုမရှိ။

တော်လှန်ရေးစတင်ချိန်တွင် လစ်ဗျားတွင်နေထိုင်သူ အာဖရိကလူမည်းတစ်ဦးအဖို့ တကယ်ပင် အန္တရာယ်ကြီးလှ၏။ တစ်ပြည်တစ်ရွာမှလာသော အာဖရိက အလုပ်သမားများကို ကြေးစားလူသတ်သမားများဟု မကြာခဏ သတင်းပေးတတ်ကြ၏။ "ကဒတ်ဖီ"၏ အာဏာပါးကွက်သား ကြေးစားဟု သိလိုက်သည်နှင့် ထိုသူ အသတ်ခံရန် သေချာနေပြီ။

တစ်ခါက ကျွန်မသည် ကြေးစားလူသတ်သမားဟု အစွပ်စွဲခံရပြီး အဖမ်းခံခဲ့ရသူတစ်ဦးနှင့် ဆုံမိ၏။ "နာဖူဆာ" တောင်တန်းအနီးရှိ "ဇင်တန်း"အထက်တန်းကျောင်းတွင် လူ ၁၃၀ ကို ထိန်းသိမ်းထားသည်ကို တွေ့ရ၏။ ထိန်းသိမ်းသူတာဝန်ခံများက သူတို့အနေဖြင့် အကျဉ်းသားများကို မနှိပ်စက်ကြောင်း၊ ကြက်ခြေနီအဖွဲ့ကိုခေါ်ပြီး လက်တွေ့စစ်ဆေးနိုင်ကြောင်း ကျွန်တော့်ကိုပြောသည်။ ကျွန်တော်က အကျဉ်းသားများထဲမှ အင်္ဂလိပ်စကားပြော တတ်သူရှိသလားဟု မေးကြည့်၏။

ထိုအခါ သွားခေါ်ခေါ်၊ ခပ်ပိန်ပိန်လူတစ်ဦးက လက်ထောင်၏။ သူ့အမည်က "ကဒတ်ဖီအစ္စမက်ဟာရွန်"ဖြစ်၏။ သူက ဘူဒန်နိုင်ငံ "ဒါဖာ" မြို့မှ ဖြစ်သည်။ သူတို့မိသားစုသည် ဆူဒန်အစိုးရဒုက္ခသည်စခန်းတွင် နေထိုင်ခဲ့ကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက ၁၉၉၂ ခုနှစ်တွင် လစ်ဗျားသို့ ရောက်လာကာ ဆောက်လုပ်ရေးလုပ်ငန်းတွင် အလုပ်လုပ်ပြီး၊ ရရှိသောလခကို သူ့အိမ်ပြန်ပို့၏။ ဆူဒန်နှင့် လစ်ဗျားကို သွားချည်လာချည်လုပ်ကြ၏။

၂၀၀၉ ကျမှ လစ်ဗျားတွင် ကြာကြာနေ၏။ လစ်ဗျားတွင် ပုန်ကန်ထကြွသောအခါ သူက စစ်ထဲဝင်လိုက်၏။ "ကဒတ်ဖီ" ရန်သူများသည် ကိုလိုနီနယ်ချဲ့လက်ပါးစေ လူယုတ်မာများဖြစ်သည်ဟု သူ့ကို ဝါဒဖြန့်ကာ စစ်ထဲသွင်းခဲ့ခြင်းဖြစ်၏။

"ကျွန်တော်တို့ စစ်ထွက်လာပြီး ဒီနေရာရောက်တော့ ပြင်သစ်နယ်ချဲ့တို့၊ အယ်လ်ခိုင်ဒါတို့ကို ရှာကြည့်တယ်။ ဘာမှမတွေ့ရဘူး။ လစ်ဗျားသူပုန်တွေနဲ့ပဲ တွေ့ရပြီး သူတို့က ဖမ်းပြီးထောင်ချတာ ခံရတာပဲ"ဟု သူကပြောပြ၏။

"ဇင်ဘာဗွေအာဖရိက ပြည်သူ့သမဂ္ဂ" (ဇာဖူး)၏ခေါင်းဆောင် "ဂျိုရှဝါနကိုမို" သည် "ရောဘတ်မူဂါဘီ"၏တပ်များနှင့်အတူ ပူးပေါင်းကာ ခရီအေးရှားမှအုပ်ချုပ်သူ လူဖြူများကို တိုက်ခိုက်ခဲ့သူဖြစ်၏။ သူက သဲကန္တာရထဲတွင် "ကဒတ်ဖီ" နှင့် တွေ့ဆုံခဲ့ပုံကို ပြန်ပြောပြ၏။

"သူက ဖျာပေါ်မှာထိုင်နေတယ်။ ဘေးမှာက ရဲတိုက်ဟောင်းကြီးတစ်ခုရှိတယ်။ ပတ်ဝန်းကျင်မှာ ကုလားအုတ်တွေလည်း ရှိတယ်။ သူ့ရဲ့တပ်သားတွေက ခေတ်မီသံချပ်ကာကားတွေနဲ့ ချီတက်အလေးပြုတာ သူက ဗိုလ်ရှုခံနေတာပဲ။ ကျွန်တော်က ပြဿနာတွေကို သူ့ကိုတင်ပြတယ်။

သူက လူဘယ်နှစ်ယောက် လေ့ကျင့်ပေးဖို့လိုမလဲလို့ မေးတယ်။ ကျွန်တော်က နှစ်ထောင်လောက် ရှိတယ်လို့ ပြောတော့ သူချက်ချင်းပဲ သဘောတူခဲ့တယ်။ သူက ဇမ်ဘီယာကို လေယာဉ်လွှတ်ပြီး သူတို့ကို လစ်ဗျားကိုခေါ်သွားတယ်။ ကျွန်တော့်လူတွေကို ယူနီဖောင်းတွေပေးတယ်။ ဒါကြောင့် ကျွန်တော်တို့ ရန်သူကို တိုက်ခိုက်နိုင်တာပေါ့"ဟု ပြောပြ၏။

တောင်အာဖရိကတိုက်ပွဲများတွင် "ကဒတ်ဖီ" က တကယ့်ကယ်တင်ရှင် သူရဲကောင်းကြီးပမာ ဖြစ်ခဲ့၏။ သူက "အာဖရိကအမျိုးသားကွန်ဂရက်" (အေအင်စီ)ကို ငွေကြေး၊ လက်နက်၊ သင်တန်း အကုန်ထောက်ပံ့၏။ ဤနည်းဖြင့် "နယ်ဆင်မင်ဒဲလား" ကို သူက ပခုံးပင့်တင်ပေးခဲ့၏။ ၁၉၉၇ ခုနှစ်တွင် "မင်ဒဲလား" လွတ်မြောက်လာတော့ သူက လစ်ဗျားကိုသွားကာ "ကဒတ်ဖီ"နှင့်တွေ့၏။ အမေရိကန်သမ္မတ "ဘီလ်ကလင်တန်"ကတော့ သူ့ကို "ကဒတ်ဖီ"နှင့် မတွေ့စေချင်။

"မနေ့တစ်နေ့က ကျွန်တော့်ကို ရန်သူတွေရဲ့ မိတ်ဆွေတွေက ဒီနေ့ကျတော့ အစ်ကိုတော်ကြီး ကဒတ်ဖီကို မတွေ့စေချင်ကြပြန်ဘူး"ဟု "မင်ဒဲလား"ကပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"အတိတ်က မိတ်ဆွေတွေရဲ့ကျေးဇူးကို ကျေးဇူးကန်းပစ်ဖို့ သူတို့က ပြောပြပြန်ရော"ဟု သူကဆို၏။

"မင်ဒဲလား"အတွက်မူ "ကဒတ်ဖီ"သည် လွတ်လပ်ရေး တိုက်ဖော်တိုက်ဖက် တစ်ဦးသာဖြစ်၏။

■

လစ်ဗျားစစ်သားများကမူ "ကဒတ်ဖီ"၏ အာဖရိကစွန့်စားခန်းများကို သဘောမကျကြ။ ၁၅ နှစ်ကြာမျှ သူတို့ကို လစ်ဗျားတောင်ဘက်နယ်စပ် ပြင်သစ်ကိုလိုနီ "ချက်ဒ်"နိုင်ငံတွင် တပ်စွဲထားခိုင်းခဲ့၏။

"ဒါက ကဒတ်ဖီက သူ့ဘာသာသူ သိက္ခာတင်တဲ့ပွဲပဲ။ လစ်ဗျားနိုင်ငံအတွက် မဟုတ်ဘူး။ သူက သူ့ကိုယ်ပိုင်အင်ပါယာ တည်ဆောက်တာပဲ" ဟု "မူစတာဖာအဘူဆက်" ဆိုသူ လေတပ်ဗိုလ်ချုပ်ဟောင်းတစ်ဦးက ပြော၏။

"သူက ချက်ဒ် ကို နိုင်ပြီးရင် ဆူဒန်ကို ဆက်သိမ်းမယ်။ သူက နိုင်ငံငယ်လေးတွေကိုပဲ လိုက်ဗိုလ်ကျနေတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ တိုက်ရတာလွယ်တာကိုး" ဟု ဆက်ပြော၏။

၁၉၇၃ ခုနှစ်တွင် "ကဒတ်ဖီ"၏ တပ်ဖွဲ့များက "အူဇိုကမ်းမြောင်" ဆိုသော သဲကန္တာရကွက်ကွက် နယ်မြေလေးတစ်ခုကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်၏။ အရှည်မိုင် ၆၀ မျှသာရှိသော နယ်မြေကျဉ်းကျဉ်းလေးကို သူဘာကြောင့် ဝင်သိမ်းမှန်း မည်သူမျှမသိ။ တစ်ချို့ကလည်း ထိုနေရာတွင် ယူရေနီယမ်ရှိမည်ဟုဆိုကြ၏။ တကယ်ကျတော့လည်း ဘာသယံဇာတမှရှိသည်မဟုတ်။ "ကဒတ်ဖီ" ၏ စိတ်ဓာတ်က အင်အားချည့်နဲ့သည့်နေရာများကို သူက စစ်အင်အားပြခြင်း၊ ဗိုလ်ကျစိုးမိုးခြင်းသာဖြစ်၏။ ၁၉၈၈ ခုနှစ်များတွင် သူက "ချက်ဒ်" သူပုန်များကို အလုံးအရင်းနှင့် ထောက်ပံ့၏။

"ကျွန်တော်တို့ကို မြင်မြင်ကရာ ပစ်ခတ်ဖို့ အမိန့်ပေးထားတယ်။ ကုန်သည်လှည်းတန်းတွေ၊ ကုလားအုတ်ဝန်တင်အုပ်စုတွေလည်း ပစ်ခိုင်းတယ်။ ကျွန်တော်တို့က မပစ်ချင်ဘူး။ ဒါတွေက စစ်ရေးဆိုင်ရာပစ်မှတ်တွေမှ မဟုတ်တာ" ဟု အငြိမ်းစားဗိုလ်ချုပ်တစ်ဦးကလည်း ပြန်ပြော၏။ ယူဂန်ဒါနိုင်ငံမှ အာဏာရှင် "အဒီအာမင်"ကို ကူညီရန်လည်း လစ်ဗျားကတပ်တွေစေလွှတ်ဖူး၏။ "ကဒတ်ဖီ"နှင့် "အာမင်"က မဟာမိတ်တွေဖြစ်၏။ သူတော်ချင်းချင်း သီတင်းလွှေကြသူများဖြစ်ကာ အာဏာရှင်ညီနောင်ဟုပင် ဆိုနိုင်၏။

"ယူဂန်ဒါကို စေလွှတ်တဲ့ တပ်ကူတွေအများစုက အရုပ်သားတွေ။ သူတို့ကို စခန်းနောက်တစ်ခုသွားရမယ် ဆိုပြီးလိမ်ခေါ်ခဲ့တာ။ ပြီးမှ ယူဂန်ဒါကို ပို့လိုက်တယ်"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သို့သော် "အာမင်" ၏ တပ်များက မြို့များကိုသိမ်းကာ လုယက်ပြီး ထွက်ပြေးသွားကြ၍ တန်ဖန်းနီးယား တပ်နှင့် ရင်ဆိုင်တိုက်ရသည်မှာ လစ်ဗျားတပ်တွေသာဖြစ်တော့၏။ လစ်ဗျားတပ်ဖွဲ့ဝင် ၄၀၀ ကျော် ကျဆုံးပြီး၊ ထွက်ပြေးလာကြ၏။

■

"ဘင်ဂါဇီ" မြို့ပြင်နားတွင် ရောမအဆောက်အအုံကြီးတစ်ခုရှိ၏။ အစောင့်အကြပ်တွေ ထူထူထပ်ထပ် ချထား၏။ ဤအဆောက်အအုံက ဘာလဲဆိုသည်ကို ပြင်ပကမ္ဘာကမသိ။ တကယ်တော့ ဤသည်မှာ "ကမ္ဘာ့တော်လှန်ရေး ဌာနချုပ်" ကြီးဖြစ်၏။ "ကဒတ်ဖီ" မနှစ်မြို့သည့် မည်သည့်အစိုးရကိုမဆို ဖြုတ်ချလိုသူများအတွက် သင်တန်းပေး လက်နက်ထောက်ပံ့ရာဌာနပင်ဖြစ်၏။

၁၉၈၂ ခုနှစ်က "ကဒတ်ဖီ" ချမှတ်ခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး၊ ဇီယွန်ဝါဒ ဆန့်ကျင်ရေး၊ လူမျိုးရေးဝါဒ ဆန့်ကျင်ရေး၊ ဖက်ဆစ်ဝါဒဆန့်ကျင်ရေး စသည်တို့ကို လုပ်ဆောင်ရန် တော်လှန်ရေးဌာနချုပ်ပင် ဖြစ်၏။ ၁၉၉၀ ခုနှစ်များတွင် "မူဆာကူဆာ" သည် ဤဌာနချုပ်၏ အကြီးအကဲဖြစ်ခဲ့၏။ ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂိုလ်ကန် ကြံစည်သော ကျောင်းသားများကို ဌာနချုပ်တွင် လာရောက်သင်တန်းတက်ကြ၏။

"လိုက်ဘေးရီးယား" ကို လူသတ်ကွင်းဖြစ်အောင် ဖန်တီးခဲ့ကာ နောက်ဆုံးတွင် စစ်ရာဇဝတ်ကောင် ဖြစ်သွားသည့် "ချားလ်စ်"။ ပြည်သူတွေ၏ လက်တွေခြေတွေဖြတ်၊ မိန်းမငယ်များကိုမုဒိမ်းကျင့်၊ လူငယ်လေးများကို အိမ်ရှိမိသားစုကို အတင်းပြန်သတ်ခိုင်းသည့်ကိစ္စများတွင် နာမည်ဆိုးနှင့် ကျော်ကြားသော "ဆီရာလီယွန်" နိုင်ငံမှ "ဖိုဒေးဆန်ကွပ်"။

ဇိုင်ယာနိုင်ငံမှသမ္မတ "မိုဘူတူဆက်စေစေကို" ကို ဖြုတ်ချကာ ကြမ်းကြုတ်ရက်စက်သော အစိုးရကို ထူထောင်ခဲ့သူ "လောရင့်ကာဗလာ"၊ အာကီနာဖာဆို" မှ မိတ်ဆွေရင်းခေါင်းဆောင် "သောမက်စ်ဆန်ကာရာ" ကို ဖယ်ရှားပြီး အာဏာလုခဲ့သူ "အလေ့စ်ကန်ပါရီ"၊ "ဂမ်ဘီယာ" နိုင်ငံမှ အများပြည်သူ ရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီ အစိုးရလက်မှ အာဏာသိမ်းယူခဲ့သူ "ကူကွီဆန်ယန်" စသူ စသူတို့သည် ထိုလစ်ဗျားကျောင်းတော်ကြီးမှ ကျောင်းဆင်းများပင် ဖြစ်ကြ၏။

ခေတ်သစ်ဒေဝဒတ်ဖြစ်သော "ကဒတ်ဖီ" သည် ကျောင်းသားလူငယ်များကို လမ်းမှားရောက်အောင် အကုသိုလ်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံ အတုံးလိုက်၊ အတစ်လိုက် သင်ပေးပြီး မြေတောင်မြှောက်ခဲ့သူဖြစ်၏။ သူ၏ တပည့်လက်သားအပေါင်းကလည်း ဆရာ့ထက်လက်စောင်းထက်ကြသူများပီပီ သူတို့မြေ၊ သူတို့ဌာနေတွင် ထင်တိုင်းကြဲ ရမ်းကားကြသူများဖြစ်ကြ၏။

■

၁၉၉၉ ခုနှစ် စက်တင်ဘာ ၉ ရက်နေ့တွင်ကား "ကဒတ်ဖီ" သည် အာရပ်ကမ္ဘာစစ်ကို ကျောနိုင်းလာပြန်၏။ ၉၉ ခုနှစ်၏ ၉ လ၊ ၉ ရက်နေ့သည် မင်္ဂလာရှိသော နေ့ကောင်း၊ နေ့မြတ်ဖြစ်သည်။ ၄င်းသည် ၁၉၁၈ ခုနှစ် ၁၁ လပိုင်း ၁၁ ရက်နေ့ ၁၁ နာရီ၏ ပွဲတင်သံဖြစ်သည်ဟု သူကဆို၏။

ထိုနေ့တွင် ပထမကမ္ဘာစစ်ကြီးပြီးဆုံး၍ လက်နက်ဖျက်သိမ်းရန် လက်မှတ်ထိုးသောနေ့ဖြစ်၏။ သူတင်ပြခဲ့သော "အစ္စရာတိုင်း" ဆိုသော သဘောတရားလေဘူးကို အာရပ်ခေါင်းဆောင်များက အကောင်အထည်မပေါ်သည်ကို သူက စိတ်မရှည်တော့။ "အစ္စရာတိုင်း" ဆိုသည်မှာ "အစ္စရေး" နှင့် "ပါလက်စတိုင်း" ပူးပေါင်းနိုင်ငံကို ခေါ်ဆိုခြင်းဖြစ်၏။

အာရပ်စည်းရုံးမှုကို သူက ဖော်ဆောင်လိုခြင်း ဖြစ်သော်လည်း အခြားအာရပ်ခေါင်းဆောင်များက မလိုက်နာဟု သူကယူဆ၏။ "အာဖရိကမှစည်းရုံးမှု အဖွဲ့အစည်းများ" ထိပ်သီး ညီလာခံကို သူက သူ၏ဇာတိမြို့ဖြစ်သော "ဆာတီ" တွင် ကျင်းပ၏။ ထိုအစည်းအဝေးတွင် သူက "ကျွန်တော့်မှာ မျှော်မှန်းချက်တစ်ခုရှိတယ်။ အဲဒါက ယူနိုက်တက်စတိတ်အော့ဖ် အာဖရိကတည်ထောင်ရေးပဲ။ ယူနိုက်တက်စတိတ်အော့ဖ် အာဖရိကလိုပေါ့" ဟု ပြောသည်။

ထိုအစည်းအဝေးတွင် တက်ရောက်လာသူ အာဖရိကန်ခေါင်းဆောင်များကို "အာဖရိကန်ဂုဏ်ထူးဆောင်တံဆိပ်" များချီးမြှင့်ခဲ့၏။ ထို့နောက် "ဆာတီကြေညာချက်" ကို ထုတ်ပြန်၏။ ထိုကြေညာချက်ထဲတွင် "ပင်အာဖရိကန်ပါလီမန်"၊ "အာဖရိကန်ငွေကြေးသမဂ္ဂ"၊ "အာဖရိကန်တရားရုံး" တို့ အမြန်ဆုံး တည်ထောင်ရန် တိုက်တွန်းခဲ့၏။

ကြေညာချက်ထဲတွင် "ကျွန်ုပ်တို့သည် စက်တင်ဘာ ၁ ရက် တော်လှန်ရေး မဟာအောင်ပွဲ၏ ခေါင်းဆောင် မိုလ်မျူးကြီးမွမ်မာကဒတ်ဖီ တင်သွင်းသော အဆိုကိုထောက်ခံပါသည်" ဟူသော စာသားများပါရှိ၏။

နောက်ထပ်တစ်လအကြာတွင် သူက လစ်ဗျားပြည်သူများကို ရှင်းပြ၏။

"ကမ္ဘာကြီး အထူးသဖြင့် အာဖရိကဟာ အခုချိန်ကစပြီး ခင်ဗျားတို့ လစ်ဗျားပြည်သူတွေကို ကြည့်နေပါပြီ။ သူတို့က ကျွန်တော်တို့ကို အာဖရိကရဲ့ မောင်းနှင်အား အဆုံးအဖြတ်ပေးသူ၊ ကြီးမားသောစွမ်းပကား၊ ထောက်ခံမှု

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အရင်းအမြစ်၊ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး အစစအရာရာ ငွေကြေး၊ လက်နက်ကအစ ထောက်ပံ့ကူညီသူရယ်လို့ သဘောထားနေကြပြီ။ အမေရိကနဲ့ ဥရောပဟာ လစ်ဗျားရဲ့ ဂုဏ်သိက္ခာထွန်းပြောင်မှုအပေါ် မနာလိုနေကြပြီ"

"ကဒတ်ဖီ" က "အာဖရိကန်ညီညွတ်ရေးအဖွဲ့" (အိုအေယူ) နေရာတွင် "အာဖရိကသမဂ္ဂ" (အေယူ) ကို အစားထိုးလိုက်၏။ "အေယူ" ထိပ်သီးနိုင်ငံက "ကဒတ်ဖီ" နှင့် တောင်အာဖရိကခေါင်းဆောင် "ထာဘိုမ်ဘက်ကီ" ပါ၏။ ပဋိပက္ခကို မွေးဖွားပေးလိုက်၏။ "ရဝမ်ဒါ" ခေါင်းဆောင် "ပက်ထရစ်မာဆင်ဟာခါး" က "ယူနိုက်တက်စတိတ်အော့ဖ် အာဖရိက" ဆိုတဲ့ သူ့ရဲ့အစီအစဉ်ကို မကြိုက်သူတွေအနေနဲ့ "အချိန်ဆွဲတဲ့နည်းဗျူဟာသုံးရမှာပဲ" ဟုပြောခဲ့၏။ "ကဒတ်ဖီ" က "အေယူအယ်လ်" ရှိဆိုင်ကို သူ့စိတ်ကြိုက်အရောင် အစိမ်းရောင်ဖြင့် ရေးဆွဲ၏။ "အေယူ" ၏ အသုံးစရိတ်ထဲမှ ၁၅ ရာခိုင်နှုန်းကို သူကျခံ၏။

"မ်ဘက်ကီ" ထံပို့သော အာဖရိကခေါင်းဆောင်များက အာဖရိကတိုက်၏ ခေတ်အဆက်ဆက်မျက်နှာစာကို တင်ပြကြ၏။ သို့သော် "ကဒတ်ဖီ" ၏ စိတ်ကူးကတော့ ပြောင်းပြန်။

"ဒီမိုကရေစီတွေ ဘာတွေ ကျုပ်တို့ မလိုချင်ဘူး" ဟု ၂၀၀၅ ထိပ်သီးဆွေးနွေးပွဲတွင် သူက ပြော၏။ သူက "မ်ဘက်ကီ" ၏ တင်ပြချက်ကို လက်မခံ။

"ယူဂန်ဒါ" ၏ စီးပွားရေးလုပ်ငန်းရှင်ကြီး "အယ်လ်ဟာဂျီဟာဘစ်ကာဂီမူ" သည် "ကမ်ပါလာ" ရောက်တိုင်း "ကဒတ်ဖီ" ကို ဧည့်ခံသူဖြစ်၏။ သူတို့၏ ရင်းနှီးမှုက ကြာခဲ့ပြီ။ ၁၉၇၁ တွင် အသက် ၁၄ နှစ်သား "ဟာဂျီဟာဘစ်" သည် "ဘင်ဂါဇီ" တွင် ပညာသင်ဆုရခဲ့၏။ မူစလင်လူငယ် ပညာသင်ကြားလိုသူများကို "ကဒတ်ဖီ" ထောက်ပံ့သော အစီအစဉ်တွင် သူလည်း ပါဝင်သွား၏။ "ယူဂန်ဒါ" နိုင်ငံသားအများစုက ခရစ်ယာန်တွေ။ သို့သော် သူကတော့ မွတ်စလင်။ ထို့ကြောင့် အခွင့်အရေးပိုရ၏။ "ယူဂန်ဒါ" ကျောင်းသားကိုယ်စားလှယ်အဖြစ် သူ့ကိုရွေးချယ်ကာ "ထရီပိုလီ" သို့ ထွက်လာ၏။

"ကျွန်တော် ဂန္ဓဝင်အာရဗီဘာသာစကားပြောတတ်တော့ ကဒတ်ဖီက သိပ်ကိုသဘောကျသွားတယ်" ဟု သူကဆို၏။ သူ့ကို လစ်ဗျားသို့လာရန် "ကဒတ်ဖီ" က ဖိတ်၏။ ကြာတော့ သူက လစ်ဗျားသူတစ်ဦးနှင့် အိမ်ထောင်ကျခဲ့၏။ ထိုအချိန်တွင် "ယူဂန်ဒါ" တွင် "ဖီလတန်အိုဆိုလီ" က အုပ်ချုပ်နေသည်။ သူ့ကို "ကဒတ်ဖီ" က သဘောမကျ။ ထို့ကြောင့် လူငယ်အချို့ကို မြှောက်ပေးကာ ပြောက်ကျားတပ်ဖွဲ့ဖွဲ့ပြီး အစိုးရကို ဆန့်ကျင်ခိုင်း၏။

ထို "အမျိုးသား တော်လှန်ရေးတပ်မတော်" ကို "ယိုဂါရီမူဆီဗင်နီ" က ခေါင်းဆောင်၏။ "ယိုဂါရီ" အာဏာရ၍ အသာစီးရလာသောအခါ "ဟာဘစ်" လည်း "ယူဂန်ဒါ" ကို ပြန်ခဲ့၏။ "ယူဂန်ဒါ" တွင် စီးပွားရေးလုပ်ရင်း

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူက သူကြွယ်ကြီးဖြစ်လာ၏။ ထို့ကြောင့် "ယူဂန်ဒါ" သို့ "ကာဒတ်ဖီ" လာတိုင်း သူက အကြီးအကျယ် ဧည့်ဝတ်ပြုခဲ့၏။ "ယူဂန်ဒါ" မှ မင်းမျိုးမင်းနွယ်များနှင့် "ဟာဘစ်" က "ကာဒတ်ဖီ" ကို မိတ်ဆက်ပေး၏။ "ကာဒတ်ဖီ" က "ယူဂန်ဒါ" ကိုလာလျှင် ယာဉ်အစီးပေါင်း ၃၀၀ ပါသော ယာဉ်တန်းကြီးဖြင့် တခမ်းတနားလာတတ်၏။ ရောမ ဘတ်စ်ကားကြီးပေါ်တွင် သူ့အိပ်ခန်းကို တခမ်းတနား ပြင်ဆင်ထား၏။


သူလာရာ လမ်းတလျှောက် လူအုပ်ကြီးက စူးစမ်းကြည့်ရှုကြ၏။ ဒါကို သူက သိပ်သဘောကျကာ၊ ပိုက်ဆံတွေ ကြဲတတ်၏။ လမ်းပေါ်မှ ကလေးတွေကို ပွေ့ပိုက်နှုတ်ဆက်၏။ ဆင်းရဲသားများကို ငွေလှူသည်။ ပျက်ယွင်းနေသော ရေးဟောင်းအဆောက်အအုံများတွေ့လျှင် သူက ပြန်ပြင်ပေး၏။ ပလီများကို ငွေကုန် ကြေးကျ များစွာအကုန်ခံကာ ဆောက်ပေး၏။ သူ့ကို "ဘုရင်တကာတို့၏ဘုရင်" ဟု မြှောက်ပင့်ခေါ်ဝေါ်ကြသည်ကို သူသိပ်သာယာ၏။ ထိုသို့ အခေါ်ခံရအောင်လည်း သူက ရက်ရက်ရောရော သုံးစွဲလှူဒါန်းပြ၏။ တကယ်စေတနာ အမှန်ကားမဟုတ်။ ပလွှားဝါ ကြွားလိုခြင်း သက်သက်သာဖြစ်၏။ ထို့ကြောင့် "ယူဂန်ဒါ" မှ လူလည်လူနပ်တစ်စုက သူ့ကို ဝိုင်းမြှောက်ပင့်ကြသည်။ သူတို့ကမြှောက်လေ၊ သူက ပိုမြှောက်လေ။ တကယ်တော့ လစ်ဗျားပြည်သူတွေ ပိုင်ဆိုင်သောငွေများကို သူက သူ့နာမည် ဂုဏ်သတင်းကျော်စော ကြီးထွားရေးအတွက် အလဟဿ ဖြုန်းတီးနေခြင်းသာဖြစ်၏။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်သော မျိုးဆက်လှုပ်ရှားမှုမှ 'မာဇက်မာမာနီ' သူတို့သည် ၂၀၁၁ တော်လှန်ရေးတွင် အာဏာဖီဆန်မှုများ လုပ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





'အဘူဆာလင် ထောင်တွင် ၁၉နှစ်နေခဲ့ရ
ဝါနီဆီးအယ်လီဆာဂီ'

www.burmeseclassic.com

www.burmeseclassic.com

ပျက်နေသော 'ဆာဒီကာဒတ်ဖီ'၏
အိမ်အပြင်ဘက်





www.burmeseclassic.com

www.burmeseclassic.com



၂၀၁၁၊ ဇွန်လက နေတိုးဗုံးဒဏ်ကြောင့် ပျက်နေသောအိမ်



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၆၊ အဘူဆာလင်ထောင်တွင်း
အစုလိုက်အပြုံလိုက် အသတ်ခံရသူများထဲမှ
ပျောက်ဆုံးနေသူများပုံ




ကဒတ်ဖီတပ်များအား
ဒုံးကျည်လက်နက်ဖြင့်
တိုက်ခိုက်နေသူများ

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၁၊ ဩဂုတ်လတွင်
သူပုန်တပ်များ အောင်ပွဲခံနေပုံ



သူပုန်တိုက်ပွဲဝင် အချင်းချင်း
ပွေ့ဖက်နေကြပုံ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဖြစ်ပြီး ထရီပိုလီမြို့



www.burmeseclassic.com

www.burmeseclassic.com





ဆိုဗီယက်သမ္မတ ဘရက်မညက်က ကဒတ်ဖီကို ကြိုနေပုံ (၁၉၈၁၊ ဧပြီ) (ဝဲပုံ)

ဗိုလ်မှူးကြီး ကဒတ်ဖီကို မဒရမ်မြို့ ပါဒိုနန်းတော်တွင် တွေ့ရပုံ (၁၇-၁၂-၂၀၀၇) (ယာပုံ)



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီး ကဒတ်ဖီ၏ ငယ်ရုပ်သွင်
(၁၉၇၀)




ကဒတ်ဖီ၊ အီဂျစ်သမ္မတနာဆာ၊
ဆူဒန်သမ္မတ နိုမီရာရီတို့
ထရီပိုလီမြို့တွင် လူထု၏အကြိုဆိုကို
ခံယူနေကြပုံ (ဒီဇင်ဘာ၊ ၁၉၆၉)

www.burmeseclassic.com

www.burmeseclassic.com



ကဒတ်ဖီက သူမွေးခဲ့သော
သဲကန္တာရတွင် ပျောက်သည့်တဲ့



ကဒတ်ဖီနှင့် နာဆာ
(၁၉၇၀၊ ဇွန်လ)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

ထအတ်ဖီ ၁၉၇၀ခုနှစ်များက
[illegible]သို့ သွားရောက်လည်ပတ်စဉ်

www.burmeseclassic.com





ကဒတ်ဖီနှင့်
ယာဆာအာရာဖ
(ဝဲပုံ)

၇-၄-၁၉၇၇တွ
ကျောင်းသားနှ
ကြိုးပေးခံရစဉ်
(ယာပုံ)



ကဒတ်ဖီမိသာ

www.burmeseclassic.com

www.burmeseclassic.com



ကာဒတ်ဖီဓါဓနီး ဆာဗီယာနှင့်
ချက်ဒုတိယယသား ဆိဖ်အာလ်အစ္စလမ်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၇ သားတွေ သမီးတွေ

''ကဒတ်ဖီ''၏ ဒုတိယသားဖြစ်သူ ''ဆေ့ဖ်အာလ်အစ္စလာမ်''သည် သူ့ကိုယ်သူ သာမန်လစ်ဗျားပြည်သူများထက် အဆပေါင်းများစွာ အခွင့်ထူးများရရှိနေသူဟု သူ့ဘာသာသူလည်း ဝန်ခံတတ်၏။ လစ်ဗျားနိုင်ငံကို အာဏာရှင်စနစ်မှ တခြားပြောင်းနိုင်မည့်သူဟူ၍ သူတစ်ဦးတည်းသာရှိကြောင်းလည်း မကြာခဏ ပြောတတ်၏။ သူက အင်္ဂလိပ်စကားကို သွက်လက်ချောမွေ့စွာပြောတတ်၏။ သူနှင့် ကျွန်မကို လက်ဘနွန် မိတ်ဆွေတစ်ဦးက ၂၀၀၃ ခုနှစ်တွင် မိတ်ဆက်ပေး၏။ သူ၏ ခမ်းနားထည်ဝါသော အိမ်ကြီးဆီသို့ ကျွန်မရောက်သွား၏။

ဧရာမအခန်းကျယ်ကြီး တစ်ခုလုံး၏ အစွန်နားတွင် ''ဆေ့ဖ်''က ကုရှင်ခေါင်းအုံးကြီးတစ်လုံးပေါ် ထိုင်နေသည်။ သူက အနောက်တိုင်းဝတ်စုံ ပေါ့ပေါ့ပါးပါးကိုသာဝတ်၏။ အသားဖြူဖြူ၊ ဆံပင်တိုတို။ ကျွန်မတို့ လက်ဖက်ရည်သောက်ရင်း စကားစမြည်ပြောကြ၏။ သူက လစ်ဗျားက ပြောင်းလဲနေပြီဖြစ်ကြောင်း၊ နိုင်ငံခြားသတင်းထောက်များ လွတ်လွတ်လပ်လပ် လာရောက်သတင်းယူ ဓာတ်ပုံရိုက်နိုင်ပြီဖြစ်ကြောင်း ပြော၏။ နောက်တစ်နေ့နံနက်တွင် ''ဆေ့ဖ်''ထံမှ ဖုန်းတစ်ခုဝင်လာ၏။ သူ၏ကိုယ် ပိုင်လေယာဉ်ဖြင့် ''ထရီပိုလီ''သို့သွားရာတွင် ကျွန်မကိုပါ လိုက်ပါဖို့ ဖိတ်ကြားကြောင်း၊ သို့သော် ကျွန်မက သူ့ဖိတ်ကြားချက်ကို လက်မခံခဲ့။

သို့သော် နောက်ပိုင်းတွင် သူ့လုပ်ရပ်အချို့ အောင်မြင်တာကို တွေ့ရ၏။ ဖိလစ်ပိုင်တွင် ''အဘူဆာယက်ဖ်'' အုပ်စုက ဖမ်းထားသော အနောက်တိုင်းသားဓားစာခံများကိစ္စတွင် သူ၏ ''ကဒတ်ဖီနိုင်ငံတကာ ကုသိုလ်ဖောင်ဒေးရှင်း'' မှ ငွေပေးပြီး စေ့စပ်ဆွေးနွေးနိုင်ခဲ့၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



၂၀၀၀ ခုနှစ်များတွင် သူက ပြန်လည်ပြုပြင်ရေးသမားအနေဖြင့် ထင်ရှားလာသည်။ လော့ဘီလေယာဉ်ပျက်ကျမှု၊ ဘာလင်ဒစ်စကိုဆိုင် ဗုံးကွဲမှု၊ နိုင်ဂါကိုဖြတ်သွားသော လေယာဉ်ပျက်ကျမှု စသောကိစ္စများတွင် သူ၏ဖခင်ကို စည်းရုံးနိုင်ကာ လျော်ကြေးများပေးနိုင်ခဲ့၏။ အဖမ်းခံထားရသော ဘူဂေးရီးယန်းလူမျိုး သူနာပြုငါးဦးနှင့် ပါလက်စတိုင်း ဆရာဝန်တစ်ဦးကို လွှတ်ပေးခဲ့၏။ သူ၏ပျော့ပြောင်းလာသော သဘောထား၊ ပြုပြင်ပြောင်းလဲလိုစိတ် စသည်တို့ကြောင့် နောင်အခါ သူ့ဖခင်အရိုက်အရာဆက်ခံလျှင် လစ်ဗျားအခြေအနေသည် အကောင်းဘက်သို့ ပြောင်းလာနိုင်ကြောင်း အရိပ်အမြွက်တွေ့လာ၏။ သို့သော် လစ်ဗျားတွင် စီးပွားရေးလုပ်လိုသူတို့ အနေနှင့် သူကတစ်ဆင့်ဆက်သွယ်မှ စီးပွားရေး လုပ်နိုင်တာကို တွေ့ရ၍လည်း မကျေနပ်သူများရှိ၏။

၂၀၀၀ ပြည့်နှစ်တွင် သူက "ဒေးလီးတယ်လီဂရပ်ဖ်" သတင်းစာကို တရားစွဲ၏။ သူ၏ ရာဇဝတ်မှုများကို ထုတ်ဖော်ရေးသားခဲ့သော်လည်း အကြောင်းအချက် သက်သေသက္ကာယ မခိုင်လုံ့ဆိုကာ သူက တရားစွဲခဲ့ခြင်းဖြစ်၏။ ထိုအမှုတွင် သူနိုင်၏။

တကယ်တော့ "ဆေ့ဖ်" သည် "ကဒတ်ဖီ" ၏ သားသာမဟုတ်ခဲ့လျှင် သာမန်လူသာဖြစ်၏။ ပညာရေး ကလည်းသာမန်။ ဝါသနာကလည်းသာမန်။ စာဖတ်သည်။ ပန်းချီဆွဲသည်။ ကျားမွေးသည်။ နိုင်ငံတကာ အလည်အပတ် သွားလျှင်ပင် သူ၏ကျားဖြူများကို ခေါ်သွားတတ်၏။ ဩစတြီးယားနိုင်ငံတွင် အမ်ဘီအေသွားတက်သောအခါ ကျားတွေကို ခေါ်သွား၏။ ကျောင်းသားဆိုပေမဲ့ သူက သံတမန်နံပါတ်ပြားတပ်ထားသော ကားကိုစီးရ၏။ ရေကူးကန်ပါသော အိမ်တွင်နေရ၏။ ငွေကို ကြိုက်သလောက် ရေလိုသုံးနိုင်၏။

"ကျွန်တော်နဲ့အဖေက သိပ်ကို ရင်းရင်းနှီးနှီးဆက်ဆံခဲ့တယ်။ အဖေနဲ့ နိုင်ငံရေးဆိုလည်း ငြင်းလိုက်တာပဲ။ တစ်ချို့အကြောင်းတွေဆိုရင် အဖေနဲ့သဘောချင်း မတိုက်ဆိုင်တာတွေလည်း ရှိပါတယ်။ ကျွန်တော် အဖေ့ဆီက အတုယူ စရာတွေလည်း အများကြီး ကျွန်တော်ရခဲ့ပါတယ်။ အထူးသဖြင့်တော့ ဘာသာရေးယုံကြည်မှုနဲ့ စာဖတ်ဝါသနာပေါ့" ဟု "ဆေ့ဖ်" က ပြန်ပြောပြသည်။

"ဆက်ဒမ်ဟူစိန်" ၏ သား "ဘူဒေး" နှင့် သူခင်မင်ရင်းနှီးမှုကို မေးကြည့်သောအခါ သူက ငြင်း၏။

"ဘူဒေးနဲ့ ကျွန်တော် အရမ်းမရင်းနှီးပါဘူး။ သူတစ်ခါက ဆေးရုံတက်တုန်းက မြန်မြန်နေကောင်းပါစေဆိုပြီး ဆုတောင်းစာ ပို့ဖူးတာပဲ ရှိပါတယ်" ဟုပြောသည်။

"ဆေ့ဖ်" ကို ချမ်းသာကြွယ်ဝသော အသိုက်အဝန်း ဩဇာတိက္ကမကြီးသူအုပ်စုတို့၏ ညှော်ခံပွဲများတွင် တွေ့ရတတ်၏။ ဆွစ်ဇာလန်တွင် ကျင်းပသော "ကမ္ဘာ့စီးပွားရေးဖိုရမ်" တွင် သူမိန့်ခွန်းပြောကြားဖူး၏။ ဗြိတိသျှမင်းသား

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"အင်ဒရူး"နှင့် တွေ့ဆုံခဲ့ကာ ပါတီအတူတက်ဖူးသည်။ ရုရှားနိုင်ငံမှ အလူမီနီယမ်သူဌေး "အိုလက်ဒါရီပါစကာ"၊ "တိုနီဘလဲ" နှင့် ရင်းနှီးသူ "ပီတာမင်ဒယ်ဆင်" တို့နှင့် ထိုပါတီတွင် ဆုံခဲ့ကြ၏။ သူ၏ ၃၇ နှစ်မြောက်မွေးနေ့ပွဲကို "မွန်ထာနီဂရို" မြို့ "စပလင့်ဒစ်ဟိုတယ်" တွင် ကျင်းပခဲ့၏။ ၇၂ မီတာနှင့် ၆၃ မီတာရှည်သော ရွက်လှေကြီးများ လက်ဆောင်ရ၏။ ဂျက်လေယာဉ် ၁၂ စင်းက ဧည့်ကောင်းဆောင်ကောင်းများကို သွားကြိုရ၏။ "မိုနာကို" မှ မင်းသား "အဲလဘတ်"၊ ကနေဒါနိုင်ငံမှ ရွှေသူဌေး "ပီတာမန်း"၊ စတီးသူဌေး "လက်ချမီမီတယ်" စသူတို့ကို လေယာဉ်ဖြင့် အကြိုအပို့လုပ်ပေး၏။ ဤမွေးနေ့ပွဲ၏ ခမ်းနားကြီးကျယ်မှုကား မကြုံစဖူးဟု စာနယ်ဇင်းတွေက ရေး၏။

လစ်ဗျားနိုင်ငံသည် ပိတ်ဆို့ထားရာမှ ပြန်လည်ဖွင့်လှစ်လာသောအခါ အာဏာရှင်နိုင်ငံထက် မာဖီးယားနိုင်ငံပိုဆန်လာ၏။ "ကဒတ်ဖီ" က သူတို့မျိုးနွယ်စုကို ပိုအခွင့်အရေးပေးပြီး အခြားမျိုးနွယ်စုများကိုမူ ခပ်နှိမ်နှိမ်ဆက်ဆံ၏။ "ကဒတ်ဖီ" ၏ ညီအစ်ကိုဝမ်းကွဲများ၊ ဇနီးဘက်မှဆွေမျိုးများသည် အရေးပါသောနေရာကောင်း ရာထူးကောင်းများကို ရ၏။ ထို့နောက် သူတို့မှ ပေါက်ဖွားလာသော ကလေးများလည်း ရာထူးတွေရကြ၏။ လစ်ဗျားသည် ချမ်းသာလာသည်နှင့်အမျှ ယခင်က ဆိုရှယ်လစ်လမ်းကြောင်းတွေကို သွေဖည်လာ၏။ ဆက်သွယ်ရေးလုပ်ငန်း၊ ဘောလုံးကလပ်၊ အဖျော်ယမကာစက်ရုံ၊ အဝတ်အထည်ကုမ္ပဏီစသဖြင့် အကွက်ကောင်းမှန်သမျှ သားတွေ သမီးတွေပိုင်ကြ၏။ ညီအစ်ကိုအချင်းချင်းစီးပွားပြိုင်ရင်း ပဋိပက္ခတွေ ရှိကြတာလည်း ရှိ၏။ သွေးရိုးသားရိုးနည်းရော မသမာနည်းရောဖြင့် အမျိုးစုံပြိုင်ကြဆိုင်ကြ၏။ ပထမဇနီးနှင့်ရသော "ကဒတ်ဖီ" ၏ သား "မိုဟာမက်" နှင့် နောက်ဇနီးနှင့်ရသော ပဉ္စမမြောက်သား "မူတာဒင်" တို့သည် ကိုကာကိုလာစက်ရုံလုရင်းနှင့် ရန်ပွဲအကြီးအကျယ်ဖြစ်ကြ၏။ စက်ရုံလုပ်သားအချင်းချင်း ဘောလုံးအသင်းတွေ အပြိုင်အဆိုင်ထောင်ကာ ယှဉ်ပြိုင်ကြ၏။ ပွဲတစ်ပွဲတွင် "မိုဟာမက်" အသင်းဘက်မှ လူများက ကွင်းထဲဝင်မွှေကြရာ "ဆာဒီ" ဘက်မှ စစ်သားများက ပစ်ခတ်၍ လူ ၂၀ ကျော် သေဆုံးခဲ့ရ၏။ မကျေနပ်သူ ပရိသတ်ကြီးက နန်းတော်အလံမီးရှို့ကာ "ထရီပိုလီ" မြို့အနှံ့ ဆန္ဒပြပြီး အစိုးရဆန့်ကျင်ရေးများ အော်ဟစ်ကြ၏။

ဒုတိယဗိုလ်မှူးကြီး ရာထူးယူထားသော "မူတာစင်" က သူသည် "ဆေ့ဖ်" ထက်ပို၍ ဖခင်အရိုက်အရာခံယူချင်သည်ဟုဆို၏။ ၂၀၀၁ ခုနှစ်၊ သူ့အသက် ၂၃ နှစ်တွင် အာဏာသိမ်းရန် ကြံစည်ရာ မအောင်မြင်ခဲ့။ သူ့ကို အီဂျစ်ပြည်နှင့်ဒတ် ယခင်ကတည်းက "မူတာစင်" နှင့် "ဆိဖ့်" က မျက်နှာချင်းမဆိုင်ကြ။ အခေါ်အပြောမလုပ်ကြ။ တစ်ယောက်တက်သောအစည်းအဝေးကို တစ်ယောက်ကမတက်။

"ကဒတ်ဖီ"က သူ့ကိုယ်သူ ဇရာမ အမျိုးသားခေါင်းဆောင်ကြီးဟု အထင်ရောက်နေ၏။ သူ့ဘာသာသူ သတ်မှတ်၏ ဘုရင်တကာ့ဘုရင်၊ ဝါရင့်နိုင်ငံရေးသမားကြီးဟု အခြောက်တိုက်ဘဝင်မြင့်နေသူဖြစ်၏။ အီဂျစ်သမ္မတ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"မူဘာရက်" က "မူတာဆင်" ကို အီဂျစ်တွင် ကြာကြာမထားလိုသဖြင့် "ကဒတ်ဖီ"ကို ပြန်ခေါ်ရန် တိုက်တွန်း၏။ သူ့သားကို "ကဒတ်ဖီ" က "အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်" ရာထူးပေးခဲ့၏။ ထိုရာထူးမျိုးယခင်ကမရှိခဲ့။ ဖခင်တစ်ဦးက သားဖြစ်သူကို သက်သက်လက်ဆောင်ပေးခြင်းဖြစ်၏။ ထို့နောက် "မူတာဆင်" ကို သံတမန်ခန့်ကာ ဝါရှင်တန်သို့ ၂၀၀၉ ခုနှစ်တွင် ပို့လိုက်၏။ ဝါရှင်တန်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး "ဟီလာရီကလင်တန်" နှင့် တွေ့၏။ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ ဆံပင်ရှည်ရှည်နှင့် "မူတာဆင်"ကို "ဟီလာရီကလင်တန်"က လက်ဆွဲနှုတ်ဆက်ကာ "ဝန်ကြီးမင်းနဲ့တွေ့ရတာ ဝမ်းသာကြောင်း" ပြော၏။ တကယ်တော့ "မူတာဆင်" က ဝန်ကြီးမဟုတ်။

"မူတာဆင်" က သူ့ကိုယ်ပိုင်ခါးပိုက်ဆောင်တပ် ဖွဲ့၏။ သူ၏ ညီ "ခါမစ်"က တာဝန်ခံအရာရှိ။ သူတို့က အင်္ဂလန်နိုင်ငံမှ ဆက်သွယ်ရေးနှင့် လက်နက်ပစ္စည်းဒေါ်လာ ၁၆၅ သန်းဖိုးဝယ်၏။

ဖအေတူမအေကွဲ ညီနောင်များကြားတွင် ကြားညပ်နေသူ အရာရှိတော်တော်များများရှိ၏။ သူတို့က နီးရာစားကြောက်နေကြရသူများဖြစ်သည်။

"ထရီပိုလီ" မြို့တွင် ယခင်က ညကလပ်များမရှိ။ အရက်ကို ပိတ်ပင်ထား၏။ အပြင်မှာအရက်မရောင်း။ သောက်ချင်သပဆို အိမ်မှာပဲသောက်ကြရ၏။ "ကဒတ်ဖီ"၏ သားများက ဒါတွေမလုပ်ရ၍ ခရီးထွက်ကြ၏။ ခရီးထွက်ရာတွင် ဖိမ်ခံပစ္စည်းမျိုးစုံကိုပါ သယ်ဆောင်ကာ တခမ်းတနားသွားတတ်ကြ၏။ ပလေးဘွိုင်မဂ္ဂဇင်း အလယ်စာမျက်နှာတွင် ဖော်ပြခြင်းခံရသော "တာလီသာ" ဆိုသော ဒတ်ချ်မော်ဒယ်မလေးနှင့် "မူတာဆင်"သည် ရောမမြို့ ညကလပ်တစ်ခု၌ ၂၀၀၄ ခုနှစ်တွင် တွေ့ခဲ့ကြ၏။ သူ့ကို "မူတာဆင်"က တန်ဖိုးကြီးပစ္စည်း လက်ညှိုးထိုးသမျှ အကုန်ဝယ်ပေး၏။ ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် အပျော်ခရီးတွေထွက်၏။ တန်ဖိုးကြီးပေဆိုသော ဟိုတယ်ကြီးများတွင် တည်း၏။ "တာလီသာ" နှင့် "မူတာဆင်"တစ်လအတွင်း အသုံးစရိတ်က အမေရိကန်ဒေါ်လာ ၂ သန်း။

"မူတာဆင် က သူ့အဖေကို သိပ်ကြည်ညိုတဲ့သူပဲ။ သူက ဟစ်တလာတို့၊ ကတ်စထရိုတို့၊ ဟူးရိုးချာဗက်စ်တို့ ကိုလည်း ကြည်ညိုတယ်။ အာဏာရှိတဲ့ ခေါင်းဆောင်မှန်သမျှ သူကိုးကွယ်တာချည်းပဲ" ဟု "တာလီသာ"က ဗြိတိသျှ စာနယ်ဇင်းသမားတစ်ဦးကို ပြော၏။

"မူတာဆင်" က သူ့ထက် အသက်နှစ်နှစ်ကြီးသူ အစ်ကို "ဟာနီဘာလ်" နှင့်ကား တည့်၏။ "ဟာနီဘာလ်" က နိုင်ငံရေးစိတ်မဝင်စား။ သူက ခပ်ကြမ်းကြမ်းရမ်းရမ်း နေတတ်သောစရိုက်ရှိ၏။ ၂၀၀၁ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း သူက ရောမရဲအရာရှိသုံးဦးကို ကိုယ်ထိလက်ရောက်ထိုးကြိတ်ဖူးသည်။ လမ်းကြောင်းပြောင်းပြန် အရှိန်ပြင်းစွာ ကားမောင်း လာသောသူ့ကို တားသော အီတလီ မော်တော်ယာဉ်ထိန်းရဲများကို ကြိမ်းမောင်းခြိမ်းခြောက်သည်။ ကိုယ်ဝန်ရှိသော

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူ့ရည်းစားတစ်ဦးကို ကန်ကြောက်ထိုးကြိတ်သဖြင့် ရုံးတော်က တရားစွဲဖူး၏။ "ဂျိနီဗာ" တွင် သူနှင့် သူ့ဇနီးက ဟိုတယ်ဝန်ထမ်းနှစ်ဦးကို စော်ကားမော်ကားလုပ်၍ အဖမ်းခံရဖူး၏။ တစ်နေ့ ပေါင် ၄,၀၀၀ ပေးရသော လန်ဒန်ဟိုတယ်တွင် သူ့ဇနီးကို နှာခေါင်းရိုးကျိုးအောင် ထိုးဖူးသဖြင့် တရားစွဲခံရဖူးသည်။ "ဟာနီဘာလ်" ဘာပဲလုပ်လုပ် သူ့နောက်က အာမခံ လုပ်မည့်သူတွေ၊ ဖြေရှင်းပေးမည့်သူတွေက ဒုနှင့်ဒေးမို့၊ သူက "ကဒတ်ဖီသား" ဟု ကြုံးဝါးကာ ထင်တိုင်းကြဲခဲ့၏။

"မိုရာကျီယာကာရှင်" ဆိုသူ သဘော်အရာရှိတစ်ဦးသည် မှောင်ခိုပစ္စည်းသွင်းတာ ထုတ်တာ တာဝန်ခံလုပ်၏။ ငွေကျိုကျိုတက်ချမ်းသာသူအားလုံး သူ့ကို ခယကြရ၏။ မည်သည့်ကုန်ပစ္စည်းမဆို သဘော်အတင်အချ သူ့ခွင့်ပြုမှ လုပ်ရသည်။ သူမတရားလုပ်တာ သိပ်လွန်ကဲလာ၍ ဝန်ကြီးချုပ်က သူ့ကို ရာထူးမှထုတ်ပယ်ပစ်၏။ သူက "ဟာနီဘာလ်" ကို လာတိုင်၏။

"ဝန်ကြီးချုပ်ဆိုတာ အလကားလူ။ ငါ မင်းကို နေခိုင်းသလို လက်ရှိရာထူးမှာပဲ ဆက်နေ" ဟု သူကပြော၏။ ထိုကျေးဇူးကိုဆပ်သည့်အခါ၌ သူက "ဟာနီဘာလ်" အတွက် ပုဂ္ဂလိကသဘော်ကုမ္ပဏီလိုင်းတစ်ခု ဖန်တီးပေးခဲ့၏။

"ဟာနီဘာလ်" ၏ ကုမ္ပဏီသည် ပထမနှစ်တွင် အမေရိကန်ဒေါ်လာ တစ်သန်းမြတ်၏။ ပွဲစားလုပ်ငန်းနှင့် သဘော်ကန်ထရိုက်လုပ်ငန်းများ လုပ်ဆောင်၏။

"သူကပိုင်ရှင် ကျွန်တော်က အတွေတွေမန်နေဂျာပါ။ သူလုပ်ပုံကိုင်ပုံက ထူးဆန်းတယ်။ သူက ညသန်းခေါင် ခါးဖြစ် ကျွန်တော့်ကို လှမ်းဖုန်းဆက်ပြီး အမေရိကန်ဒေါ်လာတစ်သန်းကို လက်ဘန္ဒနက ဘယ်သူ့ဆီပေးလိုက်။ ဒါပဲ" ဟု အတွေတွေမန်နေဂျာ "မိုရာကျီ" ကပြောပြ၏။

"ငွေပမာဏကများလွန်းလို့ ကျွန်တော်က စာနဲ့ပေနဲ့ရေးပေးပါပြောပေမဲ့ သူက ဘယ်တော့မှမလုပ်ဘူး။ ဒေါ်လာ သိန်းတွေသန်းတွေချီပစေ သူ့ပါးစပ်ကထွက်သမျှ အမိန့်ပဲ။ ဒီလိုနဲ့ တစ်ခါတစ်ခါ ဒေါ်လာသန်းနဲ့ချီပြီး လုပ်ကြတယ်" ဟု သူက ဆို၏။

ယခုအပတ် "ထရီပိုလီ" မြို့ ကျဆုံးသွားသောအခါ ကျွန်မက တိုက်ပွဲဝင်တစ်ဦးကို ကျွန်မအား "မူတာဆင်" နှင့် "ဟာနီဘာလ်" တို့နေထိုင်ရာ "ဘင်အက်ရှာ" ခရိုင်သို့ လိုက်ပြပေးပါရန် ပြောခဲ့၏။ ကျွန်မနှင့်အတူ စပ်စုကြသော လူတစ်ချို့လည်းလိုက်လာကြ၏။ တကယ်လည်း သူတို့အားလုံးမည်သူကမျှ ၆၂ ပေ မြင့်သော အုတ်ရိုးကြီးအတွင်းကို မရောက်ဖူးခဲ့ကြ။ အတွင်းတွင် လှပစွာပြုပြင်ထားသော ပန်းခြံကြီးနှင့် တစ်ထပ်တိုက်များကို တွေ့ရ၏။ တိုက်တစ်ခု အတွင်းတွင် လူတစ်စုက လုံခြုံရေး သတ္တုသေတ္တာတစ်လုံးကို ဖွင့်ရန်ကြိုးစားနေကြသည်ကိုတွေ့ရ၏။ ကျွန်တော်က မြွေလိမ်မြွေကောက် ဝက်ပါလမ်းအတိုင်း အောက်ထပ်သို့ ဆင်းခဲ့၏။ တံခါးတချို့က သော့ခတ်ပိတ်ဆို့ထားသည်ကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ၏။ အတွင်းတစ်နေရာတွင် ဆေးရုံခန်းကိုတွေ့ရ၏။ ခွဲစိတ်ခန်းတစ်ခုပမာ ပစ္စည်းကိရိယာ အစုံအလင် ပြင်ဆင်ထားသည်။ အခန်းတွေအားလုံးက ဗိမ်ခံအခန်းတွေထက် ချူကလီးယားဗုံးကို ရှောင်လွှဲရန် ဘန်ကာခံကတုတ်ပုံစံတွေဖြစ်နေ၏။

အိမ်ထဲရှိ စင်္ကြံလမ်းတွေက ရှုပ်ယှက်ခတ်နေ၏။ တော်ရုံတန်ရုံလူ ဝင်ခဲ့ပြီးလျှင် ပြန်ထွက်၍ ရနိုင်မည်မဟုတ်။ မြေပြင်ကကြည့်လျှင် တစ်ထပ်တိုက်ဟု ထင်ရသော်လည်း မြေအောက်ခန်းအထပ်တွေက အဆင့်ဆင့်ရှိ၏။ အထဲတွင် လူတွေရှိနိုင်သည်ဟုထင်ကာ အစောင့်ရဲဘော်အချို့က သေနတ်မောင်းတင် အသင့်ပြင်ထားကြ၏။

တစ်နေရာတွင် စာအုပ်ပုံအချို့ကို တွေ့ရ၏။ တစ်အုပ်ကို ကောက်ကိုင်လိုက်ရာ ဆော်ဒီအာရေဗျမှ လျှပ်စစ်ပစ်မှတ်လက်စွဲစာအုပ်ဖြစ်နေ၏။ တစ်အုပ်ကတော့ လစ်ဗျားတပ်မတော် ပြန်လည်ဖွဲ့စည်းရန် စာတမ်းဖြစ်၏။ လက်နက်တတ်တလောက်စာရင်းစာအုပ်များကြားတွင် ထူးထူးခြားခြား ဗေဒင်စာအုပ်တစ်အုပ်ကိုလည်း တွေ့ရ၏။ အာဏာရှင်တွေလည်း သူတို့အနာဂတ်ကို သူတို့သိချင်ကြပေတာပဲဟု ကျွန်မ မှတ်ချက်ချမိ၏။ သူတို့၏အနာဂတ် ဇာတ်သိမ်းမလှသည်ကိုလည်း သူတို့တင်ကြိုတွက်မိကြဟန်တူပါသည်။

■

ရက်အနည်းငယ်အကြာတွင် ကျွန်မ "ဆာဒီ" ၏ ဗိမ်ခံအိမ်သို့သွား၏။ "ဘိုရင်သီယာဟိုတယ်" ဘေး "ထရီပိုလီ" မြို့လယ်ကောင်တွင်ရှိ၏။ ဤအိမ်မှ မိုင်ဝက်လောက်အကွာတွင် ပင်လယ်ကမ်းခြေရှိ၏။ "ကဒတ်ဖီ" ၏ တတိယမြောက်သား "ဆာဒီ" သည် ပင်လယ်ကမ်းခြေမှာ ရေကူးလိုက်၊ လှေလှော်ရွက်တိုက် လုပ်လိုက်နှင့် အမျိုးစုံ အပန်းဖြေခဲ့၏။ အိမ်နံရံ ပတ်ပတ်လည်တွင်ကား အစိုးရဆန့်ကျင်ရေးစာတန်းတွေရေးထားတာ တွေ့ရ၏။ လစ်ဗျားပြည်သူများသည် ဖခင်ထက် သားတွေကို ပိုမုန်းကြ၏။ သားတွေက ပြည်သူကို မတရားအနိုင်ကျင့်ရုံမျှမက နိုင်ငံ၏စီးပွားဥစ္စာတွေကိုလည်း သူတို့ကိုယ်ပိုင်ပစ္စည်းကဲ့သို့ ထင်ရာသုံးစွဲခဲ့ကြ၍ ဖြစ်၏။

အခြားညီအစ်ကိုများကဲ့သို့ပင် "ဆာဒီ" ၏ ချမ်းသာကြွယ်ဝမှုကား ရေတွက်၍မရနိုင်။ ခန့်မှန်း၍မရနိုင်။ သူ၏ ဘောလုံးရူးသွပ်မှုက သူ့ကို လူပိုမုန်းစေခဲ့၏။ သူသည် "လစ်ဗျားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ"၊ "အမျိုးသားလက်ရွေးစင်အသင်း၏ကပ္ပတိန်"၊ "အယ်လ်အာလ်ထရီပိုလီ အလယ်တန်း ဘောလုံးအသင်း၏ကပ္ပတိန်" ထိုရာထူးအားလုံးကို သူ့ဘာသာသူ ခန့်ထားခြင်းဖြစ်၏။ တကယ်တော့ သူက မူးယစ်ဆေးဝါးစွဲနေသူ။ သူက "အယ်လ်အာ

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



လီဘင်ဂါဇီ''ဘောလုံးအသင်းကို ဖျက်သိမ်းခဲ့ပုံအား မည်သူမျှမမေ့နိုင်။ ထိုအသင်းက သူ့အစ်ကို ''မိုဟာမက်'' အားပေးသောအသင်း။ ထိုအသင်းနှင့် ကစားပွဲတွင် သူ့ကြောင့် ပွဲကြည့်ပရိသတ် အများအပြား အဓိကရုဏ်းတွင် သေကြေကြ၏။ လစ်ဗျား ဘောလုံးအသင်းသည် ကမ္ဘာ့ဘောလုံးခြေစစ်ပွဲ တစ်ခါမှမအောင်ခဲ့။ ''ဆာဒီ''သည် လိင်တူခြင်းဆက်ဆံတတ်သူဟု ကောလာဟလထွက်ဖူးသည်။

တကယ်တော့မူ ထိုညီအစ်ကိုအားလုံးက အရက်သမားတွေ။ ရှေးရိုးဘာသာရေး အစွဲအလမ်းကြီးသော လစ်ဗျားတွင် သူတို့ကို လူတွေက အော့နှလုံးနာကြ၏။ သူတို့ညီအစ်ကိုတွေက မကောင်းတာကျတော့ ညီညွတ်ကြသည်။ မူးယစ်ဆေးစွဲလည်းအတူတူ၊ ပြည့်တန်ဆာတွေနှင့် ပျော်ပါးတော့လည်း ညီညီညာညာ။ ''ဆာဒီ''က ဟောလီးဝုဒ်ရုပ်ရှင်ကုမ္ပဏီတစ်ခုတွင်လည်း အစုစပ်ငွေထည့်ထားသေးသည်။ သူက တွဲဖက်ထုတ်လုပ်သူဟု အမည်တပ်လည်းခံ၏။ သို့ဖြင့် ဟောလီးဝုဒ်မှ မင်းသမီးငယ်များနှင့် သူရှုပ်ရှုပ်ပွေပွေလုပ်လို့ ရလာ၏။

''ဟာနာ'' ဆိုသော မွေးစားသမီးတစ်ဦးကို ''ကဒတ်ဖီ'' က အချစ်ဆုံးဖြစ်၏။ သားရင်းသမီးရင်းများပင်လျှင် ''ကဒတ်ဖီ'' ထံမှ တစ်ခုခုတောင်းလိုလျှင် ''ဟာနာ'' မှ တစ်ဆင့်ပြောရ၏။ ''ဟာနာ'' ပြောလျှင် ''ကဒတ်ဖီ''က ဘာမဆို ခေါင်းညိတ်တတ်၏။

''ကဒတ်ဖီ'' ၏ သမီးရင်းက ''အေရှာ'' ဖြစ်သည်။ သူက ခေတ်သစ်အာရပ်လုံမေများကဲ့သို့ပင် ခေတ်မီ၏။ အင်္ဂလန်နှင့် အာဖရိကတွင် ကျင်လည်သည်။ ဥပဒေပညာဖြင့် ဘွဲ့ရ၏။ သူက သူ့ဖခင်ကဲ့သို့စိတ်မာသည်။ ပြတ်သားသည်။ မိန်းမသိပ်မဆန်။ သိပ်မနွဲ့။ သူက ပိုက်ဆံဘယ်လိုရှာရမှန်း မသိလောက်အောင်ချမ်းသာသည်။ အလှူအတန်းသည်းရက်ရော၏။ ကုလသမဂ္ဂ၏ ချစ်ကြည်ရေးသံတမန်အဖြစ်လည်း နိုင်ငံတကာ လှည့်လည်သွားလာသည်။

■

၂၀၀၆ ခုနှစ်တွင် ''ဆိုဖ့်''၏ ပြန်လည်ပြုပြင်ရေးပေါ်လစီ အတော်ပုံနှံ့လာသည်။ ပြင်ပနိုင်ငံများသို့ ထွက်ခွာပညာသင်ကြသူများလာသည်နှင့်အမျှ မျက်စိပွင့် နားပွင့်ဖြစ်လာကြ၏။ ငယ်ငယ်က ''ကဒတ်ဖီ''ကို မျက်လုံးစုံမှိတ်ကြည်ညိုခဲ့သူများပင် ''ကဒတ်ဖီ''၏ ယုတ်မာစိတ်ကို သိလာကြကာ သဘောမတူကြ။ အထူးသဖြင့် လစ်ဗျားနိုင်ငံက ဦးဆောင်ပြုလုပ်ခဲ့သည့် အကြမ်းဖက်မှုများအပေါ် သူတို့စိတ်ကုန်လာကြ၏။

၂၀၀၄ ခုနှစ်တွင် လက်နက်ကန့်သတ်ထိန်းချုပ်မှုစာချုပ် ပျက်ပြယ်ခဲ့ရာ လစ်ဗျားသည် ပြင်သစ်နိုင်ငံမှ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မီရတ်ချ်ဂျက်တိုက်လေယာဉ် အမေရိကန်ဒေါ်လာသန်း ၁၄၀ ဖိုး၊ အမေရိကမှလည်း ဒေါ်လာသန်း ၄၀၀ တန် သံချပ်ကာကား ပစ်ဒုံးပျံနှင့် အခြားလက်နက်များဝယ်ခဲ့၏။ ဗြိတိသျှမှ သံချပ်ကာကား တန်ဖိုး ဒေါ်လာ ၈၃ သန်းဖိုး ဝယ်ခဲ့၏။

■

"ဆာမီအာလ်ဆာဒီ" သည် "တာချူရာ" အကျဉ်းစခန်းတွင် တစ်ကိုယ်တည်း နှစ်နှစ်ကျော် တိုက်ပိတ်ခံခဲ့ရ၏။ တစ်ခါတစ်ခါ လက်ထိတ်နှင့်။ တစ်ခါတစ်ခါ မျက်လုံးအဝတ်စည်းခြင်းခံရ၏။ ထောင်အပြင်နံရံတွင် ဘာဖြစ်နေသည်ကို သူမသိ။ စီအိုင်အေနှင့် အမ် ၁၆ တို့က ဖမ်းပြီး သူ့ကို ဤနေရာပို့ခဲ့ရာ သူ့အဖို့ လွတ်လမ်းဘယ်မမြင်တော့။ ၂၀၀၆ ခုနှစ်တွင် သူနှင့် "လစ်ဗျားအစ္စလာမ်တိုက်ပွဲဝင်အုပ်စု" (အိုအယ်လ်အိုင်အက်စ်ဂျီ) အဖွဲ့ဝင်တို့ကို ထောက်လှမ်းရေး အရာရှိများက တွေ့ဆုံစကားပြောချင်သည်ဟု ဆို၏။

ဤသည်မှာ "ဆိဖ့်အာလ်အစ္စလာမ်" ၏ အစီအစဉ်ဖြစ်၏။ ၂၀၀၅ ခုနှစ်တွင် သူသည် "နော်မန်ဆီနောက်မန်" ဆိုသော "အယ်လ်အိုင်အက်ဖ်ဂျီ" အဖွဲ့ခေါင်းဆောင်နှင့် သူတွေ့၏။ ထိုသူက "ဆာဒီ" တို့ "အာအင်အယ်လ်ဟာတ်" တို့လို ခေါင်းဆောင်မျိုးတွေကို လွှတ်ပေးသင့်သည်ဟုဆို၏။ "နော်မန်" က အာဖဂန်နစ္စတန်တွင် နှစ်ပေါင်းများစွာနေခဲ့သူဖြစ်ကာ "အိုစမာဘင်လာဒင်" နှင့် အယ်လ်ဆို(ဒ်)ခေါင်းဆောင်တော်တော်များများနှင့် သိ၏။ ယခုတော့ သူက "ကွီလီယန်ဖောင်ဒေးရှင်း" ဆိုသော လန်ဒန်အခြေစိုက် "အခွန်အကောက်ဆန့်ကျင်ရေးတတ်သိပညာရှင်အဖွဲ့" သို့ ရောက်နေသည်။ ထိုအဖွဲ့က ဂျီဟတ်ဝါဒများကို အကြမ်းဖက်ခြင်းနည်းမသုံးဘဲ အခြားနည်းများသုံးရန် ပြောဆိုစည်းရုံး ရ၏။ သူက "ဆေ့ဖ်" ကို ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေး၏။ နောက်ဆုံး "ဆေ့ဖ်" က သဘောပေါက်စပြုလာ၏။ ထို့ကြောင့် အကျဉ်းသားအချို့ကို လွှတ်ပေးဖို့ သူစီစဉ်သည်။ ဤတွင် အနှောင့်အယှက်တစ်ခု ကြုံတွေ့ရ၏။ ၎င်းက "မူတာဆင်" ။ သူက လွှတ်ပေးရေးကို သဘောမတူ။ အမျိုးစုံ ကိုးလိုးကန့်လန့်လုပ်၏။

၉/၁၁ အရေးအခင်းနောက်ပိုင်းတွင် လစ်ဗျားဂျီဟတ်ဝါဒီအချို့သည် အာဖဂန်နစ္စတန်တွင် နေခဲ့ကြ၏။ အချို့ဆိုလျှင် အယ်လ်ခိုင်ဒါတွင် ရာထူးကြီးကြီးပင်ရနေကြ၏။ သို့သော် လစ်ဗျားတွင် ထောင်ကျနေသော အဖွဲ့ဝင် ၁၃၆ ဦးမှာ ၂၀၀၈ တွင် အကြမ်းဖက်မှုကို စွန့်ပါမည်ဟု ကတိခံဝန်ချက်ပြုကြသဖြင့် လွှတ်ပေးလိုက်သည်။ ၎င်းတို့ ဘဝသစ်စရန်ဆိုကာ အမေရိကန်ဒေါ်လာ ၈၀၀၀ စီလည်း ပေးလိုက်၏။ နောက်တစ်လတွင် ဂျီဟတ်ဝါဒီ ၄၅ ဦး ထပ်လွှတ်လာသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဖြစ်ရပ်ဟာ သမိုင်းပါပဲ။ ဒီလုပ်ရပ်ကို ဆက်လုပ်ပါ့မယ်။ အကျဉ်းထောင်ထဲမှာ နောက်ဆုံးအကျဉ်းသား တစ်ယောက်မှမကျန်အောင် ဆက်လုပ်ဆောင်မယ်။ ထောင်တံခါးတွေကို အကုန်ဖွင့်လိုက်ပြီ။ သတင်းစာဆရာတွေရော၊ သံတမန်တွေရော လွတ်လွတ်လပ်လပ် ဝင်ကြည့်ကြပါ" ဟု "ဆော့ဖ်" က ကြေညာသည်။

"ဆော့ဖ်ကဒတ်ဖီ" ကို ဘယ်လိုအကဲဖြတ်ကြပါသလဲ။ သူ့ကို ဘယ်လိုမြင်ကြပါသလဲ။ "ဆော့ဖ်" သည် သူ့အစ်ကို "မူတာဆင်" နှင့် အတော်အတိုက်အခံပြုခဲ့ရ၏။ သို့သော် သူ့လုပ်ရပ်တွေကို အမေရိကန်ရော၊ ဗြိတိသျှတို့ကပါ မယုံ ကြည်ကြ။ "ကဒတ်ဖီဖောင်ဒေးရှင်း" က အစ္စရေးနိုင်ငံ၊ ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီပေးရန် သင်္ဘောစေလွှတ် လိုက်သောအခါ အမေရိကန်တို့က လုံးဝမကျေနပ်တော့။

သူ့ဖခင်က သူ့ကို "ညှိနှိုင်းရေးမှူးချုပ်" ရာထူးပေး၏။ ထိုရာထူးမှာ "ကဒတ်ဖီ" ပြီးလျှင် အကြီးဆုံးရာထူး ဖြစ်၏။ "မူတာဆင်" နှင့် သူ့လူများကမူ ပမာမခန့် ပြုကြ၏။ သူက "အင်ဂျီအို" တွေ ဖွဲ့စည်းလှုပ်ရှားလိုသည်။ သူ့ဖခင်ကမူ လစ်ဗျားနိုင်ငံတွင် လူမှုရေးအဖွဲ့အစည်း အသိုက်အဝန်းမရှိဟုဆို၏။ သူတည်ထောင်သော သတင်းစာ ၄ စောင်လုံး တစ်ပြိုင်တည်း ပိတ်ပစ်လိုက်၏။ "ကဒတ်ဖီဖောင်ဒေးရှင်း" ကလည်း ဤအဖွဲ့တွင် သူ့ရာထူးဖြစ်သော ဥက္ကဋ္ဌရာထူးသည် ဂုဏ်ထူးဆောင်ရာထူးသာဖြစ်ကြောင်း ပြော၏။

"ဆော့ဖ်" အဖို့ကား ရွေးစရာလမ်းနှစ်သွယ်သာ ကျန်တော့၏။ အပြောင်းအလဲတစ်ခုခုဖြစ်ရန် ပြန်လည်ပြုပြင် ရေးလမ်းပဲဆက်လုပ်မလား၊ ဒါမှမဟုတ် သူ့ဖခင်ကိုသာ သေတဲ့အထိကာကွယ်စောင့်ရှောက်သွားရမလား။ သူက ဒုတိယ ရွေးချယ်မှုကို ရွေးလိုက်၏။ သူကမူ သူ့ဘာသာသူ စိတ်အားမလျှော့သေး။

"နိုင်ငံတကာအသိုက်အဝန်းကြီး တစ်ခုလုံးက ကျွန်တော့်ဘက်မှာရှိပါတယ်" ဟု ပြောနေဆဲ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၈ သူလျှိုများ၊ သံတမန်များနှင့် ဒရုန်းများ

■ ကိုလိုနီဝါဒအတွက် ခင်ဗျားတို့ဘာသာခင်ဗျားတို့ အသင့်ပြင်ထားကြ။ အရာရာအားလုံးထက် ဒါက ထိပ်ဆုံး အရေးအကြီးဆုံးပဲ။ ကိုလိုနီဝါဒက ပြန်လာနေပြီ။ ခုလည်းပြန်လာမှာပဲ။ ဥရောပတိုက်သားတွေနဲ့ အမေရိကန်တွေ လစ်ဗျားကို ပြန်လာကြလိမ့်မယ်။ သူတို့အကြမ်းဖက်နည်းသုံးပြီး ဝင်လာကြလိမ့်မယ်

*ဆော့ဖ်အာလ်ကဒတ်ဖီ (ဖေဖော်ဝါရီ ၂၀၁၁)*

■ လူကောင်းသူကောင်းတွေဟာ နိုင်ငံတော်အမိန့်နဲ့ စနစ်တကျ လူတွေ အစုလိုက် အပုံလိုက် သတ်နေတာကို ထိုင်ပြီးမကြည့်နိုင်ကြဘူး။ လူကောင်းသူကောင်းတွေက ဒါတွေကို ကယ်တင်ဖို့ အခွင့်အလမ်းရှိရင် ကယ်တင်ဖို့ လာကြမှာသေချာတယ်။

*ဗက်ကလက်ပ်ဟာဗယ်-၁၉၉၉*

ဗြိတိန်၊ ပြင်သစ်၊ အမေရိကန်တို့က ဆုံးဖြတ်ရခက်နေ၏။ တစ်ပိုင်းက ကြည့်လျှင် "ကဒတ်ဖီ" သည် မဟာမိတ် ဖြစ်လာနေပြီ။ တစ်ပိုင်းကကြည့်လျှင်ကား ပုန်ကန်ထကြွမှုတို့သည် အာရပ်ကမ္ဘာတွင် ဆက်တိုက်ဖြစ်နေတော့ သူတို့ လက်ပိုက်မကြည့်နိုင်တော့။ တူနီးရှားသမ္မတ "အဘီဒိုင်းဘင်အလီ" ၏ ညှော်ခံပွဲသို့တက်သော နိုင်ငံခြားရေးဝန်ကြီး "မီရှဲယ်လ် အဲလီယော့မာရီ" ကို ပြင်သစ်သမ္မတ "ဆာအိုမီ" က အလုပ်မှထုတ်ပယ်ပစ်ခဲ့၏။ ပြင်သစ်ဝန်ကြီးချုပ် "ဖရန်ရှောဖီလွန်" လည်း အီဂျစ်သမ္မတ "ယော့ဇနီမူဘာရက်" ၏ နှစ်သစ်ကူး ညစာစားပွဲသို့တက်မိသဖြင့် ပြဿနာတွေတက်ရ၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သမ္မတအိုဘားမားသည်လည်း ဖိအားပေးခြင်းခံနေရသည်။ တူနီးရှားပြဿနာကို သူလျစ်လျူရှုထား၍မရ။ အရှေ့အလယ်ပိုင်းတွင် အီဂျစ်သည် အမေရိကန်၏ အရင်းနှီးဆုံးမဟာမိတ်ဖြစ်၏။ ကမ္ဘာပေါ်တွင် အမေရိကန် ထောက်ပံ့ကူညီသော ဒုတိယအကြီးဆုံးနိုင်ငံလည်းဖြစ်၏။ ကိုင်ရိုမြို့လမ်းပေါ်တွင် လူသောင်းပေါင်းများစွာထွက်ပြီး "မူဘာရက်" ဖြုတ်ချပေးရန် တောင်းဆိုလာကြသောအခါ ကိုင်ရိုရှိ အမေရိကန်သံအမတ်က "မူဘာရက် ဆက်ပြီး သမ္မတ မလုပ်သင့်တော့ဘူး။ သူ့သမိုင်းကို သူရေးခဲ့တာပဲ" ဟုပြော၏။

၂၀၀၉ ခုနှစ်တွင် သမ္မတအိုဘားမားက ကိုင်ရိုမြို့တွင် မိန့်ခွန်းပြောခဲ့ရာ အာရပ်ကမ္ဘာတွင် အလွန်ပေါ်ပြူလာဖြစ်ခဲ့၏။ အစ္စလာမ်ဘာသာကို လေးစားကြောင်း၊ အာရပ်ကမ္ဘာ၏ ဒီမိုကရေစီကို ယခင်သမ္မတ ဂျော့ဘုရှ်ထက် သူ ပိုနားလည်ကြောင်း ပြောခဲ့၏။

ဗြိတိသျှဝန်ကြီးချုပ် "ဒေးဗစ်ကင်မရွန်" သည်လည်း ဒေသတွင်းသို့ လက်နက်များ၏တင်ပို့ခဲ့မှုနှင့် ပတ်သက်၍ ဖိအားပေးခံနေရ၏။ သူ ပင်လယ်ကွေ့သို့ ခရီးထွက်ခဲ့ရာ ဆန္ဒကျင်ဆန္ဒပြသူ တော်တော်များများကို တွေ့ခဲ့ရ၏။ "အာဗူဒါဘီ" မြို့တွင် ကျင်းပသော ၂၀၁၁ ခုနှစ် လက်နက်ပြပွဲ၌ ဗြိတိသျှလက်နက်ထုတ်လုပ်သူ ကိုးဆယ်ကျော်တက်ရောက်ခဲ့ကြ၏။ ဗြိတိသျှတို့က လစ်ဗျားကိုရော၊ ဘာရိန်းကိုပါ လက်နက်ရောင်းခဲ့၏။ ကိုင်ရိုတွင် ခြောက်နာရီကျော်ရပ်နားဖို့ ကမန်းကတန်း စီစဉ်ကာ ဒီမိုကရေစီလမ်းစဉ်ကို ထောက်ခံမှုပြသခဲ့၏။ ယခင်ဝန်ကြီးချုပ်ဟောင်း "တိုနီဘလဲ" က "ကဒတ်ဖီ" ကို မဟာမိတ်အဖြစ် ချီးကျူးဖူးရာ၊ ထိုအချက်သည် ယခုအခါ မီဒီယာများက ကောင်းကောင်းဝေဖန်သောအကြောင်းအရာဖြစ်လာခဲ့ပြီ။

လစ်ဗျားတွင် စွမ်းအင်ပိုင်းဆိုင်ရာနှင့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ အကျိုးအမြတ်များစွာကို မျှော်လင့်ထားသောအရှတ်နှင့် ရုရှားတို့ကမူ "ကဒတ်ဖီ" ဘက်မှ ထောက်ခံနေ၏။ "ကဒတ်ဖီ" ဘက်မှနိုင်လျှင် သူတို့အခွင့်အရေးကြေညည်ကို တွက်ထား၏။

အလှည့်အပြောင်းကာလကား ဖေဖော်ဝါရီ ၂၁ တွင် ဖြစ်၏။ "ဘင်ဂါဇီ" မြို့၏ မြောက်ပိုင်းခရိုင်တရားရုံးပေါ်တွင် သုံးရောင်ခြယ်သူပုန်အလံလွှင့်ထူခဲ့ပြီ။ လစ်ဗျားသံအမတ်များ အခက်တွေ့ကုန်ကြ။ ကုလသမဂ္ဂ၏ လစ်ဗျားတွဲဖက်သံတမန် "အီဗရာဟင်ဒါဘာရှီ" က အင်တာဗျူးများတွင် "အစိုးရက လစ်ဗျားပြည်သူများကို အစုလိုက် အပြုံလိုက် သတ်နေသည်" ဟု ပြောခဲ့၏။ တိုက်လေယာဉ်မှူးနှစ်ဦးကလည်း "မော်လ်တာ" နိုင်ငံသို့ ခိုလှုံဝင်ရောက်ကာ ဆန္ဒပြသားများကို ဗုံးမကြဲနိုင်ဟု ပြော၏။ အဘယ့်ကြောင့်ဆိုသော် "ကဒတ်ဖီ" ၏ လေယာဉ်မှူးများက ဆန္ဒပြသူများကို လေယာဉ်ပေါ်မှ ပစ်ခတ်နေကြ၍ဖြစ်၏။ ဤရက်စက်ယုတ်မာမှုအပေါ် "ကဒတ်ဖီ" အား ကမ္ဘာတစ်ဝန်းလုံး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မှ အော့နလုံးနာခဲ့ကြ၏။ အာရပ်ခေါင်းဆောင်များကလည်း သူ့ကို အရွံ့မုန်းကြီး ရွံ့မုန်းသွားကြ၏။ သူ၏ အနီးကပ်ဝန်ကြီးတစ်ဦးဖြစ်သူ "မူစတာဖာဂျာလီလ်" လည်း ရာထူးမှနုတ်ထွက်ကာ သူပုန်များနှင့် သွားပေါင်း၏။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် "ကဒတ်ဖီ" က ဆန္ဒပြသမားများကို သံချပ်ကာကားများဖြင့် တိုက်သတ်ရန် စီစဉ်ခဲ့၏။ ၁၉၈၉ ခုနှစ်တုန်းက "တိန်အန်မင်ရင်ပြင်" တွင် တရုတ်အစိုးရက ထိုသို့ ပြည်သူကို နှိပ်ကွပ်ဖူးသည်။ ဤသို့ "ကဒတ်ဖီ" ၏ နှိပ်ကွပ်ရေးသာအောင်မြင်ခဲ့ပါလျှင် ကမ္ဘာတွင်အသေအပျောက်အများဆုံးဆန္ဒပြပွဲဖြစ်လာလိမ့်မည်။ ကုလသမဂ္ဂတပ်ဖွဲ့များ ထွက်ခွာသောအခါ "ရဝမ်ဒါ" တွင် လူ ၈ သိန်း အသတ်ခံခဲ့ရ၏။ ဒတ်ချ်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များတစ်ဖက်အလှည့်တွင် ဘော့စနီးယားမှ လူ ၇,၀၀၀ အသတ်ခံခဲ့ရဖူး၏။ "ကဒတ်ဖီ" ကို ထိန်းကွပ်မှုရတော့မည်ဟု နိုင်ငံတကာခေါင်းဆောင်များက စဉ်းစားလာကြရပြီ။

အနောက်နိုင်ငံခေါင်းဆောင်များက "ကဒတ်ဖီ" ကို ရာထူးမှဆင်းပေးရန် တိုက်တွန်းကြ၏။ အမေရိကန်နှင့် ကုလသမဂ္ဂက စီးပွားရေးပိတ်ဆို့လိုက်၏။ လုံခြုံရေးကောင်စီက "ကဒတ်ဖီ" နှင့် သူ၏ အနီးကပ်ခေါင်းဆောင်များကို နိုင်ငံတကာ ရာဇဝတ်တရားရုံးသို့ ဆင့်ခေါ်၏။ ဗြိတိသျှသံတမန်များက ချော့ကာတစ်ချီ ခြောက်ကာတစ်လှည့်စည်းရုံး၏။ သို့သော် "ကဒတ်ဖီ" တပ်များက ရှေ့ဆက်တိုး၏။

"ဘင်ဂါဇီ" တွင် တက်ကြွနေသော အုပ်စုတွင်းမှ လူငယ်တစ်စုက ကျွန်မလက်ထဲသို့ အလံတစ်ခုထိုးပေး၏။

"ဒါကို ဒေးဗစ်ကင်မရွန်ကို ပေးလိုက်ပါ။ ဘယ်ဟာက ဈေးအပေါဆုံးလဲ။ လစ်ဗျားရေနံလား။ လစ်ဗျား သွေးလား"

ဖေဖော်ဝါရီလ ၂၇ ရက်တွင် သူပုန်များက "အင်တီစီ" အဖွဲ့ကိုဖွဲ့၏။ ခေါင်းဆောင်က "မူစတာဖာ အဗ္ဗသွာလ်ဂျာလီ"။ "ကဒတ်ဖီ" ကျရှုံးသွားလျှင် တော်လှန်ရေး၏ ခေါင်းဆောင်နေရာယူရန် အနောက်နိုင်ငံ အစိုးရများက တိုက်တွန်းထား၏။ "ပြင်သစ်သမ္မတ ဆာကော်ဇီ ဟာ ဦးနှောက်မမှန်ဘူးနဲ့တူတယ်။ အရူးတစ်ယောက်ရဲ့ ဦးနှောက်က ထွက်လာတဲ့ မဟုတ်တမ်းတရားတွေပဲ သူပြောတတ်တယ်" ဟု "ကဒတ်ဖီ" က အီတလီသတင်းစာတစ်ခုနှင့် အင်တာဗျူးတွင်ပြော၏။

ရက်ကြာလာသည်နှင့်အမျှ အခြေအနေက ပိုဆိုးလာသည်။ "ကဒတ်ဖီ"၏တပ်များက သူ၏ဇာတိမြေ "ဆာတီ" မှ နေ၍ ရေနံမြေများဖြစ်ကြသော "ရတ်(စ်)လာနုဖ်" နှင့် "ဘရီဂါ" ထိချီတက်လာကြ၏။ ထိုနေရာများကို သူပုန်များက သိမ်းခဲ့သော်လည်း ကြာရှည်တပ်မစွဲနိုင်ကြ။ လမ်းတစ်လျှောက်တွင် မီးလောင်စွန့်ပစ်ထားသော သံချပ်ကာ ကားတွေကို တွေ့ရ၏။ အမြောက်တွေကတော့ မြို့ဘက်ကို ချိန်ထားဆဲ။ မောင်းထုတ်ခံထားရသော "ကဒတ်ဖီ" ၏ တပ်တွေက

the bookhouse
we bring you future

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်လာနေပြီ။ ခါတ်ဆီဆိုင်တွေက လျှပ်စစ်မီးမရှိ၍မလည်နိုင်။ လူငယ်များက ရေစုပ်စက်မျိုးတွေနှင့် ဓါတ်ဆီကို လက်နှင့် စုပ်ထုတ်နေရ၏။ ဓါတ်ဆီဆိုင်မန်နေဂျာများလည်း ထွက်ပြေးကုန်ကြပြီ။ ထို့ကြောင့် ဓါတ်ဆီ ကန်ထဲမှ ဓါတ်ဆီကို လူတိုင်း အခမဲ့ စုပ်ယူသုံးစွဲ၍ရနေ၏။

"ကဒတ်ဖီ" ၏ ပြည်ထဲရေးဝန်ကြီးဟောင်း "အဗ္ဗသွာလ်ဖာတာ"က သူပုန်ဘက်ကိုရောက်လာ၏။ ဗိုလ်ချုပ်ဟောင်း "ခါလီဖာအက်ဖ်တာ"လည်း ဝင်ကူတိုက်ပေး၏။ "ခါလီဖာ"သည် စီအိုင်အေလူဟု တချို့ကပြောကြ၏။ ပြည်ထဲရေး ဝန်ကြီးဟောင်းသည်လည်း မယုံရ။ သူ့လူကိုယ့်ဘက်သားဟုဆိုကြ၏။ ထို့ကြောင့် တစ်ယောက်စကား တစ်ယောက် သိပ်နားမထောင်ကြ။ ကိုယ့်အစီအစဉ်နှင့်ကိုယ်သာ တိုက်နေကြ၏။

ဗြိတိန်နှင့် ပြင်သစ်က ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် လစ်ဗျားပြဿနာအဖြေရှာရန် တိုက်တွန်း၏။ တရုတ်နှင့် ရုရှားကမူ ကန့်ကွက်၏။ အမေရိကန်ကမူ တုံ့ဆိုင်းဆိုင်းလုပ်နေ၏။ ကာကွယ်ရေးဝန်ကြီး "ရောဘတ်ဂိတ်(စ်)" က လစ်ဗျားကို ဝင်ရောက်ရေးကို ဆန့်ကျင်၏။ "ကဒတ်ဖီ" ၏ လေကြောင်းရန်ကို ချည့်နဲ့သွားစေရန်၊ ဒုံးကျည်လက်နက်နှင့် ဒရုန်း မောင်းသူမဲ့ လေယာဉ်များသာ သုံးရန်အကြံပြု၏။

အီရတ်နှင့် အာဖဂန်နစ္စတန်မှ အမေရိကန်တပ်များဆုတ်ရန် ရည်ရွယ်ထားချိန်တွင် စစ်မျက်နှာသစ်မဖွင့်လို။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ကိုယ်စားလှယ် "ဆူစန်ရိုက်(စ်)" နှင့် အမျိုးသားလုံခြုံရေးကောင်စီ၏ အကြံပေးပုဂ္ဂိုလ် "ဆမန်သာပါဝါ"တို့ကမူ လစ်ဗျားသို့ဝင်တိုက်ရန် အကြံပြု၏။ အာရပ်ထောက်ခံမှုပိုရလျှင် လစ်ဗျားသို့ဝင်ရန် နိုင်ငံခြားရေးဝန်ကြီး "ဟီလာရီကလင်တန်" ကို တိုက်တွန်းကြ၏။

မတ်လ ၁၂ ရက်နေ့တွင် သူတို့လိုအပ်သော သံတမန်မျက်နှာဖုံးကိုရ၏။ ကိုင်ရိုတွင် အစည်းအဝေးလုပ်ကြသော "အာရပ်အဖွဲ့ချုပ်" က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ "ကဒတ်ဖီ" လေကြောင်းကိုတားဆီးရန်၊ လေယာဉ်မပျံသန်းရဇုံ တစ်ခုဖန်တီးရန် တင်ပြ၏။ အမေရိကန်ကမူ အာဖဂန်နစ္စတန်နှင့် အီရတ်နောက်ပိုင်းတွင် အာရပ်ကမ္ဘာမှ မည်သည့် မွတ်စလင်နိုင်ငံတွင်းသို့ မဝင်ရန် ဆုံးဖြတ်ထား၏။ အာရပ်အဖွဲ့ချုပ်က ခွင့်ပြုလျှင်မူ စဉ်းစားမည်ဟုဆို၏။ ယခုအခါ လစ်ဗျား ကို အာရပ်ကမ္ဘာက ဝိုင်းပယ်ထားတာ သုံးပတ်ရှိပြီ။ ဤအချိန်တွင် သမ္မတရာထူး စွန့်လွှတ်လိုက်ရသူ "ဟော့စနီ မူဘာရက်" နေရာတွင် ဆက်ခံမည့် "မူဆာ"က အကြွက်ဝင်သွား၏။ သူ့ကိုယ်သူ ဒီမိုကရက်ဖြစ်ကြောင်း၊ လွတ်လပ်ရေး ကို မြတ်နိုးကြောင်း ပြသည့်အနေဖြင့် "ကဒတ်ဖီ"ကို အပုပ်ချရန် ကြံစည်လာ၏။

နောက်တစ်နေ့တွင် "ကဒတ်ဖီ"၏ တပ်များက "အာဂျဒါဘီယာ" ကို ဗုံးကြဲ၏။ အတော်များများသေကြ၏။ ထို့နောက် "ထရီပိုလီ"မြို့၏ အနောက်ဘက် "ဇာဝီရာ"ကို ပြန်သိမ်း၏။ ထိုမြို့သည် သူပုန်လက်ထဲ ၁၂ ရက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျရောက်ခဲ့သော မြို့ဖြစ်၏။ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော "မစ်တာရာ" ကိုမူ သူပုန်တွေက သိမ်းထားဆဲ။ ထိုမြို့ပေါ်ကို "ကဒတ်ဖီ" က ဗုံးမိုးရွာသွန်းကာ အမိအရ ပြန်တိုက်နေ၏။

မတ်လ ၁၆ ရက်နေ့တွင် "ကဒတ်ဖီ" တပ်များက "အာဂျဒါဘီယာ" ကို အပြင်းအထန် အင်အားသုံးတိုက်ခိုက်ပြီး ပြန်လည်သိမ်းပိုက်ခဲ့၏။ မူလအစိမ်းရောင်အလံကို ပြန်လွှင့်ကြ၏။ တစ်မြို့လုံးကို လျှပ်စစ်ဓာတ် ဖြတ်တောက်လိုက်၏။

"ဟီလာရီကလင်တန်" သည် ပါရီသို့ ရောက်လာကာ "ဒေးဗစ်ကင်မရွန်" နှင့် "ဆာကိုဇီ" ကို တွေ့၏။

၁၇ ရက်နေ့တွင် "ဆိဖ့်ကဒတ်ဖီ" က "နောက် ၄၈ နာရီဆို အကုန်ပြီးသွားမှာပါ" ဟု ပြော၏။ "ကဒတ်ဖီ" ကလည်း ရေဒီယိုက အသံလွှင့်ရာတွင် သူပုန်တွေ ရှုံးကုန်ပြီဟု ဆို၏။

"သူတို့ကို ရှင်းပစ်လိုက်ပါပြီ။ မနက်ဖြန်ဆို ခင်ဗျားတို့ဟာ ကိုယ့်လူတွေပဲ ကိုယ်ပြန်တွေ့ရတော့မယ်။ မြို့ကို သန့်ရှင်းရေးပြန်လုပ်ပစ်ပါ။ ပြဿနာအသေးလေးက နိုင်ငံတကာထိ ရောက်သွားတာမကောင်းပါဘူး။ ရန်သူတွေ ထွက်ပြေးသွားကြပြီ။ ဒါပေမဲ့ ကျုပ်တော့ ဆုံးဖြတ်ထားတယ်။ လမ်းကြိုလမ်းကြား တစ်လမ်းချင်းကအစ လိုက်ရှင်းမယ်" ဟု ပြောခဲ့၏။

ထိုနေ့ညနေတွင် ပြင်သစ်နှင့် ဗြိတိသျှတို့က သူတို့မူကြမ်းကို လုံခြုံရေးကောင်စီသို့ပေး၏။ ရုရှားကမူ အတိုက်အခိုက်ရပ်စဲပါဟုသာ ဝင်ပြော၏။ အမေရိကန်တို့ကမူ လေယာဉ်ပျံသန်းခွင့်မရှိ ဇုန်အပြင် လစ်ဗျားအရပ်သားများ ကာကွယ်ရေးအတွက် လိုအပ်တာမှန်သမျှ ဝင်လုပ်မည်ဟုဆို၏။ တစ်ချိန်က "ကဒတ်ဖီ" ၏ မဟာမိတ်များဖြစ်ခဲ့ကြသော တောင်အာဖရိကကပင် "ကဒတ်ဖီ"ကို ဆန့်ကျင်သည့် အဆိုတင်သွင်းရာ ထောက်ခံမဲ ၁၀မဲ၊ ကန့်ကွက်မဲ ၀မဲ ရ၏။ ရုရှား၊ တရုတ်၊ ဂျာမနီ၊ အိန္ဒိယနှင့် ဘရာဇီးတို့က ကန့်ကွက်ကြ၏။ သို့ဖြင့် အဆိုကို အတည်ပြုလိုက်၏။ ထိုသတင်းကြားရတော့ လစ်ဗျားတစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသည်။ တစ်ပြည်လုံးပျော်ကြ၏။ ယင်းအဆိုအရ "ကဒတ်ဖီ" သည် နောက်နေ့ ၁၂ နာရီ မတိုင်မီ သူ့တပ်တွေကို ဆုတ်ပေးရတော့မည်။ သို့သော် "ကဒတ်ဖီ" က မလိုက်နာ။ ပို၍ပင် အင်အားသုံးပစ်ခတ်ခဲ့၏။

မဟာမိတ်ဘက်မှ ပြင်သစ်က စ၍ပစ်၏။ ပြင်သစ်လေတပ်က "ဘင်ဂါဇီ" ရှိ "ကဒတ်ဖီ" ၏ သံချပ်ကာကားများကို ဗုံးကြဲ၏။ "အိုဒက်ဆီအရုဏ်ဦး" စစ်ဆင်ရေးကား စလေပြီ။ မကြာမီမှာပင် ပင်လယ်ကွေ့တွင် ရပ်ထားသော အမေရိကန်သင်္ဘောများက ဒုံးကျည် ၁၁၀ ပစ်ခတ်၏။ အဓိက ပစ်မှတ်တွေအတော်များများ ထိမှန်ကုန်သည်။ ဗြိတိသျှလေတပ်လည်း ဝင်ပါချေပြီတကား။ စစ်ပွဲ၏ အခြေအနေက ပြင်းလာသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူပုန်ဘက်မှ အရေးပြန်သာလာသည်။ "ကဒတ်ဖီ" တပ်တွေ ခွေးပြေးဝက်ပြေး ပြေးကုန်ကြ၏။ လမ်းပေါ်မှာ အလောင်းတွေအပြည့်။ ဆေးရုံတွေမှာလည်း ဆရာဝန်၊ ဆရာမတွေ နေ့ရော ညပါ မအားလပ်နိုင်ကြ။

"ကဒတ်ဖီ" တပ်များကတော့ ဆုတ်ရင်းခွာရင်းက မြင်မြင်သမျှ ပစ်ခတ်ဖျက်ဆီးသွားခဲ့သည်။ "ကဒတ်ဖီ" ၏ ကက်ဘိနက်မှ ဝန်ကြီးတော်တော်များများ သူ့သဘောနှင့်သူ နုတ်ထွက်သွားကြကာ သူပုန်တွေနှင့် သွားပေါင်းကြ၏။

အာရပ်နွေဦးအောင်ပွဲကို စတင်ဖွင့်လှစ်ခဲ့သော "တူနီးရှား" က သူ့နယ်မြေကို ကြိုက်သလိုသုံးကာ "ကဒတ်ဖီ" ကို တိုက်ခိုက်ရန် ခွင့်ပြု၏။

"ကဒတ်ဖီ" ၏ စစ်ဌာနချုပ်အချို့သိမ်းမိတော့ လျှို့ဝှက်စာရွက်စာတမ်းတွေကို ဖော်ထုတ်ရမိ၏။ ထူးဆန်းသည်မှာ သူ့လူကိုယ့်ဘက်သား လုပ်နေသော သူလျှိုတော်တော်များများစာရင်း ပေါ်ထွက်လာခြင်းပင်ဖြစ်၏။ "ကဒတ်ဖီ" အနားတွင် ပြာပြီး မှန်ပါဘုရားလုပ်သူ တော်တော်များများသည် သူပုန်အဆက်အသွယ်များဖြစ်၏။ ထို့အတူ "ကဒတ်ဖီဆန့်ကျင်ရေး" တရားများများဟောပြီး သူပုန်တို့ကို စည်းရုံးခဲ့သူ အချို့မှာလည်း အစိုးရလူတွေ။ တော်လှန်ရေးကာလသည် ညီအစ်ကို မသိတသိအချိန်တစ်ခုကို ဖြတ်သန်းသွားရစမြဲ။

"ကဒတ်ဖီ"၏ တပ်များကို "မစ်ရာတာ" မှနေ၍ စစ်မျက်နှာအားလုံးတွင် မောင်းထုတ်နိုင်ခဲ့ကြပြီး "နာပူဆာ" တောင်တန်းကြီးတစ်ခုလုံး သူပုန်တွေလက်ရောက်သွား၏။ တူနီးရှားနယ်စပ်မှနေ၍ အရှေ့ဘက်ဆီသို့ မြို့တွေ တစ်ခုပြီးတစ်ခု သိမ်းပိုက်ရန်သာ ကျန်တော့၏။ "ဖီဂန်" ရှိ သဲကန္တာရစခန်းများ "ဆာတီ" နှင့် "ဘာနီဝါလစ်" ရှိ "ကဒတ်ဖီ" ၏ အခိုင်အမာခံကတုတ်များသာ ကျန်တော့၏။ အရေးအကြီးဆုံး တစ်ခုကတော့ မြို့တော် "ထရီပိုလီ" ကိုသိမ်းပိုက်ရေး။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၉ ထရီပိုလီတိုက်ပွဲ

■ တော်လှန်ရေးတစ်ခုမှာ ဝတ္ထုတစ်ပုဒ်ရေးသလိုပဲ အခက်ခဲဆုံးအပိုင်းက ဇာတ်သိမ်းခန်း ဖန်တီးတာပဲ။

*အလက်မစ်ဒီကော့ကီဗီးလ်*

■ ကဒတ်ဖီ၏ ရာဇဝတ်မှုများအတွက် တစ်ကမ္ဘာလုံးကို အကြီးအကျယ် တောင်းပန်အပ်ပါသည်။

*ဂရုပ်ဖတ်စာလုံးများ*

နေတိုးလေယာဉ်များက လစ်ဗျားတွင် ဗုံးကြဲတိုက်ခိုက်သည်။ ရည်ရွယ်ချက်ကတော့ "ကဒတ်ဖီ" တပ်များကို နှိမ်နင်းရန်။ သို့သော် မကြာခဏ မှားယွင်းကာ သူပုန်တပ်များကို ဗုံးကြဲမိ၏။ ပိုဆိုးတာကအရပ်သားပစ်မှတ်များကို မှားယွင်းဗုံးကြဲခြင်း။

၂၀၁၁ ခုနှစ်၊ ဧပြီလတွင် "ကဒတ်ဖီ" တပ်များဟုထင်ကာ ဗုံးကြဲခဲ့ရာ သူပုန်တပ်ကြီးဖြစ်နေ၏။ သူပုန်တွေ အတော်အထိနာသွား၏။ သဲကန္တာရထဲတွင် အချိန်မရတော့သဖြင့် အလောင်းတွေကို ဖြစ်သလိုပင် မြှုပ်နှံခဲ့ရ၏။ လူရာနှင့်ချီ၍ သေဆုံးခဲ့၏။ တစ်ခါကလည်း လေဆာတပ်ထားသော ပေါင် ၅၀၀ ဗုံးတွေကြဲချရာ ဆေးရုံထိမှန်ပြီး၊ လူနာတွေရော၊ ဆရာဝန် ဆရာမတွေပါ သေဆုံးကုန်၏။ ဤအချက်များကို နေတိုးတပ်များအား အကြောင်းကြားရာ၊ သူတို့ကမှားပါတယ်ဟု ဝန်မခံ။ သူတို့တာကယ်တိုက်တာက "ကဒတ်ဖီ"တပ်များ။ ထိမှန်တာကတခြားဆိုတော့ ဘာမှမတတ်နိုင်ဟု ပစ်တောင်းခါကာ စကားကို တုံ့ပြန်၏။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို အခွင့်ကောင်းယူကာ အစိုးရပိုင်လစ်ဗျား ရေဒီယိုမှ နေ့စဉ်ရက်ဆက်ကြေညာ၏။ လေယာဉ်များကြောင့် အရပ်သားများ သေကျေပျက်စီးရကြောင်း ချဲ့ကားပြောတတ်တာတွေလည်းရှိ၏။ တစ်ချိန်တွင် လူထောင်ကျော်သေကာ ၄၅၀ ကျော် ဒဏ်ရာရသည်ဟု ဆို၏။ တကယ်တော့ ဤမျှထိခိုက်သေဆုံးခြင်း မည်သည့်နေရာတွင်မှမရှိခဲ့။ တစ်ခါကလည်း ကလေးအလောင်းသုံးလောင်းကို သတင်းထောက်များအား ခေါ်ပြသည်။ အနီးအနားရှိ ဆရာဝန်တစ်ဦးက သတင်းထောက်တစ်ဦး၏လက်ထဲသို့ စာရွက်ပိုင်းတစ်ခု ထည့်သွားသည်။

"မယုံကြနဲ့။ တစ်ခါက ဘတ်စ်ကားမှောက်လို့ သေသွားတဲ့ကလေးတွေ။ နေတိုးဗုံးနဲ့ သေတာမဟုတ်ဘူး"

နိုင်ငံတကာမှ သတင်းစာဆရာများကို တစ်နေ့လျှင် ဒေါ်လာ ၄၀၀ ကျသော "ရီဆိုဟိုတယ်" တွင် တည်းခိုစေကာ သတင်းများယူစေ၏။ တစ်နေ့တွင် သတင်းစာဆရာများ နံနက်စာစားနေစဉ် ငယ်သံပါအောင် အော်လိုက်သော အမျိုးသမီးတစ်ဦး အသံကြားရ၍ အသံလာရာသို့ သတင်းထောက်တွေ စုရုံးရောက်ရှိသွားသည်။ ထိုအခါ အမျိုးသမီးတစ်ဦးကို စားပွဲထိုးများက ဓားများဖြင့် ထောက်ပြီးဖမ်းဆီးသည်ကိုတွေ့ရ၏။ ထိုအမျိုးသမီးမှာ "ကဒတ်ဖီ" လွှတ်လိုက်သော သူဖြစ်ပြီး သူပုန်တပ်များက သူ့ကို မုဒိမ်းကျင့်သည်ဟု သတင်းစာဆရာများကို လာရောက်တိုင်ကြားခြင်း ဖြစ်သည်ဟု ဆို၏။ တကယ်တော့ လံကြုပ်ဇာတ်လမ်းဖြစ်နေ၍ စားပွဲထိုးများက သူ့ကို သတင်းထောက်များထံ မသွားရန် တားဆီးခြင်းဖြစ်သည်ဟု သိရ၏။ သို့သော် "ကဒတ်ဖီ" ၏သား "ဆာဒီ" က လက်မလျှော့ဘဲ "စီအင်အင်" နှင့် အင်တာဗျူးလုပ်ရန် ဝင်လာခဲ့၏။ သို့သော် ရှေ့နောက်မညီသော လုပ်ကြံဇာတ်လမ်းကြီးက နောက်ပိုင်းတွင် ဖြစ်ရပ်မှန်ပေါ်သွား၏။

"ထရီပိုလီ" မြို့တစ်ဝိုက်တွင် "လွတ်လပ်သောမျိုးဆက်လှုပ်ရှားမှု" ဆိုသော စာတမ်းမှိုးစုံလည်း ပေါ်လာ၏။ ထောင်ထဲတွင် မည်မျှကြာကြာနေခဲ့ရ၊ မည်သို့အနှိပ်စက်ခံရမည် ဆိုတာပါ အကွက်ဇာတ်လမ်းဆင်ပြီး ယုတ္တိရှိရှိပြောကာ အကူအညီ အမစခံသူများလည်းရှိ၏။ တချို့ကလည်း မိမိကိုယ်မိမိ သနားစရာသတ္တဝါကဲ့သို့ သရုပ်ဆောင်ကာ ငွေကြေးတောင်းခံတာတွေရှိ၏။ တချို့က သူတကယ့်ဖြစ်ရပ်မှန်။ သို့သော် အတုနှင့်အစစ်က ရောနေ၏။ အတုက အစစ်ဖြစ်လိုဖြစ်၊ အစစ်က အတုဖြစ်လိုဖြစ်၊ ဘာတစ်ခုမှ အတည်တကျယုံ၍မရကြ။ နေရာအနှံ့အစိုးရဆန့်ကျင်ရေး ပိုစတာတွေ၊ စာတမ်းတွေ၊ ရုပ်ဖစ်တီအရုပ်တွေကို တွေ့ရ၏။

ကားတွေကို အနီရောင်၊ အနက်ရောင်၊ အစိမ်းရောင်ဆေးတွေ သုတ်ထား၏။ တော်လှန်ရေးအရောင်။ ထိုကားမျိုးကို စစ်သားတွေကမြင်လျှင် အဝေးကလှမ်း၍ သေနတ်ဖြင့်ပစ်တတ်၏။

ဇွန်လအလယ်လောက်တွင် "ထရီပိုလီ" မြို့အနှံ့ တီးတိုးသတင်းတစ်ခု ပျံ့နှံ့လာ၏။ မကြာခင် ပွဲသိမ်းအချိန်ရောက်တော့မည်။ ၁၇ ရက်နေ့တွင် လူတိုင်း ပလီများမှ ဝတ်ပြုပြီး လမ်းပေါ်ထွက်လာရန် စည်းရုံးကြ၏။ သို့သော် ထိုနေ့

the booktouse
www.burmeseclassic.com

www.burmeseclassic.com



နံနက်တွင် တိုက်ခေါင်မိုးတွေပေါ်မှ၊ လသာဆောင်တွေပေါ်မှ စစ်သားတွေနေရာယူပြီးသားဖြစ်နေ၏။ သေနတ်တွေကို အသင့်ချိန်ထား၏။ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်သည်နှင့် တစ်ခါတည်းပစ်လိုက်ရန် အမိန့်ရထားကြပုံပေါ်၏။ သတင်းစာဆရာများကို ဟိုတယ်ထဲတွင်ပင်ထားကာ၊ အပြင်ထွက်ခွင့်မပြုတော့။ နေ့ခင်းကျတော့ ဘတ်စ်ကားတစ်စင်းရောက်လာကာ သတင်းထောက်တွေ ဘတ်စ်ကားပေါ်တက်ရန်ပြော၏။ ဟိုတယ်ရှေ့တွင် "ကဒတ်ဖီကို ထောက်ခံသည်။ သူ့ကိုပဲ လိုလားသည်" ဟု ကြွေးကြော်သံများ အော်ဟစ်ကာ အလံစိမ်းများဝှေ့ယမ်းပြီး ခုန်ပေါက်နေသူ တစ်စုရှိ၏။ သူတို့ကို သူတို့အုပ်စုမှပင် ဗီဒီယိုမှတ်တမ်းတင်နေသည်။ တကယ်တော့ သူတို့က အစိုးရ ဒလန်တွေသာဖြစ်ကြ၏။ ငွေပေးပြီး သရုပ်ဆောင်ခိုင်းထားသော အနုပညာရှင်အတုတွေ၊ တကယ့်လူထုကြီးက "အစိမ်းရောင်ရင်ပြင်" တွင်ရှိ၏။

လူထုက ဒီတစ်ချီတွင် စည်းနဲ့ကမ်းနဲ့လှုပ်ရှားကြ၏။ သေသေချာချာအကွက်ချပြီး လှုပ်ရှားကြ၏။ "ကဒတ်ဖီ" ၏ ထောက်လှမ်းရေးများကို ကွက်ကျော်ရိုက်ကာ စည်းရုံးရေးလုပ်၏။ "ထရီပိုလီ" မြို့ကို အကွက် ၃၇ ကွက်ခွဲကာ၊ တစ်ကွက်စီတွင် မိမိတာဝန်ခံနှင့် မိမိဆက်သွယ်လှုပ်ရှားကြ၏။

လူထုထဲမှ လက်ရွေးစင်များကို သေသေချာချာလေ့ကျင့်ပေးကာ လက်နက်အပြည့်အစုံ တပ်ပေးထား၏။ အများစုမှာ နိုင်ငံခြားမှ ပြန်လာသူများဖြစ်ကြ၏။ အမေရိက၊ ဗြိတိန်၊ ကနေဒါနှင့် ပင်လယ်ကွေ့တွင် နေထိုင်ဖူးကြသူများ ဖြစ်ကြ၏။ သူတို့ထဲတွင် ဆရာဝန်တွေ၊ သွားဆရာဝန်တွေ၊ ကျောင်းသားတွေ၊ အလုပ်သမားတွေပါ၏။ အချို့က စစ်ပညာတစ်ခါမှ မသင်ဖူးခဲ့ကြ။ အချို့က လစ်ဗျားကို တစ်ခါမှပင် မရောက်ဖူးကြသူတွေ။ သူတို့မိဘများက နိုင်ငံရေးကြောင့်လည်းကောင်း၊ စီးပွားရေးအရလည်းကောင်း လစ်ဗျားပြင်ပသို့ ရောက်ခဲ့ကြသူများဖြစ်၏။ သူတို့က လစ်ဗျားတွင် ပြန်နေရန် တစ်ခါမှ အိပ်မက်မမက်ဖူးကြ။ လစ်ဗျားတွင် လာရောက်တိုက်ခိုက်ဖို့ဆိုသည်မှာ စဉ်းစား၍ပင်မရ။ ယခုတော့ လစ်ဗျားအတွက် သူတို့စွန့်စားကြတော့မည်။ အချက်ပြလို့ရပါက သူတို့သည် ရှေ့တန်းထွက်ကာ မြို့တော်ကိုသိမ်းပိုက်ကြရန်အသင့်။

■

ကုလသမဂ္ဂလုံခြုံရေးကောင်စီက "ကဒတ်ဖီ" ၏ နိုင်ငံသားများအပေါ် တိုက်ခိုက်နေမှုကို ရပ်တန့်ရန် ဆန္ဒမဲ ခံယူမှုမပြုမီ ရက်အနည်းငယ်က ဆော်ဒီအာရေဗျနှင့် အခြားပင်လယ်ကွေ့နိုင်ငံများ (ကာတာနှင့် ယူအေအီးနိုင်ငံ အပါအဝင်) ၏ တပ်ဖွဲ့များက ဘာရိန်းအထိသွားကာ အသင့်ပြင်ကာကွယ်ထားကြ၏။ ယူအေအီးတာဝန်ရှိလူများက သူတို့သည်

www.burmeseclassic.com

the bookhouse
we bring your favorite

www.burmeseclassic.com



အခြေအနေအရ လစ်ဗျားကိစ္စတွင် ဝင်ပါရခြင်းဖြစ်သည်ဟုပြောသည်။ ယူအေအီးနှင့် ကာတာသည် လစ်ဗျားမှ နိုင်ငံသားများကို ကာကွယ်ရန် စစ်ရေးအသင့်ပြင်ခြင်းဖြစ်၏။

"အခြေအနေက မသက်မသာအခြေအနေပဲ။ ပြင်ပကမ္ဘာကြီး မြင်ထားတာထက် ပိုဆိုးနေပြီ" ဟု ဗိုလ်မှူး သံတမန်တစ်ဦးကပြော၏။

မြို့သိမ်းတိုက်ပွဲဆင်နွှဲရန်အချိန်ကား နီးကပ်လာပြီ။ နေတိုးက "ထရီပိုလီ" မြို့ပေါ်သို့ လေယာဉ်ပေါ်မှ စာရွက်များကြဲချကာ "ကဒတ်ဖီ" ၏ တပ်များရုပ်သိမ်းရန် အချိန်ကျပြီဟု သတိပေး၏။ အမေရိကန်တို့က မောင်းသူမဲ့ ဒရုန်းလေယာဉ်တွေ ထပ်လွှတ်လာ၏။ ဗုံးကြဲမှုတွေကလည်း ပိုပြီးစိပ်လာ၏။ မြို့ကြီးအများစုမှာ သူပုန်တွေလက်အောက် ရောက်နေပြီဖြစ်ရာ သူတို့က မြို့တော်ကို ပိုအာရုံစိုက်၍ ရလာ၏။ ကောင်းစွာ စစ်ရေးလေ့ကျင့်ထားသော တပ်ဖွဲ့ဝင် ရာပေါင်းများစွာသည် တိုက်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေကြပြီ။ ဩဂုတ်လ ၁၉ ရက်တွင် "မူဆာကူဆာ" တာဝန်ယူလိုက် ကတည်းက အခြေအနေက ပိုဆိုးသွား၏။ ၁၉၆၉ ခုနှစ်ကစ၍ "ကဒတ်ဖီ" ၏ ညာလက်ရုံးဖြစ်ခဲ့သော "အဗ္ဗသ္သာလ်ဆာ လမ်ဂျာလောက်" က မြို့မှ ထွက်ပြေးသွားသည်။ သူက တော်လှန်ရေးကောင်စီအတွင်းမှ အဆင့်မြင့် ပုဂ္ဂိုလ်ကြီးဖြစ်၏။ သူပုန်များက သူနဲ့သူ့မိသားစုကို "ဇင်တန်" သို့ ထွက်ပြေးရန် ကူညီခဲ့၏။ ထိုမှတစ်ဆင့် တူနီးရှားသို့ သွား၏။ ထိုမှနေ၍ ရောမ၊ ထိုမှတစ်ဆင့် ကာတာ။ "ဂါဝီယာ" မြို့ ကျဆုံးသွားပြီးနောက် နေတိုးခေါင်းဆောင်များ စစ်ဆင်ရေးခေတ္တရပ်ပြီး တပ်ဖွဲ့တွေ ပြန်စုရန် ပြင်ဆင်တော့၏။ သို့သော် "ထရီပိုလီ" ကော်မတီကမူ အရှိန်အဟုန်ကို မရပ်ဟုဆို၏။ ဆိုထက်ပိုသည်ကား လစ်ဗျားပြန်သူတို့အတွက် အဓိပ္ပာယ်ရှိသည့် နေ့စွဲ၊ ရက်စွဲ၊ အချိန်ကရှိနေပြီ။ အေဒီ ၆၈၀တွင် မက္ကာကို မွတ်စလင်တို့ သိမ်းပိုက်အောင်ပွဲခံခဲ့သော နှစ်ပတ်လည်နေ့ကား နီးကပ်နေလေပြီ။ ၂၀၁၁တွင် ထိုနေ့သည် ဩဂုတ်လ ၂၀ရက်နေ့တွင် ကျရောက်၏။ ဖေဖော်ဝါရီ ၂၀ရက်နေ့က ပြည်သူတို့ စတင်ပုန်ကန်ခဲ့ကြရာ ထိုနေ့တွင် ခြောက်လတင်းတင်းပြည့်မည်ဖြစ်သည်။

"ကဒတ်ဖီ" ၏ သူလျှိုများသည် သူပုန်များထဲတွင် စိမ့်ဝင်ပျံ့နှံ့နေ၏။ ဒါကလည်း သတိထားစရာ။ တော်လှန်ရေး နှောင့်နှေးကြန့်ကြာနေခြင်းမှာ ဤအချက်လည်း တစ်ကြောင်းအပါအဝင်ဖြစ်၏။ ကိုယ့်လူအချင်းချင်းမယုံရ။ သို့ဝှက်ချက်တစ်ချို့က ပေါက်ကြားနေ၏။ ချားစ်နှင့် ဆူဒန်မှ ကြေးစားလူသတ်သမား ထောင်နှင့်ချီပြီး ဝင်လာနေပြီ ဟုလည်း သတင်းတွေ ရနေ၏။ လူသူမရှိသော အိမ်တွေ ကျောင်းတွေထဲတွင် "ကဒတ်ဖီ" ၏ တပ်ဖွဲ့ဝင်တွေ တပ်စွဲ ထားကြ၏။ "ထရီပိုလီ" ကို "ကဒတ်ဖီ" က အသေးကပဲ ကာကွယ်မည်ဖြစ်၏။ ဓာတုလက်နက်များပင် သုံးမည်ဟု သတင်းတွေ ထွက်လာ၏။ ရှေ့တန်းစစ်မျက်နှာရှိ တပ်ဖွဲ့ဝင်များသို့ ဓာတ်ငွေ့ကာ မျက်နှာဖုံးများပင် ဖြန့်ချိထားပြီဟု

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သိရ၏။ ‘‘ကဒတ်ဖီ’’ ၏ လက်ထဲတွင် ဓာတုလက်နက်ပစ္စည်းများစွာ သိုလှောင်ထားသည်ကို ထောက်လှမ်းရေးသတင်းများအရ အခိုင်အမာပို သိထား၏။

ဩဂုတ်လ ၂၀ရက်နေ့ မွန်းလွဲပိုင်းတွင် လျှို့ဝှက်သင်္ကေတတစ်ခု ပျံ့နှံ့ထွက်ပေါ်လာ၏။

‘‘ဒီည ဆွတ်ပြုတ်သောက်မယ်ဟေ့’’

အဓိပ္ပာယ်ကတော့ရှိသည်။ အပြီးသတ်တိုက်ပွဲဆင်မည်။ ‘‘မားမိတ်ဒေါင်း’’ စစ်ဆင်ရေးစတော့မည်။

‘‘အိုး အလ္လာဟ်အရှင်မြတ်။ ဤနေ့တွင် တပည့်တော်အား ကောင်းကင်ဘုံတံခါးများ ဖွင့်ပေးတော်မူပါ။ ငရဲဘုံတံခါးများ ပိတ်ပေးတော်မူပါ။ ကုရ်အန် ကျမ်းမြတ် ရွတ်ဖတ်ခွင့်ပြုတော်မူပါ။ အရှင့်ကို ယုံကြည်သက်ဝင်သူများအတွက် တည်ငြိမ်ငြိမ်းအေးမှု ချီးမြှင့်တော်မူပါ’’ဟု ထာဝရဘုရားရှင်ကို ဆုတောင်းဝတ်ပြုကြ၏။

‘‘ဒိုယာ’’တွင် အခြေစိုက်ထားသော သူပုန်ရုပ်မြင်သံကြားစက်ရုံမှ ‘‘မူစတာဖာအဗ္ဗသွာလ်ဂျာလီလ်’’ မိန့်ခွန်းပြော၏။

‘‘အခြေအနေက ပေးနေပြီ။ ထကြွကြတော့’’

‘‘ဖေဖော်ဝါရီ ၂၀ ရက် အရင် ၆ လတုန်းကပေါ့။ လူတိုင်းက မြို့လယ်ကောင်ကို သွားစုကြတယ်။ ဒီတစ်ခါမှာတော့ လူတွေဟာ သူ့အရပ် သူ့ဒေသမှာပဲ လုံခြုံစွာနေပြီး အချိန်ကျမှ ထွက်ကြမယ်’’ ဟု ‘‘အဗ္ဗသွာလ်မာဂျစ်ဖြတ်’’ ဆိုသူ တော်လှန်ရေးသမားတစ်ဦးကပြော၏။ ရပ်ကွက်ထဲမှလူအချို့ သေနတ်တွေနှင့်ထွက်လာကြ၏။ ငါးဖမ်းရာတွင်သုံးသော လက်ပစ်ဗုံးများလည်း ကိုင်ထားကြ၏။ လူငယ်များက လမ်းပေါ်ထွက်လာကာ တစ်ဦးနှင့်တစ်ဦး လေချွန်ပြီး အချက်ပေးကြ၏။ လျှို့ဝှက်ဖွဲ့စည်းထားသော ဆဲလ်များအားလုံး စတင်လှုပ်ရှားကြပြီ။

အဓိကနေရာတစ်ခုကတော့ ‘‘ဗိုလ်ချုပ်ကြီးမိုဟာမက်အက်ရှကယ်’’ ၏ အစောင့်တပ်ဖြစ်၏။ သူက ‘‘ကဒတ်ဖီ’’ တို့မျိုးနွယ်ဝင် ဆွေမျိုးတော်စပ်သူဖြစ်၏။ ၁၉၈၅ ခုနှစ်အတွင်း အာဏာသိမ်းပွဲတစ်ခုတွင် ပါဝင်သူ သူ့အစ်ကို ‘‘ဗိုလ်မှူးကြီးဟာဆန်အက်ရှကယ်’’ကို ‘‘ကဒတ်ဖီ’’ က ကွပ်မျက်ခဲ့၏။ ထိုဝေဒနာကို ‘‘မိုဟာမက်’’ သည် မျိုသိပ်ကြိတ်မှိတ်ခံစားခဲ့ရသည်မှာ ရာစုနှစ်၏ ခြောက်ပုံတစ်ပုံမျှပင် ရှိနေပြီ။ ယခုတော့ သူ သူပုန်တပ်တွေနှင့် ပေါင်းလိုက်ပြီ။ သူပုန်တွေက သူ့ကို အချိန်မကျမချင်း မလှုပ်ရှားဘဲ၊ နေမြဲနေရာတွင်သာ နေရန်ပြောထား၏။ ယခုတော့ အချိန်ကျပြီ။ ထိုညက ‘‘ကဒတ်ဖီ’’၏ တပ်ဖွဲ့ဝင်အများစုက ယူနီဖောင်းချွတ်ကာ တီရှပ်နှင့် ဂျင်းဘောင်းဘီများသာ ဝတ်ပြီး ရပ်ကွက်ပြည်သူများကြားတွင် ရောယောင် ကိုယ်ယောင်ဖျောက်ထားကြ၏။ သစ္စာတော်ခံအချို့နှင့် အာဖရိကမှ ကြေးစားလူသတ်သမားအချို့ကိုသာ တပ်စောင့်ချန်ထားကြသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



မကြာခင် တိတ်ဆိတ်သော ညသည် သေနတ်သံ၊ မိုးသံတို့ဖြင့် နိုးကြားလာပြီ။ ""ကဒတ်ဖီ"" ပုန်းအောင်းရာ နေရာကို အင်အားသုံးဝိုင်းတိုက်ကြ၏။ ရှေ့ဆုံးသို့တက်လာသော လူငယ်တော်တော်များများ သေကြ၏။ အများစုမှာ နှစ်ဆယ်ပတ်ဝန်းကျင်တွေ။

""ဆူလေမန်"" ဆိုသော လူငယ်လေး၏ အလောင်းကို နောက်သုံးရက်အကြာတွင် ပြန်တွေ့ရ၏။ ခေါင်းကိုထိသော သေနတ်ဒဏ်ရာနှင့် သူကွယ်လွန်ခဲ့၏။ ဖေဖော်ဝါရီလက သူ့ဖေ့စ်ဘွတ်စ်တွင် တင်ထားခဲ့သောစာများက ရဲဝံ့ပြတ်သားလှ၏။

""လွတ်လပ်ရေးအတွက် အသက်ကို စွန့်ရတာလောက် မှန်မြတ်တာ ဘယ်ရှိမလဲ။ လုံးဝဥဿုံ စွန့်စားမှုကို လုပ်မလား၊ အဲဒါမှမဟုတ်ရင် အချောင်သက်သက် အောင်ပွဲကို အမြိန့်သားဝင်ခံစားမလား။ လွတ်လပ်ရေးအတွက်ဆိုရင် ငါတော့ အသက်ကိုစတေးတာပဲလုပ်မယ်""

■

ဗလီများမှ ဆုတောင်းသံများ ညံစီနေ၏။ ထာဝရဘုရားရှင်က အောင်ပွဲကို ချီးမြှင့်တော်မူပါဟု ဆုတောင်း [illegible]ကြ၏။ သူပုန်တပ်အများစုက အမှတ် ၃၂ တပ်မကို ဦးတည်တိုက်ကြ၏။ မြို့တော်မှ မိုင် ၂၀ ဝေးသောနေရာရှိ [illegible]တပ်ဖွဲ့ကို ""ကဒတ်ဖီ"" ၏သား ""ခါမစ်"" က ဦးဆောင်သည်။ သူပုန်တပ်တွေ ဝင်လာသောအခါ ပြည်သူများက [illegible]ပေါ်ထွက်ပြီး သောင်းသောင်းဖျဖျ ကြိုဆိုကြ၏။ အဘိုးကြီးတစ်ဦး လမ်းပေါ်တွင် ဒူးထောက်ကာ ငိုကြွေးရင်း [illegible]စပ်က တတွတ်တွတ် ရေရွတ်နေ၏။

""ဒါတွေအားလုံးက ငါ့သားတွေချည်းပဲ။ ဒါ ငါ့နိုင်ငံ။ ဒါ ငါ့အိုးအိမ်။ ဒါ ငါ့လမ်း။ ငါတို့ အားလုံးလွတ်မြောက် [illegible]""

လူငယ်တစ်စုက ကားပေါ်မှနေပြီး သံပြိုင်အော်နေကြ၏။

""ကဒတ်ဖီ ရေ မင်းကို နှုတ်ဆက်လိုက်တယ် ဘိုင့်ဘိုင်""

လက်နက်ကိုင်သူပုန်အချို့က တော်လှန်ရေးသီချင်းများကို ဓာတ်မာန်တက်ကြွဖွယ် သီဆိုကာ ရှေ့တက်နေကြ၏။

သူပုန်တပ်ဖွဲ့ဝင်အချို့ ချောင်းမြောင်းအပစ်ခံရ၏။ ထိုမှသည်မှ သေနတ်သံများပေါ်လာကာ ""ကဒတ်ဖီ"" ၏ [illegible]ဖြောင့်တပ်သားများက ချက်ကောင်းရွေးပစ်နေကြ၏။ အချို့က ကားပေါ်မှ၊ အချို့က တိုက်ခန်းထဲမှ။ ""ကဒတ်ဖီ""

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



က တပ်ဖွဲ့ကို အလုံးလိုက် အရင်းလိုက်မသုံးဘဲ၊ ပြောက်ကျားစစ်ပုံစံမျိုးဖြင့် ဖြန့်တိုက်နေ၏။ လုံခြုံရေး စိတ်ချရပြီဟု ထင်သောနေ့မှာပင် လူတော်တော်များများ သေဆုံးကြရ၏။

တနင်္ဂနွေနေ့ညတွင် သူပုန်တပ်က "ဆေ့ဖ်အာလ်အစ္စလာမ်" ကို ဖမ်းမိပြီဟု ကြေညာ၏။ သို့သော် တနင်္လာနေ့ ညနေတွင် သူက သတင်းစာဆရာများ တည်းခိုရာ "ရီဇိုဟိုတယ်" သို့ ရောက်လာ၏။ ကာကီစိမ်းရောင် တီရှပ်ဝတ်ထားကာ လေထဲလက်များမြှောက်ပြီး ကားပေါ်မှ စကားပြော၏။ သူ၏ တပည့်တပန်းသစ္စာတော်ခံများက "ကဒတ်ဖီ" ၏ ပိုစတာများကိုင်ဆောင်ကာ သူ့ကိုအားပေးကြ၏။

"ကျုပ်တို့ဒီမှာရှိတယ်။ ဒါ ကျုပ်တို့ရဲ့နိုင်ငံပဲ။ ကျုပ်တို့ဒီမှာပဲနေတယ်။ ဒီမှာပဲသေမယ်။ ပြည်သူတွေက ကျုပ်တို့နဲ့အတူရှိနေတော့ ကျုပ်တို့ပဲ နိုင်မှာပဲ"

သူက အာပေါင်အာရင်းသန်နေဆဲ။ သူ့တပည့်တပန်းတချို့ကလည်း ဝိုင်းဝန်းဩဘာပေးကြ၏။ နောက်နေ့ နံနက်တွင် သူပျောက်သွားသည်။ ဤသည်မှာ လွတ်လပ်သောလူတစ်ဦးအနေဖြင့် ပြည်သူကြားထဲ သူနောက်ဆုံးထွက် မျက်နှာပြခြင်းသာဖြစ်သည်။ နောက်နေ့တွင် တိုက်ပွဲတွေက ပိုပြင်းထန်လာ၏။ တစ်မြို့လုံး မီးခိုးတွေဖြင့် မှောင်မိုက်နေ၏။ လက်နက်ကြီးပစ်ခတ်သံတွေ ဆူညံနေ၏။ "ကဒတ်ဖီ" မိသားစုလည်း ထွက်ပြေးသွားကြပြီ။ သူ့တပည့်တပန်းတွေလည်း အပြုံပြုံအကွဲကွဲ ထွက်ပြေးကြ၏။ "ဆာဒီ" ၏ အိမ်ကိုလည်း သူပုန်တပ်က သိမ်းပိုက်လိုက်ပြီ။ လက်ဖြောင့်သေနတ်သမားများကတော့ ကျန်သေး၏။ နေရာကောင်း၊ အကွက်ကောင်းများမှနေ၍ သူတို့က လူရွေးပစ်ခတ်သတ်ဖြတ်နေဆဲ။

"မစ်ရာတာ" နှင့် အနီးတစ်ဝိုက်မှ တိုက်ပွဲဝင်ပုဂ္ဂိုလ်များကို "အဗ္ဗဒ္ဓာလ်ဟာကင်ဘဲလ်ဟတ်ချ်" ခေါင်းဆောင်ကြီး မြို့ထဲဝင်လာကြ၏။ တိုက်ပွဲဝင်များက သူတို့၏ မိုဘိုင်းဖုန်းကင်မရာများဖြင့် အရာရာကို ရိုက်ကူး မှတ်တမ်းတင်နေကြ၏။ "ကဒတ်ဖီ" ၏ရုပ်ပုံပါသော ပိုစတာများကို ဆုတ်ဖြဲပစ်ကြ၏။ "ကဒတ်ဖီ" ရုပ်ထုတွေကို ခြေမွဖျက်ဆီးပစ်ကြ၏။ လစ်ဗျားပြည်သူများကလည်း ဒေါသနှင့် စိတ်လှုပ်ရှားမှုများ ပေါင်းစပ်ကာ "ကဒတ်ဖီ" မိသားစုပိုင် ခြံဝင်းထဲသို့ စုပြုံဝင်လာကြ၏။

အိမ်ထဲမှ လျှို့ဝှက်ထွက်ပေါက်တွေ၊ မြေအောက်လမ်းကြောင်းတွေကို ရှာကြ၏။ မိသားစုဗီမိခံပစ္စည်းတွေကို တဝကြီးကြည့်ရှုပြီး ဖျက်ဆီးပစ်ကြ၏။ လမ်းပေါ်မှာတော့ အောင်ပွဲခံသူပုန်များက ကားများဖြင့် မြို့ပတ်မောင်းကာ သေနတ်တွေ မိုးပေါ်ထောင်ပစ်နေကြ၏။ "ကဒတ်ဖီ" က ဓာတုလက်နက်များ မသုံးနိုင်ဘဲ ခွေးပြေးဝက်ပြေး ပြေးခဲ့ရ၏။ သူ၏ ဇာတိမြို့ဖြစ်သော "ဆာတီ" တွင်မူ သူ့တပည့်များက ပစ်ခတ်ကာကွယ်နေကြဆဲ။

ရမ်ဇမ်အီဒ်နေ့သည် ဩဂုတ်လ ၃၁ ရက်တွင် ပြီးဆုံးသည်။ နံနက်မိုးသောက်တွင် "အစိမ်းရောင်ရင်ပြင်"

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြည်သူထောင်ပေါင်းများစွာ စုဝေးရောက်ရှိလာကြ၏။ ထို့နောက် ထာဝရဘုရားရှင်ကို ဒူးထောက်ဝတ်ပြုကြ၏။ ထို့နောက် အောင်ပွဲခံသီချင်းတွေဆိုကြ၊ ကကြခုန်ကြ၊ အလံသစ်ကိုဝှေ့ယမ်းကြ။

"ကဒတ်ဖီ ရဲ့ အုပ်ချုပ်ရေးကနေ၊ အချုပ်အချယ်ကနေ လွတ်မြောက်ပြီ။ လွတ်လွတ်လပ်လပ် ဘုရားရှိခိုးနိုင်တာ ကျွန်တော့်ဘဝမှာ ဒါ ပထမဆုံးအကြိမ်ပဲ" ဟု လူတစ်ဦးကပြော၏။

ပဝါအပြာရောင်ကို ခေါင်းမှာစည်းထားသော လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦးကမူ

"ကျွန်မ စကားလုံးတစ်ရာ၊ တစ်ထောင်၊ တစ်သန်း ပြောပြချင်တယ်။ ကျွန်မဘယ်လိုခံစားရသလဲဆိုတာတွေကိုပေါ့" ဟု မျက်ရည်တတွေတွေကျရင်း တတွတ်တွတ် ပြောနေ၏။

"ထရီပိုလီ" ရဲတိုက်၏ ခေါင်မိုးပေါ်မှ လူတစ်ဦးက ရောမအလံကြီးကို ဝှေ့ယမ်းပြနေ၏။ "ကဒတ်ဖီ"၏ ရုပ်ပြောင်ပုံကို ကြွက်ကဲ့သို့၊ မျောက်ကဲ့သို့၊ သွေးစုပ်ဖုတ်ကောင်ကဲ့သို့ အမျိုးမျိုး လှောင်ပြောင်ရေးဆွဲပြသကြ၏။ လစ်ဗျားတွင် တစ်ခါမှ မမြင်ခဲ့ရဖူးသော "ကဒတ်ဖီ" ပုံ ကာရီကေးချားရုပ်ပြောင်များကား ယခုတော့ မမြင်ချင်မှအဆုံး။

မြို့တော်၏ အုတ်နံရံများတွင်ကား တော်လှန်ရေးကာလ ၆ လအတွင်း တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရသူများ၏ ဓာတ်ပုံများကို ကပ်ထားသည်ကား ရင်နင့်ဖွယ်ရာ။ အဘယ်မျှလောက်သေကျေခဲ့ပြီး၊ အဘယ်မျှလောက် ပျောက်ဆုံးနေဆဲရှိသည်ကိုကား၊ အတိအကျမသိကြရ။ တိုက်ပွဲကလည်း မပြီးဆုံးသေး။ "ကဒတ်ဖီ"၏ ဇာတိမြို့ဖြစ်သော "ဆာတီ" တွင် သူ့တပ်ဖွဲ့များက အသေအလဲ ခုခံကာကွယ်နေကြဆဲ။ "ဆာဘာ" နှင့် "အာနီဂါလစ်" ဒေသများတွင်လည်း တိုက်ပွဲများ ဖြစ်နေကြသေးသည်။ "မားဒိတ်ဒေါင်း" စစ်ဆင်ရေးကား အောင်မြင်သွားပြီ။ "ကဒတ်ဖီ" ၏ ၄၂ နှစ်ကြာ အုပ်ချုပ်ရေးကား နိဂုံးချုပ်ခဲ့ပြီ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၀ တော်လှန်ရေးအလွန်

■ သူတို့ငိုကြွေးကြ၊ ရန်ဖြစ်ကြသည်၊ လွတ်လပ်ရေးကား ရိုင်းပျလေစွ။

*ဒဗလျူအိပ်ချ်အော်ဒင်*

''ဟူဒါအဘူဇိုက်'' ၏ ဖခင် ''အလီ'' သည် လန်ဒန်တွင် အသတ်ခံခဲ့ရ၏။ သူက ''ကဒတ်ဖီ'' ၏ ရုပ်အလောင်းကို မြေမမြှုပ်ခင် ကြည့်ချင်နေ၏။ သူသည် လစ်ဗျားသို့ပြန်လာကာ တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး ကြားဖြတ်အစိုးရတွင် ဝန်ကြီးတာဝန် ယူခဲ့၏။ ''ထရီပိုလီ''မှ ကားဖြင့် သုံးနာရီကြာ မောင်းရသော ခရီးသို့သွားကာ ''ကဒတ်ဖီ'' ၏ ရုပ်အလောင်းကို သူကြည့်၏။ သူတို့မိသားစုကိုဖျက်ဆီးခဲ့၊ သူတို့ ဘဝတွေကို နှစ်ရှည်လများ လွှမ်းမိုးခဲ့သူကြီး၏ ရုပ်အလောင်းကို သူသိပ်ကြည့်ချင်နေ၏။ ထိုနေရာ ရောက်တော့ သူ့ကို တာဝန်ရှိသူများက ''ကဒတ်ဖီ''၏ ရုပ်အလောင်းကို ခေါ်ပြ၏။ မျက်နှာတွေမှာ ပွန်းရာပွဲရာတွေနှင့်၊ ဆံပင်တွေက ဖွာလန်ကြဲလို့။ ခန္ဓာကိုယ်တစ်ခုလုံး ရုပ်ပျက်ဆင်းပျက်။ သွေးချင်းချင်းနီလျက်။ သူက ရုပ်အလောင်းကို သေသေချာချာငေး စိုက်ကြည့်ခဲ့၏။

''အဆုံးကျတော့ ဘာမှမခံစားရပါဘူး။ သူ့ကြည့်ရတာ သေးငယ်လွန်းလို့ သူဟာ သာမန်လူထက် ဘာမှမပိုပါဘူး။ တစ်ချိန်တည်းမှာပဲ ကျွန်မဖခင်ကြီးရဲ့ ရုပ် အလောင်းကိုလည်း ပြန်သတိရမိတယ်။ ဒီအခါကျတော့ သိပ်ရင်နာတာပဲ'' ဟု သူက ပြောပြ၏။ ''ကဒတ်ဖီ''ကား မရှိတော့။ သို့သော် သူ့ကြောင့် ပျက်ဆီးခဲ့ရသော သူတို့ကား သူ့ကို ဘယ်တော့မှမမေ့နိုင်။ ''ထရီပိုလီ'' မြို့လည်းကျသွားပြီ။ တစ်ပြည် လုံးကို သိမ်းပိုက်နိုင်ခဲ့သူများကို ယခု သူပုန်ဟုခေါ်မရတော့။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



""ကဒတ်ဖီ"" သည် သူ၏ နောက်ဆုံးခံကတုတ်ကို သူ၏ ဇာတိမြေ ""ဆာတီ""တွင် တည်ဆောက်ခဲ့၏။ သူ့ဘာသာသူ အစွမ်းကုန်ကာကွယ်ခဲ့၏။ သူသေသွားပြီးတော့ သူ့ဇာတိမြို့သည် မီးဟုန်းဟုန်းတောက်ကျန်ခဲ့၏။ ရုံးတွေ၊ အိမ်တွေက ကျည်ဆန်ပေါက်ရာတွေနှင့် အကောင်းပကတိ တစ်ခုမှမရှိ။ တိုက်ပွဲပြီးသွားသော်လည်း အချို့လူများက အိမ်တွေ၊ ရုံးတွေ မီးရှို့နေကြဆဲ။

""သူတို့တွေ ဘာဖြစ်လို့ အိမ်တွေထဲဝင်ပြီး အရာရာကို ဖျက်ဆီးနေကြတာလဲ။ ကျွန်တော်တို့လည်း မြို့သူမြို့သားတွေပဲ။ ကဒတ်ဖီလည်းသေပြီလေ။ ကျွန်တော်တို့ ဆာတီမြို့မှာ လူတစ်သိန်းနှစ်သောင်း ရှိနေကြသေးတယ်။ ကျွန်တော်တို့ ဘာလုပ်ကြရမလဲ။ ကျွန်တော်တို့ ဘယ်ထွက်ပြေးရဦးမလဲ"" ဟု ဒေသခံတစ်ဦးက ပြော၏။

လူသူမရှိသောအိမ်တွေကို သေနတ်ဖြင့် လိုက်ပစ်နေသော လူတစ်ဦးကို သူ၏ တပ်မှူးဖြစ်ဟန်တူသူက တား၏။ သို့သော် မည်သူမျှ သူ့စကားနားမထောင်ကြ။ ""ဆာတီ"" မြို့တွင် နေထိုင်သူဟူသမျှကို ""ကဒတ်ဖီ""၏ လူဟု ထင်နေကြဟန်ရှိ၏။

""ဆာတီ""တွင် ""ကဒတ်ဖီ""၏ တပ်ဖွဲ့ဝင်များ တိုက်ပွဲအတွင်း သေဆုံးခဲ့ကြ၏။ ဒါကပြဿနာမရှိ။ အပြစ်မဲ့ အရပ်သားသုံးရာကျော် သေသွားသည်ကမူ ပြဿနာဖြစ်၏။ တိုက်ပွဲဝင်သူအချို့သည် ယခုမှ စိတ်ဓာတ်တွေ ပိုတက်ကြွ၊ စိတ်ရူးတွေပိုပေါက်ကာ မြင်မြင်ကရာ ပစ်ချင်ခတ်ချင် ဖျက်ဆီးချင်နေတာကခက်၏။ မည်သူမျှ စိတ်မထိန်းနိုင်ကြ။ စိတ်လွတ်လက်လွတ် လုပ်ချင်တိုင်းလုပ်ကြတော့၏။ မင်းမဲ့စရိုက်ဆန်ဆန် လုပ်ကြသည်။ မည်သူကမှလည်း မထိန်းကွပ်နိုင်တော့။ ဤသို့ဖြင့် လစ်ဗျားသည် အုပ်ချုပ်ရန် အလွန်အမင်းခက်ခဲလာတော့၏။

မြို့ရွာတော်တော်များများတွင် လူတွေက အိုးပစ်အိမ်ပစ် ထွက်ပြေးကြ၏။ တောကြောင်တွေကလည်း ဘယ်ကဘယ်လိုပေါ်လာသည်မသိ။ လုကြယက်ကြ၊ ထို့ကြောင့် မည်သူမျှ ကိုယ့်အိမ်ကိုယ်ပြန်မအိပ်ဝံ့ဘဲ ခြေဦးတည့်ရာ လျှောက်ပြေးနေကြ၏။ ၂၃ ရက် အောက်တိုဘာလ၊ တနင်္ဂနွေနေ့။ ဒီနေ့က လွတ်မြောက်ရေးနေ့။ ဖေဖော်ဝါရီ ၁၇ ရက်နေ့က ဆန္ဒပြခဲ့ကြသော အစိမ်းရောင်ရင်ပြင်တွင် ပြည်သူတို့ ပြန်လည်စုရုံးရောက်ရှိနေကြ၏။ ""ဘင်ဂါဇီ""မြို့သည် လစ်ဗျား၏ ဒုတိယ မြို့တော်ဖြစ်၏။ ဤမြို့က တော်လှန်ရေးအပြင်းထန်ဆုံးမြို့ဖြစ်၏။ ပြည်သူတို့က အော်ကြဟစ်ကြ၊ သီချင်းတွေဆို။ ဗုံခွံအလံတွေ ဝှေ့ယမ်း။ တိုက်ပွဲဝင်သူများကို ပြည်သူတို့က ဝိုင်းဝန်းနှုတ်ဆက်ကြ။ ပန်းစည်းတွေပေး။ ရေမွှေးတွေပက်ဖျန်း။

ကြွက်ခန္ဓာကိုယ်ပေါ်တွင် ""ကဒတ်ဖီ"" ခေါင်းတပ်ထားသော ဒီဇိုင်းဖိနပ်ကို စီးသူတွေများ၏။ အချို့ကလည်း တိုက်ပွဲတွင် ကျဆုံးခဲ့ရသူ အိမ်ရှိ သားသမီး၊ ညီအစ်ကို၊ ခင်ပွန်း၊ ဦးလေး စသူတို့၏ ဓာတ်ပုံကို ကိုင်ကာ ချီတက်လာကြ၏။ ""အင်တီစီ"" အဖွဲ့၏ဒုတိယဥက္ကဋ္ဌ၊ ဘင်ဂါဇီရှေ့နေကြီး ""အဗ္ဗသွာလ်ဟာဖစ်ဂိုဂါ"" က လွတ်လပ်ရေးကို ကြေညာ၏။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ခေါင်းတွေမော့လိုက်ကြပါ။ ခင်ဗျားတို့ဟာ လွတ်လပ်တဲ့ လစ်ဗျားပြည်သူတွေ ဖြစ်လာကြပါပြီ"

ပြည်သူတွေက အုတ်အော်သောင်းတင်းလက်ခုပ်လက်ဝါးတီး ဟစ်ကြွေးထောက်ခံကြ၏။

"မူစတာဖာအဗ္ဗသွာလ်ဂျာလီးလ်" က စကားပြောရန် မတ်တတ်ရပ်လိုက်၏။ ထိပ်ပြောင်ပြောင်၊ ခန္ဓာကိုယ်ခပ်ညှက်ညှက်၊ မီးခိုးရောင်ဝတ်စုံနှင့် သူ့ပုံစံက "ကဒတ်ဖီ" နှင့်တော့ ဘာမှမဆိုင်။ လစ်ဗျားပြည်သူများကတော့ သူ့ကိုကြည်ညိုကြ၏။ သူက "ကဒတ်ဖီ" ကို ပထမဆုံးအာခံသူဖြစ်၏။

"လူတိုင်းကို တောင်းပန်ပါတယ်။ ခွင့်လွှတ်ကြပါ။ ခံနိုင်ရည်ရှိကြပါ။ ပြန်လည်ရင်ကြားစေ့ သင့်မြတ်မှုတွေလုပ်ကြပါ။ အမုန်းတရားတွေ၊ အာဃာတတွေကို စိတ်နှလုံးက ဖယ်ရှားကြပါ"

သူက ပညာရှိဆန်ဆန် ရွှေပြည်အေးတရားကို ဟောနေ၏။ သူက ကြိုးစားပမ်းစား ထိန်းသိမ်းနေသည်။ သို့သော် အခြေအနေက မတည်ငြိမ်။

"ထရီပိုလီ" မြို့တော် မကျဆုံးမီကလေးတွင် အရှေ့ပိုင်းခရိုင်၏ သူပုန်ခေါင်းဆောင် "ဗိုလ်ချုပ်ဖာတာရွန်" အသတ်ခံရ၏။ သူသည် တစ်ချိန်က "ကဒတ်ဖီ" ၏ အရင်းနှီးဆုံးမိတ်ဆွေလည်းဖြစ်၊ ပြည်ထဲရေးဝန်ကြီးလည်းဖြစ်ခဲ့၏။ "ကဒတ်ဖီ" ၏ လုပ်ရပ်များကို မကျေနပ်၍ သူစောစောစီးစီး ရာထူးမှထွက်ခဲ့၏။ "ဘင်ဂါဇီ" မှ ဆန္ဒပြသူများကို မပစ်ခတ်ဖို့ သူပင် ပထမဆုံးတားဆီးခဲ့သူဖြစ်၏။

သို့သော် သူပုန်အတော်များများက သူ့ကိုမယုံကြည်ကြ။ သူနှင့် "မူစတာဖာအဗ္ဗသွာလ်ဂျာလီးလ်" က ရာထူးမှ နုတ်ထွက်ခဲ့တာ တစ်ချိန်တည်းလောက်ဖြစ်၏။ သို့သော် သူက "ကဒတ်ဖီ"အပေါ် အတော်သစ္စာရှိခဲ့သူဖြစ်မှန်း လူအများကသိ၍ သူ့အပေါ်ယုံကြည်မှုမရှိ။

သူပုန်ဘက်ရောက်လာတော့ သူက "ဗိုလ်မှူးကြီးခါလီဖာဟက်စ်တာ" ကို ဖယ်ရှားကာ အရှေ့ပိုင်းခရိုင်သူပုန်အဖွဲ့တွင် ခေါင်းဆောင်ရာထူးကို ရယူခဲ့၏။ သူသည် "ကဒတ်ဖီ" ၏ လူများနှင့် အဆက်အသွယ်ရှိနေဆဲဟု သံသယရှိကြ၏။ တော်လှန်ရေး အရှိန်အဟုန်ကောင်းလာချိန်တွင် သူ့တပ်က အောင်ပွဲအရနှေးနေ၏။ ဤသည်ကို တပ်ဖွဲ့ဝင်အတော်များများက ဘဝင်မကျကြ။

မကြာခင်မှာပင် သူ့အိမ်သို့ လက်နက်ကိုင် ရဲဘော်အပြည့်ပါသော ထရပ်ကားရှစ်ဆယ် လာဝိုင်းသည်။ ကြားဖြတ်အစိုးရအဖွဲ့ ဒုတိယဝန်ကြီးချုပ် "အလီဘီဆာဝီ" ၏ လက်မှတ်ဖြင့် ဖမ်းဝရမ်းပါလာသည်။ သူက "မူစတာဖာအဗ္ဗသွာလ်ဂျာလီးလ်" ကို ဖုန်းဆက်၏။ သို့သော် ဖုန်းကပိတ်ထား၏။ အခြားအရေးကြီး ပုဂ္ဂိုလ်များကို ဖုန်းဆက်သော်လည်း မည်သူကမှဖုန်းမကိုင်ကြ။ သို့ဖြင့် သူမှာ ကူမည့်သူနတ္ထိ။ ပြည်သူ့စစ်တွေ ခေါ်ဆောင်ရာနောက် လိုက်သွားရ၏။ တစ်နေ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ လက်နက်ကိုင်တွေက ကားကိုရပ်ခိုင်း၏။ ထို့နောက် ကားပေါ်ပါလာသူ အားလုံးကို ပစ်သတ်လိုက်သည်။ ထိုအမှုကို မည်သူမျှမကိုင်တွယ်ကြ။ ထို့ကြောင့် လက်သည်မပေါ်။ သူ၏သားသမီးများကတော့ မကျေနပ်ကြ။ "ထရီပိုလီ" တရားရုံးနှင့်မပြီးလျှင် နိုင်ငံတကာခုံရုံးအထိ တက်မည်ဟုပြောသည်။

■

၂၀၁၁ ခုနှစ် မေလတွင် "အိုစမာဘင်လာဒင်" ကို သတ်ဖြတ်နိုင်ခဲ့ပြီးနောက် အာဖဂန်နစ္စတန်တွင် ရှိနေသော "အဘူတာယီရာလီဘီ" သည် အယ်လ်ခိုင်ဒါ၏ ဒုတိယခေါင်းဆောင်ဖြစ်လာသည်။ သူက ဗီဒီယိုမှတစ်ဆင့် လစ်ဗျား ပြည်သူများကို မိန့်ခွန်းပြော၏။

"အနောက်နိုင်ငံက လောဘကြီးတဲ့မိချောင်းတွေ စိတ်ကြိုက်တင်ထားတဲ့ အစိုးရရဲ့လက်အောက်မှာပဲ နေကြမလား။ အလ္လာဟ်အရှင်မြတ်ရဲ့ဘာသာတရားကို ထူထောင်တဲ့ ခိုင်မာတဲ့အခြေအနေကိုပဲ ရွေးမှာလား။ လမ်းဆုံ လမ်းခွရောက်နေပြီ။ တစ်ခုခုတော့ ရွေးမှဖြစ်မယ်"

"အယ်လ်ခိုင်ဒါ" ၏ ခေါင်းဆောင်သစ် အီဂျစ်လူမျိုး "အီမန်အာလ်ဇိုဝါဟီးရီ" သည် အစွန်းရောက်များထဲမှ တစ်ဦးဖြစ်၏။ အီဂျစ်နိုင်ငံမှာရော၊ လစ်ဗျားမှာပါ သူတို့ တစ်ခုခု အပြောင်းအလဲလုပ်ကြမည့်ဟန်တူ၏။

လစ်ဗျားကို တာလီဘန်တို့လက်အောက်မှ အာဖဂန်နစ္စတန်ကဲ့သို့ ပြည်သူက မဖြစ်ချင်ကြ။ လစ်ဗျားကို အနီးစပ်ဆုံးအနေနှင့် တူရကီနိုင်ငံကဲ့သို့ ဖြစ်ချင်ကြ၏။ ထိတ်လန့်မှုများ၊ ကြောက်ရွံ့မှုများအောက်မှ ကင်းကင်းလွတ်လွတ် နေချင်ကြ၏။ တရားစီရင်ရေးကိုလည်း ပြောင်းစေချင်ကြ၏။ သူခိုးကို လက်ဖြတ်ပစ်သော တရားစီရင်မှုမျိုးကို ပြည်သူအများစုက ရွံ့မုန်းကြ၏။

လစ်ဗျားတွင် "မွတ်စလင်ညီနောင်အသင်း" တို့ "လစ်ဗျားအစ္စလာမ်လှုပ်ရှားမှု" တို့က နိုင်ငံရေးအနေဖြင့် တည်ရှိနေကြဆဲ။ ဘာသာရေးအစွန်းရောက်များကလည်း နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေကြသေးသည်။ လစ်ဗျားတွင် လူထုဆန္ဒပြပွဲတွေကလည်း နေ့စဉ်ရှိနေဆဲ။ "ကဒတ်ဖီ" မရှိတော့သော်လည်း ကျန်အုပ်စုများက တစ်စုနှင့်တစ်စု တည့်ကြ။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



"မွမ်မာကဒတ်ဖီ" ကို သုတ်သင်နိုင်ခဲ့ခြင်းသည် လစ်ဗျားသူပုန်တို့အဖို့ မဟာအောင်ပွဲပင်ဖြစ်၏။ လစ်ဗျားသည် ရေနံကြွယ်ဝ၏။ သို့သော် တိုင်းပြည်ကတော့ ဆင်းရဲသည်။ ထိုသို့ ပျက်စီးယိုယွင်းနေသောနိုင်ငံကို ပြန်လည်ထူထောင်ရန် ကိစ္စကား အတော်ကြီးခက်ခဲသော စိန်ခေါ်မှုပင်ဖြစ်ကြ၏။

၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် "ကဒတ်ဖီ"၏ ကြမ်းကြုတ်ရက်စက်သော အာဏာရှင်အုပ်ချုပ်မှု နှစ်နှစ်ကာလ ချုပ်ငြိမ်းခဲ့၏။ သို့သော် အသစ်တက်လာသော ခေါင်းဆောင်များက အခွဲချည်းသက်သက် ဗလာ ကျန်ရစ်သောနိုင်ငံကို ပြန်လည်တည်ဆောက်ရေးမှာ မလွယ်ကူလှ။ တူနီးရှားတို့ အီဂျစ်တို့နှင့် မတူသည်မှာ လစ်ဗျားတွင် ခေတ်မီအစိုးရမရှိခဲ့သည်မှာ မျိုးဆက်နှစ်ဆက်မျှပင်ကြာခဲ့၏။ ပါလီမန်မရှိ၊ နိုင်ငံရေးပါတီမရှိ၊ ဝန်ကြီးဌာနပင် အနည်းအကျဉ်းသာ။

ရှီးယားစီးပွားရေးလုပ်ငန်းရှင်များကလည်း စစ်ထပ်ဖြစ်မှာစိုးနေကြ၏။ စစ်ထပ်ဖြစ်လျှင် သူတို့ အရာရာဆုံးရှုံးသည်ကိုကြောက်နေကြ၏။ "ရှီးယား" လူငယ်အများစုက အလုပ်ရဖို့ ပူပင်နေကြ၏။ "ဆွန်နီ"တို့၏ သမိုင်းကြောင်းအမှားများအပေါ် လက်စားချေလိုခြင်းထက် သူတို့အလုပ်မရမှာကို ပိုပူနေကြခြင်းဖြစ်၏။ "ဆွန်နီ"နှင့် "ရှီးယား"တို့ ပဋိပက္ခအတွင်းတွင် အမြတ်ရသွားကြသူများမှာ "ကာ့ဒ်" လူမျိုးများ။

သူတို့က မြောက်ပိုင်းပြည်နယ်များတွင် နေထိုင်သော တိုင်းရင်းသားများ ဖြစ်ကြ၏။ သူတို့နယ်မြေက ရေနံထွက်၏။ သူတို့နယ်မြေက နိုင်ငံရေးတည်ငြိမ်မှုရှိ၍ စီးပွားရေးကို အေးအေးဆေးဆေးလုပ်၍ရသည်။ အီရတ်တွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ထိုမြောက်ဘက်ဒေသတွင် ခြေကုပ်မယူကြ။

"ဆက်ဒမ်" ပြုတ်ကျသွားသောအခါ အိမ်နီးနားချင်း အီရန်က ခေါင်းထောင်ထလာ၏။ အီရတ်လူမျိုးများ ရှီးယားရော၊ ဆွန်နီပါ အီရန်အပေါ် သံသယမျက်လုံးများဖြင့် ကြည့်တတ်သည်မှာ သမိုင်းနှင့်ချီပြီးရှိခဲ့၏။ နှစ်ဦးကိုခွဲခြားထားသည့် တိုင်းရင်းသားများထဲတွင် အီရန်တို့မှာ ပါရှင်လူမျိုးများဖြစ်ကြပြီး အီရတ်တို့မှာ အာရပ်မျိုးနွယ်များ ဖြစ်ကြ၏။ သူတို့နှစ်ဦးကို ဆက်လက်ပေါင်းကူး၍ မရနိုင်။ ပထဝီအနေအထားအရမူ အီရန်နှင့် အီရတ်သည် တစ်ဦးနှင့်တစ်ဦး သြဇာခံကြကာ နိုင်ငံများအဖြစ် ရပ်တည်နိုင်ရန် အခွင့်အရေးပေးလာ၏။ သို့သော် အီရတ်က အီရန်၏ ရုပ်သေးရုပ်မဖြစ်ချင်။ ဖြစ်ခြင်းဖြစ် ဝါရှင်တန်၏ လက်အောက်ခံဖြစ်ချင်သေး၏။

အမေရိကန်အနေဖြင့် အီရတ်၏ အနာဂတ်အပေါ် မည်သို့တွက်ထားသနည်း။ ကမ္ဘာပေါ်တွင် အကြီးဆုံး အမေရိကန် သံရုံးသည် ဘဂ္ဂဒက်တွင်ရှိ၏။ "ကာ့ဒ်"လူမျိုးများနှင့် အမေရိကန်တို့၏ ဆက်ဆံရေးကကောင်း၏။ ဘဂ္ဂဒက် နိုင်ငံရေး စားပွဲပေါ်နှင့် ဝါရှင်တန်ကာ့ဒ်အမည်ဖြင့် နေရာတစ်နေရာက ရထားသည်။ ပင်တဂွန်နှင့် အမေရိကန် လေ့ကျင့်ပေးထားသည့် အီရတ်စစ်တပ်သည် လက်နက်ရောင်းချမှုများကို တိုးမြှင့်လုပ်ကိုင်ကြဦးမည်။ အခြားသောစီးပွားရေး ဆက်ဆံမှုများလည်း

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဓာတ်ဆီဆိုင်နှင့် ရေနံဓာတုသန့်စင်ရေးလုပ်ငန်းများမှအစ စားသောက်ဆိုင်များဖွင့်ရေးအထိ အကူအညီများစွာလို၏။ အမေရိကန်တို့က ကူညီနိုင်၏။ အီရတ်စစ်ပွဲ၏ အပြုသဘောရလဒ်မှာ ဒါတွေသာဖြစ်၏။ ရှိ၏။ တိုင်းပြည်ရေးရာမှန်သမျှကို "ကဒတ်ဖီ" ၏ "စာအုပ်စိမ်း"ဖြင့်ပင် စီမံအုပ်ချုပ်၏။ "စာအုပ်စိမ်း"သည် သူ၏ ကြေညာစာတမ်းပင်ဖြစ်၏။ ၎င်းစနစ်သည် ချမ်းသာသူများကိုသာ မျက်နှာသာပေးသောစနစ်ဖြစ်၏။ ယခုတော့ "စာအုပ်စိမ်း"နေရာတွင် "သန့်ရှင်းသောသင်ပုန်းတစ်ချပ်" နေရာယူခဲ့ပြီ။ ထိုသင်ပုန်းတွင်ကား ဘာမှရေးမထားရသေး။

၂၀၁၁ ခုနှစ်ရောက်သောအခါ "ကဒတ်ဖီ" ၏ တစ်ကိုယ်တော် ထင်တိုင်းကြဲအုပ်ချုပ်မှုကြောင့် လစ်ဗျားပြည်သူအများစုမှာ အတိဒုက္ခကြီးစွာ ရောက်ကြရ၏။ နိုင်ငံသည် သူ၏ခေတ်နောက်ကျနေသော သဲကန္တာရနိုင်ငံအဖြစ်တည်ရှိနေဆဲ။ လူဦးရေတစ်ဝက်သည် ၂၄ နှစ်အောက် လူငယ်များဖြစ်သည်။ သူတို့အများစုမှာ မြို့ကြီးများတွင်နေထိုင်ကြသည်။ သူတို့အများစုသည် "ကဒတ်ဖီ" ၏ အုပ်ချုပ်ရေးကိုသာ သိကြ၏။ နိုင်ငံခြားကန့်သတ်ချုပ်ချယ်မှုများဖယ်ရှားလိုက်သော ၂၀၀၀ ပြည့်နှစ်ပိုင်းကာလတွင် အနောက်တိုင်းကုမ္ပဏီများက မိုးမျှော်ရုံးကြီးများ၊ ဇိမ်ခံဟိုတယ်ကြီးများပါ ဆောက်ကြ၏။ ထိုအခါကျမှ လစ်ဗျားပြည်သူတို့က မျက်လုံးပွင့်လာကာ သူတို့နိုင်ငံတွင် အပြောင်းအလဲလိုကြောင်း သိလာကြ၏။ သို့သော် "ကဒတ်ဖီ" ကတော့ ပြောင်းဖို့ဆိုရာတွင် တစ်လက်မမျှပင် မရွေ့။ "ကဒတ်ဖီ" က မီဒီယာကို တင်းတင်းကျပ်ကျပ် အုပ်ချုပ်ထား၏။ သို့သော် ၂၀၁၁ ခုနှစ်ရောက်သောအခါ နိုင်ငံရေးအတွေးအခေါ်များကိုကား ပိတ်ပင်တားဆီး၍မရတော့။ ဂြိုဟ်တုရုပ်မြင်သံကြားမှတစ်ဆင့် လစ်ဗျားပြည်သူတို့သည် ကမ္ဘာ့အရပ်ရပ်မှ အဖြစ်အပျက်များကို မျက်ဝါးထင်ထင်တွေ့လာကြရ၏။ အထူးသဖြင့် သူတို့ထက်ပိုမိုဆင်းရဲသည်ဆိုသော အာဖရိကတွင်ပင် ပြည်သူတွေ သန်းနှင့်ချီကာ ပါတီစုံရွေးကောက်ပွဲ ကျင်းပပြီး ဆန္ဒမဲပေးနေကြသည်ကို တွေ့ရ၏။ တစ်ချိန်တည်းမှာပင် အီဂျစ်နှင့် တူနီးရှားတော်လှန်ရေးအောင်ပွဲများကို ကြည့်ပြီး သူတို့၏အာဏာရှင်ကိုလည်း ဖြုတ်ချ၍ရမှန်း လစ်ဗျားပြည်သူတွေ သိလာ၏။ သို့သော် "ကဒတ်ဖီ" က ပို၍ ရက်စက်ကြမ်းကြုတ်၏။ ထို့ကြောင့် သူ့ကို ဖြုတ်ချသော တိုက်ပွဲမှာ ၈ လချုပ်ကြာ၏။ လစ်ဗျားပြည်သူ ၁,၄၀၀,၀၀၀ အသက်အသေခံကြရ၏။ ထိုအထဲမှ အများစုမှာ ကျောင်းသားများ၊ အတတ်ပညာရှင်များ၊ သူတို့သည် စစ်ရေးလေ့ကျင့်မှု အနည်းအပါးဖြင့်သာ တိုက်ပွဲဝင်ခဲ့ကြရခြင်း ဖြစ်၏။ နောက်ဆုံးကျမှ "ကဒတ်ဖီ" ကို သုတ်သင်နိုင်ခဲ့၏။ "ကဒတ်ဖီ" သေဆုံးသည့် သတင်းကြားရသောအခါ သူ၏ အနီးကပ်ဆုံးဆော်တိုင်ဖက်များထဲမှ ဝမ်းနည်းကြေကွဲသူ တော်တော်ပင်ရှား၏။ မရှိသလောက်။

ကြီးမားသော အောင်ပွဲကြီးကို ရခဲ့ကြသော်လည်း လစ်ဗျားနိုင်ငံရေးသမားများသည် အောင်ပွဲကို ကြာကြာထိန်းသိမ်းထားနိုင်ကြ။ အရေးတကြီး ဖြေရှင်းရမည့် ပြဿနာမှာ စစ်ကိုဆင်နွှဲခဲ့ကြသော ပြည်သူ့စစ်များ၏လက်ထဲတွင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရှိသည့် တောင်ပုံရာပုံမျှသော လက်နက်များ**ကိစ္စဖြစ်၏။** အေကေ ၄၇ မောင်းပြန်သေနတ် အိမ်တိုင်းတွင်ရှိ၏။ တစ်နေရာတွင်ဆိုလျှင် ပခုံးတင်ပစ်၍ရသော **စစ်ကျန်လက်နက်**ပေါင်း ၅,၀၀၀ ကျော်ပင် ရှိနေ၏။ ဤလက်နက်များက အန္တရာယ်ကြီးလှ၏။ အချိန်မရွေးပင် သွေးချောင်းစီးသော ပြည်တွင်းစစ်တွေ ဖြစ်နိုင်၏။ ကြားဖြတ်အစိုးရ ခေါင်းဆောင်များ အနေဖြင့် အရေးပေါ်လုပ်ရမည့်ကိစ္စမှာ ဒေသခံလူမျိုးစုများနှင့် တိုင်းရင်းသားအုပ်စုများကို ရင်ကြားစေ့ပေးရေးဖြစ်၏။ သူတို့ကို "ကဒတ်ဖီ" ရန်တိုက်လာခဲ့သည်မှာကြာပြီ။ ထို့ကြောင့် "အမျိုးသားကြားဖြတ်ကောင်စီ" က "ရေနံဝန်ကြီးဌာန" ကို "ဘင်ဂါဇီမြို့"၊ "ဘဏ္ဍာရေးဝန်ကြီးဌာန" ကို "မိစုရတာမြို့"၊ "ယဉ်ကျေးမှုဝန်ကြီးဌာန" ကို "ဒါနမြို့" စသည်တို့တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့၏။ ဤသို့ခွဲခြားအုပ်ချုပ်စေခြင်းသည် ခေတ်မီနိုင်ငံအနေဖြင့်ကား အလုပ်ဖြစ်ပုံမရ။ သို့သော် တော်လှန်ရေးကို ဦးဆောင်ခဲ့သူများကို ဆုလာဘ်ပေးကာ နှစ်သိမ့်မှုပေးခြင်းမျှသာဖြစ်၏။ "ကဒတ်ဖီ" သည် "ထရီပိုလီ" မြို့ကိုသာ ခံကတုတ်ပမာတည်ဆောက်ပြီး အလယ်ခေတ်ဘုရင်တစ်ပါးကဲ့သို့ စိုးမိုးအုပ်ချုပ်ကာ ပြည်တွင်းရှိ လူသန်းပေါင်းများစွာကိုကား လျစ်လျူရှုထားခဲ့၏။

လစ်ဗျားအုပ်ချုပ်ရေးသစ်တွင် ပြဿနာပေါ်နေသည်မှာ ဆယ်စုနှစ်များစွာ တိုင်းပြည်မှ ထွက်ခွာသွားပြီးမှ ပြန်လည်ရောက်ရှိလာသော ပညာရှင်အုပ်စုနှင့် ပြည်သူ့စစ်ခေါင်းဆောင်များကြားမှ ဝိရောဓိဖြစ်၏။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာတွင် ဝန်ကြီးချုပ်သစ် (အမေရိကမှမကြာခင်ကပြန်လာသူ) နှင့် "ထရီပိုလီ" ကို မြို့သိမ်းတိုက်ပွဲ ဆင်နွှဲခဲ့သော ပြည်သူ့စစ်တို့၊ "ထရီပိုလီ" လေဆိပ်ကိုလုရင်းနှင့် တိုက်ပွဲဖြစ်ခဲ့၏။ လစ်ဗျားပြည်သူ ထောင်ပေါင်းများစွာက "အာဇာနည် ရင်ပြင်" သို့ စုဝေးရောက်ရှိလာကြကာ ပြည်သူ့စစ်များလက်နက်ချပြီး "ထရီပိုလီ" မှ ထွက်သွားရန် တောင်းဆိုကြ၏။ ပြည်သူ့စစ်ခေါင်းဆောင်များက မသိကျိုးကျွံပြုနေကြ၏။ တော်လှန်ရေးကား ပြီးဆုံးခဲ့ပြီ။ အာဏာဦးဆုံးရယူရေးကား ယခုမှအစ။

လစ်ဗျားပြည်သူများမှာ အာဏာရှင်လက်အောက်က လွတ်မြောက်ခဲ့ကြသော်လည်း အာဏာလုပွဲများကြားတွင်မူ အလူးအလိမ့်ခံနေကြရဆဲ။ စီးပွားရေးကလည်း ထူမတ်ဖို့ ခက်ခဲသေးသည်။ ၁၉၇၀ ခုနှစ်နှင့် ၈၀ ခုနှစ်များက "ကဒတ်ဖီ" သည် စီးပွားရေးလုပ်ငန်းများကို လျှော်ကြေးတစ်ပြားတစ်ချပ်မျှ မပေးဘဲ သိမ်းခဲ့၏။ ထိုလုပ်ငန်းရှင်များက လစ်ဗျားမှ ထွက်သွားကြ၏။ နောက်ပိုင်း "ကဒတ်ဖီ" က လုပ်ငန်းလုပ်ခွင့်ပြန်ပေးသောအခါ၊ အများစုက ရင်းနှီးမြှုပ်နှံမှု များများ စားစားမလုပ်ရဲတော့။ "ကဒတ်ဖီ" က စိတ်သိပ်မမှန်။ ပြည်သူပိုင် ပြန်သိမ်းချင်သိမ်းမည်ကို စိုးကြ၏။

လစ်ဗျားခေါင်းဆောင်သစ်များအတွက် အားသာချက်က တစ်ခုသာရှိ၏။ ၎င်းမှာ သဘာဝစနေဥစ္စာ။ ပြည်သူ ၆.၅ သန်းသည် ရေနံစည်ပေါင်း ၄၇ ဘီလျံနှင့် သဘာဝဓာတ်ငွေ့ကုဗမီတာ ၁.၅ ထရီလျံရှိသော ရတနာသိုက်ကြီး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် နေထိုင်နေကြ၏။ ယခုလောလောဆယ် စီးပွားရေးက ချွတ်ခြုံကျနေသော်လည်း ဤသဘာဝသယံဇာတများက ဆယ်စုနှစ်များကြာလာလျှင် အကျိုးပေးမည်။ ကြားဖြတ်အစိုးရသည် "ကဒတ်ဖီ" ချန်ရစ်ခဲ့သော နိုင်ငံခြားငွေကြေး ရန်ပုံငွေ ဒေါ်လာ ဘီလျံ ၁၈၀ ဖြင့် စတင်လှုပ်ရှားရ၏။ "ကဒတ်ဖီ" သည် တူနီးရှားသမ္မတ "ဇိုနီအယ်လ်အဘီဒင်ဘင်အလီ" သို့မဟုတ် အီဂျစ်သမ္မတ "ဟော့စနီမူဘားရက်" တို့ကဲ့သို့ ကိုယ်ပိုင်သုံးရန် လျှို့ဝှက်ငွေစာရင်းများ ဖွင့်မထားခဲ့။ အဘယ်ကြောင့်ဆိုသော် သူက "လစ်ဗျား" တွင်ပင် ခေါင်းချမည်ဟု သန္နိဋ္ဌာန်ချပြီးသား။ သူ့ကို မည်သူမျှ ဖြုတ်မချနိုင်ဟုလည်း ယုံကြည်ထားပုံပေါ်သည်။

ကျန်ရှိသော ငွေကြေးများနှင့် သဘာဝသယံဇာတများကို မည်သို့ပုံကိုင်ထိန်းကျောင်း အသုံးချမည်နည်း။ ပထမဆုံးလုပ်ရမည့်လုပ်ငန်းမှာ ကျောင်းများကို အသစ်ပြန်လည်တည်ထောင်ရန်။ လစ်ဗျား၏ ပညာရေးစနစ်က ခေတ်သစ်ထူထောင်ရေး၌ နောက်တန်းကျလှ၏။

၂၀၀၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ကမ္ဘာ့စီးပွားရေးဖိုရမ် အစီရင်ခံစာအရ လစ်ဗျား၏ပညာရေးသည် နိုင်ငံပေါင်း ၁၁၁ နိုင်ငံ၏အောက်တွင် ရှိနေ၏။ ထိုအချိန်က လစ်ဗျားတွင် ဆရာဦးရေက များ၏။ ဆရာ၊ တပည့် အချိုးမှာ ဆွီဒင် သို့မဟုတ် အမေရိကန်ထက်သာ၏။ သို့သော် ထိုဆရာဦးရေ၏ သုံးပုံတစ်ပုံက ဘာအလုပ်မှ မလုပ်ခဲ့ကြ။

လစ်ဗျားအစိုးရသစ်သည် လုပ်ငန်းခွင်သစ်များကိုလည်း ထုတ်ဖော်ရန်လို၏။ လစ်ဗျားပြည်သူများသည် လုပ်ငန်းကျွမ်းကျင်သူ သိပ်မရှိကြ။ အလုပ်လက်မဲ့ဦးရေက ၃၈ ရာခိုင်နှုန်းမျှ အပါအဝင်ရှိ၏။ ပုဂ္ဂလိကစီးပွားရေး သိပ်မလုပ်တတ်။ အစိုးရရုံးများတွင်ပင် လစာနည်းနည်းပါးပါးနှင့် ကုတ်ကပ်လုပ်ကိုင်နေသူများ၏။ ထို့ကြောင့် တိုင်းပြည် စီးပွားရေးကို အထောက်အကူပြုကြမည့်သူ နည်းပါး၏။

လစ်ဗျား၏ လတ်ဆတ်သောခေါင်းဆောင်မှုအတွက် အကောင်းမြင်စရာတစ်ချက်ရှိ၏။ "ကဒတ်ဖီ" ၏ အုပ်ချုပ်ရေးသည် လုံးဝဥဿုံ ခြေမှုန်းပျက်ယွင်းသွား၍ "ကဒတ်ဖီ" ကို ထောက်ခံသော ပုန်ကန်မှုသည် တိုင်းပြည် အနှံ့ပျံ့နှံ့နေ၏။ "ဆက်ဒမ်ဟူစိန်" ပြုတ်ကျပြီး အီရတ်အခြေအနေ ပုံစံမျိုးဖြစ်၏။ "ကဒတ်ဖီ" မျိုးဆက်တွင် သက်ရှိ ထင်ရှားကျန်ရစ်သူမှာ သူ၏သား "ဆေ့ဖ်အာလ်အစ္စလာမ်" ဖြစ်၏။ သူ့ကို အနောက်တိုင်းခေါင်းဆောင်အချို့က လစ်ဗျားကို ပြန်လည်ပြုပြင်နိုင်မည့်သူဟု ထင်ကြ၏။ သို့သော် သူသည်လည်း ယခုတရားခွင်တွင်ရောက်နေကာ သေဒဏ်ကျဖို့ အလားအလာရှိ၏။

လစ်ဗျား၏ခေါင်းဆောင်သစ်များကြားတွင် ကြားဖြတ်ကောင်စီ၌ လစ်ဗျားကို ပြန်လည်ဖန်တီးနိုင်သူအချို့ ရှိနိုင်၏။ အချို့က စစ်နှောင်းပိုင်း စီမံချက်မူကြမ်းများကို တင်ကြ၏။ သူတို့က ခိုင်ခိုင်မတ်မတ်လုပ်ဆောင် တတ်ကြရန်သာ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လို၏။ ကောင်စီ စတင်လုပ်ဆောင်ခါစ ပထမရက်သတ္တပတ်များအတွင်းတွင်ပင် လစ်ဗျားလုပ်သားများက လုပ်ခများ ပိုတောင်းသော ဆန္ဒပြပွဲများဖြစ်၏။ "ဘင်ဂါဇီ" မြို့တွင် ထောင်ပေါင်းများစွာသောလူထုက ပိုမိုထင်သာမြင်သာရှိသော ပိုမိုပွင့်လင်းသော အုပ်ချုပ်ရေးကိုလိုအပ်ကြောင်း ဆန္ဒပြကြ၏။

ရေနံကြွယ်ဝမှုနှင့် နိုင်ငံခြားငွေအတော်များများ ရှိမှုတို့ကြောင့် လစ်ဗျားသည် နိုင်ငံသစ်တည်ဆောက်ရန် အခွင့်အရေးပေါင်းများစွာတော့ရှိသေးသည်။ တစ်ခုက တည်နေရာဒေသ။ ကမ္ဘာ့အကြီးဆုံး ဈေးကွက်ဖြစ်သော ဥရောပ သမဂ္ဂသည် "ထရီပိုလီ" မြို့မှသွားလျှင် လေယာဉ်ဖြင့် နှစ်နာရီဆိုလျှင်ရောက်၏။ မြေထဲပင်လယ်ကမ်းရိုးတန်း မိုင်ပေါင်း ရာပေါင်းများစွာတွင် ရောမမြို့ပျက်မြို့ဟောင်းကြီးရှိသဖြင့် လစ်ဗျား၏ ပထမတန်း ကမ္ဘာလှည့်ခရီးသွားဆွဲဆောင်မှု နေရာဖြစ်သည်။ လစ်ဗျားတွင် အလွန်ကျယ်ပြောသော သဲကန္တာရကြီးတည်ရှိရာ နေရောင်ခြည်စွမ်းအားကို အမြောက် အမြားရကာ စွမ်းအင်ငတ်မွတ်သော ဥရောပကို လျှပ်စစ်စွမ်းအားများ ဖြန့်ချိပေးနိုင်မည်ဖြစ်၏။ အကြံပေးပုဂ္ဂိုလ်များက လစ်ဗျားနိုင်ငံရေးသမားများအား ဒေါ်လာ ၁၅ ဘီလျံ ရင်းနှီးမြှုပ်နှံလျှင် လောင်စာဆီချွတ်စက်ရုံများကို တည်ထောင် နိုင်မည်ဟု အကြံပေး၏။ ရေနံစိမ်းများကို အစိမ်းအတိုင်း တင်ပို့တာထက်စာလျှင် လောင်စာဆီချော တင်ပို့တာက ပို၍တွက်သားကိုက်မည်ဟု အကြံပေးကြ၏။ ဤသို့ဖြင့် ဝင်ငွေအမြတ်လည်း ပိုရမည့်အပြင် အလုပ်အကိုင်သစ်များစွာလည်း ဖန်တီးပေးနိုင်စွမ်းရှိမည်ဟု သိရ၏။

၂၀၁၁ ခုနှစ်စသည်နှင့် လစ်ဗျားပြည်သူများမှာ နိုင်ငံကို မည်သို့ပြောင်းလဲရမည်ကို စတင်ဆွေးနွေးနေကြပြီ။ ထိုသို့သော ဆွေးနွေးမှုမျိုးကို "ကဒတ်ဖီ" လက်ထက်ကသာလုပ်မိလျှင် "ကဒတ်ဖီ" လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးကြမည်မှာသေချာ၏။ ၂၀၁၁ ခုနှစ်ကုန်သောအခါ "ကဒတ်ဖီ" ၏ အရှိန်အဝါကား အတော်ပင်မှေးမှိန်သွားပြီ။ "ကဒတ်ဖီ"၏ ကျန်ကြွင်းသောရုပ်ပုံများကို မှုတ်ဆေးများဖြင့် ဖျန်းပက်ဖျက်ဆီးပစ်ကြ၏။ "ကဒတ်ဖီ" သည် ယမန်နေ့က လူတစ်ယောက်ပမာ မှေးမှိန်ကွယ်ပျောက်သွားပြီ။ ယခုအခါ လစ်ဗျားပြည်သူများက သူတို့၏မနက်ဖြန်ကို သူတို့ ဖော်ဆောင် ဖန်တီးရန်သာ လိုတော့၏။

■

the bookhouse
we bring your letters

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ(က) ကဒတ်ဖီနှင့် အင်တာဗျူး

စကော့တလန်နိုင်ငံ၊ လော့ကာဘီ ကောင်းကင်ပြင်တွင်ပင် အမေရိကန်လေကြောင်းလိုင်း အမှတ် ၁၃၀ သည် ၁၉၈၈ ခုနှစ်တွင် ဖောက်ခွဲခံခဲ့ရရာ "ကဒတ်ဖီ" အနေဖြင့် တာဝန်ရှိကြောင်း၊ ထို့ကြောင့် အမေရိကန်က အရေးယူပိတ်ဆို့မှုများကို ပြုလုပ်ခဲ့သည်။

"ကဒတ်ဖီ"သည် "အယ်လ်ခိုင်ဒါ" အကြမ်းဖက်အဖွဲ့ကို ဆန့်ကျင်တိုက်ဖျက်ရာတွင် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

သို့သော် "ဆက်ဒမ်ဟူစိန်" ကို ဖြုတ်ချရေးတွင်မူ "ကဒတ်ဖီ" က သဘောမတူဘဲ ဆန့်ကျင်ရှုတ်ချခဲ့၏။ "ကဒတ်ဖီ" ၏ ထိပ်တန်းအရာရှိတစ်ဦးက ဗြိတိသျှ သံတမန်တစ်ဦးအား "သူတို့က မကြာခင် ကျွန်တော်တို့ဘက်ကို မြားဦးလှည့်လာနိုင်တယ်" ဟုပြောဖူး၏။

နယူးဝိ(ခ်) မဂ္ဂဇင်း ၂၀-၁-၂၀၀၃ ထုတ်တွင် အင်တာဗျူးဆရာ "လယ်ရီဝေးမော့သ်" က "မကောင်းဆိုးဝါးပြယုဂ်ဟောင်း ကဒတ်ဖီ" (The Former Face of Evil) အမည်ဖြင့် "ကဒတ်ဖီ"နှင့် အင်တာဗျူးလုပ်ခဲ့သည်။ အမေရိကန် (၁၀၃) လေယာဉ် ဗုံးခွဲခံရမှု၊ ဆက်ဒမ်ဟူစိန်၏ကံကြမ္မာ၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်နိုင်သော လက်နက်ကိရိယာများကို မေးမြန်းခဲ့၏။

**မေး** - ပင်မအမေရိကန်လေကြောင်းအမှတ် ၁၃၀ ဗုံးခွဲမှုမှာ လစ်ဗျားအရာရှိတစ်ဦးကို အပြစ်ရှိကြောင်း စီရင်ခဲ့တယ်။ အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကို ရုပ်သိမ်းစေချင်ရင်တော့ ဒီဗုံးခွဲမှုကိစ္စကို လစ်ဗျားက တာဝန်ယူရမှာဖြစ်ပါတယ်။ အဲဒါ ခင်ဗျား တာဝန်ရှိတယ်ဆိုတာ ပြောနိုင်သလား။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဖြေ - အဲဒီလစ်ဗျားအရာရှိဆိုတဲ့သူက အစ္စသွာလ်ဘားဆတ်အလီမိုဟာမက် အယ်မက်ဂရာမီပဲ။ သူ့ရဲ့ ခရီးဆောင်အိတ်ထဲမှာ ဗုံးပါတယ်ဆိုတာ တရားရုံးက သက်သေထူနိုင်လို့လား။

မေး - သံသယရှိတဲ့ လစ်ဗျားနှစ်ဦးကို နယ်သာလန်နိုင်ငံက စကော့တလန်တရားသူကြီးတွေ ရုံးထိုင်တဲ့ တရားရုံးတစ်ခုမှာ ရုံးတင်စစ်ဆေးဖို့ ခင်ဗျားသဘောတူခဲ့တယ်။ တစ်ယောက်ကို တရားသေလွှတ်ပြီး တစ်ယောက်ကိုတော့ အပြစ်ဒဏ်ချမှတ်ခဲ့တယ်။ အဲဒီတရားရုံးရဲ့ ဆုံးဖြတ်ချက်ကို ခင်ဗျားလက်ခံပါသလား။

ဖြေ - ဒီစီရင်ဆုံးဖြတ်ချက်ဟာ တရားရုံးက ဘာသက်သေမှ အတိအကျမပြနိုင်ဘဲ စီရင်ချက်ချခဲ့တာပါ။

မေး - အကြမ်းဖက်လှုပ်ရှားမှုကို ခင်ဗျားမထောက်ခံတော့ဘူးဆိုရင် အဲဒါဟာ ၁၉၈၆ ခုနှစ်တုန်းက အမေရိကန်က ဗုံးကြဲတိုက်ခိုက်တာကြောင့်ပဲမဟုတ်လား။ ဒီလိုမှ မဟုတ်ရင် ကုလသမဂ္ဂနဲ့ အမေရိကန်အရေးယူ ပိတ်ဆို့မှုတွေကြောင့်ပဲလား။

ဖြေ - ကျွန်တော် ထောက်ခံတာက လွတ်မြောက်ရေးလှုပ်ရှားမှုတွေကိုပဲဖြစ်ပါတယ်။ အခု သူတို့တွေ အာဏာရကုန်ကြပါပြီ။ အိမ်ဖြူတော်နဲ့လည်း ရွှေလမ်း၊ ငွေလမ်းပေါက်နေပြီပဲ။ ဒါပေမဲ့ ကျွန်တော့်ကျတော့ အကြမ်းဖက်သမားကြီးလို့ ပြောနေကြတုန်းပဲဗျာ။

မေး - ခင်ဗျားက ဓာတုလက်နက်တွေ သိမ်းဆည်းသိုလှောင်နေတယ်ဆိုတာကို အမေရိကန်က စိုးရိမ်နေတယ်။ လူတွေအစုလိုက်အပြုံလိုက် သေစေမယ့် တခြားလက်နက်တွေလည်း ခင်ဗျားလုပ်နေတာပဲ မဟုတ်လား။

ဖြေ - ဒါမျိုးတွေ မလုပ်ပါဘူးဆိုတဲ့ သဘောတူစာချုပ်ကို လစ်ဗျားက လက်မှတ်ထိုးထားပြီးသားပဲ။ အဏုမြူစွမ်းအင်အေဂျင်စီကလည်း လစ်ဗျားကိုပုံမှန်စစ်နေတာပဲ။

မေး - ရဗ်တာစက်ရုံတွေဘာတွေက ဒါမျိုးဓာတုလက်နက်တွေ ထုတ်နေတယ်မဟုတ်လား။

ဖြေ - ရဗ်တာစက်ရုံကိစ္စကပြီးသွားပြီလေ။ ဒီစက်ရုံက ခုဆို ဆေးဝါးသက်သက်ပဲ ထုတ်နေတာပါ။

မေး - အမေရိကန်က ထည့်စရာလိုလို့လား။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဖြေ - လော့ကာဘီမှာ သေသွားတဲ့သူတွေကို ပေးသလိုမျိုး၊ ၁၉၈၆ ခုနှစ်က အသတ်ခံခဲ့ရတဲ့ လစ်ဗျားတွေကို လည်း လျော်ကြေးပေးရမယ်လေ။

၁၉၈၆ ခုနှစ်က အသတ်ခံခဲ့ရတဲ့ ကျွန်တော့်သမီးကို လျော်ကြေးဘယ်လောက် သတ်မှတ်သင့်ပါသလဲ။ အမေရိကန် နိုင်ငံသားတစ်ယောက်ကို ဒေါ်လာ ၁၀ သန်းပေးရတယ်ဆိုရင် အသတ်ခံရတဲ့ ကျွန်တော့်သမီး အဖို့ ဒေါ်လာဘီလျံနဲ့ချီပြီး လျော်ကြေးပေးရမှာပဲ။

မေး - ၁၉၈၀ ခုနှစ်များကဆိုရင် အကြမ်းဖက်အုပ်စုတွေကို ခင်ဗျား အကြီးအကျယ် အားပေးခဲ့တယ်။ ဒီနောက်ပိုင်းမှာ အဲဒါနီဒယ်ကို ခင်ဗျားနှင်ထုတ်ခဲ့တယ်။ အကြမ်းဖက်ဝါဒကိုလည်း ဆက်ပြီး မထောက်ခံ တော့ဘူးလို့လည်း ပြောတယ်။ အဲဒါမှန်ပါသလား။

ဖြေ - ကျွန်တော် ထောက်ခံတာက လွတ်မြောက်ရေး လှုပ်ရှားမှုပါ။ အကြမ်းဖက်လှုပ်ရှားမှု မဟုတ်ပါဘူး။ ကျွန်တော်က မင်ဒဲလားတို့၊ နမ်မီတြီးယားခေါင်းဆောင် ဆမ်နူဂျိုမာတို့ကို ထောက်ခံတာပါ။ ပါလက်စတိုင်း လွတ်မြောက်ရေးလှုပ်ရှားမှုကိုလည်း ထောက်ခံတာပါ။

မေး - အမေရိကန်တို့ရဲ့ အရေးယူပိတ်ဆို့မှုကို ဖယ်ရှားချင်ရင် လစ်ဗျားအနေနဲ့ လုပ်ဆောင်လိုက်နာရမယ့် အချက် ၅ ချက်ရှိတယ်။ အဲဒီအထဲက အဓိကအကျဆုံးကတော့ ဗုံးခွဲမှုမှာ တာဝန်ရှိတယ်ဆိုတာ ပြောဖို့ မဟုတ် လား။

ဖြေ - ဒီလေယာဉ်ပျံ အဖောက်ခွဲခံရတာနဲ့၊ ခရီးသည် ၂၇၀ သေဆုံးကြရာမှာ တခြားဘယ်နိုင်ငံမှာမှ တာဝန် မရှိဘူးတဲ့လား။

မေး - ဂရင်းပိ(စ်) အဖွဲ့ပိုင် ရိမ်းဘိုးဝေါရီးယားသင်္ဘောဗုံးဖောက်ခွဲခံရတုန်းက ပြင်သစ်နိုင်ငံက သူတို့တာဝန်ပါလို့ ဝန်ခံခဲ့ဖူးတယ်လေ။

ဖြေ - သူဝန်ခံတာမျိုးက ဝမ်းနည်းပါတယ်။ လျော်ကြေးပေးပါမယ်ဆိုတာမျိုးလောက်ပဲ ပြောတာပါ။

မေး - ခင်ဗျားလည်း ဒါမျိုးပဲလုပ်မှာမဟုတ်လား။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြေ - ဒီလောက်တော့ လစ်ဗျားက ဘာပြဿနာမှ မရှိပါဘူး။ ဒီလိုဖုံးခွဲမှုမျိုးကို ဘယ်သူပဲလုပ်လုပ်၊ ကျွန်တော်တို့လည်း ဝမ်းနည်းမိ စိတ်မကောင်းမိဖြစ်မှာပဲ။ လျော်ကြေးပေးဆိုလည်း ပေးလို့ရပါတယ်။

မေး - ခင်ဗျားရဲ့တရားရေးဆိုင်ရာ ပုဂ္ဂိုလ်တွေက သေဆုံးသွားတဲ့သူတွေအတွက် လျော်ကြေး ၂.၇ ဘီလျံ ပေးမယ်လို့ သဘောတူတာကို အောက်တိုဘာလ ၂၇ ရက်နေ့က လက်မှတ်ရေးထိုးခဲ့ကြတယ် မဟုတ်လား။

ဖြေ - တရားဝင်လုပ်တာကိုင်တာ မရှိပါဘူး။ ဒီလောက်ငွေအများကြီးလည်း လစ်ဗျားက မပေးနိုင်ပါဘူး။

မေး - လျော်ကြေးကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးတာတွေ၊ ညှိနှိုင်းတာတွေရှိလား။

ဖြေ - ဘယ်လောက်ငွေပမာဏပေးရမယ်ဆိုတာတွေ၊ အမှုကို ပိတ်ပစ်ဖို့ကိစ္စတွေ၊ ဒါတွေကို တရားဝင် ဆွေးနွေးကြတာတော့ရှိဖူးပါတယ်။

မေး - အမေရိကန်၊ ဗြိတိန်နဲ့ လစ်ဗျားအရာရှိတွေကြားမှာ ဆွေးနွေးညှိနှိုင်းကြတဲ့ကိစ္စကိုပြောတာလား။

ဖြေ - ဟုတ်တာပေါ့။ အခုပြဿနာကို ဖြေရှင်းဖို့ရာ လစ်ဗျားတစ်နိုင်ငံတည်းပေးဖို့မလိုတဲ့ သင့်တင့်မျှတတဲ့ လျော်ကြေး အတိုင်းအဆတစ်ခုခု ပေးဖို့ရာ သဘောတူညီချက်ရလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ လျော်ကြေးရန်ပုံငွေကိုတော့ အမေရိကန်နဲ့ လစ်ဗျားတို့က ထည့်ဝင်ကောင်း ထည့်ဝင်ပါလိမ့်မယ်။

မေး - ဒါဆို ဓာတုလက်နက်တွေ ဆက်မထုတ်တော့ဘူးပေါ့။

ဖြေ - ကျွန်တော်တို့အတွက် အသုံးမဝင်တာတွေကို ဘာဖြစ်လို့ ဆက်လုပ်နေမှာလဲ။

မေး - အစ္စရေးဝန်ကြီးချုပ် အေရီယယ်ရှရွန်းကတော့ ပြောတယ်။ လစ်ဗျားဟာ အီရတ်အကူအညီနဲ့ ပထမဆုံး အဏုမြူဗုံးကို ထုတ်နိုင်မယ်တဲ့။ အဲဒါဟုတ်လား။

ဖြေ - သူကတော့ ရူးနေပါပြီဗျာ။ သူ အမေရိကန်သမ္မတများ ဖြစ်လာဦးမလားမသိဘူး။ ဒါတော့ တွေးပူမိပါ ရဲ့ဗျာ။

မေး - ခင်ဗျား နျူကလီးယားပိုင်ရှင်ဖြစ်ချင်သလား။

the bookhouse
we bring your taste

www.burmeseclassic.com

www.burmeseclassic.com



ဖြေ - ဒါက ကျွန်တော်တို့အတွက် ဘာအသုံးဝင်မှာမို့လဲ။
လူတွေ အစုလိုက်အပြုံလိုက် သတ်ဖြတ်ဖို့ လက်နက်တွေထုတ်ဖို့ရာလည်း ကျွန်တော်တို့မှာ ငွေမရှိပါဘူး ဗျာ။

မေး - အီရတ်အပေါ် အမေရိကန်သဘောထားကို ဘယ်လိုမြင်သလဲ။
ဖြေ - အီရတ်ကိစ္စကတော့ ဆန်းတယ်ဗျ။ ဆက်ဒမ်ကကော ဘယ်လိုအန္တရာယ်တွေ ပေးနေလို့လဲ။

မေး - ဆက်ဒမ်အကြောင်း ခင်ဗျားသိလား။
ဖြေ - ကောင်းကောင်းကြီး သိတာပေါ့ဗျာ။

မေး - သူ့မှာ ဆင်ခြင်တုံတရားရှိလား။
ဖြေ - ကျွန်တော် မထင်ဘူး။

မေး - သူဒီအတိုင်းနေပြီး အမေရိကန်က လက်နက်သုံးပြီး ဝင်အတိုက်ကို စောင့်နေမှာလား။
ဖြေ - ဒီလောက်တော့ သူ့အန္တရာယ်ကို သူကြိုမြင်တတ်ပါလိမ့်မယ်။

မေး - သမ္မတဘုရှ်ကကောဘယ်လိုလဲ။
ဖြေ - အမေရိကန်သမ္မတနဲ့ ဆက်ဒမ်ဟူစိန် ဘယ်သူကအန္တရာယ်ပိုကြီးသလဲ ကျွန်တော်တော့ မသိဘူး။ ဆက်ဒမ် ဟူစိန်နဲ့ ကျွန်တော်ကလည်း ဘယ်တုန်းကမှ သဘောထားကိုက်ညီကြတာမရှိပါဘူး။

မေး - ဘာတွေသဘောကွဲလွဲနေကြတာလဲ။
ဖြေ - အီရန်စစ်ပွဲကိစ္စ၊ ကူဝိတ်ကို သိမ်းပိုက်တဲ့ကိစ္စ၊ ကာ့ဒ်လူမျိုးစု ပြဿနာစတာတွေပေါ့။ ကျွန်တော်က ကာ့ဒ် လူမျိုးစုတွေကို ထောက်ခံတယ်လေ။
မေး - ဆက်ဒမ်မိသားစုကို လစ်ဗျားမှာခိုလှုံခွင့်ပြုမှာလား။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖြေ - မဖြစ်နိုင်တာဗျာ။ သူတို့တွေ အီရတ်ကနေ ထွက်မသွားကြပါဘူး။

မေး - သူ့ကို ခိုလှုံခွင့် ခင်ဗျားပြုမလား။
ဖြေ - သူဘယ်ပြေးပြေး မလွယ်ပါဘူး။ အမေရိကန်စစ်အင်အားက ကြီးတယ်မဟုတ်လား။

မေး - ဘာသာရေးအခြေခံဝါဒက အန္တရာယ်ပေးနေတယ်မဟုတ်လား။
ဖြေ - တကယ့်ကို အန္တရာယ်ပေးနေတာပေါ့ဗျာ။ ဒါပေမဲ့ သူတို့ကို ဆက်လှုပ်ရှားနိုင်အောင် အမေရိကန်တွေပဲ မြှောက်ထိုးပင့်ကော် လုပ်နေတာပဲ။

မေး - အဲဒါလစ်ဗျားအတွက် အန္တရာယ်ပေါ့နော်။
ဖြေ - ဟုတ်တာပေါ့ဗျာ။

မေး - ခင်ဗျားကို တစ်ချိန်က လုပ်ကြံတဲ့သူတွေက ဘယ်သူတွေလဲ။
ဖြေ - အယ်လ်ခိုင်ဒါတွေပေါ့။

မေး - ဆော်ဒီအာရေဗျကကော အကြမ်းဖက်ဝါဒကို လိုက်မှာလား။
ဖြေ - သူ့နိုင်ငံကိုယ်၌ကကို ဘာသာရေးအခြေခံဝါဒ ကျင့်သုံးနေတယ်လေ။

မေး - အယ်လ်ခိုင်ဒါရဲ့သတင်းတွေကို အမေရိကန်ထောက်လှမ်းရေးတွေကို သတင်းပေးသလား။
ဖြေ - အမေရိကန်နဲ့ သတင်းဖလှယ်ပါတယ်။ အမေရိကန်နဲ့ ဗြိတိန်မှာ လစ်ဗျားလူမျိုး အကြမ်းဖက်သမားတွေရှိတယ်။ သူတို့တွေကို နှိမ်နင်းဖို့ လစ်ဗျားထောက်လှမ်းရေးနဲ့ အမေရိကန်၊ ဗြိတိန်ထောက်လှမ်းရေးတွေ သတင်း ဖလှယ်ကြတယ်။
မေး - အနောက်နိုင်ငံနဲ့ပေါင်းပြီး အယ်လ်ခိုင်ဒါကို နှိမ်နင်းနေတာနဲ့ပတ်သက်လို့ ပြန်သုံးသပ်မယ်လို့ ခင်ဗျားအားက ပြောခဲ့တာ ဘယ်လိုသဘောထားသလဲ။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဖြေ - ဒါကို ကျွန်တော် သဘောမတူပါဘူး။ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနဲ့ ပတ်သက်လို့ ဆက်လက်ပူးပေါင်းဆောင်ရွက်မှာပါ။

မေး - အမေရိကန်ကို ဘာတွေဆက်တိုက်ဦးမှာလဲ။

ဖြေ - အမေရိကန်ဟာ အာရပ်ကမ္ဘာနဲ့ အစ္စလာမ်ဘာသာကို တိုက်ခိုက်နေတယ်လို့ အိုစမာဘင်လာဒင်က ပြောခဲ့ပြီးသားပဲ။ အမေရိကန်က အာဖဂန်နစ္စတန်ကို တိုက်တယ်။ အခု အီရတ်။ အမေရိကန်ဟာ လစ်ဗျား၊ ဆော်ဒီအာရေဗျနဲ့ ဆီးရီးယားတွေဘက် မြားဦးလှည့်လာဦးမှာပဲ။ ဒါဆိုရင်တော့ အမေရိကန်နဲ့ ဘင်လာဒင်ကြားက တိုက်ပွဲမဟုတ်တော့ဘူး။ လူတိုင်းက ဘင်လာဒင်စကားမှန်တယ်ဆိုပြီး သူနဲ့တစ်သားတည်း ဖြစ်သွားကြမှာပဲ။

မေး - ဆက်ဒမ်ကို ဘာအကြံပေးချင်သလဲ။

ဖြေ - သူ့နိုင်ငံကို သူစစ်ဆေးပါလို့ တံခါးဖွင့်ထားပြီပဲ။ သူဒါထက် ဘာများပိုလုပ်နိုင်မှာလဲ။ အခုတိုက်ပွဲက ပွဲသိမ်းတိုက်ပွဲလေ။ သူလည်း ရေကုန်ရေခန်းတိုက်ရတော့မှာပဲ။

မေး - အမေရိကန်က လစ်ဗျားကို လာတိုက်မှာရော မကြောက်ဘူးလား။

ဖြေ - အမေရိကန်က ကမ္ဘာကြီးကို ကိုလိုနီပြုဖို့ ကျွန်စာတ်သွင်းဖို့ ကြံတာပဲဖြစ်မှာပေါ့။ ကမ္ဘာကြီးကလည်း ဘယ်ခံမလဲ။ ပြန်ချရတော့မှာပေါ့။

မေး - အစ္စရေးနဲ့ ပါလက်စတိုင်းရော ဘာဆက်ဖြစ်ကြမှာလဲ။

ဖြေ - သူတို့နှစ်ဦးကို တစ်နိုင်ငံတည်းဖြစ်အောင် လုပ်ရမှာပေါ့။ နှစ်နိုင်ငံတည်ရှိနေလို့ မဖြစ်ဘူးလေ။

မေး - ဒါဆို အစ္စရေးနိုင်ငံ ပျောက်သွားရေးကို ဆိုလိုတာပေါ့။

ဖြေ - အစ္စရေးဆိုတာဘာလဲ။ ဂျူးလူမျိုးလား။ နိုင်ငံလား။ ဂျူးတွေအတွက်တော့ ပါလက်စတိုင်းတွေနဲ့အတူတွဲပြီး တစ်နိုင်ငံတည်း ရပ်တည်နေတာ သူတို့ရဲ့ လုံခြုံရေးအာမခံချက်ပဲ။ အစ္စရေးနိုင်ငံကိုပဲ ပြောနေရင်တော့ ဒါဟာ ဂျူးတွေရဲ့ လုံခြုံရေးကို စတေးရမှာပဲ။ အစ္စရေးဆိုတာဘာလဲ။ ပါလက်စတိုင်းလူမျိုးနဲ့ ဂျူးလူမျိုး

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တစ်ပြည်ထောင်တည်းသားအနေနဲ့ ပူးပေါင်းယှဉ်တွဲနေဖို့က အဓိကပဲ။

မေး - လစ်ဗျား အမေရိကန်ဆက်ဆံရေးကရော။

ဖြေ - အကောင်းဘက်ကို မျှော်လင့်ထားပါတယ်။ အမေရိကန်တွေ ဒီမှာ လာရောက် ရင်းနှီးမြှုပ်နှံချင်နေကြတယ်။ လွတ်မြောက်ရေးကာလတုန်းက စစ်တိုက်ခဲ့ကြပြီးပြီ။ အခုက ငြိမ်းချမ်းရေးကာလပါ။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ(ခ) ထရီပိုလီကို ပိတ်ဆို့ခြင်း

(၂၀၁၂ ခုနှစ် ဇူလိုင်လထုတ် Wired မဂ္ဂဇင်းမှ မက်သျူးအောင်းစ်ရေးသည့် Jamming Tripoli ကို ဘာသာပြန်ဆိုချက်)

သူ့ကို ယခင်က "အယ်လ်ဂျာမေးလ်" ဟု သိထားကြ၏။ ဆံပင် နက်နက် ကောက်ကောက် ရုပ်ရည်ချောမောသူဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် "မွမ်မာ ကဒတ်ဖီ"အမည်ဖြင့် နှစ်ပေါင်း ၄၀ ကျော် အာဏာရှင်အဖြစ် လူသိပိုများလာ၏။ သူ့အသက် ၆၈ နှစ်အရွယ်တွင် မျက်နှာအရေးအကြောင်းတွေက ထင်းပြက်ပေါ်လွင် ၍နေ၏။ တင်းရင်းခဲ့သောနှုတ်ခမ်းတွေက လျော့ရိလျော့ရဲဖြစ်နေပြီ။ မုတ်ဆိတ်ကျင်စွယ်များကလည်း မရိတ်မသင်။ ထိုးထိုးထောင်ထောင်။ ညှင်းသိုးသိုး။

"ကဒတ်ဖီ" သည် သမ္မတအိမ်တော်ထဲမှ "ဂိုင်ဒါအယ်လ်တာဝါကီ" နှင့် တွေ့ဆုံရန်ထွက်လာ၏။ "တာဝါကီ" သည် နေကာမျက်မှန်တပ်နေကျ "ကဒတ်ဖီ" ကို မျက်မှန်မပါဘဲ ပထမဆုံး မြင်ဖူးလိုက်၏။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ။ လစ်ဗျားကမတည်ငြိမ်။ အာရပ်နွေဦးစတင်နေသည့်ကာလ။ ပြည်သူတို့၏ ပုန်ကန်မှုတွေ၊ တော်လှန်ရေးတွေ၊ ပြည်တွင်းစစ်တွေ ပေါ်လာပြီ။ အရှေ့အလယ်ပိုင်းသည် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို တောင်းဆိုလာ၏။ လစ်ဗျားတွင် ပြည်သူတို့က ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဆန္ဒပြမည်ဟု လှုံ့ဆော်ထား၏။ "ဘင်ဂါဇီ" မြို့တော်တွင် ၂၀၀၆ ခုနှစ် ဆန္ဒပြပွဲနှစ်ပတ်လည်ကျင်းပရန် စီစဉ်နေကြ၏။ ၂၀၀၆ ခုနှစ် ဆန္ဒပြပွဲတုန်းက လုံခြုံရေးတပ်က သေနတ်ဖြင့်ပစ်၍ လူ ၁၁ ဦး သေဆုံးရာ အများအပြားဒဏ်ရာရခဲ့၏။

"တာဝါကီ"သည် လစ်ဗျားနိုင်ငံသူဖြစ်၏။ အသက်က ၃၄ နှစ်။ သူက

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဘလော့ဂ်။ ၂၀၀၀ ပြည့်နှစ် နှစ်လည်လောက်ကစပြီး နိုင်ငံရေးကို စိတ်ဝင်စားလာခဲ့၏။ သူ့ဖခင်နှင့် မိခင် ကွာရှင်းပြတ်စဲထားကြ၍ သူက မိခင်ဖြစ်သူနှင့်သာ နေခဲ့ရ၏။ ငယ်စဉ်ကပင် တရားမျှတမှုမရှိသည့်လူ့ဘောင်တွင် ကြီးပြင်းခဲ့ရ၏။ အမျိုးသမီးများကို နှိမ်ချဆက်ဆံမှုကို ခံပြင်းလွန်းသဖြင့် အွန်လိုင်းမှတစ်ဆင့် သူ့ခံစားချက်များကို ရင်ဖွင့်ခဲ့၏။

ဖေဖော်ဝါရီလ ၁၇ ရက် နီးလာပြီ။ သူက ဘလော့မှတစ်ဆင့် လစ်ဗျားပြည်သူများကို ဆန္ဒပြရန် လှုံ့ဆော်၏။ ထိုနေ့တွင် ဆန္ဒမပြကြလျှင် သူ့ကိုယ်သူ မီးရှို့သတ်သေပြမည်ဟု ကြေညာခဲ့၏။ လွန်ခဲ့သော နှစ်လက တူနီးရှားနိုင်ငံတွင် "မိုဟာမက်ဘောင်ဂီဇီ" ဆိုသူသည် မီးရှို့ဆန္ဒပြခဲ့ပြီး တူနီးရှားတော်လှန်ရေးကို စတင်မီးမွှေးပေးခဲ့၏။ ယခု သူကလည်း ယခုကဲ့သို့လုပ်မည်ဆို၍ "ကဒတ်ဖီ" တုန်လှုပ်သွားကာ သူ့ကိုခေါ်တွေ့၏။

"ကဒတ်ဖီ" က မျက်တွင်းတွေကျပြီး မျက်နှာက ပါးချောင်နားချောင် ဖြစ်နေသည်။ သို့သော် သူ့ကိုယ်သူ ယုံကြည်မှုတော့အပြည့်။ "တာဝါကီ"ကို ပွင့်ပွင့်လင်းလင်း ပြောခွင့်ပေး၏။

"ကျွန်မရဲ့ ယူကျုံကို ဘာဖြစ်လို့ လအတော်ကြာ ပိတ်ထားရတာလဲ" ဟု "တာဝါကီ" က မေးသည်။

"ကဒတ်ဖီ" က "ပိတ်ထားတယ်၊ ဟုတ်လား" ဟု ဘာမှမသိသည့်ပုံစံဖြင့် အူကြောင်ကြောင် ပြန်ဖြေ၏။

"ကျွန်မကို ခြိမ်းခြောက်နေကြတယ်။ ကျွန်မက တာဝါကီဆိုတဲ့နာမည်နဲ့ပဲ ဘလော့ရေးခဲ့တာ။ ၂၀၀၇ ခုနှစ်ကတည်းက။ အခု ကျွန်မကို အကြိမ်ကြိမ် တိုက်ခိုက်နှောင့်ယှက်တာ ခံနေရတယ်"

သူမ၏ ဖေ့စ်ဘွတ်စ်တွင် "အင်တာနက်ဆိတ်မ" ဆိုသည့် အမည်တစ်ခုက ဆန့်ကျင်တိုက်ခိုက်နေ၏။ သူမ၏ ဓာတ်ပုံအောက်တွင် ယုတ်မာပက်စက်သော စာတွေရေးကာ တိုက်ခိုက်နေ၏။ ပိုဆိုးသည်မှာ ပုဂ္ဂိုလ်ရေး တိုက်ခိုက်မှုများဖြစ်၏။ သူမ၏ အီးမေးလ်များလည်း ပေါက်ကြားကာ ဖေ့စ်ဘွတ်စ် ပေါ်ရောက်နေ၏။ နိုင်ငံတော်ပိုင် ရုပ်သံလိုင်းမှ သူမ၏ ကိုယ်ရေးကိုယ်တာများကို ဖွင့်ထုတ်ဖော်ပြနေသည်ကတော့ အဆိုးဆုံး။ သူမကို နိုင်ငံခြားသူလျှိုလုပ်သူဟု စွပ်စွဲကြ၏။ အမျိုးသမီးတစ်ဦးအနေဖြင့် ရစရာမရှိလောက်အောင် စော်ကားမော်ကားလုပ်နေပုံကို "ကဒတ်ဖီ" အား ပြောပြ၏။

သူ့စကားမဆုံးမီ "ကဒတ်ဖီ"က ကြားဖြတ်ပြောသည်။

"အကောင်းဆုံးကတော့ လက်ထပ်လိုက်တာပါပဲ။ ညည်းကို ငါတို့ အသင့်တော်ဆုံးလူရှာပေးမယ်လေ"

"ကျွန်မက အိမ်ထောင်ရေးကို စိတ်မဝင်စားဘူး"

"ဒါနဲ့ပဲ ကိုယ့်ဘာသာကိုယ် မီးရှို့သတ်သေဖို့ ဆုံးဖြတ်လိုက်တာပေါ့လေ"

"ကဒတ်ဖီ" က ရွဲ့ပြီးမေးလိုက်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



"လုံးဝမဟုတ်ဘူး"

"ဒါဆို ညည်းက ငါ့ဆီက ဘာလိုချင်နေတာလဲ"

"ပြည်သူတွေက ဘာဖြစ်လို့ဆန္ဒပြချင်နေတာလဲဆိုတာ ရှင်သိပါတယ်"

"ကဒတ်ဖီ" က ဘာမှ ပြန်မပြောတော့။ သူ့ဆီမှာလာပြီးအလုပ်လုပ်ရန် ပြော၏။

"တို့နှစ်ယောက်ပေါင်းပြီး ပြဿနာတွေ ဖြေရှင်းကြရအောင်လား"

ဤတွင် "တာဝါကီ" သဘောပေါက်သွား၏။ "ကဒတ်ဖီ" သည် သူ့ကို မည်မျှဆန့်ကျင်နေကြောင်း သိဟန် မတူ။ ပြည်သူများက သူ့ကို မလိုလားကြောင်းလည်း မသိ။ တကယ်တော့ လစ်ဗျား ထောက်လှမ်းရေးကြောင့် "ကဒတ်ဖီ" ပို၍နာမည်ပျက်ရ၏။ လစ်ဗျားထောက်လှမ်းရေးသည် ၂၁ ရာစု၏ အဆင့်မြင့် နည်းပညာအားလုံးသုံးကာ ပြည်သူကို ဖိနှိပ်ခဲ့၏။ အာရပ်နွေဦးသည် အင်တာနက်ကို အသုံးပြုကာ ဒီမိုကရေစီလှုပ်ရှားမှုကို ဖြစ်ပွားရန် ဖန်တီးခဲ့၏။ အစိုးရနှင့် ပြည်သူတို့၏ အင်တာနက်ပေါ်မှ တိုက်ပွဲဖြစ်သည်။

လစ်ဗျားတွင် ပြည်သူတို့က တစ်ဦးကို တစ်ဦးက မယုံကြ။ နေရာတကာ ထောက်လှမ်းရေးသတင်းပေးတွေ ရှိ၏။ သူ့လူကိုယ့်ဘက်သား လုပ်လိုသူတွေ ခြေချင်းလိမ်နေ၏။ လူတိုင်းကို ထောက်လှမ်းရေးက စောင့်ကြည့်နေ၏။ သို့သော် ပြည်သူ၏အားကို မည်သည့်မင်းမှ မခံသာ။ "ကဒတ်ဖီ" သည် မရှုမလှသေသွားခဲ့၏။ သူ၏နေရာကို ယခင် သူပုန်ခေါင်းဆောင်တွေက နေရာယူလိုက်၏။ ယာယီအစိုးရတက်လာသည်။ "ကဒတ်ဖီ" ကို ကျောထောက်နောက်ခံ ပေးခဲ့သူ ထောက်လှမ်းရေးအဖွဲ့နှင့် ထောက်လှမ်းရေးကိရိယာတွေကို ဖော်ထုတ်ကြ၏။

အစိုးရက အွန်လိုင်းပေါ်မှ "တာဝါကီ" နောက်လိုက်နေသည်မှာကြာပြီ။ အစိုးရက အွန်လိုင်းတိုက်ခိုက်ရေး သမားများကို ဂီတလိုင်းတစ်ခုပမာဖန်တီးကာ အမည်ကိုလည်း "အီလက်ထရောနစ်တပ်" ဟု အမည်ပေးခဲ့၏။ ဤအီလက်ထရောနစ်တပ် ဖွဲ့ခဲ့သည်မှာကြာပြီ။

"ကဒတ်ဖီ" ၏ သားတစ်ဦးဖြစ်သူ "မူတာစင်ကဒတ်ဖီ" က ဦးဆောင်သောတပ်ဖြစ်၏။ နှစ်သစ်ကူး ညတစ်ညတွင် "မူတာစင်" က ပင်လယ်ကမ်းခြေတွင် ဝတ်လစ်စလစ်ပွဲ ဆင်နွှဲနေသည်ကို ဗီဒီယိုခိုးရိုက်ကာ အွန်လိုင်းပေါ် တင်ခဲ့သဖြင့် သူကကျွဲမြီးတိုသွားသည်။ ထို့ကြောင့် ဤအဖွဲ့ကို တာဝန်ယူဖွဲ့စည်းခဲ့၏။ "မူတာစင်" သည် လစ်ဗျား အမျိုးသားလုံခြုံရေးကောင်စီ၏ဥက္ကဋ္ဌဖြစ်၏။ အင်တာနက်တွင် သူပေးကျွေးမွေးမြူထားသော အုပ်စုတစ်စုရှိ၏။ သူတို့က "ကဒတ်ဖီ" ကို ဆန့်ကျင်သည့် ဗီဒီယိုရိုက်ကူး ထုတ်လွှင့်ချက်များကို အွန်လိုင်းပေါ်မှ ဖြုတ်ချရေးကို လုပ်ဆောင်နေကြ၏။ သူတို့က ယူကျူ့ကို ဗုံးမိုးရွာသလို တိုက်ခိုက်ကြ၏။ သူတစ်ပါး၏ အီးမေးလ်များကို ခိုးကြောင်ခိုးဝှက် ဖောက်ဖတ်ကြ၏။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



"တာဝါကီ" သည် စော်ကားမှုပေါင်းများစွာကို ခါးစည်းခံခဲ့ရ၏။ သူ့အီးမေးလ်တွေအားလုံး ခိုးအဖတ်ခံရ၏။ သူ့အီးမေးလ်များက "ဟာလာမစ်ရာတီ" ထံ ရောက်သွားသည်။ သူက အီလက်ထရောနစ်တပ်မှ အစိုးရလူစစ်စစ်ဖြစ်သည်။ သူ၏အီးမေးလ် ဘယ်လိုလုပ်ပြီး "ဟာလာ" ထံ ရောက်သွားသည်ကို ယခုချိန်ထိ မည်သူမျှမသိကြ။

"ကဒတ်ဖီ" သည် "အေမီးဆီးစ်" ဆိုသည့် ပြင်သစ်ကုမ္ပဏီကို ငှားရမ်းကာ လစ်ဗျား အင်တာနက်အားလုံးကို နည်းပညာဖြင့် ထောက်လှမ်းနိုင်သောတာဝန်ကို ယူစေ၏။ "အေမီးဆီးစ်" ကုမ္ပဏီကို ငဖေ့ ဟု အတိုကောက်ခေါ်ကြ၏။ ဆက်သွယ်ရေးစနစ်ကို ကြားဖြတ်ဖောက်နားထောင်ခြင်း၊ မိုဘိုင်းဖုန်းများထဲသို့ ဗိုင်းရပ်စ်ထည့်ပေးခြင်း၊ နိုင်ငံတွင်းရှိ အင်တာနက်လမ်းကြောင်းကို စောင့်ကြည့်ရခြင်းများလုပ်၏။ စောင့်ကြည့်မှုမှ ထူးခြားချက်တွေ့လျှင် အစိုးရထံ အစီရင်ခံ၏။ လစ်ဗျားနိုင်ငံအတွင်းရှိ ဆက်သွယ်ရေးလမ်းကြောင်းမှန်သမျှကို ဂြိုဟ်တုနှင့် မိုဘိုင်းဖုန်းကွန်ရက်များမှတစ်ဆင့် စောင့်ကြည့်ကြသည်။ သူတို့သည် လူတိုင်းကိုစောင့်ကြည့်နေနိုင်သဖြင့် အချိန်မရွေး လူမသိသူမသိအဖမ်းခံရတတ်၏။ နောက်ကြောင်းပြန်ထောက်လှမ်းပြီးလည်း ဖမ်းချင်သည့်အချိန်ထဖမ်း၍ရ၏။

လစ်ဗျားတွင် နောက်ထပ်စောင့်ကြည့်ရေးအဖွဲ့တစ်ခုရှိသေး၏။ ၎င်းက HQ2 ဖြစ်၏။ "ထရီပိုလီ" ရှိ ခြောက်ထပ်ရုံးတစ်ရုံးတွင် တည်ရှိ၏။ စောင့်ကြည့်ရမည့် အီးမေးလ်များကို "လုံခြုံရေးအထူးသတိ" ဟုသင်္ကေတပြုထား၏။ စာများအပြင် ဓာတ်ပုံများ၊ လက်ဗွေပုံစံများ၊ ဖက်(စ်)ဖြင့် ပို့ထားသည့်စာများ အကုန်ရှိ၏။ အွန်လိုင်းပေါ်မှ ပြိုင်ဖက်များကို နှိပ်ကွပ်၏။

"တာဝါကီ" သည် သူ့အီးမေးလ်အဖောက်ခံရမှုကို မကျေနပ်။ ထို့ကြောင့် ကွန်ပျူတာပညာရှင်တစ်ဦးကို အကူအညီတောင်း၏။ သူ့နာမည်က "အာမက်ဂဝိုင်းဒါ"။ ကံဆိုးတာက "အာမက်" သည် လျှို့ဝှက်ရဲတပ်ဖွဲ့မှ ဟက်ကာတစ်ဦး။

၁၇-၂-၂၀၁၁ တွင် ဆန္ဒပြသူများသည် လစ်ဗျားအရှေ့ပိုင်း "ဘင်ဂါဇီ" လမ်းမများပေါ် ထွက်လာကြ၏။ အစိုးရတပ်က လူထုအား ပစ်ခတ်သောကြောင့် အကြမ်းဖက်မှုတွေ ဖြစ်လာ၏။ မကြာခင် အစိုးရက အထွေထွေငြိမ်းချမ်းခွင့်ထုတ်ပြန်ပြီး ထောင်သားတွေကို လွှတ်ပေးသည်။ ယခင်ထောင်သားများနေရာတွင် နိုင်ငံရေးအကျဉ်းသမားများကိုပို့ရန်ဖြစ်၏။ သို့သော် "တာဝါကီ" တို့ကဲ့သို့ အစိုးရအားဆန့်ကျင်သူများက ဆန္ဒပြကြ၏။ "တာဝါကီ" လည်း အဖမ်းခံရကာ "အဘူဆလင်" ထောင်သို့ရောက်၏။

မတ်လ စောစောပိုင်းတွင် အစိုးရက အင်တာနက်ကို လုံးဝပိတ်လိုက်၏။ ထောက်လှမ်းရေး၏ စောင့်ကြည့်မှု ပိုတင်းကျပ်လာ၏။ အွန်လိုင်းတွင် "ကဒတ်ဖီ" ကို ထောက်ခံသူများက ဝါဒဖြန့်သည့်စာတွေ ပလူပျံ အောင်ထုတ်၏။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ပြည်ပသို့ ပို့မည့်ထောက်လှမ်းရေးသမားတို့၏ စာမှန်သမျှကိုမူ ဖြတ်တောက်ဖျက်ဆီးပစ်၏။ လစ်ဗျားနိုင်ငံမှ အင်တာနက်ကုမ္ပဏီကြီးတစ်ခု၏ အင်ဂျင်နီယာ "မိုဟာမက်ဘရက်အယ်မားလ်" သည် အီလက်ထရောနစ်တပ်၏ အကြီးအကဲ ဖြစ်လာ၏။ အီလက်ထရောနစ်တပ်သည် "ထရီပိုလီ" တစ်မြို့တည်းမှာပင် တပ်ဖွဲ့ဝင် ၆၀၀ ထိ ရှိလာ၏။ ထိုဝန်ထမ်း ၆၀၀ ထဲတွင် အကြောင်းကြောင်းကြောင့် ဝင်လုပ်ရသူ အများအပြားရှိ၏။

"ကဒတ်ဖီ" ကို ထောက်ခံသည့်ပုံတွေ၊ စာတွေ၊ ဝါဒဖြန့်လွှာတွေ၊ ဗီဒီယိုတွေကို အွန်လိုင်းပေါ်တင်ပေးရ၏။ ဗီဒီယိုအားလုံးက အတုတွေ။ အီလက်ထရောနစ်တပ်တွင် နိုင်ငံခြားသားများလည်းပါ၏။ အီးမေးလ်များ ဖြတ်တောက်ရေး၊ စာပို့သူများကို ထောက်လှမ်းရှာဖွေရေး၊ အစိုးရဆန့်ကျင်သူများကို နောက်ယောင်ခံလိုက်ရေးတို့ကို လုပ်ဆောင်ကြ၏။ သူတို့အချင်းချင်းလည်း တစ်ဦးနှင့် တစ်ဦးမယုံကြ။ စောင့်ကြည့်သူတွေကို ပြန်ပြီးစောင့်ကြည့်နေသူတွေရှိ၏။

"ထရီပိုလီ" မြို့ထဲသို့ အုပ်စုတစ်စု ရောက်လာ၏။ သူတို့က "လွတ်လပ်သောမျိုးဆက်လှုပ်ရှားမှု" အဖွဲ့။ သူတို့သည် ဆန္ဒပြသူများကို နှိပ်ကွပ်သည့် ဗီဒီယိုရိုက်ချက်များ၊ အဖျက်လုပ်ငန်း မှတ်တမ်းတင်ကားများကို အွန်လိုင်းသို့ တင်ပေးကြ၏။ လမ်းမပေါ်တွင် သွေးချောင်းစီးခဲ့ရပုံများကို ကမ္ဘာကသိအောင် ပြသကြ၏။ ပြည်သူပြည်သားများက အာဏာရှင် ဆန့်ကျင်ရေးနှင့် နေတိုးအဖွဲ့ကြားဝင်လာမှုကို ထောက်ခံကြောင်း သူတို့က ပြချင်ကြ၏။ ထို့ကြောင့် သူတို့က အင်တာနက်သုံးနိုင်ရန် အကြံအဖန်လုပ်ရ၏။ စလောင်းကိုခိုးပြီး အိမ်တွင်တပ်ဆင်ကြ၏။ အီဂျစ်နိုင်ငံရှိ အဆက်အသွယ်တစ်ခုက သူတို့ကို ကူညီ၏။

BURMESE CLASSIC

စလောင်းကို အသုံးပြုကာ ဗီဒီယိုမှတ်တမ်းတွေ လွှင့်တင်ပေး၏။ မြို့တော်တွင်း ဆန္ဒပြပွဲများမှ ရိုက်ကူးထားသော မှတ်တမ်းများကို သူပုန်ရုပ်သံလိုင်းများမှတစ်ဆင့် ပြန်လည်ပြသခြင်းဖြင့် အားလုံးကို ကမ္ဘာသိကုန်၏။ ထိုမှတ်တမ်းများကို နိုင်ငံတကာသတင်းအဖွဲ့တွေက အထူးအလေးပေး စောင့်ကြည့်ကြ၏။ "ထရီပိုလီ" နှင့် အဆက်ဖြတ်ထားသော ကမ္ဘာကြီးကို ပြန်လည်ဆက်သွယ်ကြ၏။ ထောက်လှမ်းရေးတွေက သူတို့နောက်သို့ သဲကြီးမဲကြီးလိုက်ကြ၏။ ဂြိုဟ်တုဆက်သွယ်ရေးဖုန်းတွေကို အထူး စုံစမ်းထောက်လှမ်းကြ၏။ ဂြိုဟ်တုဆက်သွယ်ရေး ဖုန်းမိလျှင်သေဒဏ် ဟု "ကဒတ်ဖီ" က အမိန့်ထုတ်ခဲ့၏။

"ကဒတ်ဖီ" ၏ "ဆိုက်ဘာစစ်ဆင်ရေး" သည် နောက်ဆုံးအဆင့်ရောက်လာ၏။ နိုင်ငံတစ်ဝန်းတွင် သူပုန်တပ်က အားသာနေ၏။

၂၀-၈-၂၀၁၁ နေ့ဝင်ဆည်းဆာ။

"ထရီပိုလီ" ပလီ၏ အသံချဲ့စက်မှ အသံတစ်သံထွက်လာ၏။ အလ္လာဟ်အရှင်မြတ်ကိုချီးကျူးထားသော

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ရွှတ်ဖတ်သရဇ္ဈာယ်သံများ။ နောက်ဆုံးတိုက်ပွဲ၏ အချက်ပေးသံကို ဗလီမှအချက်ပြမည်ဟူသော ကောလာဟလ ထွက်လာသည်မှာ ကြာပြီ။ ယခု အချိန်ကျပြီထင်၏။ အစိုးရတပ်စွဲထားသည့်နေရာ အတော်များများကို သူပုန်တပ်တို့က သိမ်းနိုင်ခဲ့၏။ နန်းတော်သည် သူပုန်လက်အောက်ရောက်သွားပြီ။ ထောက်လှမ်းရေးဌာနချုပ်ကိုလည်း သူပုန်တွေက သိမ်းလိုက်သည်။

တောင်အာဖရိကမှ ''ဗက်(စ်)တက်(စ်)'' ကုမ္ပဏီသည် ''ထရီပိုလီ'' မှ နိုင်ငံတကာဖုန်းခေါ်ဆိုမှုများကို နားထောင်ရန် တာဝန်ယူထား၏။ လစဉ် သူတို့သည် မိနစ်ပေါင်း သန်း ၄၀ အထိ ပြောဆိုမှုများကို အသံဖမ်းသိမ်းပေးခဲ့၏။ တရုတ်မှ ''ဇက်တီအီး'' ကုမ္ပဏီသည် အင်တာနက် စောင့်ကြည့်တာဝန်ကို ယူခဲ့၏။ ''ဘိုးရင်း'' ကုမ္ပဏီ၏ လက်စွဲဖြစ်သော ''နာရု(မ်)'' မှ တာဝန်ရှိသူများက အင်တာနက်ပိတ်ဆို့ရေးဆော့ဖ်ဝဲများကို တပ်ဆင်ပေး၏။ ''အာမက်စီး'' ကုမ္ပဏီကတော့ ဖုန်းလိုင်းအားလုံး ဖြတ်နားထောင်ခြင်း၊ အခြားသူပို့သောသတင်းများကို ဖျက်ဆီးခြင်းတာဝန်ကို ယူထားခဲ့၏။

''ကဒတ်ဖီ'' သည် အနောက်အုပ်စုထောက်လှမ်းရေးအဖွဲ့များနှင့် ပူးပေါင်းခဲ့၏။ လက်နက်မရောင်းချဘဲ အင်တာနက်နှင့်ဆက်သွယ်ရေး ပစ္စည်းများကို ''ကဒတ်ဖီ'' အား အပြိုင်ရောင်းခဲ့ကြ၏။ လက်နက်မရောင်းဘဲ ဆက်သွယ်ရေးစနစ်တွေ ''ကဒတ်ဖီ'' အား ပုံသြရောင်းပြီး ချမ်းသာသွားကြသူတွေ ဒုနဲ့ဒေး။ ပြည်သူများကတော့ အာဏာရှင်လက်အောက်တွင် အင်တာနက်နှင့် ဆက်သွယ်ရေးကို ဒုက္ခဆင်းရဲကြီးစွာ ရင်ဆိုင်ခဲ့ကြရ၏။

ယခုအချိန်တွင် ''ထရီပိုလီ'' ကား ငြိမ်းချမ်းသွားပြီ။ သို့သော် စိတ်မသက်သာစရာ။ ''ကဒတ်ဖီ'' ကို ဖြုတ်ချ ခဲ့သောအစိုးရကလည်း ယောင်တိယောင်ချာ။ လူတကာက လက်နက်တွေ တစ်ကိုင်ကိုင်နှင့်။ ဘယ်သူ့ဘယ်သူမှ သြဇာမလွှမ်းမိုးကြ။ ထစ်ခနဲရှိ ပစ်မယ်ခတ်မယ်နှင့်။ စည်းပျက်ကမ်းပျက်။ လက်နက်ကိုင်လမ်းစဉ်ကို စွဲကိုင်ထားကြသူတွေကတစ်ပိုင်း။ လက်နက်မဲ့တော်လှန်ရေးလုပ်လိုသူတွေက တစ်အုပ်စု။ အစိုးရသစ်ကလည်း အကျင့်ပျက်ခြစားမှုတွေ မကင်းသေး။ ''တာဝါကီ'' သည် အစိုးရသစ်ကို လာဘ်ပေးလာဘ်ယူကင်းအောင် တိုက်ပွဲဝင်နေရဆဲ။ မြေအောက်လက်နက်ကိုင်အဖွဲ့ကိုလည်း လျစ်လျူရှုထား၍မရ။

BURMESE CLASSIC

အာဏာရှင် ''ကဒတ်ဖီ'' ကား နိဂုံးချုပ်ဇာတ်သိမ်းသွားပြီ။ သို့သော်လစ်ဗျားကား မှောင်နေဆဲ။

■

the bookhouse
we bring your future

www.burmeseclassic.com